(က) မိမိ၏ တာဝန်ဝတ်တရားများကို ဆောင်ရွက်ရန် ထပ်တလဲလဲ ပျက်ကွက်ခြင်း၊ သို့တည်းမဟုတ် အာဏာကို ပိုမို သုံးစွဲခြင်း၊ သို့တည်းမဟုတ် အာဏာကို အလွဲသုံးစွဲခြင်း၊ သို့တည်းမဟုတ် တာဝန် ဝတ်တရားများကို ဆောင်ရွက်ရာ၌ လွန်ကဲစွာပေါ့လျော့ခြင်း။

(ခ) ကိုယ်ကျင့်တရား ပျက်ပြားရာရောက်သော ပြစ်မှုအတွက် အာဏာပိုင်ရာဇဝတ်ရုံးက ပြစ်ဒဏ်စီရင်ခြင်းကိုခံရခြင်း။

(ဂ) ကျေးရွာသူကြီးသည်၊ မိမိရာထူးအလျောက် ထိုကျေးရွာကောင်စီ၏ ဥက္ကဋ္ဌဖြစ်ရမည်။''

၄။ ။အဆိုပါအက်ဥပဒေ၏ ပုဒ်မ ၉ အစား၊ အောက်ပါကို ပုဒ်မ ၉ အဖြစ် ထည့်သွင်းရမည်။

''၉။ ။(၁) တိုင်းမင်းကြီး၏ သဘောတူညီချက်ကို ကြိုတင်ရရှိပြီးနောက်၊ အရေးပိုင်သည်၊တိုက်နယ်တခုအတွင်းသို့ပါဝင်စေရမည့်ကျေးရွာများကို ကျေညာရမည်။ တိုက်နယ်အတွက် တိုက်နယ် ကောင်စီတခု ရွေးကောက်တင်မြှောက်ရမည်။

(၂) တိုက်နယ် အတွင်းရှိ ကျေးရွာကောင်စီ အသီးသီးက တိုက်နယ်ကောင်စီတွင်ပါဝင်ရန် မိမိတို့ကျေးရွာကောင်စီလူကြီးများအထဲမှ ကိုယ်စားလှယ်တဦးစီရွေးကောက် တင်မြှောက်ရမည်။ ဤကဲ့သို့ ရွေးကောက် တင်မြှောက်ရာတွင်ကျေးရွာကောင်စီ၏ ဥက္ကဋ္ဌဖြစ်သော ရွာသူကြီးကိုလည်းရွေးကောက်တင်မြှောက်နိုင်သည်။

(၃) တိုက်နယ်ကောင်စီ ပဌမအကြိမ် ကျင်းပသော အစည်းအဝေးတွင် မိမိတို့အထဲမှ လူကြီးတဦးကို တိုက်နယ်ကောင်စီ ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ရမည်။ တိုက်နယ်ကောင်စီ၏ ပဌမအစည်းအဝေး ကျင်းပ၍ ဥက္ကဋ္ဌရွေးကောက်ပြီးသည့်တိုင်အောင်၊ ဆောင်ရွက်ရန် ရှိသည့်ကိစ္စအပေါ် တိုကိုယခင်တိုက်နယ် ကောင်စီဥက္ကဋ္ဌ ကဆောင်ရွက်ရမည်။

(၄) တိုက်နယ်ကောင်စီ၏ သက်တမ်းသည် ငါးနှစ်ဖြစ်ရမည်။ သို့ရာတွင်တိုက်နယ်ကောင်စီ၏သက်တမ်းကုန်ဆုံးသော်လည်း၊ တိုက်နယ်ကောင်စီ အသစ် ရွေးကောက်တင်မြှောက်ပြီးသည်အထိ၊ ကောင်စီဟောင်းသည်၊တာဝန်ဝတ်တရားများကို ဆက်လက်ဆောင်ရွက်ရမည်။ တိုက်နယ် ကောင်စီလူကြီးဟောင်းအသီးသီး၌ နောက်ထပ် ရွေးကောက်ပွဲတွင်ဝင်ရောက်အရွေးခံနိုင်ခွင့်ရှိစေရမည်။

(၅) တိုက်နယ် ကောင်စီလူကြီး၊ သို့တည်းမဟုတ် တိုက်နယ်ကောင်စီဥက္ကဋ္ဌတဦးဦးသည်၊ပုဒ်မ ၉-က တွင် ဖေါ်ပြပါအကြောင်းတရပ်ရပ်ကြောင့်မိမိနှင့်သက်ဆိုင်သောကျေးရွာကောင်စီ လူကြီးအဖြစ်မှ ရပ်စဲခဲ့သော်၊ တိုက်နယ်ကောင်စီလူကြီး၊ သို့တည်းမဟုတ် တိုက်နယ်ကောင်စီဥက္ကဋ္ဌအဖြစ်မှလည်း ရပ်စဲသည်ဟုမှတ်ယူရမည်။

(၆) အရေးပိုင်သည်၊ တိုက်နယ်ကောင်စီလူကြီးအသီးသီးနှင့် တိုက်နယ်ကောင်စီ၏ဥက္ကဋ္ဌကို ပုဒ်မ ဂ၊ ပုဒ်မခွဲ (၆)၌ ပြဋ္ဌာန်းထားသော အကြောင်းတရပ်ရပ်ကြောင့်ရာထူးမှ နုတ်ပယ်နိုင်သည်။

(၇) ပုဒ်မခွဲ (၂)နှင့်(၃)၌ ဖေါ်ပြသောရွေးကောက်ရေးကိစ္စ အဝဝတို့ကို နည်းဥပဒေတွင်ပြဋ္ဌာန်း ထားသည့် အတိုင်းဆောင်ရွက်ရမည်။ ''

၅။ ။အဆိုပါ အက်ဥပဒေ၏ ပုဒ်မ ၉ နောက်တွင်၊ အောက်ပါကို ပုဒ်မ ၉-က၊ ပုဒ်မ ၉-ခ နှင့် ပုဒ်မ ၉-ဂ အဖြစ် ထည့်သွင်းရမည်။

'' ၉-က။ ။ရွာသူကြီးသည်၊ သို့တည်းမဟုတ် ကျေးရွာကောင်စီလူကြီးသည်၊ သို့တည်းမဟုတ် တိုက်နယ်ကောင်စီလူကြီးသည်၊ သို့တည်းမဟုတ် တိုက်နယ်ကောင်စီ ဥက္ကဋ္ဌသည်—

(၁) သေဆုံးသော်၊

(၂) ရာထူးမှနုတ်ထွက်သော်၊

(၃) ဤအက်ဥပဒေ၏ ပြဋ္ဌာန်းချက်အရ၊ လူကြီးအဖြစ်မှ ရပ်စဲခြင်းသော်ငင်း၊ နုတ်ပယ်ခြင်းသော်ငင်း ခံရသော်၊

(၄) နည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည့်အတိုင်း အစည်းအဝေးများကို တက်ရောက်ရန် ပျက်ကွက်ခဲ့သော်၊

(၅) မိမိအရွေးခံရသော ကျေးရွာတွင် ဆက်လက် နေထိုင်ခြင်းမပြုဘဲရွှေပြောင်းသွားသော်

ထိုလူကြီး၏ နေရာသည် လစ်လပ်သည် ဟု မှတ်ယူရမည်။

၉-ခ။ ။ပုဒ်မ ၉-က အရ လူကြီးတဦးဦး၏ နေရာလစ်လပ်ခဲ့သော်၊ ထိုနေရာကို နည်းဥပဒေများတွင် ပြဋ္ဌာန်း ထား သည့် အတိုင်း ဆောလျင်နိုင်သမျှ ဆောလျင်စွာ ရွေးကောက်ခြင်းဖြင့် ဖြည့်သွင်းရမည်။

၉-ဂ။ ။၁၉၅၄ ခုနှစ်၊ ချင်းဝိသေသတိုင်း (ပြင်ဆင်ချက်) အက်ဥပဒေ စတင် အာဏာ တည်သည့်နေ့မှ ခြောက်လအတွင်း ကျေးရွာကောင်စီ နှင့် တိုက်နယ်ကောင်စီအသစ်များကို ရွေးကောက်တင်မြှောက်ရမည်။ ထိုသို့ ရွေးကောက်တင်မြှောက်သည့်အခါ လက်ရှိ ကျေးရွာကောင်စီ ဥက္ကဋ္ဌများ၊ ကျေးရွာကောင်စီ လူကြီးများ၊ တိုက်နယ်ကောင်စီ ဥက္ကဋ္ဌများ နှင့် တိုက်နယ်ကောင်စီ လူကြီးများ၏ ရာထူး သက်တမ်းသည်၊ ကျေးရွာကောင်စီနှင့်တိုက်နယ်ကောင်စီအသစ်များ ရွေးကောက် တင်မြှောက်သည့်နေ့တွင် ကုန်ဆုံးသည် ဟု မှတ်ယူရမည်။ ''

၆။ ။အဆိုပါအက်ဥပဒေ၏ပုဒ်မ ၁၅ အစား၊ အောက်ပါကိုပုဒ်မ ၁၅ အဖြစ် ထည့်သွင်းရမည်။

''၁၅။ ။တိုက်နယ်ကောင်စီ၏ စီရင်ချက်ကို ဆိုင်ရာ နယ်ပိုင်တရားမ တရားသူကြီးက၊ သို့တည်းမဟုတ် နယ်ပိုင်တရားမ တရားသူကြီး ခန့်ထားခြင်း မရှိသေးမီအတွင်း၊ ပုဒ်မ ၁၉ အရ အာဏာ အပ်နှင်းခြင်းခံရသော ဆိုင်ရာ နယ်ပိုင် ဝန်ထောက်က ပြင်ဆင်နိုင်သည်။ ထိုနယ်ပိုင်တရားမ တရားသူကြီးသည်၊ သို့တည်းမဟုတ် နယ်ပိုင်ဝန်ထောက်သည်၊ တိုက်နယ်ကောင်စီ စီရင်ပြီး အမှုကိုမူလအမှု စစ်ဘိသကဲ့သို့ အရေးယူ၍ ရပ်ရွာထုံးတမ်းစဉ်လာ နှင့် အညီ စီရင်ဆုံးဖြတ်ရမည်။ သို့ရာတွင် နယ်ပိုင် ဝန်ထောက်သည်၊ ဤပုဒ်မအရ အရေးယူရာတွင်၊ ပုဒ်မ ၁၉ ၌ပြဋ္ဌာန်းထားသည့်နည်းလမ်းအတိုင်း လိုက်နာ ဆောင်ရွက်နိုင်သည်။ ''

၇။ ။အဆိုပါ အက်ဥပဒေ၏ ပုဒ်မ ၁၅ နောက်တွင်၊ အောက်ပါကို ပုဒ်မ ၁၅-က အဖြစ်ထည့်သွင်းရမည်။

''၁၅-က။ ။ရုံးခွန်တော် အက်ဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ၊ ကျေးရွာကောင်စီသည်၊ သို့တည်းမဟုတ် တိုက်နယ်ကောင်စီသည်၊ ဤအက်ဥပဒေအရ တရားမမှုကိုဖြစ်စေ၊ ရာဇဝတ်မှုကိုဖြစ်စေ၊ကြားနာဆုံးဖြတ်ရသည့်အခါ၊အမှုလက်ခံကြေးကိုဖြစ်စေ၊

ကြေးနာဆုံးဖြတ်ကြေးကိုဖြစ်စေ၊ နှစ်ခုစလုံးကိုဖြစ်စေ၊ ကြေးငွေဖြင့်၊ သို့တည်းမဟုတ် တန်ဘိုးညီမျှသော အရာဝတ္ထုပစ္စည်းဖြင့် ကောက်ခံရယူနိုင်သည်။ အမှုလက်ခံကြေးနှင့် ကြားနာဆုံးဖြတ်ကြေးများသည်၊ ချင်းရေးရာဝန်ကြီးက နည်းဥပဒေဖြင့်ပြဋ္ဌာန်းထားသည့် နှုန်းများအတိုင်း ဖြစ်စေရမည်ဖြင့်၊ ၎င်းတို့မှ အပကျေးရွာကောင်စီသည်၊ သို့တည်းမဟုတ် တိုက်နယ် ကောင်စီသည်၊ မိမိတို့ ကြားနာဆုံးဖြတ်ရသော အမှုကိစ္စများအတွက် အခြားမည်သည့်အခွန်တော်ကိုမျှ၊ သို့တည်းမဟုတ် အခကြေးငွေကိုမျှ၊ ကောက်ခံရယူခြင်းမပြုရ။ ဤကဲ့သို့ကောက်ခံရရှိသော အမှုလက်ခံကြေးနှင့် ကြားနာဆုံးဖြတ်ကြေးများကို အမှုလက်ခံကြားနာဆုံးဖြတ်ရသော ကောင်စီလူကြီးများသည်၊ နည်းဥပဒေများ၌ ပြဋ္ဌာန်းထားသည့် အတိုင်း ခွဲဝေယူနိုင်သည်။"

၈။ ။အဆိုပါ အက်ဥပဒေ၏ ပုဒ်မ ၃၄ တွင်၊ အောက်ပါကို ပုဒ်မခွဲ (၇) အဖြစ် ထည့်သွင်းရမည်။

"(၇) ဤပုဒ်မအရ၊ အရေးပိုင်က ထုတ်ပေးသော လိုင်စင်များအတွက် ကောက်ခံသော လိုင်စင်အခများသည်၊ နိုင်ငံတော် သမတက နည်းဥပဒေများတွင်ပြဋ္ဌာန်းထားသည့်နှုန်းအတိုင်းဖြစ်ရမည်။"

၉။ ။အဆိုပါ အက်ဥပဒေ၏ ပုဒ်မ ၃၈ နောက်တွင်၊ အောက်ပါကို ပုဒ်မ ၃၈-က အဖြစ် ထည့်သွင်းရမည်။

"၃၈-က။ ။ပုဒ်မ ၃၇ နှင့် ပုဒ်မ ၃၈ အရ၊ ကော်လိတ်တော်အရာရှိ ကထုတ်ပေးသော ယစ်မျိုးလိုင်စင်များအတွက် ကောက်ခံသော လိုင်စင်အခများသည်၊ နိုင်ငံတော် သမတက နည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည့်နှုန်းအတိုင်းဖြစ်ရမည်။"

၁၀။ ။အဆိုပါ အက်ဥပဒေ၏ ပုဒ်မ ၃၉ အစား၊ အောက်ပါကို ပုဒ်မ ၃၉ အဖြစ် ထည့်သွင်းရမည်။

"၃၉။ ။နိုင်ငံတော် သမတက ဤကိစ္စ အလို့ငှါ ထုတ် ပြန် သော ဥယျာဉ်၊ သို့တည်းမဟုတ် အထူးနည်းဥပဒေများနှင့် ဖြစ်စေ၊ ဥယျာဉ်၊ သို့တည်းမဟုတ် အထူးအမိန့်များနှင့် ဖြစ်စေ၊ မဆန့်ကျင်စေဘဲ၊ ချင်းရေးရာဝန်ကြီးသည်၊ ချင်းဝိသေသတိုင်း တဝန်းလုံးတွင် သော်၎င်း၊ တစိတ်တဒေသတွင်သော်၎င်း၊ ရွာအတွင်း၌ ဖြစ်လျှင်၊ တနှစ်တွင် တအိမ်လျှင် ငွေလေးကျပ်ထက်မပိုသော နှုန်းဖြင့် အိမ်ခွန်စည်းကြပ်နိုင်၍၊ ရွာပြင်ပ မည်သည့်နေရာ၌မဆို ဖြစ်လျှင်၊ တနှစ်တွင် တအိမ်လျှင် ငွေတဆယ့်နှစ်ကျပ်ထက် မပိုသော နှုန်းဖြင့် အိမ်ခွန်စည်းကြပ်နိုင်သည်။

ခြင်းချက်။ ။သို့ရာတွင် ချင်းရေးရာဝန်ကြီးသည်၊ ဤပုဒ်မအရ အိမ်ခွန် ထမ်းဆောင်ခြင်းမှ လုံးဝလွတ်ငြိမ်းခွင့်ပြုသော ပုဂ္ဂိုလ် အမျိုး အစားကို အမိန့်ကြော်ငြာစာ ထုတ်ပြန်ကျေညာခြင်းဖြင့် ပြဋ္ဌာန်း နိုင်သည်ဖြင့်၊ ပုဂ္ဂိုလ်တဦးတယောက် အပေါ်တွင် စည်းကြပ် သော အိမ်ခွန်ကို မည်သည့် အရာရှိများဘာည်၊ မည်သည့် အကြောင်းများကြောင့် လျှော့ပေါ့ ပယ်ဖျက်နိုင်ကြောင်း ညွှန် ကြားချက်များထုတ်ပြန်နိုင်သည်။ ''

၁၁။ ။အဆိုပါအက်ဥပဒေ၏ပုဒ်မ ၄၁ အစား၊ အောက်ပါကို ပုဒ်မ ၄၁ အဖြစ် ထည့်သွင်းရမည်။

''၄၁။ ။ဤအက်ဥပဒေအရ အုပ်ချုပ်ရေးနှင့် စပ်လျဉ်းသည့် ကိစ္စများ အတွက်၎င်း၊ ပုဒ်မ ၁၉ အရ၎င်း—

(က) နယ်ပိုင်ဝန်ထောက်ကချမှတ်သောမည်သည့်အမိန့်၊ သို့တည်းမဟုတ် စီရင်ချက်ကိုမဆို အရေးပိုင်က ပြင်ဆင်နိုင်သည်။

(ခ) အရေးပိုင်က ချမှတ်သောမည်သည့်အမိန့်၊သို့တည်း မဟုတ် စီရင်ချက်ကိုမဆို တိုင်းမင်းကြီးကပြင်ဆင် နိုင်သည်။

(ဂ) တိုင်းမင်းကြီးက ချမှတ်သော မည်သည့်အမိန့်၊ သို့တည်းမဟုတ် စီရင်ချက်ကိုမဆို နိုင်ငံတော် သမတက ပြင်ဆင်နိုင်သည်။''

ပါမောက္ခချုပ်—အမှတ် ၁၂၆၊ တရားရေးဝန်ကြီးဌာန၊ ၃-၅-၅၄—၂,၅၀၀—၂။

# ၁၉၅၄ ခုနှစ်၊ သရက်မြို့ရှိ ဘိလပ်မြေလုပ်ငန်းကို ပြည်သူပိုင် ပြုလုပ်ခြင်းအက်ဥပဒေ။

[၁၉၅၄ ခုနှစ်၊ အက်ဥပဒေအမှတ် ၁၈။]

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို ၁၉၅၄ ခုနှစ်၊ သရက်မြို့ရှိဘိလပ်မြေလုပ်ငန်းကိုပြည်သူပိုင်ပြုလုပ်ခြင်းအက်ဥပဒေဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည် နိုင်ငံတော်သမတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့တွင်စတင်အာဏာတည်ရမည်။

၂။ ။ဤအက်ဥပဒေတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေနောက်စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ မဆန့်ကျင်လျှင် ''ကုမ္ပဏီ'' ဆိုသည်မှာ ဘားမားစီးမင့်ကုမ္ပဏီလီမိတက်ကိုဆိုလိုသည်။

၃။ ။နိုင်ငံတော်သမတမှာ အမိန့်ကြော်ငြာစာဖြင့် မိမိသတ်မှတ်သည့်နေ့ရက်ကွင် ကုမ္ပဏီဆောင်ရွက်နေသည့် ဘိလပ်မြေလုပ်ငန်းများကို ကုမ္ပဏီထံမှ နိုင်ငံပိုင်အဖြစ်ဖြင့်လွှဲယူရန် အာဏာရှိရမည်။ ယင်းသို့လွှဲယူသည့်အခါ အဆိုပါနေ့မှစ၍ ကုမ္ပဏီပိုင် လုပ်ငန်းအရပ်ရပ်နှင့် ကုမ္ပဏီ၏လက်ရှိပစ္စည်းအရပ်ရပ်သည်၎င်း၊ ကုမ္ပဏီ၏ရာထမ်းမှထမ်းအားလုံးသည်၎င်း နိုင်ငံတော်သမတ၏ ကြီးကြပ်အုပ်ချုပ်မှုအောက်သို့ ရောက်လာရမည်။

၄။ ။ပုဒ်မ ၃ တွင် ရည်ညွှန်းထားသည့်ရာထမ်းမှထမ်းများအား ကုမ္ပဏီက ပေးသည့်နှုန်းများအတိုင်း လစာနှင့်စရိတ်များပေးလျက်၊ နိုင်ငံတော်သမတ၏ ကြီးကြပ်အုပ်ချုပ်မှုအောက်သို့ ရောက်သည့်နေ့မှစ၍ သုံးလအောက် မနည်းသည့်အချိန်ကာလမျှ နိုင်ငံတော်သမတက မိမိ၏လက်အောက်တွင် ဆက်လက်အမှုထမ်းစေရမည်။

၅။ ။(၁) နိုင်ငံတော်သမတသည် ပုဒ်မ ၃ အရ အမိန့်ကြော်ငြာစာဖြင့် မိမိသတ်မှတ်သည့်နေ့ နောက်တလအတွင်း ဥက္ကဋ္ဌတစ်ဦးနှင့် အခြားအဖွဲဝင်နှစ်ဦးပါဝင်သည့် ကော်မရှင်အဖွဲ့တခုကို ခန့်ရမည်။ ထိုကော်မရှင်အဖွဲ့သည် အောက်ပါကိစ္စများကို သတ်မှတ်ဆုံးဖြတ်ရမည်။

(က) ဤအက်ဥပဒေအရ ကုမ္ပဏီထံမှ လွှဲယူသည့်ပစ္စည်းများ၏ အကြောင်းအရာများ။

(ခ) ထိုပစ္စည်းများအတွက် ကုမ္ပဏီကိုပေးသင့်သည့် တရားမျှတသောငွေလျော်ကြေးပမာဏ၊ နှင့်

(ဂ) လျော်ကြေးပေးမည့်နည်းလမ်းများ။

အဆိုး—၁၀ ပြား]

(၂) ပုဒ်မခွဲ (၁) အရလျော်ကြေးကို သတ်မှတ် ဆုံးဖြတ်ရာတွင် ဤအက်ဥပဒေအရ ကုမ္ပဏီထံမှ လွှဲယူသည့်ပစ္စည်းများ၏ မူလတန်ဘိုး၊ ယင်းသို့လွှဲယူသည့်နေ့အထိထိုပစ္စည်းများ ဟောင်းနွမ်း၊ သို့မဟုတ် ပျက်စီးသည့်အတွက် လျော့သင့်သောကြေးငွေနှင့် ထိုပစ္စည်းများကိုပြုပြင်သည့်အတွက် ကုန်ကျသည့်စရိတ်၊ သို့တည်းမဟုတ်ပြန်လည်ထူထောင်သည့်အတွက် ကုန်ကျသည့်ကြေးငွေတို့ကို ကော်မရှင်အဖွဲ့က တရားမျှတသည်ထင်မြင်သည့်အတိုင်း ထည့်သွင်းစဉ်းစားရမည်။

၆။ ။ပုဒ်မ ၅ အရလျော်ကြေးငွေကို သတ်မှတ်ဆုံးဖြတ်ရာတွင် ကော်မရှင်အဖွဲ့သည် တရားမကျင့်ထုံးဥပဒေကို၊ သို့တည်းမဟုတ် အခြားတည်ဆဲ ဥပဒေတခုခုကို လိုက်နာရန်မလိုအပ်စေရ။ သို့သော်လည်း ထိုကော်မရှင်အဖွဲ့သည်တရားမျှတစွာဆောင်ရွက်ရမည်။

၇။ ။(၁) ကော်မရှင်အဖွဲ့သည် အောက်ပါကိစ္စများနှင့် စပ်လျဉ်း၍ တရားမကျင့်ထုံး ဥပဒေအရ တရားရုံးအား အပ်နှင်းထားသော အာဏာများရရှိရမည်။

(က) အကြောင်းအရာများကိုဖွင့်လှစ်ထုတ်ဖော်စေခြင်းနှင့်ကြည့်ရှုစစ်ဆေးခြင်း။

(ခ) သက်သေများကို လာရောက်စေရန် အတင်းအကြပ်ဆင့်ခေါ်ယူခြင်း၊သက်သေစရိတ်တင်သွင်းစေရန်ဆင့်ဆိုခြင်း။

(ဂ) စာချုပ်စာတမ်းများကို တင်ပြစေရန် အတင်းအကြပ်ဆင့်ဆိုခြင်း။

(ဃ) သက်သေများကို ကျမ်းသစ္စာဖြင့် စစ်ဆေးခြင်း။

(င) ရွှေဆိုင်းခွင့်ပေးခြင်း။

(စ) ကျမ်းကျိန်သွာဖြင့် ထွက်ဆိုသော သက်သေထွက်ချက်ကို လက်ခံခြင်း။

(ဆ) သက်သေများကို စစ်ဆေးရန် အာဏာလွှဲအပ်နိုင်မှုများထုတ်ခြင်း။

ထိုမှတပါးကော်မရှင်အဖွဲ့သည်၊ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၀၀ နှင့် ၄၀၂ တို့၏အဓိပ္ပါယ်အရ တရားမရုံးဖြစ်သည်ဟုမှတ်ယူရမည်။

(၂) ကော်မရှင်အဖွဲ့ဝင်များ ထင်မြင်ယူဆချက် ကွဲလွဲသည့်အခါ၊ ထိုကော်မရှင်အဖွဲ့ဝင်များရာ၏ထင်မြင်ချက်သည် အတည်ဖြစ်ရမည်။

(၃) ကော်မရှင်အဖွဲ့ဝင်တယောက်သည်၊ ကော်မရှင်အဖွဲ့ဝင်အဖြစ်ဖြင့် ဆက်လက် မဆောင်ရွက်နိုင်လျှင်၊ နိုင်ငံတော်သမတသည် ထိုအဖွဲ့ဝင်အစား အခြားသူတယောက်ကိုခန့်ထားရမည်။ ထိုသူကို ကော်မရှင်အဖွဲ့စတင်ဖွဲ့စည်းစဉ်ကပင် အဖွဲ့ဝင်အဖြစ် ခန့်ထားဘိသကဲ့သို့ကော်မရှင်အဖွဲ့သည်မိမိ၏မှုခင်းကိစ္စများကိုဆက်လက်ဆောင်ရွက်ရမည်။

၀။ ။ကုမ္ပဏီက၊ သော်၎င်း၊ အစိုးရကသော်၎င်း လျော်ကြေးနှင့် စပ်လျဉ်းသည့် ကော်မရှင်အဖွဲ့၏ ဆုံးဖြတ်ချက်ကို၊ ဥပဒေကြောင်းနှင့်ဖြစ်စေ၊ အမှုချင်းရာနှင့်ဖြစ်စေ တရားလွှတ်တော်ချုပ်သို့အယူခံဝင်နိုင်သည်။

၉။ ။ဤအက်ဥပဒေအရ နိုင်ငံပိုင်ပြုလုပ်သည့် လုပ်ငန်းများကို ဆောင်ရွက်ရန်အလို့ငှါ၊ နိုင်ငံတော်သမတ သည်၊ မိမိသင့်လျော်သည်ထင်မြင်လျှင်၊ အမိန့်တရပ်ဖြင့် စည်းမျဉ်းသတ်မှတ်လျက် အဖွဲ့တခု ဖွဲ့စည်းနိုင်သည်၊ သို့တည်းမဟုတ် အခြားစီစဉ်မှု ပြုလုပ်နိုင်သည်။

၁၀။ ။(၁) ဤအက်ဥပဒေနှင့်အညီ သဘောရိုးဖြင့် ပြုလုပ်သည့်၊ သို့တည်းမဟုတ် ပြုလုပ်ရန်ကြံရွယ်သည့် အပြုအမူတခုခုအတွက်၊ မည်သူ့ကိုမျှ တရားမမှု၊ ရာဇဝတ်မှု၊ သို့တည်းမဟုတ် အခြားမှုခင်းစွဲဆိုခြင်းမပြုရ။

(၂) ဤအက်ဥပဒေတွင် အတိုအလင်း ပြဋ္ဌာန်းထားသည်မှတပါး၊ ဤဥပဒေအရ ပြုလုပ်သည့်အပြုအမူအတွက်၊ အစိုးရအားမည်သည့်တရားမမှု၊ သို့ငြားမဟုတ် အခြားမှုခင်းမျှစွဲဆိုခြင်းမပြုရ။

ပ၊မ၊ဗ၊စ၊—ဧမှတ် ၁၂၇၊ တရားရေးဝန်ကြီးဌာန၊ ၄-၅-၁၄—၂,၀၀၀—၂။

# ၁၉၅၄ ခုနှစ်၊ သံအရာရှိများနှင့် ကောင်စစ် အရာရှိများ (ကျမ်းသစ္စာများနှင့်အခကြေးငွေများ) အက်ဥပဒေ။

[၁၉၅၄ ခုနှစ်၊ အက်ဥပဒေအမှတ် ၁၉။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို ၁၉၅၄ ခုနှစ်၊ သံအရာရှိများနှင့်ကောင်စစ် အရာရှိများ (ကျမ်းသစ္စာများနှင့် အခကြေးငွေများ) အက်ဥပဒေဟု ခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ နိုင်ငံတော် သမတ်က အမိန့်ကြော်ငြာစာထုတ်ပြန် ကြော်ငြာ၍ သတ်မှတ်သည့် နေ့ရက်တွင် အာဏာတည်ရမည်။

၂။ ။ဤအက်ဥပဒေတွင် ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်ကို ထောက်ထားရန် မလိုလျှင်—

(က) "ကောင်စစ်အရာရှိ" ဆိုသည်တွင် ကောင်စစ်ဝန်ချုပ်၊ကောင်စစ်ဝန်၊ ဒုတိယကောင်စစ်ဝန်၊ ကောင်စစ် ကိုယ်စားလှယ်၊ ယာယီအမှုဆောင် ကောင်စစ်ဝန် တို့ပါဝင်သည့်ပြင်၊ ထိုကောင်စစ်ဝန်ချုပ်၊ ကောင်စစ်ဝန်၊ ဒုတိယ ကောင်စစ်ဝန်၊ ကောင်စစ် ကိုယ်စားလှယ်တဦးဦး၏တာဝန်ဝတ်တရားများကို ဆောင်ရွက်ရန် အာဏာလွှဲအပ်ခြင်း ခံရသော အခြားပုဂ္ဂိုလ်လည်း ပါဝင်သည်။ ထို့ပြင်

(ခ) "သံအရာရှိ" ဆိုသည်မှာ၊ သံအမတ်ကြီး၊ သံတမန်၊ သံအမတ်၊ တာဝန်ခံ သံမှူးကိုသော်၎င်း၊ သံကြီးရုံး၏၊ သို့တည်းမဟုတ် သံရုံး၏ အတွင်းဝန်ကိုသော်၎င်း ဆိုလိုသည်။

၃။ ။(၁) သံအရာရှိ၊ သို့တည်းမဟုတ် ကောင်စစ်အရာရှိ အသီးသီးသည် မိမိအလုပ်ဝတ်တရား ဆောင်ရွက်ရာ တိုင်းတပါးတွင်ဖြစ်စေ၊အရပ်ကပါးတွင်ဖြစ်စေ ကျမ်းသစ္စာကိုငင်း၊ ကျမ်းကျိန်လွှာကိုငင်း ပေးနိုင်သည်၊ ထို့ပြင်ပြည်ထောင်စုပြန်မာနိုင်ငံအတွင်း နိုင်ငြိ အရာရှိဆောင်ရွက်နိုင်သော မည်သည့် နိုင်ငြိ ကိစ္စကိုမဆို ဆောင်ရွက်နိုင်သည်။ အဆိုပါပုဂ္ဂိုလ်ကဖြစ်စေ၊ အဆိုပါပုဂ္ဂိုလ်၏ရှေ့၌ဖြစ်စေ ပေးသည့် ကျမ်းသစ္စာ၊ ကျမ်းကျိန်လွှာ အသီးသီးသည်ငင်း၊ ဆောင်ရွက်သည့် နိုင်ငြိကိစ္စအသီးသီးသည်ငင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းမည်သည့်ဒေသ၌မဆို၊ ဥပဒေအရအာဏာပိုင်တဦးဦးက ဖြစ်စေ၊ ထိုအာဏာပိုင်၏ရှေ့၌ဖြစ်စေ နည်းလမ်းတကျပေးဘိသကဲ့သို့၊ သို့တည်းမဟုတ် ဆောင်ရွက်ဘိသကဲ့သို့ အကျိုးသက်ရောက်ရမည်။

(၂) ဤအက်ဥပဒေအရ ကျမ်းသစ္စာပေးရန်အာဏာရှိသူ တဦးဦးက ဖြစ်စေ၊ ထိုသူ၏ရှေ့၌ဖြစ်စေ ပေးသည့်ကျမ်းသစ္စာ၊ သို့တည်းမဟုတ် ကျမ်းကျိန်လွှာ ဖြစ်ကြောင်း၊ သို့တည်းမဟုတ် ဆောင်ရွက်သည့်နိုင်ငြိကိစ္စ ဖြစ်ကြောင်းသက်သေခံ အဖြစ်ဖြင့်၊ ထိုသူ၏တံဆိပ်နှင့် လက်မှတ် စွဲကပ်သည့်၊ သို့တည်းမဟုတ် ရိုက်နှိပ်သည့်၊ သို့တည်းမဟုတ်. ရေးထိုးသည့် သဘောသက်ရောက်သော မည်သည့်စာတမ်းအမှတ်အသားမဆို၊ ထိုတံဆိပ်သည်၊ သို့တည်းမဟုတ် ထိုလက်မှတ်သည်၊ ထိုသူ၏တံဆိပ်၊

အဘို့—၁၀ ပြား]

သို့တည်းမဟုတ် လက်မှတ်ဖြစ်ကြောင်းကို သော်၎င်း၊ ထိုသူ၏ရာထူးနှင့် စပ်လျဉ်း၍ သော်၎င်း သက်သေထင်ရှားပြတဲ့ သက်သေခံဝင်ရမည်။

၄။ ။မည်သူမဆို၊ ဤအက်ဥပဒေပါပြဋ္ဌာန်းချက်များနှင့် အညီကျိန်ဆိုသည့်၊ သို့တည်းမဟုတ်ပြုသည့်ကျမ်းသစ္စာတွင်၊ သို့ကဲ့းမဟုတ် ကျမ်းကျိန်လွှာတွင် မဟုတ်မမှန်ကျိန်ဆိုလျှင်၊ ထိုသူကို၊ သုံးနှစ်ထိ ထောင်ဒဏ်စီရင်ရမည့်ပြင်၊ ငွေဒဏ်လည်း စီရင်နိုင်သည်။

၅။ ။မည်သူမဆို၊ ဤအက်ဥပဒေအရ ကျမ်းသစ္စာပေးရန် အာဏာရရှိသူ၏ တံဆိပ်ကိုဖြစ်စေ၊ လက်မှတ်ကိုဖြစ်စေ လိမ်လည်တုပလျှင်၊ သို့တည်းမဟုတ် အတုပြုလျှင်၊ သို့တည်းမဟုတ် လိမ်လည်လှည့်ပြားလိုသောသဘောဖြင့် ပြောင်းလဲလျှင်သော်၎င်း၊ ဤသို့လိမ်လည်တုပထားသည့်၊ သို့တည်းမဟုတ် အတုပြုထားသည့်၊ သို့တည်းမဟုတ် လိမ်လည်လှည့်ပြားလိုသောသဘောဖြင့် ပြောင်းလဲထားသည့် တံဆိပ်ဖြစ်စေ၊ လက်မှတ်ဖြစ်စေ ပါရှိသောကျမ်းကျိန်လွှာကို လိမ်လည်တုပထားသည့်၊ သို့တည်းမဟုတ် အတုပြုထားသည့်၊ သို့တည်းမဟုတ် လိမ်လည်လှည့်ပြားလိုသောသဘောဖြင့် ပြောင်းလဲထားသည့်တံဆိပ်၊ သို့တည်းမဟုတ် လက်မှတ်ဖြစ် ကြောင်းသိလျက်နှင့် သက်သေခံအဖြစ် တင်ပြလျှင်သော်၎င်း၊ အခြားနည်းဖြင့် အသုံးပြုလျှင်သော်၎င်း ထိုသူကို သုံးနှစ်ထိ ထောင်ဒဏ်စီရင်ရမည့်ပြင်၊ ငွေဒဏ်လည် စီရင်နိုင်သည်။

၆။ ။ဤအက်ဥပဒေအရ၊ ပြစ်မှုတခုခုကိုကျူးလွန်လျှင်၊ ထိုပြစ်မှုကျူးလွန်သည်ဟုစွဲဆိုခြင်းခံရသူအား ဖမ်းဆီးရာ၊ သို့တည်းမဟုတ် အချုပ်ချထားရာ ပြည်ထောင်စုနိုင်ငံအတွင်း မည်သည့်ဒေသ၌မဆို၊ ထိုပြစ်မှုကိုအဆိုပါဒေသ၌ ကျူးလွန်ဘိသကဲ့သို့၊ စုံမှခြင်း၊ အရေးယူဆောင်ရွက်ခြင်း၊ စစ်ဆေးစီရင်ခြင်း၊ ပြစ်ဒဏ်စီရင်ခြင်း ပြုနိုင်သည်။

၇။ ။(၁) နိုင်ငံတော်သမတသည်၊ ဤအက်ဥပဒေပါ ကိစ္စများကို ဆောင်ရွက်ရန်အလို့ငှါ၊ နည်းဥပဒေများပြုနိုင်သည်။

(၂) အထက်ပါအာဏာ၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ၊ အထူးအားဖြင့် အဆိုပါနည်းဥပဒေများသည်—

(က) ဤအက်ဥပဒေအရ စည်းကြပ်နိုင်သည့် အခကြေးငွေနှုန်းကိုငှင်း၊ အဆိုပါ အခကြေးငွေများ စည်းကြပ်ရန်၊ ကောက်ခံရန်၊ စာရင်းတင်သွင်းရန်နှင့် သုံးစွဲရန် နည်းလမ်းကိုငှင်း ပြဋ္ဌာန်းနိုင်သည့်။

(ခ) သံဗေဒရှိအား၊ သို့တည်းမဟုတ် ဒေကာင်စစ်အရာရှိအား ဤအက်ဥပဒေအရ အပ်နှင်းထားသည့် တာဝန်ဝတ်ဘရားများ ဆောင်ရွက်ရသည့်အတွက် အခပေးရန်လည်း၊ ထိုအခကို ပြဋ္ဌာန်းနိုင်သည်။

(ဂ) ဤအက်ဥပဒေနှင့်အညီ ထားရှိရမည့် မှတ်ပုံစာရင်းများနှင့် ပြုလုပ်ရမည့် ဒေစီရင်ခံစာရင်းများကို ပြဋ္ဌာန်းနိုင်သည်။ ထို့ပြင်

(ဃ) အခကြေးငွေနှုန်းစာရင်းများ ထုတ်ပြန်ဝေငှရန် နည်းလမ်းကို ပြဋ္ဌာန်းနိုင်သည်။

ပါမောက္ခစာ၊ အမှတ် ၁၂၉၊ တရားရေးဝန်ကြီးဌာန၊ ဒဇ-၅-၅၄—၂,၀၀၀—၂။

# ၁၉၅၄ ခုနှစ်၊ သင်္ဘောသွားလာမှု အုပ်ချုပ်ရေးအက်ဥပဒေ။

[၁၉၅၄ ခုနှစ်၊ အက်ဥပဒေအမှတ် ၂၀။]*

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို ၁၉၅၄ ခုနှစ်၊ သင်္ဘောသွားလာမှု အုပ်ချုပ်ရေးအက်ဥပဒေဟုခေါ်ရမည်။

အမည်တို၊ တည်ရာနယ်အဝန်း၊ အာဏာတည်သည့် နေ့ရက်နှင့် ကာလအပိုင်းအခြား။

(၂) ဤအက်ဥပဒေသည် ပြည်ထောင်စုမြန်မာနိုင်ငံတဝန်းလုံးနှင့်သက်ဆိုင်ရမည့်ပြင်၊ မည်သည့် နေရာတွင်မဆို ရှိသည့် ပြည်ထောင်စုမြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသောသင်္ဘောများနှင့်၎င်း၊ ထိုသင်္ဘောများပေါ်ရှိလူများနှင့်၎င်း သက်ဆိုင်ရမည်။

(၃) ဤဥပဒေသည် နိုင်ငံတော် သမတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်မှစ၍၊ ထိုအမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့် နေ့ရက်ထိ အာဏာတည်ရမည်။

၂။ ။ဤအက်ဥပဒေတွင် ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်ကိုထောက်ထားရန်မလိုလျှင်—

အဓိပ္ပါယ်ပိုင်းခြားဖော်ပြချက်။

(က) "နိုင်ငံတော်သမတ" ဆိုသည်မှာ၊ ပြည်ထောင်စု မြန်မာ နိုင်ငံတော် သမတ ကိုဆိုလိုသည်။

(ခ) "မြန်မာနိုင်ငံ ပင်လယ်ကမ်းရိုးတန်းရေကြောင်းသယ်ယူပို့ဆောင်မှု" ဆိုသည်မှာ၊ ခရီးသည်များကိုဖြစ်စေ၊ကုန်စည်များကိုဖြစ်စေ၊ ပြည်ထောင်စု မြန်မာနိုင်ငံတွင် ဆိပ်ကမ်းတခုမှတခုသို့၊ သို့တည်းမဟုတ် တနေရာမှတနေရာသို့ရေကြောင်းဖြင့် သယ်ယူပို့ဆောင်မှုကိုဆိုလိုသည်။

(ဂ) "သင်္ဘောသူကြီး" နှင့် "ခရီးသည်" ဟူသောစကားရပ်များ၏အဓိပ္ပါယ်မှာ၊ မြန်မာနိုင်ငံ ကုန်သင်္ဘောအက်ဥပဒေ (The Burma Merchant Shipping Act) တွင် ဖော်ပြထားသည့် ထိုစကားရပ်အသီးသီး၏အဓိပ္ပါယ်အတိုင်းဖြစ်ရမည်။

(ဃ) "သင်္ဘောပိုင်ရှင်" ဆိုသည်တွင်၊ သင်္ဘောပိုင်ရှင်၏ ကိုယ်စားလှယ်ပါဝင်သည်။

(င) "ပြဋ္ဌာန်းသည်" ဆိုသည်မှာ၊ ပုဒ်မ ၁၀ အရပြဋ္ဌာန်းသည့်နည်းဥပဒေများဖြင့်ပြဋ္ဌာန်းသည်ကို ဆိုလိုသည်။

(စ) "သင်္ဘော" ဆိုသည်တွင်၊ စုစုပေါင်းမှတ်ပုံဝင် တန်ချိန်တရာအောက်ရှိ သင်္ဘောသေးငယ်၎င်း၊ ရွက်သင်္ဘောသေးငယ်၎င်း မပါဝင်ချေ။

(ဆ) "အာဏာပိုင်" ဆိုသည်မှာ၊ ဤအက်ဥပဒေအရ အာဏာပိုင်၏ အလုပ်ဝတ်တရားများကို ဆောင်ရွက်ရန်၊ နိုင်ငံတော်သမတက အမိန့်ကြော်ငြာစာဖြင့် အာဏာအပ်နှင်းထားသည့် ပုဂ္ဂိုလ်၊ သို့တည်းမဟုတ် အရာရှိတဦးဦးကို ဆိုလိုသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော မည်သည့် လိုင်စင်များ။

၃။ ။(၁) ပြည်ထောင်စုမြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော မည်သည့် သဘော်ဂကိုမျှ၊ ဤပုဒ်မအရ၊ အာဏာပိုင်က ထုတ်ပေးသည့် ခိုင်လုံသော လိုင်စင်မရရှိဘဲ၊ ပြည်ထောင်စု မြန်မာနိုင်ငံ အတွင်း၊ သို့တည်းမဟုတ် ပြင်ပရှိ ဆိပ်ကမ်းတခုခုမှ၊ သို့တည်းမဟုတ် တနေရာရာမှ ပင်လယ်သို့ ထွက်ခွါမသွားစေရ။

(၂) ဤပုဒ်မအရ လိုင်စင်ကို၊ သာမန်လိုင်စင်အဖြစ်ဖြင့်သော်၎င်း၊ သီးခြားဖေါ်ပြထားသည့် ရေကြောင်းခရီးသွားလိုင်စင်အဖြစ်ဖြင့်သော်၎င်း ထုတ်ပေးနိုင်သည်။

(၃) သာမန်လိုင်စင်သည်၊ ၎င်းကိုထုတ်ပေးသော အာဏာပိုင်က မရှင်းသိမ်းသေးသမျှ ကာလပတ်လုံး အတည်ဖြစ်ရမည်။ သီးခြား ဖေါ်ပြထားသည့် ရေကြောင်းခရီးသွား လိုင်စင်သည်၊ ၎င်းကိုထုတ်ပေးသည့် သီးခြားရေကြောင်း ခရီး အတွက်သာ အတည်ဖြစ်ရမည်။

(၄) ဤပုဒ်မအရ ထုတ်ပေးသည့်လိုင်စင်တွင်၊ သဘော်ဂဆောင်ရွက်သည့် သယ်ယူပို့ဆောင်မှုနှင့်ဂင်း၊ သဘော်ဂသွားလာသည့် ရေကြောင်း ခရီးများနှင့်ဂင်း စပ်လျဉ်း၍၊ လိုင်စင်ထုတ်ပေးသည့် အာဏာပိုင်က ပြဋ္ဌာန်းရန်သင့်သည်ထင်မြင်သည့် ကန့်သတ်ချက်များနှင့် စည်းကမ်းချက်များကို ထည့်သွင်းနိုင်သည်။ အဆိုပါ ကန့်သတ်ချက်များနှင့် စည်းကမ်းချက်များကို၊ မည်သည့်နေရာတွင်မဆိုရှိသည့်၊ သို့တည်းဟုတ် သီးခြားဖေါ်ပြထားသော ပင်လယ်ရေကြောင်းတွင်ရှိဆဲဖြစ်သည့်၊ သို့တည်းမဟုတ် သီးခြားဖေါ်ပြထားသော သယ်ယူပို့ဆောင်မှုကို ဆောင်ရွက်ဆဲဖြစ်သည့်၊ သို့တည်းမဟုတ် သီးခြားဖေါ်ပြထားသော ရေကြောင်းခရီးတွင် သွားလာဆဲဖြစ်သည့် သဘော်ဂနှင့်သက်ဆိုင်စေရန် ပြဋ္ဌာန်းနိုင်သည်။

(၅) လိုင်စင်အတည် ဖြစ်ခြင်းမရှင်းစဲသည့်အခါ လိုင်စင်ရရှိသူသည်၊ ထိုလိုင်စင်ကို အကြောင်းမဲ့နှောင့်နှေးကြန့်ကြာခြင်းမရှိဘဲ၊ လိုင်စင်ထုတ်ပေးသည့် အာဏာပိုင်ထံ ပြန်အပ်ရမည်၊ သို့တည်းမဟုတ် ပြန်အပ်စေရမည်။

ပြည်ထောင်စု မြန်မာနိုင်ငံ ပင်လယ်ကမ်းရိုးတန်း ရေကြောင်း သယ်ယူ ပို့ဆောင်မှုလိုင်စင်များ။

၄။ ။(၁) မည်သည့်သဘော်ဂမျှ၊ ဤပုဒ်မအရ အာဏာပိုင်က ထုတ်ပေးသည့် ခိုင်လုံသော လိုင်စင် မရရှိဘဲ၊ ပြည်ထောင်စု မြန်မာနိုင်ငံ ပင်လယ်ကမ်းရိုးတန်း ရေကြောင်း သယ်ယူပို့ဆောင်မှုကို မဆောင်ရွက်ရ။

(၂) ဤပုဒ်မအရ လိုင်စင်ကို၊ သာမန်လိုင်စင်အဖြစ်ဖြင့်သော်၎င်း၊ သီးခြားဖေါ်ပြထားသည့်ရေကြောင်းခရီးသွားလိုင်စင်အဖြစ်ဖြင့်သော်၎င်း၊ သီးခြားဖေါ်ပြထားသည့် ကာလအပိုင်းအခြားအတွက်လိုင်စင်အဖြစ်ဖြင့်သော်၎င်း ထုတ်ပေးနိုင်သည်။ ထိုလိုင်စင်သည်၊ ၎င်းကိုထုတ်ပေးသော အာဏာပိုင်က သီးခြားဖေါ်ပြထားသည့်စည်းကမ်းချက်များနှင့်မဆန့်ကျင်ရ။

(၃) အာဏာပိုင်သည်၊ ဤပုဒ်မအရထုတ်ပေးသောလိုင်စင်ကို၊ အကြောင်းလုံလောက်သည်ဟုယူဆလျှင်အချိန်မရွေးရုပ်သိမ်းနိုင်သည်။ သို့တည်းမဟုတ်ပယ်ဖျက်နိုင်သည်၊ သို့တည်းမဟုတ် ပြင်ဆင်နိုင်သည်။

လိုင်စင် မတင်ပြလျှင်၊ ဆိပ်ကမ်းမှ ထွက်ခွင့်သက်မှတ်ထုတ်မပေးရ။

၅။ ။မြန်မာနိုင်ငံ ကုန်သည်ဘော် အက်ဥပဒေပုဒ်မ ၁၂၇ ပါပြဋ္ဌာန်းချက်များကိုမထိခိုက်စေဘဲ၊ မည်သည့် အကောက်တော်အရာရှိမျှ၊ ပြည်ထောင်စုမြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော သဘော်ကိုသော်၎င်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပင်လယ်ကမ်းရိုးတန်း ရေကြောင်းသယ်ယူပို့ဆောင်မှုကို ဆောင်ရွက်သည့်သဘော်ကိုသော်၎င်း၊ ထိုသဘော်နှင့်စပ်လျဉ်း၍၊ ဤအက်ဥပဒေအရ ထုတ်ပေးသည့်ခိုင်လုံသောလိုင်စင်ကိုသဘော်ပိုင်ရှင်က၊ သို့တည်းမဟုတ် သဘော်သူကြီးက မတင်ပြသေးသမျှကာလပတ်လုံး ဆိပ်ကမ်းမှ ထွက်ခွင့်လက်မှတ်ထုတ်မပေးရ။

ညွှန်ကြားချက်များ ထုတ်ဆင့်နိုင်သည့်ဘာဏာ။

၆။ ။(၁) ပုဒ်မ ၃ နှင့် ပုဒ်မ ၄ အရ၊ သဘော်တစင်းစီးနှင့်စပ်လျဉ်း၍၊ လိုင်စင် ထုတ်ပေးသည့် အာဏာပိုင်က၊ လိုင်စင်အတည်ဖြစ်ဆဲအတွင်း၊ အောက်ပါအကြောင်းအရာများနှင့်စပ်လျဉ်း၍၊ အခါအားလျော်စွာ အမိန့်စာဖြင့် ညွှန်ကြားချက်များ ထုတ်ဆင့်နိုင်သည်။

(က) ကိစ္စတခုခုအတွက် သဘော်သွားရမည့် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း၊ သို့တည်းမဟုတ်ပြင်ပရှိဆိပ်ကမ်းများ၊ သို့တည်းမဟုတ် နေရာများ၊ ထို့ပြင်ခရီးလမ်းစဉ်များ။

(ခ) သဘော်တွင် သယ်ယူပို့ဆောင်နိုင်သည့် ခရီးသည်၊ သို့တည်းမဟုတ် ကုန်စည်အမျိုးအစားများ။

(ဂ) ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း၊ သို့တည်းမဟုတ် ပြင်ပရှိမည်သည့်ဆိပ်ကမ်း၊သို့တည်းမဟုတ် မည်သည့်နေရာ၌မဆို၊သဘော်ပေါ်သို့ဖြစ်စေ၊ သဘော်ပေါ်မှဖြစ်စေ၊ ခရီးသည်များ၊ သို့တည်းမဟုတ် ကုန်စည်များတင်ချရန် ဦးစားပေးအစီအစဉ်။

(၂) ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ ဆိပ်ကမ်းတခုမှတခုသို့၊ သို့ကည်းမဟုတ် တနေရာမှတနေရာသို့သွားမည့် ပြည်ထောင်စုမြန်မာနိုင်ငံပြင်ပတွင် မှတ်ပုံတင်ထားသော သဘော်တစင်းစီးနှင့် သက်ဆိုင်သည့်သာမန်၊ သို့တည်းမဟုတ် အထူးညွှန်ကြားချက်များကို၊ ပြည်ထောင်စုမြန်မာနိုင်ငံတွင် အဆိုပါဆိပ်ကမ်း၊ သို့တည်းမဟုတ် နေရာရှိ ထိုသဘော်ပေါ်သို့ ခရီးသည်များ၊ သို့တည်းမဟုတ် ကုန်စည်များတင်ဆောင်ရန် ဦးစားပေးအစီအစဉ်နှင့်စပ်လျဉ်း၍၊ နိုင်ငံတော်သမတ က၊ သို့တည်းမဟုတ် အာဏာပိုင်တဦးဦးက၊ အမိန့်စာဖြင့်အခါအားလျော်စွာထုတ်ဆင့်နိုင်သည်။

ခြွင်းချက်။ ။သို့ရာတွင်ဤပုဒ်မခွဲအရ ထုတ်ဆင့်သော ညွှန်ကြားချက် များသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိဆိပ်ကမ်းတခု၊ သို့တည်းမဟုတ်တနေရာရာမှ၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ ဆိပ်ကမ်းတခုခု၊ သို့တည်းမဟုတ် တနေရာရာသို့၊ ခရီးသည်များကိုဖြစ်စေ၊ ကုန်စည်များကိုဖြစ်စေ၊ တင်ဆောင်ခြင်းမပြုသည့် အဆိုပါသဘော်တစင်းစီးနှင့်မသက်ဆိုင်ရ။

သဘော် တင်ဆောင်ခွန်းများသတ်မှတ်ရန် အာဏာ။

၇။ ။နိုင်ငံတော်သမတသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသောသဘော်တစင်းစင်းငှါးရန်နှုန်းများကိုငင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော သဘော်ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ အဆိုပါသဘော်ဖြင့်ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ ဆိပ်ကမ်းတခုမှတခုသို့၊ သို့တည်းမဟုတ်တနေရာမှတနေရာသို့ ခရီးသည်များ၊ သို့တည်းမဟုတ် ကုန်စည်များသယ်ယူပို့ဆောင်သည့်အတွက် တောင်းခံနိုင်သည့်နှုန်းများကိုငင်း၊ ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်းအခါအားလျော်စွာ ပြန်တမ်းတွင် အမိန့်ထုတ်ပြန်၍သတ်မှတ်နိုင်သည်။

သတင်းပေးရန် ဆင့်ဆိုနိုင်သည့်အာဏာ။

၈။ ။အာဏာပိုင်သည်လူတဦးတယောက်ကိုစေလွှတ်၍ဖြစ်စေ၊ စာပို့တိုက်မှဖြစ်စေ၊ ချအပ်သည့်နို့တစ်စာဖြင့်—

(က) ဤအက်ဥပဒေအရ အာဏာပိုင်က၊ သဘော်နှင့်စပ်လျဉ်း၍၊ ထုတ်ပေးသည့်တည်ဆဲလိုင်စင်နှင့်သက်ဆိုင်သောသဘော်တစင်းစင်း၏ သဘော်သူကြီးကိုဖြစ်စေ၊ သဘော်ပိုင်ရှင်ကိုဖြစ်စေ၊ သို့တည်းမဟုတ်

(ခ) ပုဒ်မ ၆၊ ပုဒ်မခွဲ (၂) အရ သဘော်နှင့်စပ်လျဉ်း၍၊ ထုတ်ဆင့်ပြီးဖြစ်သည့်၊ သို့တည်းမဟုတ် ထုတ်ဆင့်နိုင်သည့် ညွှန်ကြားချက်များနှင့် သက်ဆိုင်သော သဘော်တစင်းစင်း၏ သဘော်သူကြီးကိုဖြစ်စေ၊ သဘော်ပိုင်ရှင်၏၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ ကိုယ်စားလှယ်ကိုဖြစ်စေ

အောက်ပါကိစ္စ တရပ်ရပ်နှင့် စပ်လျဉ်း၍၊ နို့တစ်စာတွင် သီးခြား ဖေါ်ပြထားသည့် ကာလအတွင်း သတင်းပေးရန် ဆင့်ဆိုနိုင်သည်။

(၁) သီးခြားဖေါ်ပြထားသည့် ကာလအပိုင်းအခြားအတွင်း၊ သဘော်ဖြင့် သယ်ယူပို့ဆောင်မည့်၊ သို့တည်းမဟုတ် သယ်ယူပို့ဆောင်နိုင်သည့်၊ သို့တည်းမဟုတ် သယ်ယူပို့ဆောင်ခဲ့သည့်ခရီးသည်နှင့် ကုန်စည်အမျိုးအစားများ။

(၂) သဘော်နှင့်သက်ဆိုင်သည့် ခရီးသည်နှင့် ကုန်စည် တင်ဆောင်ခွန်းများ။

(၃) ပြဋ္ဌာန်းနိုင်သည့်အခြားကိစ္စတရပ်ရပ်။

ပြစ်ဒဏ်များနှင့် လိုက်နာရန် ကျင့်ထုံး။

၉။ ။(၁) ပုဒ်မ ၃၊ ပုဒ်မခွဲ (၁) ပါ ပြဋ္ဌာန်းချက်များကိုငင်း၊ ပုဒ်မ ၇ အရ ထုတ်ပြန်သည့် အမိန့် တရပ်ရပ်၏ ပြဋ္ဌာန်းချက်များကိုငင်း ဤအက်ဥပဒေအရ ထုတ်ပေးသည့် လိုင်စင်တွင် ပါရှိသောကန့်သတ်ချက်၊ သို့တည်းမဟုတ် စည်းကမ်းချက် တရပ်ရပ်ကိုငင်း၊ ပုဒ်မ ၆ အရထုတ်ဆင့်သည့်ညွှန်ကြားချက်တရပ်ရပ်ကိုငင်း၊ သင့်လျော်သော အကြောင်းပြချက်မရှိဘဲ၊ ကျူးလွန်လျှင်၊ထိုသို့ကျူးလွန်သည့်သဘော်၏ သဘော်သူကြီးနှင့် သဘော်ပိုင်ရှင်တို့သည်၊ သို့တည်းမဟုတ် ပြည်ထောင်စုမြန်မာနိုင်ငံ ပြင်ပတွင် မှတ်ပုံတင်ထားသော သဘော်ဖြစ်လျှင်၊ သဘော်ပိုင်ရှင်၏ပြည်ထောင်စု မြန်မာနိုင်ငံ

အတွင်းရှိ ကိုယ်စားလှယ်သည် ခြောက်လထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ၊ အသီးသီးစီရင်ခြင်းခံရမည်။

(၂) ပုဒ်မ ၈ အရ နို့တစ်စာချုပ်အပ်ခြင်း ခံရသူ မည်သူမဆို လိုအပ်သော သတင်းကို သီးခြားဖေါ်ပြထားသည့် အချိန်အတွင်း ပေးရန်ပျက်ကွက်လျှင်၊ သို့တည်း မဟုတ် အဆိုပါ သတင်းပေးရာ၌၊ အရေးကြီးသောအချက် တံရော်ရုပ်တွင်၊ မဟုတ် မှန်ကြောင်း မိမိသိလျက်နှင့် ဖေါ်ပြ ထွက်ဆိုလျှင်၊ ထိုသူသည် ခြောက်လထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ၊ စီရင်ခြင်းခံရမည်။

(၃) လိုင်စင်တခုခု အတည်ဖြစ်ခြင်းမှ ရပ်စဲပြီးနောက် သင့်လျော်သည့် ကာလအပိုင်းအခြားအတွင်း၊ လိုင်စင်ထုတ်ပေးသည့် အာဏာပိုင်ထံသို့ ထိုလိုင်စင်ကို ပြန်မအပ်လျှင်၊ လိုင်စင်ရသူသည် ကျပ်တရာထိ ငွေဒဏ်စီရင်ခြင်းခံရမည်။

(၄) ခရိုင်ရာဇဝတ်တရားသူကြီးရုံး၊ သို့တည်းမဟုတ် ပဌမတန်း ရာဇဝတ်တရားသူကြီးရုံးအောက်နိုင်ခွဲသောမည်သည့်တရားရုံးကမျှ၊ ဤပုဒ်မအရ အပြစ်ပေးနိုင်ဣသာပြစ်မှုတခုခုကို စစ်ဆေး စီရင်ခြင်းမပြုရ။

(၅) ဤပုဒ်မအရ အပြစ်ပေးနိုင်သည့် ပြစ်မှုကို ကျူးလွန်သူသည်၊ ကုမ္ပဏီ၊ သို့တည်းမဟုတ်အခြားတရားဝင်အဖွဲ့ဖြစ်လျှင်၊ ထိုကုမ္ပဏီ၏၊ သို့တည်းမဟုတ် ထိုအဖွဲ့၏ စီမံအုပ်ချုပ်သူ ဒါရိုက်တာလူကြီး၊ မန်နေဂျာအတွင်းရေးမှူး၊ အခြားအရာရှိ၊ သို့တည်း မဟုတ် ကိုယ်စားလှယ် အသီးသီးသည်၊ ပြစ်မှုမကျူးလွန်ရအောင် မိမိကလုံလောက်စိုက်ထုတ်နိုင်သမျှ စိုက်ထုတ်၍ တားဆီးပိတ်ပင်ကြောင်းကို သက်သေထင်ရှား မပြနိုင်လျှင်၊ အဆိုပါပြစ်မှုကို ကျူးလွန်သည်ဟု မှတ်ယူရမည်။

နည်းဥပဒေများ ပြုရန် အာဏာ။

၁၀။ ။(၁) နိုင်ငံတော် သမတသည်၊ ဤအက်ဥပဒေပါ ကိစ္စများကို ဆောင်ရွက်ရန် အလို့ငှါ၊ အမိန့် ကြော်ငြာစာဖြင့် နည်းဥပဒေများ ပြဋ္ဌာန်းနိုင်သည်။

(၂) အထက်ကဖေါ်ပြခဲ့သောအာဏာ၏ယေဘုယျသဘောကို မထိခိုက်စေဘဲ၊ အထူးအားဖြင့် အဆိုပါနည်းဥပဒေများကို၊ အောက်ပါကိစ္စ တရပ်ရပ်အတွက်ပြဋ္ဌာန်းနိုင်သည်။

(က) ဤအက် ဥပဒေအရ ထုတ်ပေးသောလိုင်စင်ပုံစံများ။

(ခ) ပုဒ်မ ၇ အရ နှုန်းများကို သတ်မှတ်ရမည့် နည်းလမ်း၊ အဆိုပါ နှုန်းများနှင့် စပ်လျဉ်း၍၊ ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရအား အကြံဉာဏ်ပေးရန်အဖွဲ့ ဖွဲ့စည်းပုံနှင့်၊ အဖွဲ့၏ အလုပ်ဝတ်တရားများ။

(ဂ) ပုဒ်မ ၈ အရ သတင်းများပေးရန် လိုအပ်သောကိစ္စများ။

ပမာဏစာ၊—အမှတ် ၁၃၀၊ တရားရေးဝန်ကြီးဌာန၊ ၃-၅-၅၄—၂,၀၀၀—ခ။

# ၁၉၅၄ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ လက်တွေ့သုတေသန လုပ်ငန်းအဖွဲ့အက်ဥပဒေ။

[၁၉၅၄ ခုနှစ်၊ အက်ဥပဒေအမှတ် ၂၁။]

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ တိုးတက်ဖွံ့ဖြိုးရေးအတွက် လောကဓါတ်ပညာနှင့်အင်ဂျင်နီယာပညာရပ်များတွင်ခေတ်မှီ သုတေသနလုပ်ငန်းများ စမ်းသပ်လေ့လာခြင်းများနှင့်ဆောင်ရွက်မှုများမှာ အထူးလိုအပ်သောကြောင့်တကြောင်း၊ အစိုးရနှင့် ပြည်သူလူထုအတွက်လောကဓါတ်ပညာနှင့် အင်ဂျင်နီယာပညာရပ်များတွင်သုတေသန လုပ်ငန်းစမ်းသပ်လေ့လာခြင်းနှင့် ဆောင်ရွက်မှုများပြုလုပ်ရန် ပြည်ထောင်စုမြန်မာနိုင်ငံ လက်တွေ့ သုတေသနလုပ်ငန်းအဖွဲ့တခုကို တည်ထောင်ရန် လိုအပ်သည်တကြောင်း၊ လောကဓါတ်ပညာနှင့် အင်ဂျင်နီယာပညာရပ်များတွင်ခေတ်မှီ သုတေသနလုပ်ငန်းများကိုအားပေးညှိနှိုင်းထောက်ပံ့ရန်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ လက်တွေ့သုတေသန လုပ်ငန်းအဖွဲ့ကို အုပ်ချုပ်ရန်အတွက် မြန်မာနိုင်ငံ သုတေသနလုပ်ငန်းအဖွဲ့ တခုကို လောလောဆယ်တည်ထောင်ရန်လိုအပ်သည်ဖြစ်သောကြောင့်တကြောင်း၊ ထိုအကြောင်းများကြောင့် အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

## အခန်း ၁။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၄ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ လက်တွေ့သုတေသနလုပ်ငန်းအဖွဲ့ အက်ဥပဒေဟုခေါ်ရမည်။

အမည်နှင့်စတင်အာဏာတည်သည့်နေ့ရက်။

(၂) ဤအက် ဥပဒေ သည်၊ နိုင်ငံတော်သမတ က အမိန့်ကြော်ငြာစာ ထုတ်ပြန်ကျေညာ၍ သတ်မှတ်သည့် နေ့ရက်တွင် စတင်အာဏာတည်ရမည်။

၂။ ။ဤအက်ဥပဒေတွင် ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်ကို ဖော်ထားရန်မလိုလျှင်—

အဓိပ္ပါယ်ဖော်ပြချက်များ။

(၁) "ဥက္ကဋ္ဌ" ဆိုသည်မှာ၊ မြန်မာနိုင်ငံသုတေသနအဖွဲ့၏ဥက္ကဋ္ဌကို ဆိုလိုသည်။

(၂) "သုတေသနလုပ်ငန်းအဖွဲ့" ဆိုသည်မှာ၊ ပုဒ်မ ၄၃ အရတည်ထောင်ထားသော ပြည်ထောင်စုမြန်မာနိုင်ငံ လက်တွေ့သုတေသနလုပ်ငန်းအဖွဲ့ (The Union of Burma Applied Research Institute) ကိုဆိုလိုသည်။

(၃) "အုပ်ချုပ်ရေးမှူး" ဆိုသည်မှာ၊ မြန်မာနိုင်ငံသုတေသနအဖွဲ့၏ လုပ်ငန်းအတွက် တာဝန်ခံစက်မှုလက်မှုနှင့် အုပ်ချုပ်မှုအရာရှိကို ဆိုလိုသည်။

အတိုး—၂၅ ပြား]

(၄) ''ကိရိယာတန်ဆာပလာ'' ဆိုသောစကားရပ်တွင် လောကဓါတ်နှင့် အင်ဂျင်နီယာဆိုင်ရာပစ္စည်းကိရိယာများ၊ စက်များ၊ အလုပ်တခုအတွက် လိုအပ်သောကိရိယာများနှင့် အခြားအသုံးပြုရမည့်ကိရိယာများ၊ လောကဓါတ်နှင့်အင်ဂျင်နီယာ သုဟေသနလုပ်ငန်း လက်တွေ့စမ်းသပ် လုပ်ကိုင်သည့် သုပ်ငန်းနှင့် ထိုလုပ်ငန်းဒဆောင်ရွက်ရာတွင် လိုအပ်သောပစ္စည်းကိရိယာများပါဝင်သည်။

(၅) ''ကောင်စီ'' ဆိုသည်မှာ၊ ပုဒ်မ ၃၅ အရ ဖွဲ့စည်းထားသော မြန်မာနိုင်ငံ သုတေသနကောင်စီကို ဆိုလိုသည်။

(၆) ''ကော်မိတီ'' ဆိုသည်မှာ၊ ပုဒ်မ ၃၈ အရ ဖွဲ့စည်းထားသော အမှုဆောင်သုတေသနကော်မိတီကို ဆိုလိုသည်။

(၇) ''အတွင်းရေးမှူး'' ဆိုသည်မှာ၊ မြန်မာနိုင်ငံ သုတေသနအဖွဲ့၏ အတွင်းရေးမှူးကို ဆိုလိုသည်။

(၈) ''ဦးစီးခေါင်းဆောင်သူ'' ဆိုသည်မှာ၊ ပုဂ္ဂိုလ်တဦးအတွက်ဖြစ်စေ၊ တရားဥပဒေအရ ဖွဲ့စည်းထားသည့်၊ သို့တည်းမဟုတ် မဖွဲ့စည်းထားသည့် ပုဂ္ဂိုလ်တစု၊ သို့တည်းမဟုတ် အဖွဲ့အစည်း အတွက် ဖြစ်စေ၊ အစိုးရအတွက်ဖြစ်စေ၊ သုတေသနလုပ်ငန်းအဖွဲ့က သုတေသန လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ သို့တည်းမဟုတ် သုတေသန လုပ်ငန်းစမ်းသပ်လုပ်ကိုင်ခြင်း၊ သို့တည်းမဟုတ် အမှုကိစ္စ ဆောင်ရွက်ခြင်းပြုနေလျှင်၊ ထိုပုဂ္ဂိုလ်ကို၊ သို့တည်းမဟုတ် ထိုပုဂ္ဂိုလ်တစုကို၊ သို့တည်းမဟုတ် ထိုအဖွဲ့အစည်းကို၊ သို့တည်းမဟုတ် ထိုအစိုးရကိုဆိုလိုသည်။

(၉) ''အဖွဲ့၏ရာထမ်းမှုထမ်းများ'' ဆိုသည်မှာ၊ မြန်မာနိုင်ငံ သုတေသနအဖွဲ့တွင် တိုက်ရိုက်အမှုထမ်းရွက်ရန်၊ သို့တည်းမဟုတ် သုတေသနလုပ်ငန်းအဖွဲ့တွင်ဖြစ်စေ၊ အခါအားလျော်စွာတည်ထွင်သည့်၊သုတေသနလုပ်ငန်းအဖွဲ့နှင့်ဆက်သွယ်သော ဆောင်ရွက်မှုများတွင်ဖြစ်စေ၊ အမှုထမ်းရွက်ရန် မြန်မာနိုင်ငံ သုတေသနအဖွဲ့က ခန့်ထားသော ရာထမ်းမှုထမ်းများကိုဆိုလိုသည်။

(၁၀) ''ပြဋ္ဌာန်းထားသည်'' ဆိုသည်မှာ၊ ဤအက်ဥပဒေဖြင့် သော်၎င်း၊ ဤအက်ဥပဒေအရ ပြုသည့်စည်းကမ်း ဥပဒေများဖြင့် သော်၎င်း၊ ပြဋ္ဌာန်းသည်ကိုဆိုလိုသည်။

## အခန်း ၂။

## မြန်မာနိုင်ငံသုတေသနအဖွဲ့။

အဖွဲ့ ဖွဲ့စည်းခြင်း။

၃။ ။(၁) ဤအက်ဥပဒေပါ ကိစ္စများကို ဆောင်ရွက်ရန်အလို့ငှါ၊ မြန်မာနိုင်ငံသုတေသနအဖွဲ့ခေါ်အဖွဲ့တခုဖွဲ့စည်းရမည်။ ထိုအဖွဲ့တွင် အောက်ပါပုဂ္ဂိုလ်များပါဝင်ရမည်။

(က) စက်မှုလက်မှုဌာနဝန်ကြီး။

(ခ) သတ္တုတွင်းဌာနဝန်ကြီး။
(ဂ) အိမ်ယာဆောက်လုပ်ရေးနှင့်အလုပ်သမားဌာနဝန်ကြီး။
(ဃ) အတွင်းဝန်၊ စက်မှုလက်မှုဉာနဝန်ကြီးဌာန။
(င) အတွင်းဝန်၊ သတ္တုတွင်းဝန်ကြီးဌာန။
(စ) အတွင်းဝန်၊ အမျိုးသားစီမံကိန်းနှင့်သာသနာရေးဝန်ကြီးဌာန။
(ဆ) အင်ဂျင်နီယာဌာနမှူး၊ ရန်ကုန်တက္ကသိုလ်။
(ဇ) လောဂဓါတ်ဌာနမှူး၊ ရန်ကုန်တက္ကသိုလ်။
(ဈ) ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသုတေသနကောင်စီ။
(ည) ဥက္ကဋ္ဌ၊ အမှုဆောင်သုတေသနကော်မိတီ။
(ဋ) အုပ်ချုပ်ရေးမှူး၊ ပြည်ထောင်စု မြန်မာနိုင်ငံ လက်တွေ့ သုတေသန လုပ်ငန်းအဖွဲ့။
(ဌ) နိုင်ငံတော် သမတက ခန့်ထားသည့်အစိုးရအရာရှိမဟုတ်သူသုံးဦး။

(၂) ဤအက်ဥပဒေပါ ကိစ္စရပ်များကိုပိုမိုတွင်ကျယ်စွာဆောင်ရွက်နိုင်မည့်မြန်မာနိုင်ငံ သုတေသန အဖွဲ့ကထောက်ခံချိန်နိုင်ငံတော် သမတက သဘောတူညီသည့် အခြားပုဂ္ဂိုလ်များကိုနိုင်ငံတော် သမတသည်၊အဖွဲ့ဝင်အဖြစ်ထည့်သွင်းခန့်ထား၍အဖွဲ့ဝင်လူကြီးဦးရေကိုတိုးမြှင့်နိုင်သည်။

(၃) စက်မှုလက်မှုဌာနဝန်ကြီးသည်၊မြန်မာနိုင်ငံ သုတေသနအဖွဲ့၏ ဥက္ကဋ္ဌဖြစ်ရမည်။ မြန်မာနိုင်ငံ သုတေသနအဖွဲ့သည်၊ အဖွဲ့ဝင်များထဲမှတဦးကို ဒုတိယ ဥက္ကဋ္ဌအဖြစ် တာဝင်မြှောက်ရမည်။

ရာထူးသက်တမ်း။

၄။ ။(၁) နိုင်ငံတော် သမတက ခန့်ထားသည့်အဖွဲ့ဝင် လူကြီးများသည်၊ နှစ်နှစ်ကာလမျှ ရာထူးဌာ ထမ်းရွက်ရမည်။ ရာထူးသက်တမ်းစေ့ကုန်သည့်အခါ၊ထိုအဖွဲ့ဝင်လူကြီးများကိုပင် ပြန်လည်ခန့်ထားနိုင်သည်။

(၂) ရာထူးအလျောက်ဖြစ်သည့် အဖွဲ့ဝင်လူကြီးသည်၊ ထိုရာထူးဌာ ထမ်းရွက်နေသမျှကာလပတ်လုံးအဖွဲ့ဝင်လူကြီးဖြစ်နေရမည်။

(၃) ပုဒ်မခွဲ (၁) တွင်ဖေါ်ပြထားသည့် ရာထူးသက်တမ်းနှစ်နှစ်စေ့ကုန်စေကာမူ၊ ထိုသို့ရာထူးသက်တမ်းစေ့ကုန်၍လစ်လပ်သောနေရာတွင်၊ ထပ်မံခန့်ထားခြင်းမရှိသေးမီ၊လက်ရှိထမ်းရွက်နေသော လူကြီးများသည်၊ ထိုရာထူးများဌာ ဆက်လက်ထမ်းရွက်ရမည်။ သို့သော် ထိုလစ်လပ်သောနေရာကို ၆ လအတွင်းဖြည့်ရမည်။

ရံဖန်ရံခါလစ်လပ်သောနေရာများ။

၅။ ။(၁) ရံဖန်ရံခါ လစ်လပ်သောနေရာတွင်ခန့်ထားခြင်းခံရသည့် အဖွဲ့ဝင်လူကြီးသည်၊ ထိုနေရာသာ မလစ်လပ်ပါမူ၊ ထိုနေရာတွင် ယခင်အဖွဲ့ဝင်လူကြီးထမ်းရွက်နိုင်မည်ဖြစ်သည့် ကျန်ကာလမျှသာထမ်းရွက်ရမည်။

(၂) မြန်မာနိုင်ငံသုတေသနအဖွဲ့တွင်နေရာလစ်လပ်ငြားသော်လည်း၊ သို့တည်းမဟုတ် အဖွဲ့ဝင်လူကြီးတဦး တယောက်ခန့်ထားရာဌာ ချို့ယွင်းချက်ရှိငြားသော်လည်း မြန်မာနိုင်ငံ သုတေသနအဖွဲ့ဆိုင်ရာဆောင်ရွက်ချက်များသည် အတည်ဖြစ်ရမည်။

၆။ ။(၁) မည်သည့်အဖွဲ့ဝင်လူကြီးမဆို—

အဖွဲ့ဝင် လူကြီးများကို နုတ်ပယ်ခြင်း။

(က) အဖွဲ့ဝင်လူကြီးအဖြစ် မဆောင်ရွက်လိုဟု ငြင်းဆိုလျှင်၊ သို့တည်းမဟုတ် အဖွဲ့ဝင်လူကြီးအဖြစ် မစွမ်း ဆောင် နိုင်လျှင်၊ သို့တည်းမဟုတ်

(ခ) လူမဲ့အဖြစ်ဆုံးဖြတ်ကျေညာခြင်းခံရလျှင်၊ သို့တည်းမဟုတ်

(ဂ) နိုင်ငံတော် သမတ ၏ထင်မြင်ချက်အရ၊ အဖွဲ့ဝင်လူကြီးအဖြစ် ဆက်လက်ဆောင်ရွက်ရန် မသင့်တော်လောက်အောင် အကျင့်စာရိတ္တ ပျက်သည့် ပြစ်မှုအတွက်ပြစ်ဒဏ်ခံရလျှင်၊ သို့တည်းမဟုတ် အကျင့်စာရိတ္တ ပျက်ကြောင်း ရာဇဝတ်ရုံးတခုခုက အမိန့်ချမှတ်ခံရလျှင်၊ သို့တည်းမဟုတ်

(ဃ) နိုင်ငံတော် သမတ၏ထင်မြင်ချက်အရ၊ လုံလောက်သော အကြောင်းမရှိသည့်ပြင် မြန်မာနိုင်ငံသုတေသနအဖွဲ့၏ ဘဝောတူညီချက်လည်း မရရှိဘဲ လစဉ်အစည်းအဝေးသို့တဆက်ထည်း လေးကြိမ်ထက်ပို၍ မတက်ဘဲနေလျှင်၊ သို့တည်းမဟုတ်

(င) ပုဒ်မ ၁၁ ပါပြဋ္ဌာန်းချက်များကိုမလိုက်နာလျှင်၊ သို့တည်းမဟုတ်

(စ) ထိုသူရာထူး၌ ဆက်လက်ထမ်းရွက် နေခြင်းသည်၊ ပြည်သူ့အကျိုးကို ဆုတ်ယုတ်စေမည်ဟု နိုင်ငံတော် သမတက ထင်မြင်လျှင်

ထိုသူကိုနိုင်ငံတော်သမတက အမိန့်ကြော်ငြာစာထုတ်ပြန်ကျေညာ၍ ရာထူးမှနုတ်ပယ်နိုင်သည်။

(၂) ထိုသို့နုတ်ပယ်ခံရသူကို မည်သည့်ကာလအတွင်း ပြန်လည်ခန့်ထားခြင်း မပြုစေရန် နိုင်ငံတော် သမတက ကာလပိုင်းခြားသတ်မှတ်နိုင်သည်။

၇။ ။(၁) မြန်မာနိုင်ငံသုတေသနအဖွဲ့သည်၊ အလုပ်ကိစ္စများကိုဆောင်ရွက်ရန်အလို့ငှါ၊ တလလျှင် အနည်းဆုံး တကြိမ်အစည်းအဝေးကျင်းပရမည်။ လစဉ်အစည်းအဝေးကျင်းပရန်ချိန်းဆိုချက်ကို ဥက္ကဋ္ဌ၏အမိန့်ဖြင့်ပယ်ဖျက်နိုင်သည်။ သို့သော်ထိုလစဉ်အစည်းအဝေး ကျင်းပရန်ချိန်းဆိုချက်ကို နှစ်ကြိမ်ဆက်၍ပယ်ဖျက်ခြင်းမပြုရ။

အစည်းအဝေးများ။

(၂) ဥက္ကဋ္ဌ၏အမိန့်ဖြင့်သော်၎င်း၊ အဖွဲ့ဝင်လူကြီးအနည်းဆုံး သုံးဦးကလံ့ကမ့်တောင်းဆိုသောစာဖြင့် အစည်းအဝေးကျင်းပလိုသည့်ကိစ္စကိုဖေါ်ပြ၍ အစည်းအဝေးခေါ်ပေးရန် တောင်းဆိုသောအခါသော်၎င်း၊ မြန်မာနိုင်ငံသုတေသနအဖွဲ့၏အထူးအစည်းအဝေးများကို မည်သည့်အချိန်အခါတွင်မဆိုကျင်းပနိုင်သည်။

၈။ ။အစည်းအဝေးသို့အဖွဲ့ဝင်လူကြီး ၇ဦးဦးတက်ရောက်လျှင် အစည်းအဝေး အထမြောက်ရမည်။

အစည်းအဝေး အထမြောက်ရေးအတွက်လိုအပ်သောအဖွဲ့ဝင်လူကြီးဦးရေ။

အစည်းအဝေး သဘာပတိ။

၉။ ။ဥက္ကဋ္ဌသည် မြန်မာနိုင်ငံ သုတေသန အဖွဲ့၏ အစည်းအဝေး တိုင်း၌ သဘာပတိအဖြစ် ဆောင်ရွက်ရမည်။ အစည်းအဝေးသို့ ဥက္ကဋ္ဌ မတက်ရောက်နိုင်သည့်အခါ၊ ဒုတိယ ဥက္ကဋ္ဌသည်၊ သဘာပတိအဖြစ် ဆောင်ရွက်ရမည်။ ဥက္ကဋ္ဌနှင့်ဒုတိယ ဥက္ကဋ္ဌ နှစ်ဦးလုံးမတက်ရောက်လျှင်၊ အစည်းအဝေးတက်ရောက်သော အဖွဲဝင်လူကြီးများအနက်အဖွဲဝင်လူကြီးတဦးကို အစည်းအဝေး၏ သဘာပတိအဖြစ် ဆောင်ရွက်ရန် တင်မြှောက်ရမည်။

ခရီး စရိတ်နှင့် အခြား စရိတ်များ။

၁၀။ ။ပုဒ်မ ၁၃ အရ ဆွေးနွေးတိုင်ပင်ရန် ဘိတ်ခေါ်သော လူကြီးများနှင့် အစိုးရအရာရှိ မဟုတ်သော အဖွဲဝင် လူကြီးများအား၊ အစည်း အဝေးများသို့ တက်ရောက်ရသည့် အပွဲက်သော်၎င်း၊ ဤအက်ဥပဒေပါ ကိစ္စများအလို့ငှါ မြန်မာနိုင်ငံ သုတေသနအဖွဲက ထိုလူကြီးတို့အား လွှဲအပ်ထားသည့် တာဝန် ဝတ်တရားကို ဆောင်ရွက်ရသည့် အတွက်သော်၎င်း၊ ပြဋ္ဌာန်းထားသည့် ခရီးစရိတ်များနှင့် အခြား စရိတ်များကို ပြဋ္ဌာန်းထားသည့် နှုန်းများဖြင့် ပြဋ္ဌာန်းထားသည့် စည်းကမ်းချက်များနှင့် အညီပေးရမည်။

အဖွဲဝင် လူကြီး တို့၏ အကျိုး ခံစားခွင့်ကို ထုတ်ဖေါ်ပြောဆိုခြင်း။

၁၁။ ။(၁) ဥက္ကဋ္ဌကဖြစ်စေ၊ အဖွဲဝင် အခြားလူကြီး တဦးတယောက်က ဖြစ်စေ၊ ငွေရေးကြေးရေးနှင့် စပ်လျဉ်း၍ အကျိုးခံစားခွင့် ရှိသည့်ကိစ္စကို မြန်မာနိုင်ငံ သုတေသနအဖွဲ၏ အစည်းအဝေးတွင် စဉ်းစားနေလျှင်၊ ဥက္ကဋ္ဌသည် သော်၎င်း၊ ထို အဖွဲဝင်လူကြီးသည်သော်၎င်း၊ ထိုအစည်းအဝေးသို့ မတက်ရောက်ရ။ ထိုသို့ အကျိုးခံစားခွင့်ရှိသော အဖွဲဝင်လူကြီးသည်၊ အစည်းအဝေးသို့ ရောက်ရှိနေပါမူ၊ ယင်းသို့ အကျိုးသက်ဆိုင်ခွင့်ရှိသည့် အကြောင်းကို မြန်မာနိုင်ငံ သုတေသနအဖွဲအား ပြောကြားရမည်။

(၂) ငွေရေးကြေးရေးနှင့် စပ်လျဉ်း၍ အဖွဲဝင်လူကြီး တဦးတယောက်၌ အကျိုး ခံစားခွင့်ရှိ မရှိဆုံးဖြတ်ရန် ကိစ္စပေါ်ပေါက်သောအခါ၊ သဘာပတိ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်ရမည်။

ကော်မိတီများ ခန့်ရန် အာဏာ။

၁၂။ ။မြန်မာနိုင်ငံသုတေသနအဖွဲသည်၊ မိမိကလွဲအပ်သည့် တာဝန် ဝတ်တရားနှင့် အာဏာများကို ဆောင်ရွက်သုံးစွဲရန် အဖွဲဝင်လူကြီးနှစ်ဦးအောက် မနည်းဖါဝင်သော ကော်မိတီများ ခန့်ထားနိုင်သည်။

ဆွေးနွေးတိုင်ပင်အပ်သူများ ဘိတ်ခေါ်ရန် အာဏာ။

၁၃။ ။မြန်မာနိုင်ငံသုတေသနအဖွဲ၌ခြစ်စေ၊ ထိုအဖွဲက ခန့်ထားသည့် ကော်မိတီ၌ဖြစ်စေ၊ အထူးကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးတိုင်ပင်ရန်အလို့ငှါ၊ ထိုကိစ္စတွင် အကြံဉာဏ်ပေးနိုင်သော အထူးအရည်အချင်း ရှိသူကိုသော်၎င်း၊ ဆိုင်ရာနယ်မြေ၏ အခြေအနေများကို ကောင်းစွာ သိကျွမ်းနားလည်သူကို သော်၎င်း၊ ဘိတ်ခေါ်ရန် အာဏာရှိရမည်။ ထိုသူတို့အား ပြဋ္ဌာန်းထားသည့် အခကြေးငွေကို၊ သို့တည်းမဟုတ် ဉာဏ်ပူဇော်ခကို ပေးနိုင်သည်။ ဤပုဒ်မအရ ဘိတ်ခေါ်ထားသူ၌ မဲဆန္ဒပေးနိုင်ခွင့် မရှိစေရ။

၁၄။ ။အောက်ပါကိစ္စများနှင့် စပ်လျဉ်း၍မြန်မာနိုင်ငံ သုတေသနအဖွဲ့သည်၊ နိုင်ငံတော်သမတ၏ ကြိုးကြပ် အုပ်ချုပ်ခြင်းကို လိုက်နာလျက် ဤအက်ဥပဒေနှင့် မဆန့်ကျင်သော စည်းကမ်းဥပဒေများပြုနိုင်သည်။

ည်းကမ်း ဥပဒေများ ပြု လုပ်ရန်အဖွဲ့၏အာဏာ။

(၁) အစည်းအဝေးများကျင်းပမည့်အချိန်နှင့် နေရာဌာန။
(၂) အစည်းအဝေးများ ကျင်းပမည်ကို ကြိုတင်အကြောင်းကြားသည့် နည်းလမ်း။
(၃) အစည်းအဝေးများတွင် အလုပ်ကိစ္စများဆောင်ရွက်ခြင်း။
(၄) အဖွဲဝင်လူကြီးများ အချင်းချင်းတာဝန်ဝတ်တရားခွဲဝေခြင်း။
(၅) ပုဒ်မ ၁၂ အရခန့်နိုင်သည့် ကော်မိတီများခန့်ထားခြင်း၊ ကော်မိတီများ၏ တာဝန်ဝတ်တရားများ၊ ကော်မိတီများ လိုက်နာဆောင်ရွက်ရန်နည်းလမ်း။
(၆) ဆွေးနွေးတိုင်ပင်ရန် ဘိတ်ခေါ်ထားသူတို့အား ပေးရမည့် ခရီးစရိတ်များနှင့် အခြားစရိတ်များ၊ ထို့ပြင်
(၇) သာမန်အားဖြင့် ဤအက်ဥပဒေပါ ကိစ္စအားလုံးကိုဖြစ်စေ၊ တခုခုကိုဖြစ်စေ ဆောင်ရွက်ခြင်း။

၁၅။ ။နိုင်ငံတော်သမတက ညွှန်ကြားသည့်အခါ၊ အတွင်းရေးမှူးသည် နိုင်ငံတော်သမတထံသို့ စာချုပ်စာတမ်းများနှင့် မြန်မာနိုင်ငံသုတေသနအဖွဲ့၏ အလုပ်နှင့်စပ်လျဉ်းသည့် အစီရင်ခံစာများကို ရေးသားတင်ပြရမည်။

စာချုပ်စာတမ်းများနှင့် ည် ညွှန်းချက် များ နိုင်ငံ းတော်သမတထံတင်ပြခြင်း။

၁၆။ ။မြန်မာနိုင်ငံ သုတေသနအဖွဲသည်၊ဤအက်ဥပဒေအရ ပေးအပ်ထားသော တာဝန်ဝတ်တရားများကို ကောင်းမွန်စွာ ဆောင်ရွက်ခြင်း မရှိဟုနိုင်ငံတော် သမတကထင်မြင်လျှင်၊ နိုင်ငံတော်သမတသည်၊ မြန်မာနိုင်ငံသုတေသနအဖွဲ့က တင်ပြသည့်ရှင်းလင်းချေချက်ကို စဉ်းစားဆင်ခြင်ပြီးနောက် မြန်မာနိုင်ငံသုတေသနအဖွဲ့ကို ဖျက်သိမ်းရမည်ဟု စာဖြင့်ရေးသား၍ အမိန့်ချမှတ်နိုင်သည်။ ထိုအမိန့်စာတွင် ယင်းသို့ဖျက်သိမ်းရသည့်အကြောင်းများကို ဖေါ်ပြရမည်။ ထိုနောက် နိုင်ငံတော်သမတသည်၊ ပုဒ်မ ၃ အရ မြန်မာနိုင်ငံသုတေသနအဖွဲသစ်တခုကို ဖွဲ့စည်းရမည်။

အဖွဲ့ဖျက်သိမ်းပြီး အဖွဲ့သစ် ဖွဲ့စည်းခြင်း။

## အခန်း ၃။

### အဖွဲ့၏ရာထူးမှထမ်းများ။

၁၇။ ။သုတေသနလုပ်ငန်းအဖွဲ့၏ အုပ်ချုပ်ရေးမှူးသည်၊ မြန်မာနိုင်ငံသုတေသနအဖွဲ့၏အမှုဆောင်အရာရှိချုပ်ဖြစ်ရမည့်ပြင်၊ မိမိအားလွှဲအပ်သည့် မြန်မာနိုင်ငံသုတေသနအဖွဲ့၏ အာဏာများနှင့် တာဝန်ဝတ်တရားများကို မြန်မာနိုင်ငံ သုတေသနအဖွဲ့၏ ကြီးကြပ်အုပ်ချုပ်ခြင်းကို လိုက်နာ၍သုံးစွဲဆောင်ရွက်ရမည်။

အမှုဆောင် အရာရှိချုပ်။

၁၈။ ။မြန်မာနိုင်ငံသုတေသနအဖွဲ့သည်၊ အချိန်ပြည့် ဆောင်ရွက်ရသည့် အတွင်းရေးမှူးတဦးကို ခန့်ထားရမည်။ အတွင်းရေးမှူးသည်၊ မိမိအား လွှဲအပ်သည့် မြန်မာနိုင်ငံ သုတေသနအဖွဲ့၏ အာဏာများနှင့် တာဝန် ဝတ်တရားများကို မြန်မာနိုင်ငံသုတေသနအဖွဲ့၏ကြီးကြပ် အုပ်ချုပ်ခြင်းကိုလိုက်နာ၍ သုံးစွဲဆောင်ရွက်ရမည်။ အတွင်းရေးမှူးသည်၊ မြန်မာနိုင်ငံ သုတေသနအဖွဲ့၏အစည်းအဝေးအားလုံးသို့တက်ရောက်ရမည်။ သို့ရာတွင်အတွင်းရေးမှူး၌ မဲပေးနိုင်ခွင့်မရှိစေရ။

အဖွဲ့၏အတွင်းရေးမှူး။

၁၉။ ။ဤအက်ဥပဒေစတင် အာဏာတည် သည့်နေ့တွင် ပြည်ထောင်စု စက်မှုလက်မှု သုတေသန လုပ်ငန်းအဖွဲ့ (The State Industrial Research Institute, Burma) ၌ အမှုထမ်း ရှိကနေသော ရာထမ်းမှုထမ်းများသည်၊ သုတေသနလုပ်ငန်း အဖွဲ့သို့ ရွှေ့ပြောင်းခန့်ထား ခံရသူများဟူ၍ ၎င်း၊ အဖွဲ့၏ ရာထမ်းမှုထမ်းများဖြစ်သည်ဟူ၍ ၎င်း၊ မှတ်ယူရမည်။

ပြည်ထောင်စု စက်မှုလက်မှု သုတေသန လုပ်ငန်းဌာန အမှုထမ်းအရာထမ်းများ အဖွဲ့သို့ ပြောင်းရွှေ့ခြင်း။

၂၀။ ။(၁) ဤအက်ဥပဒေပါ ကိစ္စအလို့ငှါ၊ ထားရန် လိုအပ်သည်ဟု၊ သို့တည်းမဟုတ် သင့်တော်သည်ဟု၊ မြန်မာနိုင်ငံသုတေသန အဖွဲ့က ထင်မြင်သော ရာထမ်းမှုထမ်းစာရင်းများကို အခါ အားလျော်စွာ မြန်မာနိုင်ငံသုတေသနအဖွဲ့က စီစဉ်ရေးသား၍အစည်းအဝေးတွင် တင်သွင်းအတည်ပြုရမည်။ သို့ရာတွင် လက်မှုပညာသည်များ၊ ကုလိများနှင့် ကူလီခေါင်းများသည်၊ ဤအခန်းတွင် ဖေါ်ပြထားသော အဖွဲ့၏ရာထမ်းမှုထမ်းများ ဖြစ်သည်ဟူ၍ မမှတ်ယူရ။

(၂) အဖွဲ့၏ ရာထမ်းမှုထမ်းအသီးသီးအတွက် အစည်းအဝေးဖြင့် မြန်မာနိုင်ငံသုတေသနအဖွဲ့က ခွင့်ပြုသည့်လစာများ၊ အခကြေးငွေများနှင့် စရိတ်များ၏အရေအတွက်နှင့်အမျိုးအစားကိုထိုစာရင်းများတွင်ဖေါ်ပြရမည်။

(၃) မြန်မာနိုင်ငံ သုတေသနအဖွဲ့က နောက်ဆုံးအတည်ပြုထားသည့် စာရင်းအားလုံး၏မိတ္တူတစောင်ကို ပုဒ်မ ၃၂ အရပြုလုပ်ထားသည့် နှစ်စဉ် ရ-သုံးမှန်းခြေငွေစာရင်းနှင့် ပူးတွဲ၍နိုင်ငံတော်သမတထံ သဘောတူညီချက်ရရှိရန်တင်ပြရမည်။

ရာထမ်း မှုထမ်း များဆိုင် ရာစာရင်းများ။

၂၁။ ။အဖွဲ့၏ရာထမ်းမှုထင်းများ၏ အမှုထမ်းစည်းကမ်းသည်၊ အဖွဲ့က နိုင်ငံတော်သမတ၏ သဘောတူညီချက်ကို ကြိုတင်ရယူ၍၊ စည်းကမ်းဥပဒေများဖြင့် ပြဋ္ဌာန်းသည့်အကိုင်းဖြစ်ရမည်။

စည်းကမ်းဥပဒေ ပြုအာဏာ။

၂၂။ ။(၁) ပုဒ်မ ၂၁ အရပြုသည့် စည်းကမ်းဥပဒေများနှင့် မဆန့်ကျင်စေဘဲ၊ အဖွဲ့၏ရာထမ်းမှုထမ်းများကို ခန့်ထားနိုင်သည့်အာဏာ၊ ရာထူးတိုးမြှင့်ပေးနိုင်သည့် အာဏာနှင့်ရာထူးမှထုတ်ပယ်နိုင်သည့်အာဏာကို—

(က) တလလျှင်လစာငွေ သုံးရာငါးဆယ်ကျပ်ထက်ပိုရ၍ မရသောအဖွဲ့၏ ရာထမ်းမှုထမ်းဖြစ်လျှင်၊ ဥက္ကဋ္ဌကသော်၎င်း၊ ဒုစည်းအဝေး၌ မြန်မာနိုင်ငံသုတေသနအဖွဲ့ကပြုသည့်စည်းကမ်းဥပဒေအရ၊ ဤကိစ္စအလို့ငှါ၊

ရာထမ်းမှုထမ်းများ ခန့်ထားခြင်းစသည်များ။

ထိုစည်းကမ်းဥပဒေကို မကျော်လွန်ဘဲ သုံးစွဲရန်အခွင့်အာဏာအထူး အပ်နှင်းထားသည့်အရာရှိက သော်၎င်း၊ သုံးစွဲနိုင်သည်။

(ခ) အဖွဲ့၏အခြားရာထမ်းမှုထမ်းများဖြစ်လျှင်၊ မြန်မာနိုင်ငံသုတေသနအဖွဲ့ကအစည်းအဝေး၌ ဆုံးဖြတ်သုံးစွဲနိုင်သည်။

(၂) ပုဒ်မ ၂၁ အရပြုသည့်စည်းကမ်းဥပဒေများနှင့် မဆန့်ကျင်စေဘဲ၊အဖွဲ့၏ ရာထမ်းမှုထမ်းများကိုရာထူးမှချထားနိုင်သည့်အာဏာကို၊ သို့တည်းမဟုတ်ရာထူးမှထုတ်ပယ်နိုင်သည့်အာဏာကို၊ သို့တည်းမဟုတ်ခွင့်ရက်ပေးနိုင်သည့်အာဏာကို—

(က) တလလျှင်လစာငွေ သုံးရာ၀ါးဆယ်ကျပ်ထက် ပို၍မရသောအဖွဲ့၏ ရာထမ်းမှုထမ်းဖြစ်လျှင်၊ ဥက္ကဋ္ဌကသော်၎င်း၊ အစည်းအဝေး၌မြန်မာနိုင်ငံသုတေသနအဖွဲ့က ပြုသည့်စည်းကမ်းဥပဒေအရ ဤကိစ္စအလို့၄၊ ထိုစည်းကမ်းဥပဒေကို မကျော်လွန်ဘဲ သုံးစွဲရန်အခွင့်အာဏာအထူးအပ်နှင်းထားသည့်အရာရှိကသော်၎င်း၊ သုံးစွဲနိုင်သည်။

(ခ) အဖွဲ့၏အခြားရာထမ်းမှုထမ်းများဖြစ်လျှင်၊ မြန်မာနိုင်ငံသုတေသနအဖွဲ့ကအစည်းအဝေး၌ဆုံးဖြတ်သုံးစွဲနိုင်သည်။

ယာယီအမှုထမ်းအဖွဲ့။

၂၃။ ။တကြိမ်လျှင်သုံးလထက်မပိုသော ကာလအပိုင်းအခြားအတွက်လိုအပ်သည့်အဖွဲ့၏ ရာထမ်းမှုထမ်းများကို၊ ဥက္ကဋ္ဌကခေတ္တခန့်ထားနိုင်သည်၊ သို့ရာတွင်ထိုသို့ခန့်ထားခြင်းကို နောက်ကျင်းပမည့် အစည်းအဝေးတွင် မြန်မာနိုင်ငံသုတေသနအဖွဲ့က အတည်ပြုနိုင်သည်၊ သို့တည်းမဟုတ် ပယ်ဖျက်နိုင်သည်။

## အခန်း ၄။

### မြန်မာနိုင်ငံသုတေသနအဖွဲ့၏ တာ၀န်၀တ်တရားများနှင့်အာဏာများ။

အဖွဲ့၏တာ၀န်၀တ်တရားများ။

၂၄။ ။မြန်မာနိုင်ငံသုတေသနအဖွဲ့သည်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက ဆုံးဖြတ်သော စမ်းသပ်လေ့လာမှုနှင့် ရှာဖွေစုံစမ်းမှုအကောင်အထည်ဖော်ရာတွင် အစိုးရနှင့်တကွပြည်ထောင်စုနိုင်ငံသားတို့အတွက် ကျယ်၀န်းသော လက်တွေ့သုတေသနနှင့် စက်မှုလက်မှုလုပ်ငန်းများနှင့် စပ်လျဉ်းသည့်စမ်းသပ်မှုများတွင် သုတေသနလုပ်ငန်းအဖွဲ့တွင်သော်၎င်း၊ အခါအားလျော်စွာ မြန်မာနိုင်ငံသုတေသနအဖွဲ့က လိုအပ်သည်ထင်မြင်သော သုတေသနလုပ်ငန်းအဖွဲ့နှင့် ဆက်သွယ်သည့်အခြား သုတေသနရှာဖွေစုံစမ်းရေးအဖွဲ့အစည်းများတွင်သော်၎င်း ကြိုးကြပ်အုပ်ချုပ်လုပ်ကိုင်နိုင်ရန် အာဏာပိုင်ဖြစ်စေရမည်။ ဤကိစ္စများအတွက်မြန်မာနိုင်ငံသုတေသနအဖွဲ့က အောက်ပါဖော်ပြပါကိစ္စအရပ်ရပ်များဆောင်ရွက်ရန်အတွက်အာဏာရှိစေရမည်။

(၁) မြန်မာနိုင်ငံတွင် လောကဓါတ်ပညာနှင့် အင်ဂျင်နီယာပညာရပ်များကိုလက်တွေ့သုတေသန စုံစမ်းရေးတွင် ထောက်ပံ့၍ပြုစုစောင့်ရှောက်ညှိနှိုင်းရန်။

(၂) ပုဒ်မ ၃၅ အရဖွဲ့စည်းထားသော ကောင်စီ၏ လုပ်ငန်းဆောင်တာများအတွက် ထောက်ပံ့ရန်။

(၃) ပုဒ်မ ၃၈ အရဖွဲ့စည်းထားသောကော်မိတီတွင်အစိုးရအရာရှိများထဲမှ အဖွဲ့ဝင်များခန့်ထားရန်။

(၄) သုတေသနလုပ်ငန်းအဖွဲ့တိုးတက်ရေးအတွက် ကျယ်ပြန့်သောအခြေခံဝါဒကိုအတည်ပြုရန်။

(၅) သုတေသနလုပ်ငန်းအဖွဲ့အတွက် ကျယ်ပြန့်သောရှာဖွေရေး စီမံကိန်းကိုအတည်ပြုရန်။

(၆) သုတေသနလုပ်ငန်းအဖွဲ့ကို အစိုးရဌာနများ၊ အစိုးရမဟုတ်သောကိုယ်ပိုင်အဖွဲ့အစည်းများနှင့်အများပြည်သူတို့အသုံးပြုခြင်းကိုအားပေးရန်။

(၇) မြန်မာနိုင်ငံ၏ လုံခြုံမှု၊ကောင်းစားမှု၊ကျန်းမာမှုတိုးတက်ရန်နှင့်လက်ရှိစက်မှုလက်မှုလုပ်ငန်းများနှင့် စက်မှုလက်မှုလုပ်ငန်းသစ်များ ကြီးပွါးတိုးတက်ရေးအတွက် သုတေသနလုပ်ငန်းအဖွဲ့မှရှာဖွေရရှိသောနည်းနာနိသျများအသုံးပြုခြင်းကို အားပေးရန်။

(၈) သုတေသနလုပ်ငန်းအဖွဲ့အတွက်အုပ်ချုပ်ရေးမှူးခန့်ထားရန်။

(၉) သုတေသနလုပ်ငန်းအဖွဲ့တွင် ထိရောက်စွာ မဆောင်ရွက်နိုင်သည့် အရေးကြီးသော စုံစမ်းရှာဖွေမှုများကို မြန်မာနိုင်ငံအတွင်းရှိအခြားသုတေသနအဖွဲ့အစည်းများနှင့် ဆက်သွယ်၍ ဆောင်ရွက်ရန်။

(၁၀) သုတေသန လုပ်ငန်းအဖွဲ့တွင်၎င်း၊ မြန်မာနိုင်ငံအတွင်းရှိ အခြားသုတေသနအဖွဲ့အစည်းများတွင်၎င်း၊ ထိရောက်စွာစုံစမ်းရှာဖွေမှုမပြုလုပ်နိုင်သည့် အရေးကြီးသောသုတေသနလုပ်ငန်းရပ်များကိုနိုင်ငံခြားသုတေသနလုပ်ငန်းအဖွဲ့အစည်းများနှင့်ဆက်သွယ်၍ဆောင်ရွက်ရန်။

(၁၁) သုတေသန လုပ်ငန်းအဖွဲ့တွင် အမှုထမ်းနေကြသော ပုဂ္ဂိုလ်များ၏ ကျွမ်းကျင်မှုတိုးတက်စေရန်နှင့် အခြားသင့်တော်သောပုဂ္ဂိုလ်များကိုသုတေသန လုပ်ငန်းအဖွဲ့တွင် နောင်အခါအသုံးပြုနိုင်ရန် အတွက် သင်တန်းများပေးရန်။

(၁၂) မြန်မာနိုင်ငံအတွင်းရှိ ရန်ကုန်တက္ကသိုလ် သုတေသနလုပ်ငန်း အဖွဲ့အစည်းများအပါအဝင်အခြားသုတေသနလုပ်ငန်းအဖွဲ့ အစည်းများနှင့် တိုင်ပင်ဆွေးနွေး၍ သုတေသန လုပ်ငန်းရပ်များကို မြန်မာနိုင်ငံ၏အကျိုး အများဆုံး ဖြစ်ထွန်းစေရန်အတွက် အကောင် အထည်ဖော်ရန်။

(၁၃) ဤအက်ဥပဒေပါ ကိစ္စရပ်များအထမြောက် အောင်မြင်စေရန် လိုအပ်သော၊ သက်ဆိုင်သော၊ သို့တည်းမဟုတ် အကျိုးဖြစ်ထွန်းနိုင်သော ဆောင်ရွက်မှုများပြုရန်။

(၁၄) အထက်ပါ တာဝန်ဝတ်ဟရားများကို ထိရောက်စွာ ဆောင်ရွက်နိုင်စေရန်၎င်း၊အဖွဲ့၏ရာထူး မူထမ်းများအား တာဝန်လွှဲအပ်ရန်၎င်း၊ ဤအက်ဥပဒေပါပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်သည့် စည်းကမ်းဥပဒေများကိုပြုရန်။

၂၅။ ။ပုဒ်မ ၂၄ တွင် ဖေါ်ပြထားသော တာဝန်ဝတ်တရားများ ပြီးမြောက်ရန် အောက်ပါကိစ္စများအတွက် မြန်မာနိုင်ငံ သုတေသနအဖွဲ့၌ လုံဝအာဏာရှိရမည်။

ဖွဲ့၏အာဏာများ။

(၁) နိုင်ငံတော်အစိုးရက မြန်မာနိုင်ငံသုတေသနအဖွဲ့အား သုံးစွဲရန်ပေးထားသောငွေများကို၊ အခန်း ၆ တွင် သတ်မှတ်ထားသည့်နည်းလမ်းများအတိုင်း မြန်မာနိုင်ငံသုတေသနအဖွဲ့၏ လုပ်ဆောင်မှုများမှ ဝင်ငွေရရှိရန် သုံးစွဲခြင်းကိစ္စ။

(၂) ဤအက်ဥပဒေပါကိစ္စများအတွက် ရ-သုံးမှန်းခြေ ငွေကြေးရင်းမြှုပ်လုပ်ရန်နှင့်အတည်ပြုရန်၊အသုံးစရိတ်များကို ခွင့်ပြုရန်၊ ပဋိညာဉ်စာချုပ်များချုပ်ဆိုရန်နှင့်အခြားလိုအပ်သော လုပ်ငန်းဆောင်တာများနှင့် စပ်လျဉ်း၍စည်းကမ်းဥပဒေများပြုရန်။

(၃) ဥက္ကဋ္ဌအား၊ သို့တည်းမဟုတ် ဒုတိယဥက္ကဋ္ဌအား၊ သို့တည်းမဟုတ် အုပ်ချုပ်ရေးမှူးအား တာဝန်ဝတ်တရားများဆောင်ရွက်နိုင်စေခြင်းငှါ၊မြန်မာနိုင်ငံသုတေသနအဖွဲ့က စည်းဝေးဆုံးဖြတ်၍ အာဏာလွှဲအပ်ရန်၊ သို့ရာတွင်လွှဲအပ်ထားသည့် အာဏာအရ၊ ဥက္ကဋ္ဌ၏၊ သို့တည်းမဟုတ် ဒုတိယဥက္ကဋ္ဌ၏၊ သို့တည်းမဟုတ် အုပ်ချုပ်ရေးမှူး၏ ဆောင်ရွက်ချက်များကို နောက်တကြိမ်ကျင်းပမည့် အစည်းအဝေးတွင်အတည်ပြုရန်အစီရင်ခံရမည်။

## အခန်း ၅။

### မြန်မာနိုင်ငံ သုတေသနအဖွဲ့အတွက်မြေသိမ်းယူခြင်း။

၂၆။ ။ဤအက်ဥပဒေပါကိစ္စများအတွက် မည်သည့်မြေကိုမဆိုအလိုရှိ၍ မြန်မာနိုင်ငံသုတေသနအဖွဲ့က လျောက်တောင်းသောအခါ၊ နိုင်ငံတော်သမတ သည်၊ မြေသိမ်းအက်ဥပဒေပါ ပြဋ္ဌာန်းချက်များအရ၊မြေကိုသိမ်းယူရန်ဆောင်ရွက်နိုင်သည်။ထို့ပြင်ထိုအက်ဥပဒေအရ ဆုံးဖြတ်သည့် လျော်ကြေးကို မြန်မာနိုင်ငံသုတေသနအဖွဲ့ကပေးသောအခါ မြေကိုမြန်မာနိုင်ငံသုတေသနအဖွဲ့က ပိုင်ရမည်။

မြေများသိမ်းယူခြင်း။

## အခန်း ၆။

### ငွေရေးကြေးရေးနှင့်ငွေစာရင်းများ။

၂၇။ ။မြန်မာနိုင်ငံ သုတေသနအဖွဲ့သည် "မြန်မာနိုင်ငံ သုတေသနအဖွဲ့ရံပုံငွေ"ဟု ခေါ်သည့်ရံပုံငွေတခုကို ထားရှိ၍၊ အောက်ပါငွေများကို ထိုရံပုံငွေ၌ ထည့်သွင်းရမည်။

ရံပုံငွေ။

(က) ဤအက်ဥပဒေအရ မြန်မာနိုင်ငံသုတေသနအဖွဲ့ကရရှိသောငွေ။

(ခ) မြန်မာနိုင်ငံသုတေသနအဖွဲ့က မိမိ၏အာဏာများနှင့် တာဝန်ဝတ်တရားများကို သုံးစွဲဆောင်ရွက်နိုင်ရန် နိုင်ငံတော်အစိုးရထံမှ ရရှိသောငွေ။

"ကြေငြာစာတမ်းတွင် ပါရှိသော ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီစေရန် ပြုပြင်ရမည့် အချက်များ ရှိပါက ပြုပြင်ရန် ဥပဒေပြုရေးရာ ကော်မတီသို့ ပြန်ပို့ဆောင်ရွက်ရန် ဥက္ကဋ္ဌ ကြေငြာခြင်း ခံရသည်။

(ဂ) ။ ၂၆

## ပုဒ်မ ၂၇

"(၁) ဤဥပဒေပြဋ္ဌာန်းသည့်အတိုင်း ဥက္ကဋ္ဌ ကြေငြာပြီးနောက် ဥပဒေပြုရေးရာ ကော်မတီသည် ဤဥပဒေ၏ ပြဋ္ဌာန်းချက်များကို ထိခိုက်စေသည့် ပြင်ဆင်ချက်များ ပြုလုပ်ခြင်း မပြုရ။

(၂) ဤဥပဒေပြဋ္ဌာန်းသည့်အတိုင်း ဥက္ကဋ္ဌ ကြေငြာပြီးနောက် ဥပဒေပြုရေးရာ ကော်မတီသည် ဤဥပဒေ၏ ပြဋ္ဌာန်းချက်များကို ထိခိုက်စေသည့် ပြင်ဆင်ချက်များ ပြုလုပ်ခြင်း မပြုရ။

(ဃ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များ

"ဤဥပဒေ ပြဋ္ဌာန်းသည့်အတိုင်း ဥက္ကဋ္ဌ ကြေငြာပြီးနောက် ဥပဒေပြုရေးရာ ကော်မတီသည် ဤဥပဒေ၏ ပြဋ္ဌာန်းချက်များကို ထိခိုက်စေသည့် ပြင်ဆင်ချက်များ ပြုလုပ်ခြင်း မပြုရ။

(ဂ) ။ ၂၆

ဥပဒေပြုရေးရာ ကော်မတီသည် ဤဥပဒေ၏ ပြဋ္ဌာန်းချက်များကို ထိခိုက်စေသည့် ပြင်ဆင်ချက်များ ပြုလုပ်ခြင်း မပြုရ။

(ဃ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များ

"ဤဥပဒေ ပြဋ္ဌာန်းသည့်အတိုင်း ဥက္ကဋ္ဌ ကြေငြာပြီးနောက် ဥပဒေပြုရေးရာ ကော်မတီသည် ဤဥပဒေ၏ ပြဋ္ဌာန်းချက်များကို ထိခိုက်စေသည့် ပြင်ဆင်ချက်များ ပြုလုပ်ခြင်း မပြုရ။

(ဂ) ။ ၂၆

(၂) ပုဒ်မခွဲ (၁) အရ ခွင့်ပြုသည့် ရာ-သုံးမှန်းခြေငွေစာရင်းပါ ငွေထက်ပိုရှိမည် သည့်အသုံးစရိတ်ကိုမျှ မြန်မာနိုင်ငံ သုတေသနအဖွဲ့က ကုန်ကျမခံရ။

ငွေစာရင်း စသည်များ ထားရှိခြင်း။

၃၃။ ။(၁) မြန်မာနိုင်ငံသုတေသနအဖွဲ့သည်၊ ငွေစာရင်းများကိုငင်း၊ ထိုငွေ စာရင်းများနှင့်သက်ဆိုင်သည့် အခြားမှတ်တမ်းများကိုငင်း၊ ထားရှိရမည့်ပြင်၊ မြန်မာနိုင်ငံသုတေသနအဖွဲ့၏ အလုပ်လုပ် သည့်နှစ်အသီးသီးနှင့်စပ်လျဉ်း၍နှစ်ချုပ် ငွေစာရင်းကိုလည်း၊ နိုင်ငံတော်သမတ ၏သဘောတူညီချက်ဖြင့်နိုင်ငံတော် စာရင်းစစ်ချုပ်က သတ်မှတ်သည့် ပုံစံအတိုင်းထားရှိရမည်။

(၂) မြန်မာနိုင်ငံသုတေသန အဖွဲ့၏ငွေစာရင်းများကို နိုင်ငံတော်စာရင်းစစ်ချုပ် ကနှစ်စဉ်စစ်ဆေး၍၊ နိုင်ငံတော်သမတ ထံအစီရင်ခံစာတင်သွင်းရမည်။ ထိုးအစီရင်ခံစာ ကို နိုင်ငံတော်သမတ က ပါလီမန်သို့တင်ပြရမည်။

သီးသန့်ရံပုံငွေ ထားရှိခြင်း။

၃၄။ ။မြန်မာနိုင်ငံ သုတေသနအဖွဲ့သည်၊ တန်ဘိုးယုတ်လျော့ခြင်း အတွက်နှင့် သီးသန့်ရံပုံငွေမှစ၍အခြားရံပုံငွေအတွက် နိုင်ငံတော်သမတ က နိုင်ငံကော်စာရင်းစစ်ချုပ်နှင့်ညှိနှိုင်းတိုင်ပင်၍ သတ်မှတ် သည့်နှုန်းများနှင့်စည်းကမ်းချက်များအတိုင်းရံပုံငွေစီမံရာထားရမည်။

## အခန်း ဂ။

### မြန်မာနိုင်ငံသုတေသနကောင်စီ။

ကောင်စီဖွဲ့စည်းခြင်း။

၃၅။ ။(၁) လောကဓါတ်လုပ်ငန်းများ၊ အင်ဂျင်နီယာလုပ်ငန်းများနှင့်စပ်လျဉ်း၍နိုင်ငံတော်အစိုးရအား အကြံဉာဏ်များပေးရန် မြန်မာနိုင်ငံ သုတေသနကောင်စီထားရှိရန် မြန်မာနိုင်ငံသုတေသနအဖွဲ့က ငွေရေးကြေးရေးဖြင့်သော်၎င်း၊ အခြားနည်းအားဖြင့်သော်၎င်း၊ အထောက်အပံ့ပေးရမည်။ သို့ရာတွင်တိုကောင်စီသည်၊ လောကဓါတ်ပညာတတ်ကျွမ်းသူများနှင့် အင်ဂျင်နီယာ ပညာတတ်ကျွမ်းသူများကိုဖွဲ့စည်းထားသောကောင်စီဖြစ်ရမည်။

(၂) ပုဒ်မခွဲ (၁) အရ တာဝန်ဝတ်တရားများကို ဆောင်ရွက်နိုင်ရန် ဤအက် ဥပဒေစတင်အာဏာတည်ပြီးနောက် မြန်မာနိုင်ငံသုတေသနအဖွဲ့၏ ပဉ္စမအစည်းအဝေး တွင်ကောင်စီစည်းရုံးရေးအတွက် စည်းရုံးရေးကော်မိတီတခုကို ခန့်ထားရမည်။

(၃) ထိုစည်းရုံးရေးကော်မိတီတွင်၊ အစိုးရဌာန၊ ရန်ကုန်တက္ကသိုလ်နှင့် အစိုးရ မဟုတ်သော ကိုယ်ပိုင်အဖွဲ့အစည်းများမှလောကဓါတ်ပညာ အထူးတတ်ကျွမ်းသူနှင့် အင်ဂျင်နီယာပညာအထူးတတ်ကျွမ်းသူ ကိုးဦးပါဝင်ရမည်။ စည်းရုံးရေးကော်မိတီလူကြီး ကိုးဦးအနက် လူကြီးများများသည် ရန်ကုန်တက္ကသိုလ်နှင့်အစိုးရမဟုတ်သောကိုယ်ပိုင်အဖွဲ့ အစည်းများမှဖြစ်ရမည်။ စည်းရုံးရေးကော်မိတီလူကြီးများသည်၊ မိမိတို့သဘောတူညီ ပါက၊ ကောင်စီတွင်အထူးခွင့်ပြုသည့်ကောင်စီလူကြီး (Charter Members of the Council) များအဖြစ်ဆောင်ရွက်ရမည်။

၃၆။ ။ပုဒ်မ ၃၅ အရ စည်းရုံးရေးကော်မိတီကို ခန့်ထားသောအခါ မြန်မာနိုင်ငံသုတေသနအဖွဲ့သည် စည်းရုံးရေးကော်မိတီအား အောက်ပါတာဝန်ဝတ်တရားများကိုဆောင်ရွက်ရန်သော်၎င်း၊ ဆောင်ရွက်ရန်အတွက် စီမံကိန်းပြုလုပ်ရန်သော်၎င်း၊ ညွှန်ကြားရမည်။

စည်းရုံးရေး ကော်မိတီအား ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း။

(၁) အခြားတိုင်းပြည်များရှိအလားတူအဖွဲ့အစည်းများ လုပ်ကိုင်သောနည်းနာနိုသူများကိုလေ့လာဆည်းပူးရန်။

(၂) ထိရောက်စွာဆောင်ရွက်နိုင်သည့်ကောင်စီအတွက်စည်းရုံးရေးစီမံကိန်းကိုရေးဆွဲရန်။

(၃) ကောင်စီလူကြိုးများ ရွေးချယ်ခြင်းနှင့် ခန့်ထားခြင်းများ အပါအဝင် ကောင်စီကိုထိရောက်စွာဖွဲ့စည်းရန်နှင့် ကောင်စီအတွက်စည်းကမ်းဥပဒေများရေးဆွဲရန်။

(၄) စည်းရုံးရေးကော်မိတီကို တည်ထွင်ဖန်တည်းပြီးနောက်သုံးလအတွင်း မြန်မာနိုင်ငံသုတေသနအဖွဲ့အားထိရောက်စွာ အကြံဉာဏ်ပေးနိုင်စေခြင်းငှါ မိမိ၏လူကြိုးဦးရေတိုးမြှင့်ထားရှိရန်။

(၅) ကောင်စီ၏စည်းရုံးရေးနှင့် အလုပ်လုပ်ရေးအတွက် ကုန်ကျစရိတ်များနှင့်စပ်လျဉ်း၍ ရ-သုံးမှန်းခြေငွေစာရင်း ပြုလုပ်ပြီးလျှင် မြန်မာနိုင်ငံသုတေသနအဖွဲ့သို့တင်ပြရန်။

(၆) ကောင်စီစည်းရုံးရေးအတွက် လိုအပ်သော အခြားလုပ်ငန်းများစီမံဆောင်ရွက်ရန်။

(၇) ကောင်စီစည်းရုံးရေးအတွက် စီမံကိန်းများအကောင်အထည်ဖော်ရန်။

၃၇။ ။စည်းရုံးရေးကော်မိတီက ကောင်စီကို တည်ထွင်ဖန်တည်းပြီးနောက် မြန်မာနိုင်ငံ သုတေသနအဖွဲ့သည် အောက်ပါကိစ္စရပ်များဆောင်ရွက်ရန်ဖြစ်မြောက်နိုင်မည့် လုပ်ငန်းများကိုစဉ်းစားရန် ကောင်စီအားတောင်းဆိုရမည်။

ကောင်စီ၏ ဖြစ်မြောက်နိုင်သော လုပ်ငန်းများ။

(၁) မြန်မာနိုင်ငံသုတေသနအဖွဲ့အတွက်လောကဓါတ်ပညာ၊ အင်ဂျင်နီယာပညာရပ်များနှင့်စပ်လျဉ်း၍အကြံဉာဏ်ပေးရန်ကိစ္စ။

(၂) ကော်မိတီ (အခန်း ၉) တွင် အစိုးရ ရာထူးမူဝါဒ မဟုတ်သော လောကဓါတ်ပညာတတ်ကျွမ်းသူများနှင့် အင်ဂျင်နီယာပညာတတ်ကျွမ်းသူများအား ကော်မိတီလူကြိုးအဖြစ် ခန့်ထားခြင်းနှင့် ၎င်းတို့အနက်တဦးက ကော်မိတီ၏ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခြင်း။

(၃) အစိုးရက ထောက်ပံ့ထားသည့် လက်တွေ့သုတေသန လုပ်ငန်းများကဲ့သို့အစိုးရသုတေသနလုပ်ငန်းအဖွဲ့များ၏ အုပ်ချုပ်သူများမှ တဆင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း။

(၄) အစည်းအဝေးပွဲများ၊ ညီလာခံများနှင့်ဆွေးနွေးပွဲများ ကျင်းပခြင်းဖြင့်၎င်း၊ လောကဓါတ်ပညာ၊ အင်ဂျင်နီယာ ပညာရပ်များနှင့် စပ်လျဉ်းသည့် စာအုပ်စာတမ်းများထုတ်ဝေခြင်းဖြင့်၎င်း၊ လောကဓါတ်နှင့်အင်ဂျင်နီယာလုပ်ငန်းရပ်များကိုမြှင့်တင်ခြင်း။

(၅) ပြည်ထောင်စုမြန်မာနိုင်ငံအံ့ဘွင်းရှိ လောကဓါတ် ပညာတတ်ကျွမ်းသူများနှင့် အင်ဂျင်နီယာ ပညာတတ်ကျွမ်းသူများ၏ စာရင်းကိုထား ရှိခြင်း။

(၆) လောကဓါတ်နှင့်အင်ဂျင်နီယာလုပ်ငန်းများကို ပညာသည်အလုပ်များ အဖြစ်ဖြင့် တိုးတက်စေမည့် အခြားအစီအစဉ်များကို စဉ်းစားဆင် ခြင်ခြင်း။

(၇) မြန်မာနိုင်ငံတွင်လောကဓါတ်နှင့်အင်ဂျင်နီယာ လုပ်ငန်းများတိုးတက် မှုအတွက်အစီအစဉ်များကို မြန်မာနိုင်ငံသူတေသနအဖွဲ့အား အကြံ ပေးထောက်ခံခြင်း။

(၈) လက်ရှိလောကဓါတ်နှင့် အင်ဂျင်နီယာ လုပ်ငန်းအဖွဲ့အစည်းများကို အားပေး၍ သင့်တော်သောအဖွဲ့အစည်းသစ်များကို လိုအပ်သည့် အခါဖွဲ့စည်းနိုင်ရေးကိုအားပေးခြင်း။

(၉) မြန်မာနိုင်ငံသူတေသနအဖွဲ့သို့တင်ပြရန်နှစ်ချုပ်အစီရင်ခံစာရေးဆွဲခြင်း။

(၁၀) လောကဓါတ်နှင့် အင်ဂျင်နီယာလုပ်ငန်းများဖြင့် တိုင်းပြည်ကောင်းစား ရေး ဖြစ်ထွန်းစေခြင်း။

(၁၁) အခြားတိုင်းပြည်များရှိ သုတေသနလုပ်ငန်းကောင်စီများနှင့် ဆက် သွယ်ထားခြင်း။

(၁၂) ကောင်စီကို မြန်မာနိုင်ငံ လောကဓါတ်နှင့် အင်ဂျင်နီယာလုပ်ငန်း ဆိုင်ရာ ရှေ့ဆောင်အဖွဲ့အဖြစ် ထားရှိခြင်း။

## အခန်း ၉။

### အမှုဆောင်သုတေသနကော်မိတီ။

အမှုဆောင် သုတေသန ကော်မိတီဖွဲ့စည်းခြင်း။

၃၈။ (၁) သုတေသနလုပ်ငန်းအဖွဲ့၏ စီရင်အုပ်ချုပ်မှုနှင့် စပ်လျဉ်းသည့် ပြဿနာရပ်များ၊ မူများနှင့် အကြံပေးထောက်ခံချက်များကို လေ့လာရန်အတွက် အရည်အချင်းနှင့် ပြည့်စုံသောပုဂ္ဂိုလ် များပါဝင်သည့် အဖွဲ့တခုကို ဖွဲ့စည်းရန်နှင့် မြန်မာနိုင်ငံ သုတေသနအဖွဲ့အား အဆိုပါကိစ္စနှင့် စပ်လျဉ်းသည့် သင့်လျော်သောဆောင်ရွက်မှုများကို အကြံပေးထောက်ခံရန်အလို့ငှါ၊ မြန်မာနိုင်ငံသုတေသနအဖွဲ့သည် အမှုဆောင်သုတေသန ကော်မိတီတခုဖွဲ့စည်းရမည်၊

(၂) ကော်မိတီ၌ အောက်ပါပုဂ္ဂိုလ်များပါဝင်ရမည်။

(က) ကောင်စီကခန့်ထားသည့် လူကြီးငါးဦး၊ ၎င်းတို့အနက် တဦးမှာ ကော်မိတီ၏ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမည်။

(ခ) မြန်မာနိုင်ငံသုတေသနအဖွဲ့က ခန့်ထားသည့်လူကြီးလေးဦး၊ ၎င်းတို့ မှာ အစိုးရဌာနဆိုင်းမှုထမ်းဖြစ်ရမည်။ သို့ရာတွင် အဖွဲ့ဝင်လူကြီးများ ဖြစ်ရန်မလို။

ရာထူးသက်တမ်း။

၃၉။ ။ကော်မိတီလူကြီးအားလုံး၏ ရာထူးသက်တမ်းသည် တနှစ်ဖြစ်ရမည်။ မည်သည့်ကော်မိတီလူကြီးမျှ မိမိရာထူးဌာန နှစ်နှစ် တဆက်ထည်း မထမ်းရွက်ရ။

အတွင်းရေးမှူး။

၄၀။ ။အတွင်းရေးမှူးသည်၊ ကော်မိတီ၏အတွင်းရေးမှူးအဖြစ် ဆောင်ရွက်၍ ကော်မိတီအစည်းအဝေးများသို့ တက်ရောက်ရမည်။ သို့ရာတွင် ၎င်းဌာနမဲပေးနိုင်ခွင့်မရှိစေရ။

ကော်မိတီသို့ အုပ်ချုပ်ရေးမှူး တက်ရောက်ခြင်း။

၄၁။ ။သုတေသနလုပ်ငန်းအဖွဲ့ အုပ်ချုပ်ရေးမှူးသည်၊ ကော်မိတီ၏ အစည်းအဝေး အားလုံးသို့တက်ရောက်ရမည်။ သို့တည်းမဟုတ် မိမိကိုယ်စား သုတေသနလုပ်ငန်းအဖွဲ့မှ တာဝန်ခံအရာရှိတဦးအား စေလွှတ်ရမည်။ သို့ရာတွင် အုပ်ချုပ်ရေးမှူးဖြစ်စေ၊ ၎င်းက စေလွှတ်သော တာဝန်ခံအရာရှိဖြစ်စေ၊ မဲပေးနိုင်ခွင့်မရှိစေရ။

ကော်မိတီ၏တာဝန် ဝတ်တရားများ။

၄၂။ ။ကော်မိတီ၏ တာဝန်ဝတ်တရားများတွင် အောက်ပါကိစ္စများ ပါဝင်သည်။

(၁) ကုန်ကျစရိတ်မှန်းခြေငွေစာရင်းများ ပြုလုပ်ခြင်း၊ သုတေသနလုပ်ငန်းအဖွဲ့၏ သုတေသန လုပ်ငန်းအစီအစဉ်များ ပြန်လည်သုံးသပ်ခြင်းနှင့် မြန်မာနိုင်ငံသုတေသနအဖွဲ့အတွက် သင့်လျော်သော အကြံပေးထောက်ခံချက်များ ပြုလုပ်ရန်။

(၂) သုတေသနလုပ်ငန်းအဖွဲ့၏ ရာသုံးမှန်းခြေငွေစာရင်းကို ပြန်လည်သုံးသပ်ခြင်းနှင့် မြန်မာနိုင်ငံသုတေသနအဖွဲ့အတွက် သင့်လျော်သော အကြံပေး ထောက်ခံချက်များပြုလုပ်ရန်။

(၃) သုတေသနလုပ်ငန်းအဖွဲ့၏ ငွေရေးကြေးရေးမှတ်တမ်း အကျဉ်းချုပ်များကိုပြန်လည်သုံးသပ်ခြင်းနှင့် မြန်မာနိုင်ငံ သုတေသနအဖွဲ့အတွက် အကြံပေး တောက်ခံချက်များပြုလုပ်ခြင်း။

(၄) သုတေသနလုပ်ငန်းအဖွဲ့က တင်ပြသည့် သုတေသနလုပ်ငန်း၊ စီရင်အုပ်ချုပ်မှုတို့နှင့် စပ်လျဉ်းသည့်ကျွယ်ပြန်သောမှုများကို ပြန်လည်သုံးသပ်ခြင်းနှင့် မြန်မာနိုင်ငံ သုတေသနအဖွဲ့အတွက် အကြံပေး ထောက်ခံချက်များ ပြုလုပ်ခြင်း။

(၅) သုတေသနလုပ်ငန်းအဖွဲ့က ကာလအပိုင်းအခြားနှင့်တင်ပြသည့် အစီရင်ခံစာများကို ပြန်လည်သုံးသပ်ခြင်းနှင့် မြန်မာနိုင်ငံသုတေသနအဖွဲ့အတွက် အကြံပေးထောက်ခံချက်များ ပြုလုပ်ခြင်း။

(၆) မြန်မာနိုင်ငံသုတေသနအဖွဲ့က လွှဲအပ်သည့် အခြားတာဝန်ဝတ်ဘာရားများကို ဆောင်ရွက်ခြင်း။

(၇) သုတေသန လုပ်ငန်းအဖွဲ့၏ အရပ်ရပ်လုပ်ငန်းများကို ဖြစ်မြောက်အောင်ဆောင်ရွက်ခြင်း။

## အခန်း ၁၀။

### ပြည်ထောင်စုမြန်မာနိုင်ငံ လက်ဝှေ့သုတေသနလုပ်ငန်းအဖွဲ့။

သုတေသနလုပ်ငန်း အဖွဲ့၏ အမှုထမ်းအဖွဲ့။

၄၃။ ။ဤအက်ဥပဒေပါ ကိစ္စရပ်များကို ဆောင်ရွက်ရန်အလို့ငှါ မြန်မာနိုင်ငံသုတေသနအဖွဲ့၏ တိုက်ရိုက် ကြီးကြပ် အုပ်ချုပ်ခြင်းကို လိုက်နာရမည့် ပြည်ထောင်စုမြန်မာနိုင်ငံ လက်ဝှေ့သုတေသနလုပ်ငန်းအဖွဲ့တခုကို တည်ထောင်ရမည်။ သုတေသနလုပ်ငန်းအဖွဲ့၏ လုပ်ငန်းများတွင် အောက်ပါကိစ္စများပါဝင်သည်။

(၁) သင့်လျော်သောကိစ္စများတွင် မြန်မာနိုင်ငံသုတေသနအဖွဲ့က သဘောတူညီသည့် လက်ဝှေ့သုတေသန လုပ်ငန်းစဉ်ကို ရေးဆွဲခြင်း၊ တည်ထွင်ခြင်းနှင့်လုပ်ကိုင်ဆောင်ရွက်ခြင်း။

(၂) မြန်မာနိုင်ငံအတွက် လိုအပ်သည့်၊ သို့တည်းမဟုတ် သင့်လျော်သည့် သုတေသန ကိရိယာ တန်ဆာပလာများနှင့် လက်ဝှေ့စမ်းသပ်မှုဆိုင်ရာလုပ်ငန်းစဉ်များကို မြန်မာနိုင်ငံသုတေသနအဖွဲ့သို့ အကြံပေးထောက်ခံခြင်း။

(၃) ဓါတ်ခွဲရုံ၊ စက်မှုလက်မှုဆိုင်ရာ ပြန်ကြားရေးဌာန၊ စံပြဓါတ်စမ်းရုံ အပါအဝင် မြန်မာနိုင်ငံ သုတေသနအဖွဲ့က သဘောတူညီသည့် အခြားသုတေသနနှင့် စမ်းသပ်မှုဆိုင်ရာ လုပ်ဆောင်မှုများကို မြန်မာနိုင်ငံအတွက် ဗဟိုရုံဌာနတခုထည်းမှ ဆောင်ရွက်ပေးခြင်း။

(၄) ဝန်ကြီးဌာနများရှိ သုတေသန လုပ်ငန်းနှင့် စမ်းသပ်မှုဌာနများကို မိမိတို့၏ လုပ်ငန်းများဆောင်ရွက်ရာ၌ တတ်နိုင်သမျှကူညီပူးပေါင်းဆောင်ရွက်ခြင်း။

(၅) ဝန်ကြီးဌာနများရှိ သီးခြားဓါတ်စမ်းရုံ၌ လိုအပ်လျှင် အသုံးပြုရန်အတွက် လောကဓါတ် ပညာဆိုင်ရာနှင့် အင်ဂျင်နီယာ ပညာဆိုင်ရာစံနည်းနာနိသျများထားရှိခြင်း။

(၆) သုတေသနလုပ်ငန်းများအလွယ်တကူ မဆောင်ရွက်နိုင်သည့်ဝန်ကြီးဌာနများအတွက် သုတေသနလုပ်ငန်းနှင့် စမ်းသပ်မှုဆိုင်ရာလုပ်ငန်းများစီမံဆောင်ရွက်ပေးခြင်း။

(၇) လောကဓါတ်ပညာနှင့် အင်ဂျင်နီယာပညာရပ်များ တိုးတက်တတ်မြောက်ရန်အလို့ငှါ၊ ရန်ကုန်တက္ကသိုလ်က တောင်းဆိုသည့်အကူအညီများကိုတတ်နိုင်သမျှပေးခြင်း။

(၈) နိုင်ငံခြားသို့သင့်လျော်သောပညာသင်ကြားရန်အဆင့်တွေ့ကံ့ စေလွှတ်မည့် လောကဓါတ်ပညာတတ်ကျွမ်းသူများနှင့် အင်ဂျင်နီယာပညာတတ်ကျွမ်းသူများရွေးချယ်ရာတွင် အကူအညီပေးခြင်း။

(၉) သုတေသနလုပ်ငန်းအဖွဲ့၏အရာရှိများနှင့် အမှုထမ်းများ၏ဥာဏ်ပညာနှင့်ကျွမ်းကျင်မှု တိုးတက်ရန်အတွက် သင်တန်းအစီအစဉ်များပြုလုပ်ထားရှိခြင်း။

(၁၀) မြန်မာနိုင်ငံအတွင်း အများပြည်သူတို့ လောကဓါတ်ပညာနှင့်အင်
ဂျင်နီယာပညာရပ်များတွင် စိတ်ဝင်စားလာစေရန်နှင့် ထိုပညာရပ်
များကိုလေ့လာစေရန် ဆောင်ရွက်ခြင်း။

(၁၁) မြန်မာနိုင်ငံသုတေသနအဖွဲ့က လွှဲအပ်သည့် အခြားတာဝန်ဝတ်တရား
များကိုတည်ထွင်ခြင်းနှင့် ပြီးမြောက်အောင်ဆောင်ရွက်ခြင်း။

ပြည်ထောင်စု စက်မှ လက်မှုသုတေသနလုပ်ငန်း အဖွဲ့၏ ပစ္စည်းများနှင့်တာဝန်များကိုဆက်ခံခြင်း။

၄၄။ ပုဒ်မ ၄၃ အရသုတေသနလုပ်ငန်းအဖွဲ့ တည်ထောင်ပိုးလျှင် ပြီးချင်း သုတေသနလုပ်ငန်းအဖွဲ့သည်၊ လက်ရှိ ပြည်ထောင်စုစက်မှုလက်မှု သုတေသနလုပ်ငန်းအဖွဲ့ (the State Industrial Research Institute) ပိုင်ပစ္စည်းများနှင့် ကြွေးမြီတာဝန်များကိုဆက်ခံရမည်။

၄၅။ (၁) မြန်မာနိုင်ငံ သုတေသနအဖွဲ့က ပြွှသည့်စည်းကမ်း ဥပဒေများနှင့်မဆန့်ကျင်စေဘဲ၊ သုတေသနလုပ်ငန်းအဖွဲ့ အုပ်ချုပ်ရေးမှူးသည်၊ မြန်မာနိုင်ငံသုတေသနအဖွဲ့၏ အမှုဆောင်အရာရှိချုပ်အဖြစ်ဖြင့်သုတေသနလုပ်ငန်းအဖွဲ့၏လုပ်ငန်းဆောင်တာအားလုံးကို တာဝန်ယူဆောင်ရွက်ရမည်။

(၂) အထူးသဖြင့် သုတေသနလုပ်ငန်းအဖွဲ့ အုပ်ချုပ်ရေးမှူးသည်၊ အောက်ပါကိစ္စများကိုဆောင်ရွက်ရမည်။

(က) သုတေသန လုပ်ငန်းအဖွဲ့၏ လုပ်ငန်းအချို့ချို့ကို ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း။

(ခ) သုတေသန လုပ်ငန်း အဖွဲ့၏ လုပ်ငန်းများကို ဦးစီးခေါင်းဆောင်သူများအတွက်တိုးတက်အောင်ဆောင်ရွက်ခြင်း။

(ဂ) သုတေသနလုပ်ငန်းအဖွဲ့၏ငွေရေးကြေးရေးနှင့် စပ်လျဉ်းသည့်ဆောင်ရွက်မှုများကိုကြိုးကြပ်အုပ်ချုပ်ခြင်း။

(ဃ) သုတေသနလုပ်ငန်းအဖွဲ့၏ဆောင်ရွက်မှုများကို ဟောပြောချက်များဖြင့်ဂင်း၊ဆောင်းပါးများဖြင့်ဂင်း၊သတင်းစာများမှကျေညာခြင်းအားဖြင့်ဂင်း၊ အလားတူ နည်းလမ်းများဖြင့်ဂင်း အများပြည်သူတို့သိရှိနားလည်ရန်ကျေညာခြင်း။

(င) သုတေသန လုပ်ငန်းအဖွဲ့အရာရှိများနှင့်အမှုထမ်းများကို ကိုယ်တိုင်ခေါင်းဆောင်ခြင်းဖြင့် ထိရောက်စွာလုပ်ကိုင်ဆောင်ရွက်ရန်အားပေးခြင်း။

(စ) သုတေသနလုပ်ငန်းစဉ်များကို ဖြေရှင်းရာ၌ ညီညာပူးပေါင်းဆောင်ရွက်ခြင်း။

(ဆ) သုတေသနလုပ်ငန်းအဖွဲ့၏ ဆောင်ရွက်မှုများအတွက် နှစ်စဉ် ရ-သုံးမှန်းခြေငွေစာရင်းကို မြန်မာနိုင်ငံသုတေသနအဖွဲ့သို့တင်ပြခြင်း။

(ဇ) သုတေသနလုပ်ငန်းအဖွဲ့၏ဆောင်ရွက်မှုများနှင့် စပ်လျဉ်းသည့်နှစ်ချုပ်အစီရင်ခံစာကိုမြန်မာနိုင်ငံ သုတေသနအဖွဲ့သို့တင်ပြခြင်း။

(ဈ) မြန်မာနိုင်ငံသုတေသနအဖွဲ့က ပေးအပ်သည့် အခြားလုပ်ငန်းများကို
ကျည်ထွင်ခြင်းနှင့်လုပ်ကိုင်ဆောင်ရွက်ခြင်း။

ပဖမ၊၈၈၊ —အမှတ် ၁၃၁၊ တရားရေးဝန်ကြီးဌာန၊ ၅-၅-၁၄—၂,၀၀၀—၂။

# ၁၉၅၄ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၄ ခုနှစ်၊ အက်ဥပဒေ အမှတ် ၂၂။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို ၁၉၅၄ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

၂။ ။နောက်တွင် အဆိုပါအက်ဥပဒေဟု ရည်ညွှန်းသည့် ၁၉၅၃ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေ၏ ပုဒ်မ ၃၊ အပိုဒ် (တ)၊ အပိုဒ်ခွဲ (က က) ၏ (ကာ ကာ)၊ (ခါ ခါ)၊ (ဂါ ဂါ)၊ (ဃာ ဃာ)၊ (ငါ ငါ) နှင့်အပိုဒ်ခွဲ (ခ ခ) ၏ (ကာ ကာ)၊ (ခါ ခါ)၊ (ဂါ ဂါ)၊ (ဃာ ဃာ) တို့နှင့် အပိုဒ် (တ) ၏ နှင်းလင်းချက်တွင် ''ခိုင်ကြေး (cess) မှတပါး'' ဆိုသည့် စကားရပ်အသီးသီးနှင့် ''မြေခွန်တော်'' ဆိုသည့် စကားရပ်အသီးသီးစပ်ကြားတွင် ''ရေခွန်တော်အပါအဝင် ဖြစ်သည့်'' ဆိုသော စကားရပ်ကိုထည့်သွင်းရမည်။

၃။ ။အဆိုပါ အက်ဥပဒေ၏ ပုဒ်မ ၅၊ ပုဒ်မခွဲ (၃) ၏ခြင်းချက်ကို ပယ်ဖျက်ရမည်။

၄။ ။အဆိုပါအက်ဥပဒေ၏ ပုဒ်မ ၆ တွင်—

(က) ပုဒ်မခွဲ (၁)၊ အပိုဒ် (ဂ) ၏အောက်၌ ''ပဋ္ဌမခြင်းချက်'' ဆိုသည့် စကားရပ်တွင် ''ပဋ္ဌမ'' ဆိုသည့်စကားရပ်ကို ပယ်ဖျက်၍၊ ထိုခြင်းချက်၏အောက်၌ အောက်ပါကို အပိုဒ် (စ) အဖြစ် ထည့်သွင်းရမည်။

''(စ) အောက်ပါ စည်းကမ်းချက်များနှင့် ညီညွတ်သော အိမ်ထောင်သားစု။

(ကဲ့ကဲ့) ထို အိမ်ထောင်သားစုသည်၊ တောင်သူ လယ်သမား အိမ်ထောင်သားစုဖြစ်ရမည်။

(ခ ခ) ထိုအိမ်ထောင်သားစုတွင် ပါဝင်သူတဦးသည်၊ ၁၉၅၃ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့မှစ၍၊ ထို လယ်ယာမြေကို အဆက်မပြတ်ပိုင်ဆိုင်ရမည်။

(ဂ ဂ) ထိုအိမ်ထောင်သားစု၏အကြီးအကဲတဦးသည်၊ သို့တည်းမဟုတ် တဦးထက်ပိုသော အကြီးအကဲ များသည်၊ ၁၉၄၈ ခုနှစ်၊ ဇန္နဝါရီလ ၄ ရက်နေ့တွင် တောင်သူလယ်သမားအဖြစ်ရောက်ရှိပြီးဖြစ်ရမည်။ ထို့ပြင်

(ဃ ဃ) ထို အိမ်ထောင်သားစုတွင် ပါဝင်သူ အများသည်၊ ပြည်ထောင်စုနိုင်ငံသားများဖြစ်ရမည်။

ခြင်းချက်။ ။သို့ရာတွင်အဆိုပါတောင်သူလယ်သမားအိမ်ထောင်သားစုတွင် ပါဝင်သည့် အရွယ်ရောက်ပြီးသူတဦးသည်၊ ၁၉၅၃ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့၌ ထိုလယ်ယာမြေကို ပိုင်ဆိုင်ခဲ့သော ထိုအိမ်ထောင်သားစု၏အကြီးအကဲထံမှ

အမွေဆက်ခံလျှင်၊ ထိုသူသည်၊ အဆိုပါလယ်ယာမြေကို၊ ၁၉၅၃ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့မှစ၍၊ အဆက်မပြတ်၊ ပိုင်ဝိုင်သည်ဟု မှတ်ယူရမည်။

ပုဒ်မခွဲ (၁) ၏ ပဌမခြွင်းချက်။ ။သို့ရာတွင်ဇယား ၁၊ အပိုဒ် ၁၊ ၂၊ ၃ နှင့် ၄ တွင် သီးခြားဖော်ပြထားသည့် လယ်ယာမြေတမျိုးအတွက် ဤပုဒ်မခွဲအရ ကင်းလွတ်ခွင့်တောင်းဆိုလျှင်၊ ထိုသို့ကင်းလွတ်ခွင့် ရရှိရန် တောင်းဆိုသည့်လယ်ယာမြေအားလုံး၏ အတိုင်းအတာ စုစုပေါင်းသည်၊ ထိုလယ်ယာမြေ အမျိုးအစားအတွက်၊ ဇယား ၁ တွင်သတ်မှတ်ထားသော အတိုင်းအတာထက် မပိုစေရ။''

(ခ) ပုဒ်မခွဲ (၁)၊ အပိုဒ် (ဂ) ၏''ဒုတိယခြွင်းချက်''ဆိုသည့်စကားရပ်အစား ''ပုဒ်မခွဲ (၁) ၏၊ ဒုတိယခြွင်းချက် '' ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

(ဂ) ပုဒ်မခွဲ (၂)၊အပိုဒ် (က)၊အပိုဒ်ခွဲ (ဃဃ) နှင့်ပုဒ်မခွဲ (၃)၊အပိုဒ် (ခ) တွင်'' ချင်းဝိသေသတိုင်းတွင်ဖြစ်စေ ''ဆိုသည့်စကားရပ်နှင့်''တည်ရှိသော လယ်ယာမြေဖြစ်လျှင် '' ဆိုသည့်စကားရပ်များစပ်ကြားတွင်''မြေစာရင်းဌာနစာရင်းမရှိသောကွင်းတွင်ဖြစ်စေ၊ ''ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

၅။ ။အဆိုပါ အက်ဥပဒေ၏ ပုဒ်မ ၄၂ အစား အောက်ပါကို ပုဒ်မ ၄၂ အဖြစ်ထည့်သွင်းရမည်။

''၄၂။ ။(၁) တည်ဆဲ အခြားတရားဥပဒေတွင် မည်သို့ပင် ပါရှိစေကာမူ၊ ဤအက်ဥပဒေပါအခြားပြဋ္ဌာန်းချက်များကိုအထောက်အထားပြု၍၊ ပုဒ်မ ၅ အရ ဖြစ်စေ၊ ပုဒ်မ ၉၊ပုဒ်မခွဲ (၂) ၊ခြွင်းချက်အရဖြစ်စေ၊ နိုင်ငံတော်က ပြန်လည် သိမ်းယူသော လယ်ယာမြေအတွက် လျော်ကြေးကို၊ ဤပုဒ်မနှင့် ဇယား ၂ ပါ ပြဋ္ဌာန်းချက်များနှင့်အညီပေးရမည်။

လျော်ကြေးပေးခြင်း။

ခြွင်းချက်။ ။သို့ရာတွင် နိုင်ငံတော်က ယာမြေများကို ပြန်လည်သိမ်းယူသည့်အတွက် ဤပုဒ်မခွဲအရ၊ ပိုင်ရှင်တဦးက ထိုယာမြေအတွက် ရရှိမည့် လျော်ကြေးငွေစုစုပေါင်း၏ ဖျမ်းမျှခြင်း လျော်ကြေးနှုန်းသည်၊ တကယ်လျှင်ငွေတကျပ်ပြားငါးဆယ်ထက်လျော့နည်းလျှင်၊ ထိုယာမြေများအတွက် လျော်ကြေးငွေကို တကယ်လျှင် ငွေတကျပ်ပြားငါးဆယ်အထိ တိုးမြှင့်၍ ပေးရမည်။

(၂) အပိုင်စာချုပ် (Grant) အရ၊ သို့တည်းမဟုတ် အငှါးစာချုပ် (Lease) အရ၊ လယ်ယာမြေ အပေါ်တွင် အခွင့်အရေးရရှိ၍၊ ထိုအပိုင်စာချုပ် (Grant) ကို၊ သို့တည်းမဟုတ် အငှါးစာချုပ် (Lease) ကို ရရှိရန်အတွက် အစိုးရအား စပေါ်ငွေ (Premium) ပေးခဲ့ရသော လယ်ယာမြေကို နိုင်ငံတော်က ပြန်လည်

သိမ်းယူလျှင်၊ ပုဒ်မခွဲ (၁) အရ ပေးရမည့် လျော်ကြေးအပြင်၊ အဆိုပါ စပေါ်ငွေ (Premium) နှင့် ညီမျှသော ငွေကိုလည်း လျော်ကြေးအဖြစ် ပေးရမည်။

(၃) ပုဒ်မခွဲ (၁) တွင် ရည်ညွှန်းထားသော လယ်ယာမြေကို အဆောက်အအုံဖြင့် တိုးတက်ကောင်းမွန်အောင် ပြုပြင်ထားလျှင်၊ ထိုသို့ ပြုပြင် ထားခြင်းအတွက် လျော်ကြေး ပေးရမည်။ အဆိုပါ တိုးတက်ကောင်းမွန်အောင် ပြုပြင်ထားသည့် အဆောက်အအုံများကို အောက်ပါနည်းလမ်းအတိုင်း တန်ဘိုးဖြတ်ရမည်။

မူလတည်ဆောက်သည့်ကုန်ကျစရိတ်နှင့် ထိုသို့တည်ဆောက်ထားသည့် အဆောက်အအုံကိုမွမ်းမံပြုပြင်သည့်အတွက် ကုန်ကျစရိတ် နှစ်ရပ်ပေါင်းမှ တန်ဘိုးယုတ်လျော့ယည့်အတွက်နှင့် ပျက်စီး ယိုယွင်းသည့်အတွက် တန်ဘိုးကို နုတ်ရမည်။

(၄) နိုင်ငံတော်သမတ သည်၊ ဤပုဒ်မအရပေးရမည့်လျော်ကြေးကို၊ ငွေဖြင့်ဖြစ်စေ၊ စာချုပ်စာတမ်း (Bond) ဖြင့်ဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ တကြိမ်တည်း၊ သို့တည်းမဟုတ် အကြိမ်ကြိမ်ပေးနိုင်စေရန်၊ အခါအားလျော်စွာ နည်းလမ်းများကို သတ်မှတ်နိုင်သည်။

(၅) နိုင်ငံတော်သမတ သည်၊ ဤပုဒ်မပါ ကိစ္စများကို ဆောင်ရွက်ရန် နည်းဥပဒေများပြုနိုင်သည်။"

၆။ ။အဆိုပါအက်ဥပဒေ၏ ဇယား ၁ တွင်—

(က) အပိုဒ် ၁၊ အပိုဒ်ခွဲ (ငါး) အောက်၌၊ အောက်ပါကိုအပိုဒ်ခွဲ (စ) အဖြစ် ထည့်သွင်းရမည်။

"(စ) ပုဒ်မ ၆၊ ပုဒ်မခွဲ (၁)၊ အပိုဒ် (စ) တွင် သီးခြားဖော်ပြထားသည့် စည်းကမ်းချက်များနှင့် ညီညွတ်သော တောင်သူလယ်သမား အိမ်ထောင်သားစု ပိုင်ဆိုင်သည့် လယ်ယာမြေဖြစ်ခဲ့လျှင်၊ ဧကနှစ်ဆယ်အထိ။"

(ခ) အပိုဒ် ၂၊ အပိုဒ်ခွဲ (ငါး) အောက်၌၊ အောက်ပါကိုအပိုဒ်ခွဲ (စ) အဖြစ်ထည့်သွင်းရမည်။

"(စ) ပုဒ်မ ၆၊ ပုဒ်မခွဲ (၁) အပိုဒ် (စ) တွင် သီးခြားဖော်ပြထားသည့် စည်းကမ်းချက်များနှင့် ညီညွတ်သော တောင်သူလယ်သမား အိမ်ထောင်သားစုပိုင်ဆိုင်သည့် လယ်ယာမြေဖြစ်ခဲ့လျှင်၊ ဧကတဆယ်အထိ။"

(ဂ) အပိုဒ် ၃၊ အပိုဒ်ခွဲ (ငါး) အောက်၌၊ အောက်ပါကိုအပိုဒ်ခွဲ (စ) အဖြစ်ထည့်သွင်းရမည်။

"(စ) ပုဒ်မ ၆၊ ပုဒ်မခွဲ (၁)၊ အပိုဒ် (စ) တွင် သီးခြားဖော်ပြထားသည့် စည်းကမ်းချက်များနှင့် ညီညွတ်သော တောင်သူလယ်သမား အိမ်ထောင်သားစု ပိုင်ဆိုင်သည့် လယ်ယာမြေဖြစ်ခဲ့လျှင်၊ ခြောက်ဧကအထိ။"

(ဃ) အပိုဒ် ၄၊ အပိုဒ်ခွဲ (က)၊ (ခ)၊ (ဂ)၊ (ဃ) နှင့် (ငဂ)၌၊ ''လယ်ယာမြေဖြစ်ခဲ့လျှင်'' ဆိုသောစကားရပ်အသီးသီးနောက်၌၊ ''ခြောက်ကေအထိ'' ဆိုသောစကားရပ် အသီးသီးအစား ''တဆယ်ကေအထိ'' ဆိုသော စကားရပ် အသီးသီးနှင့် ''သုံးကေအထိ'' ဆိုသောစကားရပ် အသီးသီး အစား ''ငါးကေအထိ'' ဆိုသော စကားရပ် အသီးသီးကို ထည့်သွင်းရမည်။ ၎င်းပြင်၊ အပိုဒ်ခွဲ (ခ) တွင် ''တဧကနှင့်အဆမ ငါးဆယ်အထိ'' ဆိုသောစကားရပ်အစား ''နှစ်ဧကနှင့်အဆမ ငါးဆယ်အထိ'' ဆိုသောစကားရပ်ကိုထည့်သွင်း၍ခြင်းချက်တွင် ''ခြောက်ကေ'' ဆိုသော စကားရပ်အစား ''တဆယ်ကေ'' ဆိုသော စကားရပ်ကိုထည့်သွင်းရမည်။

(ငဂ) အပိုဒ် ၄၊ အပိုဒ်ခွဲ (ငဂ) အောက်၌၊ အောက်ပါကို အပိုဒ်ခွဲ (စ) အဖြစ်ထည့်သွင်းရမည်။

''(စ) ပုဒ်မ ၆၊ ပုဒ်မခွဲ (၁)၊ အပိုဒ် (စ) တွင် သီးခြားဖေါ်ပြထားသည့်စည်းကမ်းချက် များနှင့်ညီညွတ်သော တော်ဝင်သူလယ်သမား အိမ်ထောင်သားစု ပိုင်ဆိုင်သည့် လယ်ယာမြေဖြစ်ခဲ့လျှင်၊ ငါးကေအထိ။''

၇။ ။အဆိုပါအက်ဥပဒေ၏ဇယား ၂ အစား အောက်ပါကို ဇယား ၂ အဖြစ်ထည့်သွင်းရမည်။

''ဇယား ၂။

| မြေအမျိုးအစား | လျော်ကြေး |
|---|---|
| ၁။ (က) အထက် မြန်မာပြည် မြေနှင့် အခွန်တော်ဥပဒေ (The Upper Burma Land and Revenue Regulation) အရ၊ နိုင်ငံတော်ပိုင် မြေဟု သတ်မှတ် ပြီးလျှင်၊ အဆိုပါ ဥပဒေ အတည် ဖြစ်သော ဒေသများ၌ တည်ရှိသည့် လယ်ယာမြေ။ | ၁။ မြေခွန် တော်နှင့် ညီမျှသော် လျော်ကြေး။ |
| (ခ) ပြည် နယ် အတွင်းရှိ နိုင်ငံတော်ပိုင်မြေဟု သတ်မှတ်ထားသောလယ်ယာမြေ။ | |

| မြေအမျိုးအစား | လျော်ကြေး |
| --- | --- |
| ၂။ (က) အထက်မြန်မာပြည် မြေနှင့် အခွန်တော်ဥပဒေ (The Upper Burma Land and Revenue Regulation) အရ၊ နိုင်ငံတော်ပိုင်မြေဟု သတ်မှတ် သည့် လယ်ယာမြေမှအပ၊ အဆို ပါ ဥပဒေ အတည် ဖြစ်သော ဒေသ များ တွင် တည်ရှိသည့် အခြားလယ် ယာမြေ။ | ၂။ ၁၉၅၃ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့ မတိုင်မီက လွှဲပြောင်းပြီးဖြစ်ကြောင်း ကို ထိုနေ့မတိုင်မီကရေစွတ်မြှုတ်ပုံ တင်ပြီးသော၊ သို့တည်းမဟုတ် ထို နေ့မတိုင်မီကသက်ဆိုင်ရာမြေစာရင်း ဌာန စာရင်းတွင် မှတ်သားထားပြီး ဖြစ်သော လယ်ယာမြေအပေါ်တွင် ပိုင် ဆိုင် ခွင့် ရရှိထားသူ တဦး တယောက် ၏၊ သို့တည်း မဟုတ် ဘဏ်၏၊သို့တည်းမဟုတ် ကုမ္ပဏီ၏၊ သို့တည်းမဟုတ် အဖွဲ့အစည်း၏၊ သို့ တည်းမဟုတ် ကုန်ဖက်စပ် လုပ်ငန်း ၏၊ သို့တည်းမဟုတ် ပစ္စည်းမဲ့ဝေရ သေးသည့် ဟိန္ဒူလူမျိုး အိမ်ထောင် သားစု၏ ပိုင်ဆိုင်ခွင့် ရရှိထားသော လယ်ယာမြေများ အနက်၊ ဤအက် ဥပဒေအရ နိုင်ငံတော်က ပြန်လည် သိမ်းယူပိုင်ခွင့်ရှိသည့် လယ်ယာမြေ ကေစုစုပေါင်း၏—<br>(က) ပဌမကေ ၁၀၀ အတွက်၊မြေ ခွန်တော်၏တဆယ့်နှစ်ဆ နှင့်ညီမျှသောလျော်ကြေး။<br>(ခ) နောက်ကေ ၁၀၀ အတွက်၊ မြေခွန်တော်၏ တဆယ့် တဆနှင့်ညီမျှသော လျော် ကြေး။<br>(ဂ) နောက် ကေ ၁၀၀ အ တွက်၊ မြေခွန် တော် ၏ ဆယ်ဆနှင့် ညီမျှ သော လျော်ကြေး။<br>(ဃ) နောက်ကေ ၁၀၀ အတွက်၊ မြေခွန်တော်၏ ကိုးဆနှင့် ညီမျှသော လျော်ကြေး။ |

| ပြေအမျိုးအစား | လျော်ကြေး |
| --- | --- |
| | (၁၀) နောက်ဧက ၁၀၀ အတွက်၊ မြေခွန်တော်၏ ရှစ်ဆ နှင့် ညီမျှသောလျော်ကြေး။ |
| | (၈) နောက်ဧက ၁၀၀ အတွက်၊ မြေခွန် တော်၏ ခုနစ်ဆ နှင့်ညီမျှသောလျော်ကြေး။ |
| | (ဆ) နောက် ဧက ၁၀၀ အ တွက်၊ မြေ ခွန် တော် ၏ ခြောက်ဆ နှင့် ညီမျှသော လျော်ကြေး။ |
| | (၅) နောက် ဧက ၁၀၀ အ တွက်၊ မြေခွန်တော် ၏ ငါးဆနှင့်ညီမျှသောလျော် ကြေး။ |
| | (၄) နောက် ဧက ၁၀၀ အ တွက်၊ မြေခွန် တော် ၏ လေးဆ နှင့် ညီမျှ သော လျော်ကြေး။ |
| | (ည) နောက်ဧက ၁၀၀ အတွက်၊ မြေခွန်တော်၏ သုံးဆနှင့် ညီမျှသောလျော်ကြေး။ |
| | (၃) နောက်ဧက ၁၀၀ အတွက်၊ မြေခွန် တော် ၏နှစ်ဆနှင့် ညီမျှသော လျော်ကြေး။ |
| | (၅) ကျန် ကေများအတွက်၊ မြေ ခွန် တော်နှင့် ညီမျှသော လျော်ကြေး။ |
| ၃။ မြေနှင့် အခွန်တော်အက်ဥပဒေ (The Land and Revenue Act) ပုဒ်မ ၇ အရ၊ အခွင့်အ ရေးများရရှိပြီးလျှင်၊ အဆိုပါ အက်ဥပဒေ အတည်ဖြစ်သော ဒေသ များတွင် တည်ရှိ သည့် လယ်ယာမြေ။ | ၃။ ၁၉၅၃ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့ မတိုင် မီက လွဲပြောင်းပြီး ဖြစ် ကြောင်းကို ထိုနေ့မတိုင်မီက ရေစစ် တြို့ မှတ်ပုံ တင်ပြီးသော၊ သို့တည်း မဟုတ် ထိုနေ့မတိုင်မီက သက်ဆိုင် ရာမြေစာရင်းဌာန စာရင်းတွင် မှတ် သားထားပြီး ဖြစ်သော လယ်ယာ |

| မြေအမျိုးအစား | လျော်ကြေး |
| --- | --- |
| | မြေအပေါ်တွင် ပိုင်ဆိုင်ခွင့် ရရှိထားသူ တဦးတယောက်၏၊ သို့တည်းမဟုတ်ဘဏ်၏၊ သို့တည်းမဟုတ် ကုမ္ပဏီ၏၊ သို့တည်းမဟုတ် အဖွဲ့အစည်း၏၊ သို့တည်းမဟုတ် ကုန်ဖက်စပ်လုပ်ငန်း၏၊ သို့တည်းမဟုတ် ပစ္စည်းမဲ့ဝေ ရသေး သည့် ဟိန္ဒူ လူမျိုးအိမ်ထောင်သားစု၏ ပိုင်ခွင့်ရရှိထားသော လယ်ယာ မြေများ အနက်၊ ဤ အက်ဥပဒေအရ နိုင်ငံတော်က ပြန်လည်သိမ်းယူပိုင်ခွင့်ရှိသည့် လယ်ယာမြေ ကော စုစုပေါင်း၏—<br>(က) ပဌမကေ ၁၀၀ အတွက်၊ မြေခွန်တော်၏တဆယ့်နှစ်ဆနှင့် ညီမျှသော လျော်ကြေး။<br>(ခ) နောက် ကေ ၁၀၀ အတွက်၊ မြေခွန်တော်၏ တဆယ့် တဆ နှင့် ညီမျှသောလျော်ကြေး။<br>(ဂ) နောက်ကေ ၁၀၀ အတွက်၊ မြေခွန်တော်၏ဆယ်ဆနှင့် ညီမျှသောလျော်ကြေး။<br>(ဃ) နောက်ကေ ၁၀၀ အတွက်၊ မြေခွန်တော်၏ ကိုးဆနှင့် ညီမျှသောလျော်ကြေး။<br>(င) နောက် ကေ ၁၀၀ အတွက်၊ မြေခွန်တော်၏ ရှစ်ဆနှင့် ညီမျှသောလျော်ကြေး။<br>(စ) နောက်ကေ ၁၀၀ အတွက်၊ မြေခွန်တော်၏ ခုနစ်ဆနှင့် ညီမျှသောလျော်ကြေး။<br>(ဆ) နောက်ကေ ၁၀၀ အတွက်၊ မြေခွန်တော်၏ ခြောက်ဆနှင့်ညီမျှသောလျော်ကြေး။ |

| မြေအမျိုးအစား | လျော်ကြေး |
| --- | --- |
| | (ဇ) နောက်ကေ ၁၀၀ အတွက်၊ မြေခွန်တော်၏ ငါးဆနှင့် ညီမျှသောလျော်ကြေး။ |
| | (ဈ) နောက်ဒကေ ၁၀၀ အတွက်၊ မြေခွန်တော်၏ လေးဆနှင့် ညီမျှသောလျော်ကြေး။ |
| | (ည) နောက်ကေ ၁၀၀ အတွက်၊ မြေခွန်တော်၏ သုံးဆနှင့် ညီမျှသောလျော်ကြေး။ |
| | (ဋ) နောက်ကေ ၁၀၀ အတွက်၊ မြေခွန်တော်၏ နှစ်ဆနှင့် ညီမျှသောလျော်ကြေး။ |
| | (ဌ) ကျန်ကေများအတွက်၊ မြေခွန်တော်နှင့် ညီမျှသောလျော်ကြေး။ |
| ၄။ မြေနှင့် အခွန်တော် အက် ဥပဒေ (The Land and Revenue Act) ပုဒ်မ ၇ အရ၊ အခွင့်အရေးများရရှိပြီးဖြစ်သည့် လယ်ယာမြေများမှအပ၊ အဆိုပါအက် ဥပဒေ အတည်ဖြစ်သော ဒေသများတွင် တည်ရှိသည့်အခြား လယ်ယာမြေများ။ | ၄။ မြေခွန်တော်နှင့် ညီမျှသော လျော်ကြေး။ |

ပထမပုံစံ—အမှတ် ၁၃၂၂၊ တရားရေးဝန်ကြီးဌာန၊ ၁၅-၅-၅၄—၂,၀၀၀—၂။

# ၁၉၅၄ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံသား ဖြစ်မှု (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၄ ခုနှစ်၊ အက်ဥပဒေ အမှတ် ၂၃။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှု (ပြင်ဆင်ချက်) အက်ဥပဒေဟု ခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေ စတင်အာဏာတည်သည့်နေ့တွင် စတင်အာဏာတည်သည်ဟု မှတ်ယူရမည်။

၂။ ။နောက်တွင် "အဆိုပါအက်ဥပဒေ"ဟု ရည်ညွှန်းသည့် ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေပုဒ်မ ၂ ၌ "မိဘ" ဆိုသော စကားရပ်၏ အဓိပ္ပါယ်ဖော်ပြချက်တွင် "အရည်အချင်းချို့ငဲ့သောကလေး"ဆိုသည့် စကားရပ်အစား "တရားမဝင်သောကလေး"ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

၃။ ။အဆိုပါ အက်ဥပဒေပုဒ်မ ၅၊ အပိုဒ် (က)၏ခြွင်းချက်တွင် "ထိုသူ၏ အဘသည်၊ နိုင်ငံခြားသားဖြစ်ခဲ့သော်" ဆိုသည့် စကားရပ်အစား "ထိုသူ၏ အဘသည်၊နိုင်ငံခြားတခုခု၏နိုင်ငံသားဖြစ်ခဲ့သော်"ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

၄။ ။အဆိုပါအက်ဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (၄) ၌ "နိုင်ငံခြားသားအဖြစ်ကို စွန့်လွှတ်ကြောင်း"ဆိုသည့် စကားရပ် နောက်တွင် "နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ၏ ကျေးဇူးသစ္စာတော်ကိုစောင့်သိရိုသေကြောင်း"ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

၅။ ။အဆိုပါ အက်ဥပဒေပုဒ်မ ၈ အစား အောက်ပါပုဒ်မကို ထည့်သွင်းရမည်—

"၈။ ။မြန်မာပြည်သားပြုမှုအက်ဥပဒေ (The Burma Naturalization Act) ပုဒ်မ ၅ အရ၊ ထုတ်ပေးခဲ့သော မြန်မာပြည်သားပြုမှုလက်မှတ်ရသူနှင့် ထိုလက်မှတ်၌အမည်ပါဝင်သူသည်၊အကျင့်စာရိတ္တကောင်းသူဖြစ်၍၊ အရည်အချင်းချို့ငဲ့သူ မဟုတ်လျှင်၊ ၁၉၅၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မတိုင်မီဖြစ်စေ၊ အလွယ်ရောက်ပြီးတနှစ်အတွင်းဖြစ်စေ၊နိုင်ငံခြားသားအဖြစ်ကိုစွန့်လွှတ်မည်ဖြစ်ကြောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ကျေးဇူးသစ္စာတော်ကို စောင့်သိရိုသေမည် ဖြစ်ကြောင်းနှင့် ပြည်ထောင်စု နိုင်ငံသား အဖြစ်ကို ရွေးချယ်ကြောင်းကျေညာလျှင်၊ဤအက်ဥပဒေအရ၊ပြည်ထောင်စု နိုင်ငံသားပြုမှုလက်မှတ်ရလိုကြောင်းလျှောက်ထားနိုင်သည်။

အတိုး—၁၅ ပြား]

ခြင်းချက်။ ။ဤပုဒ်မပါ ပြဋ္ဌာန်းချက် များသည်၊ ၁၉၅၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှု (ပြင်ဆင်ချက်) အက်ဥပဒေ ထုတ်ပြန်ကျေညာခြင်းမပြုမီ၊ မူလပုဒ်မ ၈ အရ၊ လက်မှတ်ရသူနှင့် သက်ဆိုင်ခြင်း မရှိစေရ၊ သို့ရာတွင် ထိုသူ၏ သားသမီးများနှင့် သက်ဆိုင်ရမည်။"

၆။ ။အဆိုပါ အက်ဥပဒေပုဒ်မ ၉ တွင်—

(က) ပုဒ်မခွဲ (၁) ၌ "ပြည်ထောင်စု နိုင်ငံသားပြုမှု လက်မှတ်ကို" ဆိုသည့် စကားရပ်နောက်တွင် "၊သို့တည်းမဟုတ် နိုင်ငံသား လက်မှတ်ကို" ဆိုသည့် စကားရပ်ကိုထည့်သွင်းရမည်။ ထို့ပြင်

(ခ) ပုဒ်မခွဲ (၃) ၌ "နိုင်ငံသားပြုမှုလက်မှတ်" ဆိုသည့် စကားရပ် နောက်တွင် "၊သို့တည်းမဟုတ် နိုင်ငံသားလက်မှတ်" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၇။ ။အဆိုပါ အက်ဥပဒေပုဒ်မ ၁၁ တွင်—

(က) ပုဒ်မခွဲ (၂)၊ အပိုဒ် (ဃ) နောက်၌၊ အောက်ပါပြဋ္ဌာန်းချက်ကို အပိုဒ် (င) အဖြစ်ထည့်သွင်းရမည်။

"(င) လျှောက်ထားသူသည်၊ အများပြည်သူ၏အကျိုး ထိခိုက်အောင် အကျင့်စာရိတ္တ ပျက်ပြားသူမဟုတ်ခြင်း။"

(ခ) ပုဒ်မခွဲ (၃) ၌ "နိုင်ငံခြားသားအဖြစ်ကို စွန့်လွှတ်ကြောင်း" ဆိုသည့် စကားရပ် နောက်တွင် "နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ၏ကျေးဇူးသစ္စာတော်ကိုစောင့်သိရိုသေကြောင်း" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၈။ ။အဆိုပါအက်ဥပဒေပုဒ်မ ၁၂ တွင်—

(က) ပုဒ်မခွဲ (၃) အစား အောက်ပါပြဋ္ဌာန်းချက်များကို ထည့်သွင်းရမည်—

"(၃) ပြည်ထောင်စု အတွင်းတွင် ပြည်ထောင်စု၏ အာဏာအောက်၌ထာဝစဉ်နေထိုင်သည့် ပြည်ထောင်စုနိုင်ငံသား မဟုတ်သော မိဘနှစ်ပါးမှ ပြည်ထောင်စုအတွင်းတွင် မွေးဖွားသူသည်၊ အကျင့်စာရိတ္တကောင်းသူဖြစ်၍၊ အရည်အချင်း ချို့ငဲ့သူမဟုတ်လျှင်၊ ၁၉၅၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မတိုင်မီဖြစ်စေ၊ အရွယ်ရောက်ပြီး တနှစ်အတွင်းဖြစ်စေ နိုင်ငံသားလက်မှတ်ရလိုကြောင်း လျှောက်ထားနိုင်သည်။ သို့ရာတွင် ထိုသူသည် ထိုအခါက ပြည်ထောင်စုတွင် ထာဝစဉ်နေသူဖြစ်ရမည်။

ရှင်းလင်းချက်။ ။လျှောက်ထားရမည့် အချိန်အခါ၌ မိဘနှစ်ဦးလုံး သေဆုံးခြင်း၊ တဦးဦးသော်ငင်း နိုင်ငံသားလက်မှတ်၊ သို့တည်းမဟုတ်နိုင်ငံသားပြုမှုလက်မှတ်ကိုရယူပြီးဖြစ်လျှင်လည်း ထိုသူသည် နိုင်ငံသားလက်မှတ်ကို လျှောက်ထားနိုင်သည်ဟုမှတ်ယူရမည်။"

(ခ) ပုဒ်မခွဲ (၄) ၌ ''နိုင်ငံခြားသား အဖြစ်ကို စွန့်လွှတ်ကြောင်း'' ဆိုသည့်စကားရပ်နောက်တွင် ''နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ကျေးဇူးသစ္စာတော်ကို စောင့်သိရိုသေကြောင်း'' ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၉။ ။အဆိုပါ အက်ဥပဒေပုဒ်မ ၁၂ နောက်တွင် အောက်ပါပြဋ္ဌာန်းချက် များအဖို့ ပုဒ်မ ၁၂-က နှင့် ၁၂-ခ အဖြစ်ဖြင့်ထည့်သွင်းရမည်—

''၁၂-က။ ။(၁) အခြေခံဥပဒေ စတင် အာဏာ မတည်မီက ပြည်ထောင်စုနိုင်ငံတွင်ပါဝင်လတ္တံ့သောအာဏာပိုင်နက်အတွင်း မွေးဖွားသူ၏၊ မိဘတပါးပါဒီမှာ အခြေခံဥပဒေ ပုဒ်မ ၁၁၊ အပိုဒ် (ခ) အရ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်လျှင်၊ သို့တည်းမဟုတ် ထိုမိဘမှာ၊ အခြေခံဥပဒေ စတင်အာဏာ တည်သည့် နေ့တွင် အသက်ရှင်နေသည်ဖြစ်ပါက၊ အခြေခံဥပဒေ ပုဒ်မ ၁၁၊ အပိုဒ် (ခ) အရ သော်၎င်း၊ အပိုဒ် (ဂ) အရ သော်၎င်း၊ ပြည်ထောင်စုမြန်မာနိုင်ငံသားအဖြစ်ကို ရယူခွင့်ရှိလျှင်၊ ထိုသူသည်၊ အရည်အချင်း ချို့ငဲ့သူမဟုတ်လျှင်၊ ၁၉၅၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ မတိုင်မီဖြစ်စေ၊ အလွယ်ရောက်ပြီး တန့်စ အတွင်းဖြစ်စေ၊ နိုင်ငံသားလက်မှတ်ရလိုကြောင်း လျှောက်ထားနိုင်သည်။ သို့ရာတွင် ထိုသူသည် ပြည်ထောင်စုတွင် ထာဝစဉ် နေသူဖြစ်ရမည်။

(၂) လျှောက်ထားသူသည်၊ ကျမ်းသစ္စာဆိုချိန်သော်၎င်း၊ ကတိသစ္စာ ဆိုချိန်သော်၎င်း၊ နိုင်ငံခြားသားအဖြစ်ကို စွန့်လွှတ်ကြောင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ကျေးဇူးသစ္စာတော်ကို စောင့်သိရိုသေကြောင်းကျေညာခြင်းမပြုသမျှကာလပတ်လုံး ပုဒ်မခွဲ (၁) အရ၊ ပေးအပ်သည့်နိုင်ငံသားလက်မှတ်သည်အတည်မဖြစ်စေရ။

၁၂-ခ။ ။၁၉၅၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှု (ပြင်ဆင်ချက်) အက်ဥပဒေ ထုတ်ပြန်ကျေညာခြင်းမပြုမီက၊ ထုတ်ပေးပြီးဖြစ်သော နိုင်ငံသားပြုမှုလက်မှတ်တွင်၊ သို့တည်းမဟုတ် နိုင်ငံသားလက်မှတ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ကျေးဇူးသစ္စာတော်ကို စောင့်သိရိုသေပါမည်ဟူသော ကျေညာချက် မပါသောကြောင့် ထိုလက်မှတ်သည် ပျက်ပြယ်သည်ဟု မမှတ်ယူရ။''

၁၀။ ။အဆိုပါအက်ဥပဒေပုဒ်မ ၁၄ နောက်တွင် အောက်ပါပြဋ္ဌာန်းချက် များအဖို့ ပုဒ်မ ၁၄-က နှင့် ပုဒ်မ ၁၄-ခ အဖြစ်ဖြင့်ထည့်သွင်းရမည်—

''၁၄-က။ ။(၁) ပြည်ထောင်စုနိုင်ငံသားဖြစ်လျက်၊ နိုင်ငံခြားတခုခု၏တရားဥပဒေကြောင့် ထိုနိုင်ငံ၏ နိုင်ငံသားအဖြစ်ကိုလည်း ရရှိသူသည်—

(က) ၁၉၅၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မတိုင်မီဖြစ်စေ၊

(ခ) အရွယ်ရောက်ပြီးတန္ခစ်အတွင်းဖြစ်စေ၊
(ဂ) နိုင်ငံခြားအစိုးရက ထိုတရားဥပဒေကို ပြဋ္ဌာန်းသည့်နေ့မှတန္ခစ်အတွင်းဖြစ်စေ၊

ဤသုံးရပ်အနက် မိမိအတွက်အချိန်အများဆုံးရသည့် ကာလအတွင်း၊ထိုနိုင်ငံခြားသားဖြစ်ကို၊ သက်ဆိုင်ရာနိုင်ငံခြား၏တရားဥပဒေနှင့်အညီစွန့်လွှတ်ပြီးကြောင်းဝန်ကြီးထံသို့ အစီရင်ခံစာတင်သွင်းခြင်းမရှိလျှင်၊ ထိုကာ ၁ ကုန်ဆုံးသည့်အခါ၌၊ ထိုသူသည်၊ ပြည်ထောင်စုနိုင်ငံသားအဖြစ်မှ ရပ်စဲသည်ဟုမှတ်ယူရမည်။

သို့ရာတွင် တဦးတယောက်သောသူသည်၊ လုံလောက်သော အကြောင်းကြောင့် အချိန်မှီအစီရင်ခံစာမတင်သွင်းနိုင်ဟု ဝန်ကြီးကထင်မြင်လျှင်၊ ဝန်ကြီးသည်၊ ထိုသူအတွက်သင့်လျော်သော အချိန်တိုးချဲ့ပေးနိုင်သည်။

(၂) အခြေခံဥပဒေပုဒ်မ ၁၁၊ အပိုဒ် (က)၊ (ခ) နှင့် (ဂ) တခုခုအရ သော်၎င်း၊ ဤအက်ဥပဒေ ပုဒ်မ ၄ (၂) နှင့်ပုဒ်မ ၅ (၂) တခုခုအရသော်၎င်း၊ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်သည်ဟု အသိအမှတ်ပြုခြင်းခံရသူသည်၊ နိုင်ငံခြားသံရုံးတွင် နိုင်ငံခြားသားအနေနှင့်မှတ်ပုံတင်ခြင်း၊ သို့တည်းမဟုတ် သက်ဆိုင်ရာ နိုင်ငံခြားအစိုးရထံမှ နိုင်ငံခြားသားအနေနှင့် နိုင်ငံကူးလက်မှတ်ရယူခြင်းမရှိလျှင်၊ ပုဒ်မခွဲ (၁) ပါ ပြဋ္ဌာန်းချက်များသည်၊ ထိုသူနှင့် သက်ဆိုင်ခြင်းမရှိစေရ။

(၃) ပုဒ်မခွဲ (၂) ၌ ရည်ညွှန်းသောသူသည်၊ အရည်အချင်း ချို့ငဲ့သူလည်းမဟုတ်မူ၍ ၁၉၅၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ဆိုက်ရောက်ပြီးသည်နောက် နိုင်ငံခြားသံရုံးတွင် နိုင်ငံခြားသားအနေနှင့် မှတ်ပုံတင်သွင်းခြင်း၊ သို့တည်းမဟုတ် သက်ဆိုင်ရာနိုင်ငံခြားအစိုးရထံမှ နိုင်ငံခြားသားအနေနှင့် နိုင်ငံကူးလက်မှတ် ရယူခြင်းကိုပြုလျှင်၊ ယင်းသို့ ပြုသည်နှင့်တပြိုင်နက် ပြည်ထောင်စု မြန်မာနိုင်ငံသားအဖြစ်မှ ရပ်စဲပြီဟုမှတ်ယူရမည်။

၁၄-ခ။ ။ပုဒ်မ ၁၄ အရသော်၎င်း၊ ပုဒ်မ ၁၄-က အရသော်၎င်း၊ ပြည်ထောင်စုနိုင်ငံသားအဖြစ်မှ ရပ်စဲခြင်းခံရသူသည်—

(က) ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၁၁၊ အပိုဒ် (က)၊ သို့တည်းမဟုတ် အပိုဒ် (ခ)၊ သို့တည်းမဟုတ် အပိုဒ် (ဂ)၊ သို့တည်းမဟုတ်ဤအက်ဥပဒေပုဒ်မ ၅ (ခ) ပါအရည်အချင်းနှင့်ပြည့်စုံလျှင်၊ ထို့ပြင်

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း ထာဝစဉ်ပြန်လည်နေထိုင်ပါမည်၊ နိုင်ငံခြားသားအဖြစ်ကို သက်ဆိုင်ရာနိုင်ငံခြား၏တရားဥပဒေနှင့်အညီ စွန့်လွှတ်ပါမည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ကျေးဇူးသစ္စာတော်ကို စောင့်သိရိုသေပါမည်ဟူ၍ ခံဝန်ချက်ပေးလျှင်၊

ဝန်ကြီးကမိမိသဘောအတိုင်း၊ထိုသူအား ပြည်ထောင်စုမြန်မာနိုင်ငံသား အဖြစ်ကိုပြန်လည်ရယူစေရန်ခွင့်ပြုနိုင်သည်။ ဝန်ကြီး၏ဆုံးဖြတ်ချက်သည်၊ ဒေါ်ပြီးအပြတ် အတည်ဖြစ်စေရမည်။''

၁၁။ ။အဆိုပါအက်ဥပဒေပုဒ်မ ၁၉ တွင်—

(က) အပိုဒ် (ခ)၌ ''အနည်းဆုံး ၁၂ လထောင်ဒဏ်'' ဆိုသည့် စကားရပ်အစား ''၁၂ လအောက်မနည်းသည့် ထောင်ဒဏ် သော်၎င်း၊ကျပ်ငွေ ၁,၀၀၀ အောက်မနည်းသည့်ငွေဒဏ်သော်၎င်း၊'' ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

(ခ) အပိုဒ် (ဃ)၊ နောက်၌အောက်ပါပြဋ္ဌာန်းချက်များကို အပိုဒ် (င) နှင့် (စ) အဖြစ်ဖြင့်ထည့်သွင်းရမည်—

''(င) နိုင်ငံသားပြုမှုလက်မှတ်၊ သို့တည်းမဟုတ် နိုင်ငံသားလက်မှတ် ပေးအပ်ခြင်းခံရသည့်အခါ၌၊ ထိုသူသည်၊ အများပြည်သူ၏ အကျိုးထိခိုက်အောင် အကျင့်စာရိတ္တပျက်ပြားခြင်း၊ သို့တည်းမဟုတ်၊

(စ) နိုင်ငံသားပြုမှုလက်မှတ်၊ သို့တည်းမဟုတ် နိုင်ငံသားလက်မှတ် ပေးအပ်ခြင်းခံရသူအား ဆက်လက်၍ ထိုလက်မှတ်ပေးအပ်ထားလျှင်၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ လုံခြုံမှုကိုသော်၎င်း၊ ငြိမ်ဝပ်ပိပြားရေးကိုသော်၎င်း၊ အကျိုးစီးပွါးကိုသော်၎င်း၊ ပျက်ပြားနစ်နာစေမည်ဖြစ်ခြင်း၊ သို့တည်းမဟုတ်''

(ဂ) ရှိရင်းအပိုဒ် (င) ကို အပိုဒ် (ဆ) အဖြစ်ဖြင့်ပြန်လည်အက္ခရာစဉ်ရမည်၊ ထို့ပြင်

(ဃ) ပြန်လည် အက္ခရာစဉ်ထားသည့် အပိုဒ် (ဆ) နောက်တွင် အောက်ပါပြဋ္ဌာန်းချက်များကို ပုဒ်မ ၁၉ ၏ခြင်းချက်များအဖြစ်ဖြင့် တည့်သွင်းရမည်—

''ခြင်းချက်။ ။သို့ရာတွင် နိုင်ငံသားပြုမှုလက်မှတ်၊ သို့တည်းမဟုတ် နိုင်ငံသားလက်မှတ်ပေးအပ်သည့်နေ့မှစ၍ သုံးနှစ်ကျော်လွန်ပြီးနောက်၊ အပိုဒ် (င) ပါ ကိစ္စကြောင့် အရေးယူခြင်း မရှိစေရ။

။ ။သို့ရာတွင် နိုင်ငံသားပြုမှုလက်မှတ်၊ သို့တည်းမဟုတ် နိုင်ငံသားလက်မှတ် ပေးအပ်သည့်နေ့မှစ၍ ၅ နှစ်ကျော်လွန်ပြီးနောက်၊ အပိုဒ် (စ) ပါကိစ္စကြောင့် အရေးယူခြင်း မရှိစေရ။''

၁၂။ ။အဆိုပါအက်ဥပဒေပုဒ်မ ၂၀ အစား အောက်ပါပုဒ်မကိုထည့်သွင်းရမည်—

''၂၀။ ။(၁) ဝန်ကြီးသည်၊ နိုင်ငံသားပြုမှုလက်မှတ်ကိုဖြစ်စေ၊ နိုင်ငံသားလက်မှတ်ကိုဖြစ်စေ၊ပြန်လည်ချပ်သိမ်းရန်အမိန့်မချမီ၊မိမိသင့်လျော်သည် ထင်မြင်ပါက၊ ဒေအောက်တွင် ဖေါ်ပြထားသည့်

အတိုင်း၊ စုံစမ်းစစ်ဆေးစေခြင်းအလို့ငှါ၊ ထိုကိစ္စကိုလွှဲအပ်နိုင်သည်။ ထို့ပြင် ပုဒ်မ ၁၀၊ သို့တည်းမဟုတ် ပုဒ်မ ၁၉၊ ဒုပုဒ်မ (က)၊ (ဂ)၊ (စ) နှင့် (ဆ) တခုခုနှင့် သက်ဆိုင်သောကိစ္စတွင်၊ ဝန်ကြီးသည်၊ ထိုလက်မှတ်ရရှိသူထံ နို့တစ်စာပေးအပ်ခြင်းဖြင့်သော်၎င်း၊ ထိုလက်မှတ်ရသူ၏နောက်ဆုံးသိရှိရသောနေရပ်သို့ နို့တစ်စာပေးပို့ခြင်းဖြင့်သော်၎င်း၊ ထိုကိစ္စကိုစုံစမ်းစစ်ဆေးစေခြင်းအလို့ငှါ၊ လွှဲအပ်ရန် တောင်းဆိုနိုင်ခွင့်ကို ထိုသူအားပေးရမည်။ ထို့ပြင် ထိုသူသို့ နို့တစ်စာနှင့်အညီ စုံစမ်းစစ်ဆေးစေရန် အခွင့်အရေးကိုတောင်းဆိုခဲ့လျှင်၊ ထိုကိစ္စကိုစုံစမ်းစစ်ဆေးစေရန် ဝန်ကြီးကလွှဲအပ်ရမည်။

(၂) ၅ပုဒ်မအရ၊ စုံစမ်းစစ်ဆေးခြင်းကို၊ ထိုသူနေထိုင်ရာခရိုင်၊ သို့ဘည်းမဟုတ် ပြည်ထောင်စုအတွင်း၊ ထိုသူနောက်ဆုံး နေထိုင်ရာခရိုင်နှင့်သက်ဆိုင်သော တရားမခရိုင် ဘရားသူကြီးက ဆောင်ရွက်ရမည်။ ရန်ကုန်ခရိုင်တွင် ရန်ကုန်မြို့တော်တရားမရုံးတရားသူကြီးချုပ်က ဆောင်ရွက်ရမည်။ စုံစမ်းစစ်ဆေးရာတွင် လိုက်နာရမည်ဖြစ်သောကျင့်ထုံးသည်၊ တရားမမူလမှုအတွက် တရားမကျင့်ထုံးဥပဒေတွင် သတ်မှတ်ထားသည့်အတိုင်း ဖြစ်ရမည်။

(၃) တရားမခရိုင်တရားသူကြီး၊ သို့တည်းမဟုတ် ရန်ကုန်မြို့တော်တရားမရုံးတရားသူကြီးချုပ်၏ဆုံးဖြတ်ချက်ကို မကျေနပ်သည့် အမှုသည်က တရားလွှတ်တော် အယူခံဘက်ဆိုင်ရာသို့၊ ထိုဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း အယူခံဝင်နိုင်သည်။ တရားမကျင့်ထုံးအမိန့် ၄၁ ပါ ပြဋ္ဌာန်းချက်များသည်၊ ထိုအယူခံမှုများနှင့်လည်းသက်ဆိုင်စေရမည်။ ဘရားလွှတ်တော်၏ဆုံးဖြတ်ချက်သည်၊ ဒေါ်ပြီးအပြတ်အတည်ဖြစ်ရမည်။

(၄) ဆုံးဖြတ်ချက်၏မိတ္တူမှုနှင့်ကို ဆိုင်ရာတရားရုံးအသိမ်းသိမ်းက ဝန်ကြီးထံသို့ပေးပို့ရမည်။”

ပြန်မြန်မာစာ—အမှတ် ၁၃၃၁၊ တရားရေးဝန်ကြီးဌာန၊ ၁၉-၅-၅၄—၂,၀၀၀—၂။

# THE UNION CITIZENSHIP (AMENDMENT) ACT, 1954.

[ACT No. XXIII OF 1954.]

It is hereby enacted as follows :—

1. (i) This Act may be called the Union Citizenship (Amendment) Act, 1954.

(ii) It shall be deemed to have come into force on the commencement of the Union Citizenship Act, 1948.

2. In section 2 of the Union Citizenship Act, 1948, hereinafter referred to as "the said Act", *for* the words "child lacking in qualification" the words "illegitimate child", *shall be substituted* in the definition of the expression "Parent."

3. In the proviso of clause (*a*) of section 5 of the said Act, *for* the words "if the father is an alien" the words "if the father is a citizen of a foreign country", *shall be substituted.*

4. In sub-section (*4*) of section 7 of the said Act, *after* the words "renouncing his status as a citizen of any foreign country" the words "and owing allegiance to the Union" *shall be inserted.*

5. *For* section 8 of the said Act the following section *shall be substituted* :—

"8. Any person acquiring a Burma Naturalization Certificate issued under section 5 of the Burma Naturalization Act and whose name is included therein shall be of good character and unless such person is under a disability, he may apply for a Burma Naturalization Certificate, if he declares before the first day of April 1955 or within a period of one year after attaining majority, that he would renounce his citizenship of a foreign country that he owes allegiance to the Union and that he elects the citizenship of the Union.

Provided that the provisions of this section shall not apply to any person who, before the promulgation of the Union Citizenship (Amendment) Act, 1954, acquires the certificate under the original section 8, but shall apply to the children of such person."

6. In section 9 of the said Act—

(*a*) In sub-section (*1*), *after* the words "a certificate of naturalization" the words "or a certificate of citizenship" *shall be inserted*; and

(*b*) In sub-section (*3*) *after* the words "certificate of naturalization" the words "or a certificate of citizenship" *shall be inserted.*

7. In section 11 of the said Act—

(*a*) In sub-section (*2*), *after* the words "not being under disability" the words "and not being so bad in character as to prejudice the public interest" *shall be inserted.*

Price,—10 pyas.]

(*b*) In sub-section (*3*) *after* the words " renouncing her status as a citizen of any foreign country " the words " and owing allegiance to the Union " *shall be inserted.*

8. In section 12 of the said Act—

(*a*) *For* sub-section (*3*) the following provisions *shall be substituted* :—

" (*3*) If a child born in the Union and born of the parents both of whom are not citizens of the Union permanently residing in the Union within the jurisdiction thereof is of good character and is not under any disability, he may apply for a certificate of citizenship before the first day of April 1955 or within one year after attaining majority, provided that he is then permanently resident in the Union.

*Explanation.*—Although both the parents or either of them have acquired the certificate of citizenship or the certificate of naturalization at the time the application is to be made it shall be deemed that he may apply for the certificate of citizenship.

(*b*) In sub-section (*4*) *after* the words " makes a declaration of alienage in respect of any other citizenship " the words " and of allegiance to the Union " *shall be inserted.*

9. *After* section 12 of the said Act, the following provisions *shall be inserted* as section 12A and section 12B.

"12A. (*1*) If one of the parents of the child born n the territories included within the Union before the commencement of the Constitution is a citizen of the Union under clause (ii) of section 11 of the Constitution, or if one of such parents is living at the commencement of the Constitution and is entitled to apply for the citizenship of the Union under clause (ii) or clause (iii) of section 11 of the Constitution and is not under any disability, he may apply for a certificate of citizenship before the first day of April 1955 or within one year after attaining majority, but shall be permanently resident in the Union.

(*2*) Unless and until the applicant declares on oath or affirmation, that he renounces the citizenship of any foreign country and that he owes allegiance to the Union, the certificate of citizenship granted under sub-section (*1*) shall not take effect.

12B. The certificate of naturalization or the certificate of citizenship granted before the promulgation of the Union Citizenship (Amendment) Act, 1954, shall not be deemed to be null and void for not bearing the declaration that he owes allegiance to the Union."

10. *After* section 14 of the said Act the following provisions *shall be inserted* as section 14A and section 14B :

" 14A. (*1*) Unless any person who is a citizen of the Union and who also acquires the citizenship of a foreign country by operation of any law thereof, submits a report to the Minister that he has renounced his foreign citizenship in accordance with the law of such foreign country—

(*a*) before the first day of April 1955, or

(*b*) within one year after attaining majority, or

(*c*) within one year from the date of enactment of that law by such foreign government.

Whichever period is longest for him, he shall be deemed to cease to be a citizen of the Union at the end of such period:

Provided that if the Minister is of opinion that such person is, for sufficient reason, unable to submit the report in time to the Minister, the Minister may grant him reasonable extension of time.

(*2*) Unless any person recongnized as a citizen of the Union under clause (i), (ii) or (iii) of section 11 of the Constitution or under section 4 (*2*) or 5 (*b*) of this Act, has registered as a foreigner in a Foreign Embassy or obtained a passport as a foreigner from a Foreign Government concerned, the provisions of sub-section (*1*) shall not apply to him.

(*3*) Any person referred to in sub-section (*2*) not being under any disability and having after the first day of April 1955, registered as a foreigner in a Foreign Embassy or obtained a passport as a foreigner from a Foreign Government concerned shall be deemed to cease to be a citizen of the Union forthwith.

14B. If any person who has ceased to be a citizen of the Union under section 14 or section 14A—

(*a*) has the qualifications mentioned in clause (i), (ii) or (iii) of section 11 of the Constitution or section 5 (*b*) of this Act, and

(*b*) undertakes that he will permanently reside again in the Union, renounce foreign citizenship in accordance with the law of the foreign country concerned and owe allegiance to the Union,

the Minister may in his discretion permit him to retain the citizenship of the Union, and his decision shall be final.

11. In section 19 of the said Act—

(*a*) in clause (*b*) *for* the words "imprisonment for a term not less than twelve months" the words "imprisonment for a term not less than twelve months or fine not less than one thousand Kyats." *shall be substituted.*

(*b*) *After* clause (*d*) the following provisions *shall be inserted* as clauses (*e*) and (*f*)—

" (*e*) has so bad a character as to prejudice the public interest at the time he was granted the certificate of naturalization or the certificate of citizenship ; or

(*f*) would injure the safety, public order or interest of the Union, if the person who was granted the certificate of naturalization or the certificate of citizenship is allowed to retain such certificate."

(*c*) The existing clause (*e*) shall be renumbered as clause (*g*),

(*d*) *After* the renumbered clause (*g*), the following provisions *shall be inserted* as provisos to section 19 :—

"Provided that after three years from the date of grant of the certificate of naturalization or the certificate of citizenship, no action shall be taken for purposes of clause (*e*) :

Provided further that after five years from the date of grant of the certificate of naturalization or the certificate of citizenship, no action shall be taken for purposes of clause (*f*)."

12. *For* section 20 of the said Act the following section *shall be substituted* :—

"20. (*1*) The Minister, before making an order to revoke the certificate of naturalization or the certificate of citizenship, may, if he thinks fit, refer such matter for enquiry as mentioned below ; and in any matter concerning section 18 or any of the clauses (*a*), (*c*), (*f*) and (*g*) of section 19, the Minister shall, by giving notice to the holder of such certificate or by sending notice to the last known address of the holder of the same give him an opportunity of claiming a reference for purposes of enquiry into such matter. If he so claims in accordance with the notice, the Minister shall make the reference for such enquiry.

(*2*) An enquiry under this section shall be held by the District Judge within whose jurisdiction he resides or he last resides in the Union. In Rangoon District, the enquiry shall be held by the Chief Judge of the City Civil Court of Rangoon. The procedure to be followed in such enquiry shall be the same as laid down in the Code of Civil Procedure for original civil suit.

(*3*) The party aggrieved by the decision of the District Judge or the Chief Judge of the City Civil Court of Rangoon, may appeal to the appellate side of the High Court within sixty days from the date on which such decision was made. The provisions of Order 41 of the Code of Civil Procedure shall also apply to such appeals, and the decision of the High Court shall be final.

(*4*) True copy of such decision shall be submitted by the respective Court to the Minister."

Certified that the above English text is the authenticated translation of the Union Citizenship (Amendment) Act, 1954.

(Sd.) SEIN HLA,—3-5-54,
*Secretary,*
*Laws Translation Committee.*

G.U.B.C.P.O.—No. 144, M. of J. A., 7-7-54—3,000—II.

# ၁၉၅၄ ခုနှစ်၊ နိုင်ငံတော် ကူးသန်းရောင်းဝယ်ရေး ဘဏ် အက်ဥပဒေ။

[၁၉၅၄ ခုနှစ်၊ အက်ဥပဒေအမှတ် ၂၄။] ·

တိုင်းပြည်တွင်စီးပွါးရေး တိုးတက်ဖွံ့ဖြိုးလာအောင် အားပေးချီးမြှင့်နိုင်မည့်အကျိုးကို ရှေ့ရှုလျက်၊ ကိုယ်ပိုင်ငွေချေတာစုဆောင်းရေးကို လွှံဆော်အားပေးခြင်းနှင့် ထိုချေတာစုဆောင်းရငွေများကို ကုန်စည်ထုတ်လုပ်ရေး လုပ်ငန်းများတွင် သုံးစွဲခြင်းကိစ္စများဖြစ်မြောက်လွယ်ကူအောင်၊ နောက်ဆက်ကူးသန်းရောင်းဝယ်ရေး ဘဏ်လုပ်ငန်းများစီမံထားရှိရန် လိုအပ်သည်ဖြစ်သောကြောင့်၊

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

## အခန်း ၁။

### စကားချီး။

၁။ ။(၁) ဤအက်ဥပဒေကို ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်ကူးသန်းရောင်းဝယ်ရေး ဘဏ်အက်ဥပဒေဟုခေါ်ရမည်။

အမည်တိုနှင့်စတင် အာဏာတည်ခြင်း။

(၂) ဤအက်ဥပဒေသည်၊ နိုင်ငံတော် သမတ က အမိန့် ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင် အာဏာတည်ရမည်။

၂။ ။ဤအက်ဥပဒေတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက် စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ၊ မဆန့်ကျင်လျှင်—

အဓိပ္ပါယ် ဖော်ပြချက်များ။

(က) ''ဒဏ်'' ဆိုသည်မှာ၊ ဤအက်ဥပဒေအရတည်ထောင်ထားသည့် နိုင်ငံတော် ကူးသန်းရောင်းဝယ်ရေး ဘဏ်ကိုဆိုလိုသည်။

(ခ) ''ဒါရိုက်တာ'' ဆိုသည်မှာ၊ ပုဒ်မ ၁၀ အရ ဖွဲ့စည်းထားသည့် ဘဏ် ဒါရိုက်တာအဖွဲ့တွင် ပါဝင်သောဒါရိုက်တာကို ဆိုလိုသည်။

(ဂ) ''ပြည်ထောင်စုအစိုးရ'' ဆိုသည်မှာ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရကိုဆိုလိုသည်။

## အခန်း ၂။

### တည်ထောင်ခြင်း။

၃။ ။(၁) ကူးသန်းရောင်းဝယ်ရေး ဘဏ်လုပ်ငန်းကို ဆောင်ရွက်ရန် နိုင်ငံတော်ကူးသန်းရောင်းဝယ်ရေး ဘဏ်ဟုခေါ်တွင်ရမည့် ဘဏ်တခုကို၊ ဤအက်ဥပဒေပါပြဋ္ဌာန်းချက်များနှင့် အညီ၊ နိုင်ငံတော် သမတ က သတ်မှတ်သည့် နေ့ရက်တွင်တည်ထောင်ရမည်။

ဘဏ်တည်ထောင်ခြင်း။

(၂) ဘဏ်သည်၊ စဉ်ဆက်မပြတ်ဆက်ခံ ဆောင်ရွက်နိုင်ခွင့်နှင့်တကွ အဖွဲ့ပိုင် တံဆိပ်တခုရှိသော တရားဝင်အဖွဲ့ဖြစ်ရမည့်ပြင်၊ အဆိုပါအမည်ဖြင့် တရားစွဲဆိုနိုင်၍ တရားစွဲဆိုခြင်းကိုလည်း ခံရမည်။

အဘိုး—၂၅ ပြား]

၄။ ။ဘဏ်၏ရုံးချုပ်ကို ရန်ကုန်မြို့တွင်ထားရှိရမည်။ ထို့ပြင် ဘဏ်သည်၊ ရုံးခွဲများနှင့်ကိုယ်စားလှယ်ဌာနများကို၊ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း၊သို့တည်းမဟုတ် ပြင်ပရှိအခြားအရပ်ဒေသများတွင် တည်ထောင်နိုင်သည်။

ရုံးချုပ်နှင့်ရုံးခွဲများ။

၅။ ။ဘဏ်၏ရည်ရွယ်ချက်များသည် ခအောက်ပါအတိုင်းဖြစ်ရမည်။

ရည်ရွယ်ချက်များ။

(က) ဒေသတွာ စုဆောင်းရငွေများကို ကုန်စည်ဘုတ်လုပ်ရေး ကိစ္စအတွက် သုံးစွဲနိုင်ရန် ငွေအပ်သူများပြားလာအောင် ဆောင်ရွက်ရေး။

(ခ) ကူးသန်းရောင်းဝယ်မှု၊ စက်မှုလက်မှုနှင့်လယ်ယာလုပ်ကိုင်မှု ကိစ္စများအတွက် ချေးငွေစီမံထားရှိရေး။

(ဂ) ကုန်စည်ထုတ်လုပ်ရန်တိုးတက်ကောင်းမွန်သည့် နည်းသစ်များတည်ထွင်ခြင်းကိုအားပေးရေး။

(ဃ) နောက်ထပ်ချေးငွေ အမျိုးအစားများနှင့် ဝိုမိုကျယ်ပြန့်သော ဘဏ်လုပ်ငန်းဆိုင်ရာလွယ်ကူမှုများစီမံထားရှိခြင်းအားဖြင့်၊ရှိရင်းကူးသန်းရောင်းဝယ်ရေး ဘဏ်လုပ်ငန်းများကိုထပ်ဖြည့်ရေး၊ ထို့ပြင်

(င) ကူးသန်းရောင်းဝယ်ရေးဘဏ်အား အမှုကိစ္စများ ဆောင်ရွက်စေရန် အသုံးပြုသည့်အလေ့အထကို အားပေးရေး။

## အခန်း ၃။

### မ,တည်ငွေရင်း၊ သီးသန့်ငွေ၊ အမြတ်ဝေစုများ။

၆။ ။(၁) ဘဏ်၏ခွင့်ပြုထားသော မ,တည်ငွေရင်းမှာ၊ ကျပ်ပေါင်း ငါးကုဋေဖြစ်ရမည်။ ထိုငွေရင်းအတွက်အစုရှယ်ယာ တခုလျှင် ကျပ်တရာကျဖြင့် သာမန်အစုရှယ်ယာ ငါးသိန်းထားရမည်။

မ,တည်ငွေရင်း။

ခြွင်းချက်။ ။သို့ရာတွင် ဘဏ်ဒါရိုက်တာအဖွဲ့သည်၊ ဘဏ်၏ခွင့်ပြုထားသော မ,တည်ငွေရင်းကို၊ နိုင်ငံတော် သမတ ၏ သဘောတူညီချက်အရအထူးပြဋ္ဌာန်းချက်ဖြင့် တိုးနိုင်သည်၊ သို့တည်းမဟုတ် လျော့နိုင်သည်။

(၂) ပြည်ထောင်စုအစိုးရသည်၊ သာမန်အစုရှယ်ယာ တသိန်းထည့်ဝင်ရမည်။ ထိုသို့ထည့်ဝင်သည့်ငွေကို၊ ဘဏ်တည်ထောင်သည့်အခါ အပြည့်ထုတ်ပေးရမည်။

(၃) နိုင်ငံတော် သမတ ၏ သဘောတူညီချက်ဖြင့် ဘဏ်ဒါရိုက်တာအဖွဲ့က သတ်မှတ်သည့်အချိန်တွင် သတ်မှတ်သည့်နည်းလမ်းအတိုင်း ငွေအပြည့်ပေးပြီးသော ကျန်အစုရှယ်ယာ လေးသိန်းကိုထုတ်ပေးနိုင်သည်။

(၄) အစုရှင်များ၏ကြွေးမြီတာဝန်ကို ကန့်သတ်ထားသည်။

(၅) မည်သူမဆို၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ နိုင်ငံသားမဟုတ်လျှင်၊ သို့တည်းမဟုတ် မည်သည့်တရားဝင်အဖွဲ့မဆို၊ ၎င်း၏ထည့်ဝင်ပြီး မ,တည်ငွေရင်းအနက် ရာခိုင်နှုန်းခြောက်ဆယ်အောက်လျော့သော ငွေရင်းကိုပြည်ထောင်စုမြန်မာနိုင်ငံ၏ နိုင်ငံသားများပိုင်ဆိုင်လျှင်၊ ထိုသူ၌၊ သို့တည်းမဟုတ် ထိုအဖွဲ့၌၊ ဘဏ်၏အစုရှယ်ယာများကို ပိုင်ဆိုင်ခွင့်မရှိပေရ။

(၆) မည်သူမဆို၊ ပဋိညာဉ်စာချုပ်တခုခုကို ချုပ်ဆိုနိုင်သည့်အရည်အချင်းမရှိသူ၊ ထိုသူ၌ဘဏ်၏အစုရှယ်ယာများကို ပိုင်ဆိုင်ခွင့်မရှိစေရ။

သီးသန့်ဌေး။

၇။ ။(၁) သီးသန့်ရုံပုံငွေကို တည်ထောင်ထားရှိ၍၊ ဘဏ်၏လက်ကျန်ငွေစာရင်းရှင်းတမ်းတွင်၊ ထိုသီးသန့်ရုံပုံငွေကို သီးခြားဖေါ်ပြရမည်။

(၂) ပြည်ထောင်စုအစိုးရသည်၊ အစကနဦးက အစုရှယ်ယာတသိန်းထည့်ဝင်ထားသည့် မ,တည်ငွေရင်း၏ ရာခိုင်နှုန်းနှစ်ဆယ်နှင့်ညီမျှသောငွေကို၊ ထိုသီးသန့်ရုံပုံငွေသို့ ပေးသွင်းရမည်။

(၃) သီးသန့်ရုံပုံငွေမှာ၊ ဘဏ်၏ထည့်ဝင်ပြီး မ,တည်ငွေရင်းအောက် နည်းသွက်ရှိသမျှကာလပတ်လုံး၊ အမြတ်ဝေစုတခုခုကို မထုတ်ပေးမီ၊ ဘဏ်အသားတင်အမြတ်ငွေများ၏ ရာခိုင်နှုန်းနှစ်ဆယ်နှင့် ညီမျှသောငွေကို၊ ထိုသီးသန့်ရုံပုံငွေသို့နှစ်စဉ်သွင်းရမည်။

(၄) ဘဏ်ဒါရိုက်တာအဖွဲ့သည်၊ ပုဒ်မခွဲ (၃) အရ လွှဲပေးရမည့်ငွေအပြင်၊ သီးသန့်ရုံပုံငွေသို့၊ အသားတင်အမြတ်ငွေများထဲမှ လိုအပ်သည်ဟုထင်မြင်သည့်ငွေများကိုလည်း လွှဲပေးနိုင်သည်။

(၅) ၃ခွဲဝေရသေးသည့် အမြတ်ငွေများထဲမှ မကျခံနိုင်သောဘဏ်၏ လုပ်ကိုင်ဆောင်ရွက်မှုများနှင့်စပ်လျဉ်းသည့် အသားတင်ဆုံးရှုံးငွေများကို ကျခံရန်၊ သီးသန့်ရုံပုံငွေကိုသုံးစွဲနိုင်သည်။

အမြတ်ဝေဝုများ။

၈။ ။(၁) ပုဒ်မ ၇၊ ပုဒ်မခွဲ (၃) နှင့် (၄) ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ပြီးနောက်၊ ကျန်ရှိသည့် အသားတင်အမြတ်ငွေများကို၊ ဘဏ်ဒါရိုက်တာအဖွဲ့၏ သဘောအရ အောက်ပါအတိုင်း ခွဲဝေပေးနိုင်သည်။

(က) အစုရှင်များကို လက်ငင်း အမြတ်ဝေစု၊ သို့တည်းမဟုတ် ဆွဲငွေအဖြစ်ဖြင့် ခွဲဝေပေးခြင်း၊ ထို့ပြင်၊ သို့တည်းမဟုတ်

(ခ) အမြတ်ဝေစုများ တည်တည်ဖြစ်စေခြင်းအလို့ငှါ၊ ဘဏ်ဒါရိုက်တာအဖွဲ့ကသင့်သည်ဟု ထင်မြင်သည့် အခြားကိစ္စများအလို့ငှါ၊

အသုံးပြုရန် မခွဲဝေရသေးသော အမြတ်ငွေစာရင်းသို့ လွှဲပေးခြင်း။

(၂) အမြတ်ဝေစုကို၊ သို့တည်းမဟုတ် ဆွဲငွေကို အသားတင်အမြတ်ငွေများထဲမှ သာထုတ်ပေးရမည်။

## အခန်း ၄။

## စီမံအုပ်ချုပ်ခြင်း။

ဘဏ် ဒါရိုက်တာ အဖွဲ့၏ တာဝန်ဝတ်တရားများ။

၉။ ။ဘဏ်၏အာဏာများနှင့် တာဝန်ဝတ်တရားများသည်၊ ဘဏ်ဒါရိုက်တာအဖွဲ့၌တည်ရှိရမည်။ ထို့ပြင်၊ ဘဏ်ဒါရိုက်တာအဖွဲ့၌ဘဏ်၏ လုပ်ငန်းများကို ဆောင်ရွက်ရာတွင်၎င်း၊ စီရင် အုပ်ချုပ်ရာတွင်၎င်း၊ စည်းကမ်းစံနစ်မှုသဘောကိုချမှတ်ရန်နှင့် ကြပ်မတ်ကြည့်ရှုရန် တာဝန်ရှိရမည်။

၁၀။ ။(၁) ဘဏ်ဒါရိုက်တာ အဖွဲ့တွင် အောက်ဖော်ပြပါ ဒါရိုက်တာများ ပါဝင်ရမည်။

ဘဏ် ဒါရိုက် တာ အဖွဲ့ ဖွဲ့စည်းခြင်း။

(က) နိုင်ငံတော် သမတက ခန့်ထား သော ဒါရိုက်တာခြောက်ဦး။

ခြွင်းချက်။ ။သို့ရာတွင် ကိုယ်ပိုင်အစုရှင်များ၌၊ ထည့်ဝင်ပြီး စုစုပေါင်း မ, တည်ငွေရင်း၏ ခြောက်ပုံတပုံနှင့် ညီမျှသော မိမိတို့ပိုင် အစုရှယ်ယာ ပေါင်း စုတစုလျှင်၊ ဒါရိုက်တာတဦးကျ ရွေးကောက် တင်မြှောက် ပိုင်ခွင့်ရှိရမည်။ ထိုသို့ရွေးကောက် တင်မြှောက်သည့်ကိစ္စကို၊ ပုဒ်မ ၂၇ အရ၊ နိုင်ငံတော်သမတက ပြုသည့် နည်းဥပဒေများနှင့် အညီ ဆောင်ရွက်ရမည်။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံတော်ဘဏ်၏အထွေထွေမန်နေဂျာ၊ သို့တည်း မဟုတ် အထွေထွေမန်နေဂျာမရှိလျှင်၊ ဒုတိယအထွေထွေမန်နေဂျာ။

(၂) နိုင်ငံတော်သမတသည်၊ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌကို၊ ဒါရိုက်တာများထဲမှ၊ သုံးနှစ်ထက်မပိုသော သက်တမ်းအတွက် ခန့်ထားရမည့်ပြင်၊ ထိုဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ကို ပြန်လည်ခန့်ထားနိုင်သည်။

(၃) ပုဒ်မခွဲ (၂) တွင် မည်သို့ပင် ပါရှိစေကာမူ၊ ဘဏ်အလုပ်ကိစ္စ အရှိန်ပြည့် ဆောင်ရွက်ရမည့် ဥက္ကဋ္ဌကို၊ နိုင်ငံတော်သမတက မိမိသင့်တော်သည်ဟု သတ်မှတ်သည့် အချိန်ကာလများအတွက် ခန့်ထားနိုင်သည်။ ထိုသို့ခန့်ထားခြင်းခံရသည့် ဥက္ကဋ္ဌသည်၊ ဘဏ်၏ အလုပ်ကိစ္စကိုသာ အချိန်လုံးလုံးပေး၍ ဆောင်ရွက်ရမည်။ ထို့ပြင်၊ နိုင်ငံတော် သမတ၏ သဘောတူညီချက်ဖြင့်၊ ဘဏ်ဒါရိုက်တာအဖွဲ့က သတ်မှတ်သည့် လစာနှင့် စရိတ်ကြေးငွေများကို ဘဏ်မှရရှိရမည့်ပြင်၊ ယင်းသို့သတ်မှတ်သည့် အမှုထမ်းစည်းကမ်း များကိုလည်း လိုက်နာရမည်။ ပုဒ်မ ၂၈ အရ၊ ဘဏ်ဒါရိုက်တာအဖွဲ့က ပြုထားသော စည်းမျဉ်းဥပဒေများတွင် ဆန့်ကျင်သောအချက်များ မရှိပါက၊ ဘဏ်ဒါရိုက်တာအဖွဲ့က လုပ်ဆောင်ခွင့်ရှိသည့် ဘဏ်လုပ်ငန်းအားလုံးကို၊ အဆိုပါ အချိန်ပြည့်ဆောင်ရွက်ရသည့် ဥက္ကဋ္ဌကဆောင်ရွက်ရန်၊ ထိုဥက္ကဋ္ဌ အာဏာလုံးဝရှိစေရမည်။

၁၁။ ။(၁) ပုဒ်မ ၁၀၊ ပုဒ်မခွဲ (၁)၊ အပိုဒ် (ခ) တွင် ဖော်ပြသော ဒါရိုက်တာမှ တပါး၊ အခြားဒါရိုက်တာ အသီးသီးသည် သုံးနှစ်ရာထူးလက်ရှိဖြစ်ရမည်။

ဒါရိုက်တာ များ၏ ရာထူး သက်တမ်း။

ခြွင်းချက်။ ။သို့ရာတွင် ပုဒ်မ ၁၀၊ ပုဒ်မခွဲ (၁)၊ အပိုဒ် (က) အရ၊ ပဌမခန့်ထားပြီးသော ဒါရိုက်တာခြောက်ဦးအနက်၊ နှစ်ဦးသည် တနှစ်ကုန်ဆုံးသည့်အချိန်တွင်၎င်း၊ အခြားနှစ်ဦးသည် နှစ်နှစ်ကုန်ဆုံးသည့်အချိန်တွင်၎င်း၊ ကျန်နှစ်ဦးသည် သုံးနှစ်ကုန်ဆုံးသည့်အချိန်တွင်၎င်း ရာထူးမှထွက်ရမည်ဖြစ်၍၊ တနှစ် ကုန်ဆုံးသည့်အခါ ထွက်ရမည့်ဒါရိုက်တာများနှင့် နှစ်နှစ်ကုန်ဆုံးသည့်အခါ ထွက်ရ မည့် ဒါရိုက်တာများကို မဲချ၍ဆုံးဖြတ်ရမည်။

(၂) ရာထူးမှဗဟိုက်ရသော ဒါရိုက်တာတဦး၌၊ထပ်မံခန့်ထားခြင်းကို၊ သို့တည်း မဟုတ် ထပ်မံရွေးကောက်တင်မြှောက်ခြင်းကို ခံနိုင်ခွင့်ရှိရမည်။

၁၂။ ။အောက်ဖေါ်ပြပါ မည်သူ့ကိုမျှ၊ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (၄)၊ အပိုဒ် (က) အရ၊ ဒါရိုက်တာအဖြစ် ခန့်ထားခြင်း၊ သို့တည်းမဟုတ် ရွေးကောက်တင်မြှောက်ခြင်းမပြုရ။

ဒါရိုက်တာ အဖြစ် ခန့်ထားရန် အတွက် အရည်အချင်းပျက်ယွင်းခြင်း။

(က) ပြည်ထောင်စု အစိုးရ၏၊ သို့တည်းမဟုတ် ပြည်ထောင်စုအဖွဲ့ဝင် အစိုးရ၏၊ သို့တည်းမဟုတ် ဒေသန္တရအဖွဲ့၏၊သို့တည်းမဟုတ် နိုင်ငံတော်လုပ်ငန်းအဖွဲ့၏လခစား ရာထမ်း မှုထမ်း၊ သို့တည်းမဟုတ်

(ခ) ပြည်ထောင်စုလွှတ်တော်အမတ်၊ သို့တည်းမဟုတ်

(ဂ) ကိုယ်ပိုင်ကူးသန်းရောင်းဝယ်ရေးဘဏ်တခုခုမှ ဒါရိုက်တာ၊ သို့တည်းမဟုတ် ရာထမ်း မှုထမ်း၊ သို့တည်းမဟုတ်

(ဃ) လူမဲ့အဖြစ် ဆုံးဖြတ်ကျေညာခြင်းခံရသူ၊ သို့တည်းမဟုတ် ကြွေးမြီပေးဆပ်ခြင်းကို ရပ်ဆိုင်းထားသူ၊ သို့တည်းမဟုတ် မိမိ၏မြှုပ်များနှင့်စေ့စပ်သူ၊ သို့တည်းမဟုတ်

(င) ကိုယ်ပိုင်အစုရှင်များက ရွေးကောက်တင်မြှောက်သူဖြစ်လျှင်၊ဘဏ်တွင် ကြွေးမြီတာဝန်ကင်းသော အစုရှယ်ယာ အနည်းဆုံး တန်ဖိုးကို မပိုင်ဆိုင်သူ၊ သို့တည်းမဟုတ်

(စ) ပြည်ထောင်စုမြန်မာနိုင်ငံ၏ နိုင်ငံသားမဟုတ်သူ။

ခြွင်းချက်။ ။သို့ရာတွင် နိုင်ငံတော် သမတသည်၊ စာဖြင့် အကြောင်းထူးများရေးသားဖေါ်ပြ၍ မည်သူကိုမဆို၊ အပိုဒ် (က) နှင့် (ခ) ၏ ပြဋ္ဌာန်းချက်များမှ ကင်းလွှတ်ခွင့်ပေးနိုင်သည်။

၁၃။ ။ဒါရိုက်တာတဦးသည်—

ဒါရိုက်တာက ရာထူး စွန့်လွှတ်ခြင်း။

(က) ပုဒ်မ ၁၂ တွင် ဖေါ်ပြပါရှိသည့်အတိုင်း အရည်အချင်း ပျက်ယွင်းသည့် အခြေသို့ ကျရောက်ခဲ့လျှင်၊ သို့တည်းမဟုတ်

(ခ) ဘဏ်ဒါရိုက်တာအဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲ၊ ဘဏ်ဒါရိုက်တာအဖွဲ့၏ အစည်းအဝေးကို သုံးလလုံးလုံး ဆက်၍ မတက်ရောက်လျှင်၊ သို့တည်းမဟုတ်

(ဂ) မိမိ၏ တာဝန် ဝတ်တရားများကို ထာဝစဉ် မစွမ်းဆောင်နိုင်လျှင်၊ သို့တည်းမဟုတ်

(ဃ) နိုင်ငံတော်သမတထံသို့ စာဖြင့်ရေးသား၍ မိမိ၏ရာထူးမှ နုတ်ထွက်ခဲ့လျှင်

ဒါရိုက်တာရာထူးမှ ရပ်စဲခဲ့သည်ဟု နိုင်ငံတော်သမတက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ကျေညာရမည်။

၁၄။ ။(၁) နိုင်ငံတော်သမတ သည်၊ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (၁)၊ အပိုဒ် (က) အရ မိမိခန့်ထားသည့် ဒါရိုက်တာတဦးအား၊ ဒါရိုက်တာအဖြစ် ဆက်လက်ဆောင်ရွက်ရန် မယင့်လျော်ဟုယူဆသည့် အခါ၊ ဒါရိုက်တာရာထူးမှထုတ်ပယ်ရမည်။

ဒါရိုက်တာ ရာထူးမှ ထုတ်ပယ်ခြင်း။

(၂) ကိုယ်ပိုင်အစုရှင်များရှိလျှင်၊ထိုကိုယ်ပိုင်အစုရှင်များသည် ပုဒ်မ ၁၀၊ ပုဒ်မခွဲ (၁)၊ အပိုဒ် (က) အရ မိမိတို့ရွေးကောက်တင်မြှောက်ထားသည့် ဒါရိုက်တာတဦးကို သုံးပုံနှစ်ပုံမဲပေးချချမှတ်သည့်အထူးဆုံးဖြတ်ချက်ဖြင့် ရာထူးမှထုတ်ပယ်နိုင်သည်။

လစ်လပ်နေသောရာထူးများ။

၁၅။ ။ဘဏ်ဒါရိုက်တာအဖွဲ့တွင်၊ ဒါရိုက်တာတဦးဦး သေဆုံးသွားခြင်းဖြစ်စေ၊ ရာထူးမှနုတ်ထွက်သွားခြင်းဖြစ်စေ၊ အရည်အချင်း ပျက်ယွင်း၍ ဖြစ်စေ၊ ရာထူးမှထုတ်ပယ်ခြင်းခံရ၍ဖြစ်စေ၊လစ်လပ်နေသော ရာထူး၌ သက်ဆိုင်ရာဒါရိုက်တာ၏ ကျန်ရှိနေသေးသော ရာထူးသက်တမ်းအတွက် အောက်ပါအတိုင်းဖြည့်စွက်ရမည်။

(က) နိုင်ငံတော်သမတ က ခန့်ထားသည့် ဒါရိုက်တာဖြစ်လျှင်၊ နိုင်ငံတော်သမတ က ခန့်ထား၍ဖြည့်စွက်ရမည်။ သို့တည်းမဟုတ်

(ခ) ကိုယ်ပိုင်အစုရှင်များကရွေးကောက်တင်မြှောက်ထားသည့်ဒါရိုက်တာဖြစ်လျှင်၊ ရာထူးလစ်လပ်သည့်နေ့မှစ၍ သုံးလအတွင်း ရွေးကောက်တင်မြှောက်၍ ဖြည့်စွက်ရမည်။

ဒါရိုက်တာများ၏တာဝန်။

၁၆။ ။ဘဏ်မှာနှစ်နာမှု၊ သို့တည်းမဟုတ် ဆုံးရှုံးမှုတခုခုကို ခံရခဲ့သည်ရှိသော်၊ ထိုသို့ခံရသောနစ်နာမှုသည်၊ သို့တည်းမဟုတ် ဆုံးရှုံးမှုသည်၊ သက်ဆိုင်ရာ ဒါရိုက်တာ၏ တာဝန်ဝတ်တရား ပေါ့လျော့မှုကြောင့်သော်၎င်း၊ အကျင့်သိက္ခာပျက်ပြားမှုကြောင့်သော်၎င်း၊ တမင်ပျက်ကွက်မှုကြောင့်သော်၎င်း မဟုတ်လျှင်၊ထိုနစ်နာမှုအတွက်၊ သို့တည်းမဟုတ်ထိုဆုံးရှုံးမှုအတွက်မည်သည့် ဒါရိုက်တာ၌မျှ တာဝန်မရှိစေရ။

အဖွဲ့၏ အစည်းအဝေးများ။

၁၇။ ။(၁) ဘဏ်ဒါရိုက်တာအဖွဲ့၏ အစည်းအဝေးများကို၊ တလလျှင် အနည်းဆုံး နှစ်ကြိမ်ကျ ကျင်းပရမည်။

(၂) ဥက္ကဋ္ဌသည်၊ သို့တည်းမဟုတ် ဥက္ကဋ္ဌမရှိလျှင်၊ ဒုတိယဥက္ကဋ္ဌသည်၊ သို့တည်းမဟုတ် ဒါရိုက်တာနှစ်ဦးသည်၊ မည်သည့်အချိန်ကာလ၌မဆို၊ ဘဏ်ဒါရိုက်တာအဖွဲ့၏အစည်းအဝေးကို ကျင်းပစေနိုင်သည်။

(၃) ဒါရိုက်တာလေးဦးတက်ရောက်လျှင်၊ အစည်းအဝေး အထမြောက်ရမည်။

(၄) ဥက္ကဋ္ဌသည်၊သို့တည်းမဟုတ် ဥက္ကဋ္ဌမရှိလျှင်၊ ဒုတိယဥက္ကဋ္ဌသည်၊ သို့တည်းမဟုတ် နှစ်ဦးစလုံးမရှိလျှင်၊ အစည်းအဝေးတက်ရောက်သည့်ဒါရိုက်တာများက ရွေးကောက်တင်မြှောက်သည့် ဒါရိုက်တာတဦးသည်၊ ဘဏ်ဒါရိုက်တာအဖွဲ့ အစည်းအဝေးများတွင် သဘာပတိအဖြစ်ဆောင်ရွက်၍ မဲအရေအတွက်တူညီနေသောအခါ၊ သဘာပတိ၌ ထပ်ဆင့်မဲ၊ သို့တည်းမဟုတ် အနိုင်မဲ ပေးနိုင်ခွင့်ရှိရမည်။

ဘဏ်အရေးရှိများ။

၁၈။ ။(၁) ဘဏ်ဒါရိုက်တာအဖွဲ့သည်၊ ဘဏ်၏ တာဝန်ဝတ်တရားများ ကျေပွန်အောင်ဆောင်ရွက်ရန် အထွေထွေမန်နေဂျာတဦးနှင့် လိုအပ်သည့်အခြား ရာထမံး မှုထမံးများကို ခန့်ထားရမည်။

(၂) အထွေထွေမန်နေဂျာသည်၊ဘဏ်စီရင်အုပ်ချုပ်မှုနှင့် လုပ်ငန်းဆောင်ရွက်မှုအတွက် တိုက်ရိုက်တာဝန်ခံအုပ်ချုပ်ရေးမှူးဖြစ်ရမည်။

၁၉။ ။ဘဏ်မှာ နစ်နာမှု၊ သို့တည်းမဟုတ် ဆုံးရှုံးမှုတခုခုကို ခံရခဲ့သည်ရှိသော်၊ ထိုသို့ခံရသောနစ်နာမှုသည်၊ သို့ဟုတ်မဟုတ် ဆုံးရှုံးမှုသည်၊ သက်ဆိုင်ရာ ရာဇမ်း မှုထမ်း၏တာဝန်ဝတ်တရား ပေါ်လျော့မှုကြောင့်သော်၎င်း၊ အကျင့်သိက္ခာပျက်ပြားမှုကြောင့် သော်၎င်း၊ တမင်ပျက်ကွက်မှုကြောင့်သော်၎င်း မဟုတ်လျှင်၊ ထိုနစ်နာမှုအတွက်၊ သို့တည်းမဟုတ် ထိုဆုံးရှုံးမှုအတွက် မည်သည့် ရာထမ်း မှုထမ်း၌မျှ တာဝန်မရှိစေရ။

ရာထမ်းမှုထမ်းများ၏ တာဝန်။

## အခန်း ၅။

### ဘဏ်လုပ်ငန်းများ။

၂၀။ ။ပုဒ်မ ၂၁ ပါ ချုပ်ချယ်ချက်များနှင့်မဆန့်ကျင်စေဘဲ၊ ဤပုဒ်မတွင် သီးခြားဖေါ်ပြထားသည့် အလုပ်ကိစ္စအမျိုးမျိုးပါဝင်သော အထွေထွေ ကူးသန်းရောင်းဝယ်ရေး ဘဏ်လုပ်ငန်းများကို ဆောင်ရွက်ရန် ဘဏ်အား အာဏာအပ်နှင်းထားသည်။

ဘဏ်လုပ်ငန်းများ။

(၁) အပ်ငွေများကို ဘဏ်ဒါရိုက်တာအဖွဲ့က ပြဋ္ဌာန်းထားသည့် စည်းကမ်းချက်များအရ လက်ခံရန်။

(၂) အာမခံဖြင့်ဖြစ်စေ၊ အာမခံမရှိဘဲဖြစ်စေ၊ ချေးငွေများနှင့် ထုတ်ပေးငွေများကို ထုတ်ပေးရန်၊ သို့တည်းမဟုတ် စာရင်းရှိငွေထက် ပိုထုတ်ငွေများကိုထုတ်ခွင့်ပြုရန်။

(၃) ပြည်ဖေဆောင်စုမြန်မာနိုင်ငံ အတွင်းတွင်ဖြစ်စေ၊ ပြင်ပတွင်ဖြစ်စေ၊ ငွေထုတ်ပေးရမည့်ငွေပေးအမိန့်လက်မှတ်များနှင့် အခြားစာချုပ်စာတမ်းများကို လက်မှတ်ရေးထိုးရန်၊ လက်ခံရန်၊ လျော့နှုန်းဖြင့်ငွေလဲရန်၊ ဝယ်ယူရန်နှင့်ရောင်းချရန်၊ သို့တည်းမဟုတ် အခြားနည်းဖြင့် နိုင်ငံခြားသုံးငွေများကို ရောင်းဝယ်ဖေါက်ကားရန်။

(၄) ငွေလွှဲစာများကို လက်မှတ်ရေးထိုးရန်နှင့် ယုံကြည်မှုဖြင့် ငွေထုတ်နိုင်စေမည့်စာများ (Letters of Credit) ကို ထုတ်ပေးရန်။

(၅) ပြည်ဖေဆောင်စုအစိုးရက၊ သို့တည်းမဟုတ် ပြည်ဖေဆောင်စုအဖွဲ့ဝင် အစိုးရက၊ သို့တည်းမဟုတ် ပြည်ဖေဆောင်စုအစိုးရဖွဲ့စည်းထားသည့် ပြည်သူ့အာဏာပိုင်အဖွဲ့က ထုတ်သော၊ သို့တည်းမဟုတ် အာမခံသောအပေါင်စာချုပ်များ၊ ဒီဘင်ချာစာချုပ်များ၊ ခံဝန်ချုပ်များနှင့် အခြားငွေချေးသက်သေခံ လက်မှတ်များကိုဝယ်ရန်၊ ရောင်းရန်၊ ရင်းနှီးရန်နှင့် ရောင်းဝယ်ဖေါက်ကားရန်။

"49C. Where any dividend has been paid, credited or distributed or is deemed to have been paid, credited or distributed to any of the persons specified in section 3 who is a shareholder of a company which is assessed to income-tax in the Union of Burma, such person shall, if the dividend is included in his total income, be deemed in respect of such dividend himself to have paid income-tax (exclusive of super-tax) at the rate applicable to the total income of the company for the financial year in which the dividend has been paid, credited or distributed or is deemed to have been paid, credited or distributed on so much of the dividend as bears to the whole the same proportion as the amount of income on which the company is liable to pay income-tax bears to the whole income of the company."

25. In section 50 of the Act, *for* the words "one year" the words "four years" *shall be substituted.*

G.U.B.C.P.O.—No. 139, Min. of J.A., 21-5-54—2,000—II

# ၁၉၅၄ ခုနှစ်၊ ဒိုင်ယာမီကင် (မြန်မာနိုင်ငံ) လီမိတက်၏ ဖြစ်ရည်နှင့်အရက်ချက်လုပ်ငန်းကို ပြည်သူပိုင်ပြုလုပ်ခြင်း အက်ဥပဒေ။

[၁၉၅၄ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၀။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို ၁၉၅၄ ခုနှစ်၊ဒိုင်ယာမီကင် (မြန်မာနိုင်ငံ) လီမိတက်၏ ဖြစ်ရည်နှင့် အရက်ချက်လုပ်ငန်းကို ပြည်သူပိုင်ပြုလုပ်ခြင်း အက်ဥပဒေဟု ခေါ်ရမည်။

(၂) ဤအက်ဥပဒေသည် နိုင်ငံတော်သမတက အမိန့်ကြော်ငြာစာဖြင့်သတ်မှတ်သည့်နေ့တွင် စတင်အာဏာတည်ရမည်။

၂။ ။ဤအက်ဥပဒေတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ မဆန့်ကျင်လျှင် "ကုမ္ပဏီ" ဆိုသည်မှာ ဒိုင်ယာမီကင် (မြန်မာနိုင်ငံ) လီမိတက်ကို ဆိုလိုသည်။

၃။ ။နိုင်ငံတော်သမတမှာ၊အမိန့်ကြော်ငြာစာဖြင့် မိမိသတ်မှတ်သည့်နေ့ရက်တွင် ကုမ္ပဏီဆောင်ရွက်နေသည့် မန္တလေးမြို့ရှိ၊ ဖြစ်ရည်နှင့် အရက်ချက်လုပ်ငန်းများကို ကုမ္ပဏီထံမှ နိုင်ငံဝိုင်အဖြစ်ဖြင့်လွှဲယူရန်အာဏာရှိရမည်။ယင်းသို့လွှဲယူသည့်အခါအဆိုပါနေ့မစ၍ ကုမ္ပဏီပိုင်လုပ်ငန်းအရပ်ရပ်နှင့် ကုမ္ပဏီ၏ လက်ရှိပစ္စည်း အရပ်ရပ်သည်၎င်း၊ ကုမ္ပဏီ၏ ရာထမ်းမှထမ်း အားလုံးသည်၎င်း၊ နိုင်ငံတော်သမတ၏ ကြီးကြပ်အုပ်ချုပ်မှုအောက်သို့ရောက်လာရမည်။

၄။ ။ပုဒ်မ ၃ တွင် ရည်ညွှန်းထားသည့်ရာထမ်းမှထမ်းများအား ကုမ္ပဏီက ပေးသည့်နှုန်းများအတိုင်း လစာနှင့်စရိတ်များပေးလျက်၊ နိုင်ငံတော်သမတ၏ ကြီးကြပ်အုပ်ချုပ်မှုအောက်သို့ရောက်သည့်နေ့မှစ၍ သုံးလအောက်မနည်းသည့် အချိန်ကာလမျှ နိုင်ငံတော်သမတက မိမိ၏လက်အောက်တွင်ဆက်လက်အမှုထမ်းစေရမည်။

၅။ ။(၁) နိုင်ငံတော်သမတသည် ပုဒ်မ ၃ အရ၊ အမိန့် ကြော်ငြာစာဖြင့် မိမိသတ်မှတ်သည့်နေ့နောက်တလအတွင်းဥက္ကဋ္ဌတဦးနှင့်အခြားအဖွဲဝင်နှစ်ဦးပါဝင်သည့် ကော်မရှင်အဖွဲ့တခုကို ခန့်ရမည်။ ထိုကော်မရှင်အဖွဲ့သည် အောက်ပါကိစ္စများကို သတ်မှတ်ဆုံးဖြတ်ရမည်—

(က) ဤအက်ဥပဒေအရ၊ ကုမ္ပဏီသံမှလွှဲယူသည့်ပစ္စည်းများ၏ အကြောင်းအရာများ။

(ခ) ထိုပစ္စည်းများအတွက် ကုမ္ပဏီကို ပေးသင့်သည့်တရားမျှတသောလျော်ကြေးငွေနှင့်

(ဂ) လျော်ကြေးပေးမည့်နည်းလမ်းများ။

(၂) ပုဒ်မခွဲ (၁) အရ၊ လျော်ကြေးကို သတ်မှတ်ဆုံးဖြတ်ရာတွင် ၅၏ အက်ဥပဒေအရ၊ကုမ္ပဏီထံမှ လွဲယူသည့်ပမာဏများ၏မူလတန်ဘိုး၊ယင်းသို့လွဲယူသည့်ခန့် အထိ၊ ထိုပစ္စည်းများဟောင်းနွမ်း၊သို့မဟုတ် ပျက်စီးသည့်အတွက် လျော့သင့်သောကြေး ငွေနှင့် ထိုပစ္စည်းများကို ပြုပြင်သည့်အတွက် ကုန်ကျသည့်စရိတ်၊ သို့တည်းမဟုတ် ပြန် လည်ထူထောင်သည့်အတွက် ကုန်ကျသည့်ကြေးငွေတို့ကို ကော်မရှင်အဖွဲ့က တရားမျှတ သည်ထင်မြင်သည့်အတိုင်း ထည့်သွင်းစဉ်းစားရမည်။

၆။ ။ပုဒ်မ ၅ အရ လျော်ကြေးငွေကိုသတ်မှတ်ဆုံးဖြတ်ရာတွင်၊ ကော်မရှင် အဖွဲ့သည် တရားမကျင့်ထုံး ဥပဒေကို၊ သို့တည်းမဟုတ် အခြားတည်ဆဲဥပဒေ တခုခုကို လိုက်နာရန် မလိုအပ်စေရ။ သို့သော်လည်း ထိုကော်မရှင်အဖွဲ့သည်၊ တရားမျှတစွာ ဆောင်ရွက်ရမည်။

၇။ ။(၁) ကော်မရှင် အဖွဲ့သည် အောက်ပါ ကိစ္စများနှင့် စပ်လျဉ်း၍၊ တရားမကျင့်ထုံးဥပဒေအရ၊ တရားရုံးအားအပ်နှင်းထားသောအာဏာများရှိရမည်—

(က) အကြောင်းအရာများကို ဖွင့်လှစ်ထုတ်ဖော်စေခြင်းနှင့် ကြည့်ရှုစစ်ဆေးခြင်း။

(ခ) သက်သေများကို လာရောက်စေရန် အတင်းအကြပ်ဆင့်ခေါ်ယူခြင်း၊ သက်သေစာရိတ်တင်သွင်းစေရန်ဆင့်ဆိုခြင်း။

(ဂ) စာချုပ်စာတမ်းများကို တင်ပြစေရန်အတင်းအကြပ်ဆင့်ဆိုခြင်း။

(ဃ) သက်သေများကိုကျမ်းသစ္စာဖြင့်စစ်ဆေးခြင်း။

(င) ရွှေ့ဆိုင်းခွင့်ပေးခြင်း။

(စ) ကျမ်းကျိန်လွှာဖြင့်ထွက်ဆိုသော သက်သေထွက်ချက်ကို လက်ခံခြင်း။

(ဆ) သက်သေများကို စစ်ဆေးရန်အာဏာလွှဲအပ်နိုင်မှုများထုတ်ခြင်း။

ထိုမှတပါး ကော်မရှင်အဖွဲ့သည်၊ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၈၀ နှင့် ၄၈၂ တို့၏အဓိပ္ပါယ်အရ တရားမရုံးဖြစ်သည်ဟု မှတ်ယူရမည်။

(၂) ကော်မရှင်အဖွဲ့ဝင်များ ထင်မြင်ယူဆချက် ကွဲလွဲသည့်အခါ၊ ထိုကော်မရှင်အဖွဲ့ဝင် များရာ၏ထင်မြင်ချက်သည် အတည်ဖြစ်ရမည်။

(၃) ကော်မရှင်အဖွဲ့ဝင်တယောက်သည် ကော်မရှင်အဖွဲ့ဝင်အဖြစ် ဖြင့်ဆက်လက်မဆောင်ရွက်နိုင်လျှင်၊ နိုင်ငံတော်သမတသည်၊ ထိုအဖွဲ့ဝင်အစား အခြား သူတယောက်ကိုခန့်ထားရမည်။ ထိုသူကိုကော်မရှင်အဖွဲ့စတင်ဖွဲ့စည်းစဉ်ကပင် အဖွဲ့ဝင် အဖြစ်ခန့်ထားဘိသကဲ့သို့ ကော်မရှင်အဖွဲ့သည်၊ မိမိ၏မှုခင်းကိစ္စများကို ဆက်လက် ဆောင်ရွက်ရမည်။

၈။ ။ကုမ္ပဏီကသော်၎င်း၊ အစိုးရကသော်၎င်း လျော်ကြေးနှင့် စပ်လျဉ်းသည့် ကော်မရှင်အဖွဲ့၏ ဆုံးဖြတ်ချက်ကို ဥပဒေကြောင်းနှင့်ဖြစ်စေ၊ အမှုချင်းရာနှင့်ဖြစ်စေ တရားလွှတ်တော်ချုပ်သို့ အယူခံဝင်နိုင်သည်။

၉။ ။ဤအက်ဥပဒေအရ၊ နိုင်ငံပိုင်ပြုလုပ်သည့်လုပ်ငန်းများကို ဆောင်ရွက်ရန်အလို့ငှါ၊ နိုင်ငံတော်သမတသည် မိမိသင့်လျော်သည်ထင်မြင်လျှင်၊ အမိန့်တရပ်ဖြင့် ဥည်းမျဉ်းသတ်မှတ်လျက် အဖွဲ့တခု ဖွဲ့စည်းနိုင်သည်၊ သို့တည်းမဟုတ် အခြား စီစဉ်မှု ပြုလုပ်နိုင်သည်။

၁၀။ ။(၁) ဤအက်ဥပဒေနှင့်အညီသဘောရိုးဖြင့်ပြုလုပ်သည့်၊ သို့တည်းမဟုတ် ကြံရွယ်ယည့်ဥပဒေအမူ တခုခုအတွက် မည်သူ့ကိုမျှ တရားမမှု၊ ရာဇဝတ်မှု၊ သို့တည်းမဟုတ် အခြားမှုခင်းစွဲဆိုခြင်းမပြုရ၊

(၂) ဤ အက်ဥပဒေတွင် အတိအလင်း ပြဋ္ဌာန်း ထားသည်မှ တပါး၊ ဤအက်ဥပဒေအရ ပြုလုပ်သည့်အပြုအမူအတွက်အစိုးရအားမည်သည့်တရားမမှု၊ သို့တည်းမဟုတ် အခြားမှုခင်းမျှစွဲဆိုခြင်းမပြုရ။

ပုံမှိပ်ခြင်း၊—အမှတ် ၁၄၀၊ တရားရေးဝန်ကြီးဌာန၊ ၂၁-၅-၅၄—၂,၀၀၀—၂။

# ၁၉၅၄ ခုနှစ်၊ ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေး (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၄ ခုနှစ်၊အက်ဥပဒေ အမှတ် ၃၁။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို ၁၉၅၄ ခုနှစ်၊ ဒီမိုကရေစီဒေသန္တရ အုပ်ချုပ်ရေး (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

၂။ ။နောက်တွင်အဆိုပါ အက်ဥပဒေဟု ရည်ညွှန်းသည့် ၁၉၅၃ ခုနှစ်၊ ဒီမိုကရေစီဒေသန္တရ အုပ်ချုပ်ရေးအက်ဥပဒေ၏ ပုဒ်မ ၃ တွင်အပိုဒ် (ဒ) အစား အောက်ပါကို အပိုဒ် (ဒ) အဖြစ်ထည့်သွင်းရမည်။

"(ဒ) 'အတိုင်ပင်ခံအဖွဲ့' ဆိုသည်မှာ၊ ဤအက်ဥပဒေအရဒေသန္တရ အဖွဲ့၏အခွင့် အာဏာများနှင့် လုပ်ငန်းဆောင်တာများကို သုံးစွဲဆောင်ရွက်ရန် ခန့်ထားသောရာထူးအား၊ သို့တည်းမဟုတ် ပုဂ္ဂိုလ်အားအကြံဉာဏ်ပေးရန်ခန့်ထားသည့် အတိုင်ပင်ခံအဖွဲ့ကို ဆိုလိုသည်။"

၃။ ။အဆိုပါအက်ဥပဒေ၏ ပုဒ်မ ၄ တွင် အောက်ပါစာပိုဒ်ကို ထည့်သွင်းရမည်။

"အဆိုပါ ဒေသန္တရအဖွဲ့အသီးသီးသည်၊ နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာ ထုတ်ပြန်ကျေညာ၍၊ သတ်မှတ်သည့်နေ့ရက်မှစ၍ အတည်ဖြစ်စေရမည်။"

၄။ ။အဆိုပါအက်ဥပဒေ၏ ပုဒ်မ ၉ ပုဒ်မခွဲ (၂) တွင် "ထိုယုက်ကွက်သူကို ကျေးရွာတရားရုံးက ကျပ်တဆယ်ထက်မပိုသော ငွေဒဏ်တပ်ရိုက်နိုင်သည်။" ဆိုသည့်စကားရပ်အစား "ထိုယုက်ကွက်သူသည် ကျပ်တဆယ်ထက် မပိုသည့်ငွေဒဏ်ချမှတ်ခြင်းခံရမည်။" ဆိုသည့်ဝါကားရပ်ကိုထည့်သွင်းရမည်။

၅။ ။အဆိုပါအက်ဥပဒေ၏ပုဒ်မ ၁၅၊ ပုဒ်မခွဲ (၃) တွင် "သို့ရာတွင်ရာထူးသက်တမ်းကုန်ဆုံးပြီးသောဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့မှာထပ်မံဆန္ဒမဲရွေးခံနိုင်ခွင့်ရှိသည်။" ဆိုသည့်စကားရပ်ကိုပယ်ဖျက်ရမည်။

၆။ ။အဆိုပါအက်ဥပဒေ၏ ပုဒ်မ ၂၁ ကို ပယ်ဖျက်ရမည်။

၇။ ။အဆိုပါအက်ဥပဒေ၏ပုဒ်မ ၃၇ တွင်—

(က) ပုဒ်မခွဲ (၅) ၏ ခြွင်းချက်၌ "ရာထူး" ဆိုသည့်စကားရပ်အစား "ရာထူးမှထူး" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

(ခ) ပုဒ်မခွဲ (၉)၌ "တရားဥပဒေ" ဆိုသည့် စကားရပ်အစား "ဥပဒေ" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

အဘိုး—၁၅ ပြား။]

၀။ ။အဆိုပါအက်ဥပဒေ၏ပုဒ်မ ၆၄၊ ပုဒ်မခွဲ (၁)၊ အပိုဒ် (၀) အစား အောက်ပါကိုအပိုဒ် (၀) အဖြစ်ထည့်သွင်းရမည်။

"(၀) ငွေဒဏ်နှင့်တွဲ၍ဖြစ်စေ၊ ငွေဒဏ်နှင့်မတွဲဘဲဖြစ်စေ၊ အလုပ်ကြမ်းနှင့်သော်၎င်း၊ အလုပ်မဲ့နှင့်သော်၎င်း၊ တလထက်မပိုသည့် အကျဉ်းဒဏ်။"

၉။ ။အဆိုပါအက်ဥပဒေ၏ပုဒ်မ ၇၀၊ ပုဒ်မခွဲ (၃) တွင် "၍ပုဒ်မခွဲ" ဆိုသည့်စကားရပ်အစား "ပုဒ်မခွဲ (၁) နှင့် (၂)" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၁၀။ ။ဒီအဆိုပါအက်ဥပဒေ၏ အခန်း ၀ အစားအောက်ပါကို အခန်း ၀ အဖြစ်ထည့်သွင်းရမည်။

## "အခန်း ၀။

### အကူးအပြောင်းကာလ ပြဋ္ဌာန်းချက်များ။

ကြားဖြတ်အာဏာပိုင်။

၇၉။ ။(၁) ၍အက်ဥပဒေစတင် အာဏာတည်သည့် ဒေသတွင် ဒေသန္တရအဖွဲ့ ဖွဲ့စည်းခြင်းမရှိသေး ပါက၊ နိုင်ငံတော်သမ္မတ သည်၊ အမိန့်ကြော်ငြာစာ ထုတ်ပြန်ကျေညာ၍၊ ထိုအမိန့်ကြော်ငြာစာတွင် ဖေါ်ပြသည့် ဒေသန္တရအဖွဲ့၏ ၍အက်ဥပဒေအရ ပြဋ္ဌာန်းထားသောလုပ်ငန်း ဆောင်တာအားလုံးကိုသော်၎င်း၊ အချို့ကိုသော်၎င်း၊ ဆောင်ရွက်ရန်အတိုင်ပင်ခံအဖွဲ့ပါလျက် ဖြစ်စေ၊ အတိုင်ပင်ခံအဖွဲ့မပါဘဲ လျက်ဖြစ်စေ၊ အစိုးရရာထမ်းတဦးအား၊ သို့တည်းမဟုတ် အခြားသင့်လျော်သောပုဂ္ဂိုလ်တဦးအား အာဏာအပ်နှင်းနိုင်သည်။

(၂) ပုဒ်မခွဲ (၁) အရ နိုင်ငံတော်သမ္မတ က အာဏာအပ်နှင်းခြင်း ခံရသောအာဏာပိုင်သည် ထိုဒေသအတွက် ဒေသန္တရအဖွဲ့ကို ဖွဲ့စည်းပြီး၍ အတည်ဖြစ်သည့်အချိန်အထိသာ၊ သို့တည်းမဟုတ် နိုင်ငံတော်သမ္မတ က အခြားနည်း အမိန့်ထုတ်ဆင့်သည့်အချိန် အထိသာ မိမိအား အပ်နှင်းထားသောအာဏာများ၊ တာဝန် ဝတ်တရားများနှင့် လုပ်ငန်းဆောင်တာများကို သုံးစွဲဆောင်ရွက် ရမည်။ ထို့ပြင် အတိုင်ပင်ခံအဖွဲ့ရှိလျှင်၊ ထိုအတိုင်ပင်ခံအဖွဲ့ သည်လည်း အဆိုပါအချိန်တွင် ပယ်ဖျက်ပြီးဖြစ်သည်ဟုမှတ်ယူ ရမည်။

မပြီးပြတ်သေးသော အမှုများ။

၀၀။ ။၍အက်ဥပဒေစတင်အာဏာတည်သည့်နေ့၌ မည်သည့်တရားရုံး တွင်မဆို၊ သို့တည်းမဟုတ် မည်သည့်အာဏာ ပိုင်ထံတွင်မဆို၊ ၍အက်ဥပဒေအရ ကျေးရွာ တရားရုံးကဖြစ်စေ၊ သက်ဆိုင်ရာ ဒေသန္တရ အဖွဲ့ကဖြင့်စေ၊ စစ်ဆေးစီရင်ဆောင်ရွက်ပိုင်ခွင့်ရှိသည့်ရာဇဝတ်

မှုသည်၊ သို့တည်းမဟုတ် တရားမမှုသည်၊ သို့တည်းမဟုတ် အခွန်တော်မှုသည် အဆိုပါတရားရုံးတွင်သော်၎င်း၊ အာဏာပိုင်ထံတွင်သော်၎င်း၊ မပြီးမပြတ်သေးပါက ထိုမှုခင်းကိစ္စများကို ထိုတရားရုံးက၊ သို့တည်းမဟုတ် ထိုအာဏာပိုင်ကပြီးပြတ်အောင် ဆက်လက် စစ်ဆေးစီရင်ဆောင်ရွက်ရမည်။

အာဏာဆက်လက် သုံးစွဲခြင်း။

၈၁။ ။ဤအက်ဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ၊ ဤအက်ဥပဒေစတင် အာဏာတည်သည့်နေ့နှင့်ဒေသတွင်မြို့နိုင်စီပါဟ် အက်ဥပဒေအရသော်၎င်း၊ ကျေးလက်ကိုယ်ပိုင် အုပ်ချုပ်ရေး အက်ဥပဒေအရ သော်၎င်း၊ ၁၉၄၆ ခုနှစ်၊ ဒေသန္တရ အဖွဲ့များ (ရပ်ဆိုင်းထားခြင်း) အက်ဥပဒေအရ သော်၎င်း၊ ခန့်အပ်ခြင်းခံရသော၊ သို့တည်းမဟုတ် အာဏာ အပ်နှင်းခြင်းခံရသော ရာထူးမှထမ်း များသည်၊ နိုင်ငံတော်သမ္မတ က အခြားနည်း ဆင့်ဆိုသည့် အချိန်အထိ ၎င်းတို့၏ အာဏာများ၊ တာဝန်ဝတ်တရားများနှင့်လုပ်ငန်း ဆောင်တာများကိုဆက်လက်သုံးစွဲဆောင်ရွက်ရမည်။

လက်ရှိ ဒေသန္တရ အဖွဲ့ နှင့် ထိုအဖွဲ့၏ ရာထူးမှထမ်းများ ရပ်စဲခြင်း။

၈၂။ ။တည်ဆဲအခြားတရား ဥပဒေများတွင် မည်သို့ပင် ပါရှိစေကာမူ၊ ဤအက်ဥပဒေ စတင်အာဏာ တည်သည့် ဒေသတွင်—

(က) ပုဒ်မ ၇၉ အရ ခရိုင်ကောင်စီ အတွက် အာဏာပိုင်ခန့်လျှင်၊ သို့တည်းမဟုတ် ဤအက်ဥပဒေအရ ခရိုင်ကောင်စီဖွဲ့စည်းပြီး၍ အတည်ဖြစ်လျှင်၊ ထိုခရိုင်ရှိ ကျေးလက်ကိုယ်ပိုင်အုပ်ချုပ်ရေး အက်ဥပဒေအရ ဖွဲ့စည်းထားသော အဖွဲ့များသည် ပယ်ဖျက်ပြီးဖြစ်သည့်ပြင်၊ ထိုအဖွဲ့များ၏ အဖွဲ့ဝင်လူကြီးများသည်၊ အဖွဲ့ဝင်လူကြီးများအဖြစ်မှ ရပ်စဲပြီးဖြစ်သည်ဟုဂင်း၊ ၁၉၄၆ ခုနှစ်၊ ဒေသန္တရ အဖွဲ့များ (ရပ်ဆိုင်းထားခြင်း) အက်ဥပဒေအရ ခန့်ထားသည့်အာဏာပိုင်အား၊ အဆိုပါအက်ဥပဒေအရ အပ်နှင်းထားသော အာဏာများသည် ရုပ်သိမ်းပြီးဖြစ်သည်ဟုဂင်း မှတ်ယူရမည်။

(ခ) ပုဒ်မ ၇၉ အရ မြို့မကောင်စီအတွက် အာဏာပိုင်ခန့်လျှင်၊ သို့တည်းမဟုတ် ဤအက်ဥပဒေအရ မြို့မကောင်စီဖွဲ့စည်းပြီး၍အတည်ဖြစ်လျှင်၊ ထိုမြို့မရှိ မြို့နိုင်စီပါဟ် အက်ဥပဒေအရ ဖွဲ့စည်းထားသော အဖွဲ့များသည် ပယ်ဖျက်ပြီး ဖြစ်သည့်ပြင်၊ ထို အဖွဲ့များ၏ အဖွဲ့ဝင် လူကြီးများသည်ဂင်း၊ မြို့များ အက်ဥပဒေအရ ရွေးကောက် ခန့်ထားသော ရပ်ကွက်သူကြီးများနှင့် အကွက်အုပ် များသည်ဂင်း၊ အဆိုပါအဖွဲ့ဝင်လူကြီးအဖြစ်မှ၊ သို့တည်းမဟုတ်ရပ်ကွက်သူကြီးအဖြစ်မှ၊

သို့တည်းမဟုတ် အကွက်အုပ်အဖြစ်မှ ရပ်စဲပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(၈၂) ပုဒ်မ ၇၉ အရ ကျေးရွာ ကောင်စီအတွက် အာဏာပိုင်ခန့်လျှင်၊ သို့တည်းမဟုတ် ဤအက်ဥပဒေအရ ကျေးရွာကောင်စီဖွဲ့စည်းပြီး၍အတည်ဖြစ်လျှင်၊ ထိုကျေးရွာရှိကျေးရွာအက်ဥပဒေအရ ရွေးကောက်ခန့်ထားသော ရွာသူကြီးနှင့် ကျေးရွာကော်မီတီလူကြီးများသည်၊ ထိုကျေးရွာ၏ရွာသူကြီးအဖြစ်မှ၊ သို့တည်းမဟုတ် ကျေးရွာကော်မီတီလူကြီးအဖြစ်မှ ရပ်စဲပြီးဖြစ်သည်ဟု မှတ်ယူရမည်။

လက်ရှိရာထမ်းမှုထမ်းများ၏ ရာထူး အပြောင်းအလဲ။

၁၃။ ။ပုဒ်မ ၀၂ အရ ရပ်သိမ်းပယ်ဖျက်ပြီးဖြစ်သည့် အဖွဲ့များ၏ ရာထမ်း မှုထမ်းများသည်၊ သို့တည်းမဟုတ် ၁၉၄၆ ခုနှစ်၊ ဒေသဆိုင်းရအဖွဲ့များ (ရပ်ဆိုင်းထားခြင်း) အက်ဥပဒေအရ ခန့်ထားသည့် ရာထမ်းမှုထမ်းများသည်၊ ဤအက်ဥပဒေ အရ ဖွဲ့စည်းထားသည့် ဒေသန္တရအဖွဲ့များ၏ ရာထမ်းမှုထမ်းများ အဖြစ် ဆက်လက် အမှုထမ်းခွင့်ရှိစေရမည်။

အခွင့်အရေးနှင့် တာဝန်များ ဆက်ခံခြင်း။

၁၄။ ။(၁) ဤအက်ဥပဒေ စတင်အာဏာတည်သည့် နေ့ရက်နှင့် ဒေသတွင်၊ ပုဒ်မ ၇၉ အရ ခံန့်အပ်ခြင်းခံရသည့် အာဏာပိုင်သည်၊ သို့တည်းမဟုတ် ဤအက်ဥပဒေအရ ဖွဲ့စည်းပြီး၍ အတည်ဖြစ်သည့်ဒေသန္တရအဖွဲ့သည် မြို့နိုစီပါယ်အက်ဥပဒေအရ သော်၎င်း၊ ကျေးလက်ကိုယ်ပိုင် အုပ်ချုပ်ရေး အက်ဥပဒေအရသော်၎င်း၊ ဖွဲ့စည်းထားသောအဖွဲ့၏၊ သို့တည်းမဟုတ် ၁၉၄၆ ခုနှစ်၊ ဒေသန္တရ အဖွဲ့များ (ရပ်ဆိုင်းထားခြင်း) အက်ဥပဒေအရ အာဏာအပ်နှင်းခြင်းခံရသူ၏ အာဏာများ၊ တာဝန်ဝတ်တရားများနှင့် လုပ်ငန်းဆောင်တာများကို နိုင်ငံတော်သမ္မတ က အမိန့်ထုတ်ဆင့်သည့်အတိုင်း ဆက်ခံသုံးစွဲ ဆောင်ရွက်ရမည်။

(၂) ပုဒ်မခွဲ (၁) အရ နိုင်ငံတော်သမ္မတ က အမိန့်ထုတ်ဆင့်သည်နှင့် တပြိုင်နက် မြို့နိုစီပါယ်အက်ဥပဒေအရသော်၎င်း၊ ကျေးလက်ကိုယ်ပိုင်အုပ်ချုပ်ရေး အက်ဥပဒေအရသော်၎င်း၊ ဖွဲ့စည်းထားသည့်အဖွဲ့များ၏၊ သို့တည်းမဟုတ် ၁၉၄၆ ခုနှစ်၊ ဒေသန္တရ အဖွဲ့များ (ရပ်ဆိုင်းထားခြင်း) အက်ဥပဒေအရအာဏာအပ်နှင်းခြင်းခံရသူက ထိန်းသိမ်းအုပ်ချုပ်ခဲ့သည့် အဖွဲ့၏ပစ္စည်း၊ တောင်းဆိုရယူခွင့်များနှင့် ကြွေးမြီတာဝန် အားလုံးသည်၊ ဤအက်ဥပဒေအရ ခန့်အပ်သည့် အာဏာပိုင်တွင်၊ သို့တည်းမဟုတ် ဤအက်ဥပဒေအရ ဖွဲ့စည်းပြီး၍ အတည်ဖြစ်သည့် ဒေသန္တရ အဖွဲ့တွင် တည်ရှိရမည့်ပြင်၊ အဆိုပါအက်ဥပဒေများအရ ဖွဲ့စည်းထားသော အဖွဲ့များကချုပ်ဆိုခဲ့သည့်ပဋိညာဉ်

အားလုံးသည်၊ သို့တည်းမဟုတ် ၁၉၄၆ ခုနှစ်၊ ဒေသန္တရအဖွဲ့များ (ရပ်ဆိုင်းထားခြင်း) အက်ဥပဒေအရ အာဏာအပ်နှင်းခြင်းခံရသူက ထိန်းသိမ်းအုပ်ချုပ်ရသည့် အဖွဲ့အတွက် ချုပ်ဆိုခဲ့သည့်ပဋိညာဉ်အားလုံးသည်၊ ဤအက်ဥပဒေအရ ခန့်အပ်သည့် အာဏာပိုင်က၊ သို့တည်းမဟုတ် ဤအက်ဥပဒေအရ ဖွဲ့စည်းပြီး၍ အတည်ဖြစ်သည့် ဒေသန္တရအဖွဲ့က ချုပ်ဆိုသော ပဋိညာဉ်ဖြစ်သည်ဟု မှတ်ယူရမည်။

၀၅။ ။၁၉၄၉ ခုနှစ်၊ ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေး အက်ဥပဒေ (၁၉၄၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၂၆) ကို ရုပ်သိမ်းခြင်း။ ရုပ်သိမ်းလိုက်သည်။''

၁၁။ ။အဆိုပါအက်ဥပဒေ၏ဇယားတွင် ''ကျေးရွာတရားရုံးက စီရင်ပိုင်ခွင့်ရှိသော ရာဇဝတ်မှုများစာရင်း [ပုဒ်မ ၆၀]'' ဆိုသည့် ခေါင်းစဉ်စကားရပ်အသီးသီးအစား ''ပုဒ်မ ၆၀ အရ ကျေးရွာတရားရုံးက စီရင်ပိုင်ခွင့်ရှိသော ရာဇဝတ်မှုများစာရင်း'' ဆိုသည့်ခေါင်းစဉ်စကားရပ်ကိုထည့်သွင်းရမည်။

## ၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင် မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုအက်ဥပဒေ။

[၁၉၅၄ ခုနှစ်၊ အက်ဥပဒေ အမှတ် ၃၂။]

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို ၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင်မိန်းမများအထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုအက်ဥပဒေဟုခေါ်ရမည်။

၂။ ။ဤအက်ဥပဒေတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ဆွေနွယ်စကားတို့၏အဓိပ္ပါယ်နှင့်ဖြစ်စေ မဆန့်ကျင်လျှင်—

(က) "ဗုဒ္ဓဘာသာဝင်မိန်းမ" ဆိုသည်မှာပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်သည့်ပြင်၊ ဗုဒ္ဓဘာသာ ကိုးကွယ်သောမိန်းမကို၊ သို့တည်းမဟုတ် ဗုဒ္ဓဘာသာကိုးကွယ်သော မိဘတို့မှမွေးဖွါးသောမိန်းမကို ဆိုလိုသည်။

ခြွင်းချက်။ ။သို့ရာတွင် ဗုဒ္ဓဘာသာကိုးကွယ်သော မိဘတို့မှမွေးဖွါးသောမိန်းမတဦးသည်၊ ဤအက်ဥပဒေစတင် အာဏာမတည်မီက အခြားဘာသာတခုခုသို့ အထင်အရှားကူးပြောင်း၍၊ ထိုအခြားဘာသာကိုကိုးကွယ်လျက်ရှိလျှင်၊ ထိုမိန်းမသည်ဗုဒ္ဓဘာသာကိုးကွယ်သော မိဘတို့မှမွေးဖွါးသည်ဟူသော အကြောင်းသက်သက်ကြောင့်ဗုဒ္ဓဘာသာဝင်မိန်းမဖြစ်သည်ဟု မမှတ်ယူရ။

(ခ) "မှတ်ပုံတင်အရာရှိ" ဆိုသည်မှာ၊ ဤအက်ဥပဒေအရထိမ်းမြားမှုမှတ်ပုံတင်အရာရှိကိုဆိုလိုသည်။

၃။ ။(၁) ရွာသူကြီးအားလုံးသည်၊ ဤအက်ဥပဒေအရထိမ်းမြားမှု မှတ်ပုံတင်အရာရှိများဖြစ်ရမည်။ နိုင်ငံတော်သမတသည် မိမိယင်ကော်သည် ထင်မြင်သောပုဂ္ဂိုလ်ကို ရွာသူကြီးမရှိသည့်ဒေသအတွက် ထိမ်းမြားမှုမှတ်ပုံတင်အရာရှိအဖြစ်ခန့်ထားနိုင်သည်။ မှတ်ပုံတင်အရာရှိများအား အကြောင်းကြားစာပုံစံများနှင့် ထိမ်းမြားမှုသက်သေခံမှတ်ပုံစာအုပ်များကို ပေးအပ်ထားရမည်။

(၂) မှတ်ပုံတင်အရာရှိ အားလုံးသည် ပြည်သူ့ဝန်ထမ်းများဖြစ်သည်ဟုမှတ်ယူရမည်။

၄။ ။အခြားတည်ဆဲတရားဥပဒေများတွင်သော်ငင်း၊ တရားဥပဒေကဲ့သို့အာဏာရှိသောဓလေ့ထုံးစံများတွင်သော်ငင်း၊ မည်သို့ပင်ဆန့်ကျင်လျက်ပါရှိစေကာမူ၊ ဤအက်ဥပဒေပါပြဋ္ဌာန်းချက်များသည်၊ ဗုဒ္ဓဘာသာဝင်မိန်းမနှင့်ထိုမိန်းမ၏ ဗုဒ္ဓဘာသာဝင်မဟုတ်သော လင်ယောကျ်ားတိုင်းအပေါ်၌ အာဏာသက်ရောက်ရမည်။

အတိုး—၂၅ ပြား]

၅။ ။လူပျိုဘော်ဝင်ပြီးဖြစ်သည့် ဗုဒ္ဓဘာသာဝင်မဟုတ်သော ယောကျ်ားတဦးနှင့် အသက် ၁၄ နှစ်အောက်မငယ်သည့် ဗုဒ္ဓဘာသာဝင်မိန်းမတဦးတို့သည်၊ ၎င်း အက်ဥပဒေအရထိမ်းမြားနိုင်သည်။ သို့ရာတွင်—

(က) နှစ်ဦးလုံးမှာ စိတ်ပေါ့သွပ်သူများမဖြစ်စေရ။

(ခ) အသက် ၂၀ မပြည့်သေးသည့်မိန်းမဖြစ်လျှင်မိဘ၏သဘောတူချက် ကိုသော်၎င်း၊ မိဘတို့သေဆုံးပါမူ၊ အမှုနှင့်အုပ်ထိန်းသူ၊ သို့တည်း မဟုတ် တရားဥပဒေအရအုပ်ထိန်းသူရှိလျှင်၊ ဂိုအုပ်ထိန်းသူ၏ သဘောတူချက်ကိုသော်၎င်း ရရှိပြီးဖြစ်ရမည်။

(ဂ) မိန်းမမှာ မပြတ်စဲသော တရားဝင်လင်ယောကျ်ားမရှိစေရ။

၆။ ။ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားတဦးနှင့် ဗုဒ္ဓဘာသာဝင်မိန်းမ တဦးထိမ်းမြားရန်ကြိုရွယ်သည့်အခါ၊ မိမိတို့တဦးဦး ၁၄ ရက်ထက်မနည်းနေထိုင်လျက် ရှိသည့် ဒေသဆိုင်ရာမှတ်ပုံတင်အရာရှိထံ ဇယားတွင်ပြဋ္ဌာန်းထားသည့်ပုံစံဖြင့်၊ မိမိတို့ တဦးဦးကအကြောင်းကြားစာပေးပို့နိုင်သည်။ အကြောင်းကြားစာပုံစံကို မှတ်ပုံတင်အရာ ရှိထံတောင်းယူလျှင်ရနိုင်သည်။

၇။ ။ပုဒ်မ ၆ အရ အကြောင်းကြားစာပေးသူသည်၊ အကြောင်းကြားစာတွင် ပြဋ္ဌာန်းထားသည့်ထုတ်ဖေါ်ချက်ကို သက်သေနှစ်ဦးနှင့် ထိမ်းမြားပေးရမည့် မှတ်ပုံတင် အရာရှိတို့ရှေ့တွင် လက်မှတ်ထိုးရမည်။

၈။ ။(၁) မှတ်ပုံတင်အရာရှိသည်—

(က) အကြောင်းကြားစာမိတ္တူတစောင်ကို၊ မိမိ၏ရုံးရှိအများ မြင်သာသည့်နေရာ၌ကပ်ခြင်းဖြင့်၎င်း၊

(ခ) အကြောင်းကြားစာမိတ္တူတစောင်ကို၊ တရားမကျင့်ထုံး ဥပဒေအရသမ္မာန်စာများ၊ သို့တည်းမဟုတ်နို့တစ်စာ များပေးသည့်နည်းလမ်းအတိုင်း၊

(ကက) ဟိမ်းမြားမည့်မိန်းမအသက် ၂၀ မပြည့်သေးလျှင် ထိုမိန်းမ၏မိဘ၊ သို့တည်းမဟုတ်အုပ်ထိန်းသူ ဆိုင်သင့်ရာရာအားပေးခြင်းဖြင့်၎င်း၊

(ခခ) မိန်းမသည် ယောကျ်ားတဦးနှင့် ထိမ်းမြားဘူး လျှင်၊ထိုယောကျ်ားအား ပေးခြင်းဖြင့်၎င်း

အကြောင်းကြားစာကိုကျေညာစေရမည်။

ခြွင်းချက်။ ။သို့ရာတွင် အကြောင်းကြားစာ မိတ္တူပေးခြင်းခံရမည့်သူတဦး တယောက်၏နေရပ်သည်၊ မှတ်ပုံတင်အရာရှိ၏ စီရင်ပိုင်ခွင့်အာဏာနယ်နိမိတ်ပြင်ပတွင် ရှိလျှင်၊ မှတ်ပုံတင်အရာရှိသည် မိတ္တူတစောင်ကို ထိုသူထံစာပို့တိုက်မှ ဂိစ္ဆာတြီပြုလုပ်၍ ဖြစ်စေ၊ လူလွှတ်၍ဖြစ်စေ ပေးပို့နိုင်သည်။

(၂) မှတ်ပုံတင် အရာရှိသည် ပြဋ္ဌာန်းထားသည့်ပုံစံပါ မူလအ ကြောင်းကြားစာအောက်ခြေရှိ သက်သေခံလက်မှတ်တွင် ဆိုင်ရာအကြောင်းအရာများ ကို ရေးသွင်းရမည်။

၉။ ။ထိမ်းမြားရန်ကြိုရွယ်ကြောင်း အကြောင်းကြားစာကို ပုဒ်မ ၆ အရပေး ပြီးနောက် ၁၄ ရက်ကြာသည့်အခါ၊ ၎အက်ဥပဒေတွင် နောက်၌ဖေါ်ပြပါရှိသည့်နည်း လမ်းအတိုင်း ကြိုတင်ကန့်ကွက်ခြင်းမရှိလျှင် မှတ်ပုံတင်အရာရှိက သက်ဆိုင်သူနှစ်ဦးကို ထိမ်းမြားပေးနိုင်သည်။

၁၀။ ။အကြောင်းကြားစာပေးထားသူတို့ထိမ်းမြားလျှင်၊ ပုဒ်မ ၅ တွင် ပြဋ္ဌာန်းထားသည့် စည်းကမ်းတရပ်နှင့်ဖြစ်စေ၊ အများနှင့်ဖြစ်စေ၊ ဆန့်ကျင်မည်ဟူသော အကြောင်းပြချက်ဖြင့် မည်သူမဆို မှတ်ပုံတင်အရာရှိထံလိပ်တပ်လျက် ထိုသူတို့အား ထိမ်းမြားခြင်းမပြုစေရန် စာရေးသားကန့်ကွက်နိုင်သည်။

၁၁။ ။(၁) ကန့်ကွက်လွှာရရှိသောအခါ မှတ်ပုံတင်အရာရှိသည်၊ကန့်ကွက် သူအားစီရင်ပိုင်ခွင့်အာဏာရ တရားရုံးသို့ညွှန်ရမည့်ပြင် ထိမ်းမြားခြင်းကိုလည်းထိုအခါ၌ ထိုဒေသရုံးဖွင့်လှစ်လျက်ရှိလျှင်၊ ၁၄ ရက်မျှရွှေ့ဆိုင်းထားရမည်။ ဖွင့်လှစ်လျက်မရှိလျှင် ဤတရားရုံးဖွင့်လှစ်သည့်နေ့မှ ၁၄ ရက်မျှရွှေ့ဆိုင်းထားရမည်။ သို့ရာတွင်မှတ်ပုံတင်အရာ ရှိသည် ကန့်ကွက်သူကပျောက်ထားသည့်အခါ လုံလောက်သောအကြောင်းတရပ်ရပ် ရှိသည်ဟုထင်မြင်လျှင် ထိုသို့ထိမ်းမြားခြင်းကို နောက်ထပ် ၁၄ ရက်ထက်မပိုသော ကာလမျှ ထပ်မံ ရွှေ့ဆိုင်းနိုင်သည်။

(၂) ပုဒ်မခွဲ (၁) အရ စီရင်ပိုင်ခွင့်အာဏာရတရားရုံးသည်၊မှတ်ပုံ တင်အရာရှိ၏ရုံးတည်ရှိရာဒေသတွင်စီရင်ပိုင်ခွင့်ရှိသည့်မြို့နယ်တရားမတရားရုံး၊ သို့တည်း မဟုတ် ရန်ကုန်မြို့တော်တရားမရုံး ဖြစ်စေရမည်။

၁၂။ ။(၁) အကြောင်းကြားစာပေးထားသူတို့၌၊ ပုဒ်မ ၅ အရ၊ ထိမ်းမြား နိုင်ခွင့်ရှိမှုအမိန့်ချမှတ်ရန်၊ စီရင်ပိုင်ခွင့်အာဏာရတရားရုံးသို့ကန့်ကွက်သူက လျှောက် လွှာကင်သွင်းနိုင်သည်။

(၂) တရားရုံးက ထိုလျှောက်လွှာရရှိကြောင်း သက်သေခံလက် မှတ်တစောင်ကို လျှောက်ထားသူအား ပေးရမည်။

(၃) (က) တရားရုံးကပေးသည့် သက်သေခံလက်မှတ်ကို မှတ်ပုံ တင်အရာရှိထံ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (၁) အရ၊ ထိုအရာရှိခွင့်ပြုထားသည့်အချိန်ကာလအ ပြင်းတင်သွင်းလျှင်၊အကြောင်းကြားစာပေးထားသူတို့၌ ပုဒ်မ ၅ အရ၊ထိမ်းမြားနိုင်ခွင့် ရှိသည်ဟူသောအမိန့်ကို တရားရုံးမှ မရသမျှကာလပတ်လုံးထိုသူတို့ကိုထိမ်းမြားမပေးရ။

(ခ) ထိုသက်သေခံလက်မှတ်ကို မှတ်ပုံတင်အရာရှိထံ ထို အရာရှိခွင့်ပြုထားသည့်အချိန်ကာလအတွင်း မတင်သွင်းလျှင်၊ မှတ်ပုံတင်အရာရှိသည် သက်ဆိုင်သူနှစ်ဦးကထိမ်းမြားလိုမူ ထိမ်းမြားပေးရမည်။

(၄) တရားရုံးသည် လျှောက်လွှာတွင်ပါရှိသည့် အချက်အများကို ထင်း၊နှစ်ဘက်အမှုသည်များတင်ပြသည့်သက်သေခံချက်ကိုထင်း၊အကျဉ်းချုပ်နည်းဖြင့်စစ် ဆေးကြားနာပြီးနောက်၊ထိုသူနှစ်ဦး၌ ပုဒ်မ ၅ အရ၊ထိမ်းမြားနိုင်ခွင့် ရှိမရှိဆုံးဖြတ်ရမည့် ပြင် ထိုသို့ဆုံးဖြတ်သည့်အတိုင်းလည်း အမိန့်ချမှတ်ရမည်။ ထိုအမိန့်သည် အပြီးသတ်ဖြစ် ရမည်။

(၅) တရားရုံးသည်၊ မိမိချမှတ်သော်အမိန့်၏ မိတ္တူတစောင်ကို မှတ်ပုံတင်အရာရှိထံ ချက်ခြင်းပို့ရမည်။

(၆) (က) ထိုသူနှစ်ဦးနှင့် ပုဒ်မ ၅ အရ၊ ထိမ်းမြားနှိုင်ခွင့်ရှိသည်ဟု တရားရုံးက အဓိန္ဌာန်ချမှတ်လျှင်၊ မှတ်ပုံတင်အရာရှိသည် ထိုသူတို့က ထိမ်းမြားလိုမှု ထိမ်းမြားပေးရမည်။

(ခ) ထိုသူနှစ်ဦးနှင့် ပုဒ်မ ၅ အရ၊ထိမ်းမြားနိုင်ခွင့်မရှိဟု တရားရုံးက အဓိန္ဌာန်ချမှတ်လျှင်၊မှတ်ပုံတင်အရာရှိသည် ထိမ်းမြားမပေးရ။

၁၃။ ။ကန့်ကွက်ခြင်းသည် မသင့်လျော်သည့်အပြင်၊ သဘောရိုးနှင့်ကန့် ကွက်ခြင်းလည်းမဟုတ်ဟု ပုဒ်မ ၁၂ အရ၊ လျှောက်လွှာတင်သွင်းရာ တရားရုံးက ထင်မြင်လျှင် ၅၀၀ ထက်မပိုသည့်လျော်ကြေးငွေကို လျှောက်ထားသူက ထိမ်းမြားမည့် သူနှစ်ဦးအား ပေးစေရန် စီရင်နိုင်သည်။

၁၄။ ။ဤအက်ဥပဒေအရ၊ ထိမ်းမြားခြင်းကို သဘောတူချက် ပေးရမည့် သူသည် စိတ်ပေါ့သွပ်နေလျှင်၊ သို့တည်းမဟုတ် ထိုသို့သဘောတူချက် ပေးရမည့်သူ (မိဘမှတပါး) သည် လုံလောက်သောအကြောင်းမရှိဘဲ ထိမ်းမြားခြင်းကို သဘောကူ ချက်မပေးလျှင် ထိမ်းမြားလိုသူတို့သည် စီရင်ပိုင်ခွင့်အာဏာရတရားရုံးသို့ လျှောက်လွှာ ဖြင့် လျှောက်ထားနိုင်သည်။

ထိုတရားရုံးသည်လျှောက်လွှာပါအချက်များကို အကျင့်းချုပ်နည်းဖြင့် စစ်ဆေး နိုင်သည်။

ထို့ပြင် စစ်ဆေးသောအခါ၊ ထိုသူတို့၌ ပုဒ်မ ၅ အရ၊ ထိမ်းမြားနိုင်ခွင့်ရှိသည် ဟုထင်မြင်လျှင်၊ ထိမ်းမြားနိုင်ကြောင်းကို တရားရုံးကကျေညာရမည်။

ထိုကျေညာချက်သည် သဘောတူချက်ပေးရမည့်သူက သဘောတူချက်ပေးပြီး ဖြစ်ဘိသကဲ့သို့ အကျိုးသက်ရောက်ရမည်။

၁၅။ ။ပုဒ်မ ၉၊ ၁၂၊ ၁၄ တခုခုအရ၊ ထိမ်းမြားသောအခါ၊ မှတ်ပုံတင် အရာရှိသည် သက်သေနှစ်ဦးရှေ့တွင် သက်ဆိုင်သူတို့ကိုထိမ်းမြားပေးရမည်။ ထိုသက် သေတို့သည် ပုဒ်မ ၆ တွင်ရည်ညွှန်းထားသည့်ထိမ်းမြားမှု သက်သေခံမှတ်ပုံစာအုပ်တွင် အသိသက်သေအဖြစ် လက်မှတ်ထိုးရမည်။ ထိမ်းမြားခြင်းကို မည်သည့်နည်းဖြင့်မဆို ဆောင်ရွက်နိုင်သည်။ သို့ရာတွင် ထိမ်းမြားမည့်သူများသည် မှတ်ပုံတင်အရာရှိနှင့် သက်သေများရှေ့တွင်၊ ထိုသူတို့ကြားလောက်အောင် ‘‘ကျွန်ုပ်တို့သည် တရားဝင် လင်မယားအဖြစ် ပေါင်းဖက်ပါမည် ’’ ဟူ၍ပြောဆိုရမည်။

၁၆။ ။အထက်ပါအတိုင်း ထိမ်းမြားပြီးသည့်အခါ၊ မှတ်ပုံတင်အရာရှိသည် သက်ဆိုင်သောအကြောင်းအရာများကို ‘‘ထိမ်းမြားမှုသက်သေခံမှတ်ပုံစာအုပ် ’’ ဟု ခေါ်တွင်သည့်မှတ်ပုံစာအုပ်၌၊ မူရင်းထပ်တူလေးစောင်ရေးသွင်းရမည်။ ထိုမှတ်ပုံစာအုပ် သည် ဤအက်ဥပဒေတွင်ပူးတွဲထားသည့် ဇယားပါပုံစံအတိုင်းဖြစ်စေရမည့်ပြင်၊ ထိုမှတ်ပုံ စာအုပ်တွင် ထိမ်းမြားသူတို့ကငင်း၊ သက်သေတို့ကငင်း၊ မှတ်ပုံတင်အရာရှိကငင်း၊ လက်မှတ်ထိုးရမည်။

၁၇။ ။(၁) မှတ်ပုံတင်အရာရှိသည်၊ သက်သေခံလက်မှတ် တစောင်ကို လင်အား၊ အခြားတစောင်ကိုမယားအား ပေးအပ်ရမည်။ အကယ်၍မယားသည် အသက် ၂၀ မပြည့်သေးလျှင် သူ၏မိဘအား၊ သို့တည်းမဟုတ် အုပ်ထိန်းသူအား

ပေးအပ်ရမည်။ တတိယတစောင်ကို ပုဒ်မခွဲ (၂) နှင့်အညီခရိုင်ဝန်ထံပို့၍ စတုတ္ထတစောင်ကိုသိမ်းထားရမည်။

(၂) မှတ်ပုံတင်အရာရှိသည်၊ ပုဒ်မ ၆ အရ၊ အကြောင်းကြားစာရရှိလျှင်၊ ထိုအကြောင်းကြားစာကိုငင်း၊ ထိမ်းမြားမှု သက်သေခံလက်မှတ် တစောင်ကိုငင်း၊ ထိမ်းမြားခြင်းဆိုင်ရာ အခြားစာတမ်းအမှတ်အသားအရပ်ရပ်ကိုငင်း၊ သိမ်းမြားသည့် နေ့မှရက်သတ္တတပတ်အတွင်း ဆိုင်ရာခရိုင်ဝန်ထံသို့ မြို့နယ်အရာရှိမှတဆင့်ပို့ရမည်။ ကိုပြင် ဆိုခဲ့သည့်ဘာတမ်းအမှတ်အသားများကို ထိမ်းမြားမှုဆိုင်ရာမှတ်ပုံစာအုပ်တွင် တွဲထားရမည့်ပြင်၊ ခရိုင်ဝန်ရုံးတွင် အမြဲသိမ်းထားရမည်။

၁၈။ ။ထိမ်းမြားမှုသက်သေခံမှတ်ပုံစာအုပ်နှင့် ထိမ်းမြားခြင်းဆိုင်ရာအခြားစာတမ်းအမှတ်အသားများကိုသင့်တော်သည့်အခါများ၌ ကြည့်ရှုခွင့်ပြုရမည့်ပြင်၊ ထိုစာတမ်းအမှတ်အသားများ၏ တာဝန်ခံမိတ္တူများကို ရလိုကြောင်းလျှောက်ထားသည့်အခါ၊ ခရိုင်ဝန်သည် နိုင်ငံတော်သမတ သတ်မှတ်ထားသည့်နှုန်းအတိုင်း အခကြေးကို မိမိအားလျှောက်ထားသူကပေးဆောင်လျှင် ထုတ်ပေးရမည်။

၁၉။ ။ဤအက်ဥပဒေအရ၊ ထိမ်းမြားခြင်းနှင့်ဆိုင်သည့် စာတမ်းအမှတ်အသားများ၏တာဝန်ခံမိတ္တူများတွင် ပါရှိသည့်အကြောင်းအရာများသည် မှန်သည်ဟု သက်သေခံအဖြစ် လက်ခံရမည်။ နောက်ထပ်သက်သေထင်ရှားပြရန်မလို။

၂၀။ ။(၁) ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားတဦးနှင့် ဗုဒ္ဓဘာသာဝင်မိန်းမတဦးတို့ပေါင်းဖက်နေထိုင်ပြုမူကြုံသည် အကယ်၍ထိုသူနှစ်ဦးလုံး ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးချည်းဖြစ်ခဲ့သော်၊ ဗုဒ္ဓဘာသာဓမ္မသတ်အရ၊ လင်မယားအရာမြောက်မည့်ပေါင်းဖက်နေထိုင် ပြုမူကြုံမျိုးဖြစ်လျှင်၊ ထိုသူတို့သည် ထိုသို့ပေါင်းဖက်စကပင် ထိမ်းမြားခဲ့ကြသည်ဟုမှတ်ယူရမည့်ပြင်၊ ထိုသူတို့သည် ဤအက်ဥပဒေအရ၊ ထိမ်းမြားခဲ့ကြသည်ဟုလည်း မှတ်ယူရမည်။

(၂) ထိုလင်မယားသည် စတင်ပေါင်းဖက်သည့်နေ့မှစ၍ မည်သည့်အခါတွင်မဆို၊ ဤအက်ဥပဒေအရ မှတ်ပုံတင်ရန် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။ ထိုအခါ မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၁၅ အရ လိုအပ်သည့်အတိုင်း၊ ထိုသူတို့ကို မိမိကထိမ်းမြားပေးဘိသကဲ့သို့ ပုဒ်မ ၁၆ နှင့် ၁၇ တွင်သတ်မှတ်ထားသည့်အတိုင်း ဆောင်ရွက်ရမည်။

(၃) ဤပုဒ်မပါပြဋ္ဌာန်းချက်များသည်၊ ပုဒ်မခွဲ (၁) ၌ဖော်ပြထားသည့်ပေါင်းဖက်နေထိုင်ပြုမူကြုံမျိုးဖြင့်၊ ဤအက်ဥပဒေ စတင်အာဏာမတည်မီခြောက်လကာလအပိုင်းအခြားအတွင်း မည်သည့်အခါတွင်မဆို၊ ပေါင်းဖက်လျက်ရှိသည့် ဗုဒ္ဓဘာသာဝင်မိန်းမနှင့် ဗုဒ္ဓဘာသာဝင်မဟုတ်သည့်ယောကျ်ားတိုင်း အပေါ်၌ အာဏာသက်ရောက်ရမည်။

၂၁။ ။(၁) ဗုဒ္ဓဘာသာဝင်မိန်းမတဦးနှင့် ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားတဦးတို့သည် မိမိတို့၏ထိမ်းမြားခြင်းကို မှတ်ပုံမတင်ဘဲ ပေါင်းဖက်လျက်ရှိလျှင်၊ ထိုအကြောင်းကို၊ ထိုမိန်းမ နေထိုင်ရာဒေသတွင် စီရင်ပိုင်ခွင့်အာဏာရှိသည့် မှတ်ပုံတင်အရာရှိထံ၊ ထိုမိန်းမကဖြစ်စေ၊ ထိုမိန်းမ၏အမိက၊ သို့တည်းမဟုတ်အဘက်၊ သို့တည်းမဟုတ်အုပ်ထိန်းသူကဖြစ်စေ၊ အခြား ဆွေမျိုးတော်စပ်သူ တဦးဦးကဖြစ်စေ၊

သတင်းပေးနိုင်သည်။ မှတ်ပုံတင်အရာရှိသည်၊ သတင်းပေးချက်ကို ရေးမှတ်ထားရမည်။ သို့တည်းမဟုတ်ရေးမှတ်ထားစေရမည်။ ထို့ပြင် ထိုသို့ရေးမှတ်ထားသည့်သတင်းပေးချက်အားလုံးကို သတင်းပေးသူက လက်မှတ်ထိုးရမည်။

(၂) ထိုနောက် မှတ်ပုံတင်အရာရှိသည်၊ ထိုပုဒ္ဓဘာသာဝင် မိန်းမနှင့်ဗုဒ္ဓဘာသာပင်မဟုတ်သည့်ယောကျ်ားတို့ကို မိမိချိန်းဆိုသည့်နေ့ရက်တွင် မိမိထံလာရောက်ရန် ဆင့်ခေါ်ရမည်။ ထိုသူနှစ်ဦးလုံးက မိမိတို့၏ထိမ်းမြားခြင်းကို မှတ်ပုံတင်လိုလျှင်၊ မှတ်ပုံတင်အရာရှိသည်၊ ပုဒ်မ ၁၅ အရ၊ လိုအပ်သည့်အတိုင်း ထိုသူတို့ကို မိမိကထိမ်းမြားပေးဘိသကဲ့သို့၊ ပုဒ်မ ၁၆ နှင့် ၁၇ တွင်သတ်မှတ်ထားသည့်အတိုင်း ဆောင်ရွက်ရမည်။ အကယ်၍တဦးဦးကဖြစ်စေ၊ နှစ်ဦးလုံးကဖြစ်စေ၊ မိမိတို့၏ထိမ်းမြားခြင်းကို မှတ်ပုံမတင်လိုလျှင်၊ သို့တည်းမဟုတ် မလာရောက်လျှင်၊ မှတ်ပုံတင်အရာရှိသည်၊ ပုဒ်မ ၁၁ တွင်ရည်ညွှန်းထားသည့်စီရင်ပိုင်ခွင့်အာဏာရတရားရုံးသို့ ရေးမှတ်ထားသည့် သတင်းပေးချက်နှင့်တကွအစီရင်ခံစာပေးပို့ရမည်။

(၃) အခြားတည်ဆဲတရားဥပဒေများတွင် မည်သို့ပင်ပါရှိစေကာမူ၊ ထိုတရားရုံးသည်၊ အစီရင်ခံစာရရှိသောအခါ၊ ထိုအမှုသည် နည်းလမ်းတကျစွဲဆိုသည့် တရားမမှုဖြစ်ဘိသကဲ့သို့ ပုဒ်မခွဲ (၄) တွင်ဖော်ပြထားသည့်နှစ်ဘက်အမှုသည်များကိုငင်း၊ ထိုသူတို့တင်ပြသည့်သက်သေခံချက်ကိုငင်း၊ အကျဉ်းချုပ်နည်းအားဖြင့်စစ်ဆေးကြားနာပြီးနောက်၊ ထိုမိန်းမနှင့်ထိုယောကျ်ားတို့သည်၊ ပုဒ်မ ၂၀၊ ပုဒ်မခွဲ (၁) ၏ အဓိပ္ပါယ်အရ၊ လင်မယားဟုတ်မဟုတ်ဆုံးဖြတ်ရမည့်ပြင်၊ ဆုံးဖြတ်သည့်အတိုင်း အမိန့်ချမှတ်ရမည်။ တရားရုံးသည် စရိတ်နှင့်စပ်လျဉ်း၍ မိမိသင့်တော်သည်ထင်မြင်သည့်အမိန့်ကို ချမှတ်နိုင်သည်။

(၄) (က) တဦးဦးက ထိမ်းမြားခြင်းကိုမှတ်ပုံမတင်လိုသည့်အမှုတွင်မှတ်ပုံတင်လိုသူအား တရားလိုဟူ၍ငင်း၊ မှတ်ပုံမတင်လိုသူအား တရားခံဟူ၍ငင်း မှတ်ယူရမည်။

(ခ) နှစ်ဦးလုံးက ထိမ်းမြားခြင်းကို မှတ်ပုံမတင်လိုသည့်အမှုတွင်ဆိုင်ရာသတင်းပေးသူအား တရားလိုဟူ၍ငင်း၊ မှတ်ပုံမတင်လိုသူနှစ်ဦးစလုံးအား တရားခံဟူ၍ငင်း မှတ်ယူရမည်။

(၅) တရားရုံးသည်၊ မိမိချမှတ်သောအမိန့်၏ မိတ္တူတစောင်ကို မှတ်ပုံတင်အရာရှိထံသို့ ချက်ခြင်းပေးပို့ရမည်။

(၆) တရားရုံးက ထိုယောကျ်ားနှင့်မိန်းမတို့သည် ပုဒ်မ ၂၀၊ ပုဒ်မခွဲ (၁) ၏အဓိပ္ပါယ်အရ၊ လင်မယားဖြစ်သည်ဟုဆုံးဖြတ်လျှင် မှတ်ပုံတင်အရာရှိသည်၊ ထိုတရားရုံး၏အမိန့်အတိုင်း သိမ်းမြားမှုသက်သေခံမှတ်ပုံစာအုပ်တွင် လိုအပ်သည့်ပြင်ဆင်ချက်များပြု၍၊ ထိုမှတ်ပုံစာအုပ်တွင် သက်ဆိုင်သည့်အကြောင်းအရာများကို မူရင်းထပ်တူလေးစောင်ရေးသွင်းရမည်။ ထို့ပြင် မှတ်ပုံတင်အရာရှိသည်၊ ထိုမှတ်ပုံစာအုပ်တွင် လက်မှတ်ထိုးပြီးနောက် ပုဒ်မ ၁၇ တွင်သတ်မှတ်ထားသည့်အတိုင်းဆောင်ရွက်ရမည်။

(၇) မြို့နယ်တရားမတရားရုံးမှချမှတ်သောအမိန့်ကို၊ ထိုရုံးတည်ရှိရာဒေသတွင် စီရင်ပိုင်ခွင့်ရှိသည့်ခရိုင်တရားမရုံး၌ အယူခံဝင်ခွင့်ရှိစေရမည်။ ရန်ကုန်မြို့တော်တရားမရုံးမှချမှတ်သောအမိန့်ကို၊ တရားလွှတ်တော်၌ အယူခံဝင်ခွင့်ရှိစေရမည်။ အယူခံမှုတွင် ခရိုင်တရားမရုံးက၊ သို့တည်းမဟုတ် တရားလွှတ်တော်က ချမှတ်သောအမိန့်သည် အပြီးသတ်ဖြစ်ရမည်။

၂၂။ ။ဗုဒ္ဓဘာသာဝင်မဟုတ်သည့်ယောကျ်ားက၊ ဗုဒ္ဓဘာသာဝင်မိန်းမကို ထိမ်းမြားရန် ကတိပြုလျှင်၊ ထိုယောကျ်ားသည် ထိုမိန်းမကို ၌အက်ဥပဒေအရ ထိမ်းမြားရန် ကတိပြုသည်ဟု မှတ်ယူရမည်။

၂၃။ ။ဟိန္ဒူဘာသာ၊ ဆိ(ခ်)ဘာသာ၊ ဂျိန္နဘာသာတရပ်ရပ်ကိုကိုးကွယ်သော ပစ္စည်းမဲ့ဝေရသေးသည့် အိမ်ထောင်သားစုဝင်တဦးတယောကျ်သည်၊ ဗုဒ္ဓဘာသာဝင်မိန်းမနှင့်၌အက်ဥပဒေအရ ထိမ်းမြားလျှင်၊ သို့တည်းမဟုတ် ထိမ်းမြားခဲ့သည်ဟု မှတ်ယူခြင်းခံရလျှင်၊ ထိုသူသည် ထိုအိမ်ထောင်သားစုမှခွဲခွါပြီဟု မှတ်ယူရမည်။ ထို့ပြင် ပစ္စည်းခွဲဝေခြင်းမပြုမီ၊ ထိုသူသေဆုံးလျှင်၊ ထိုသူပိုင်သည့်ဆိုင်ရာဆိုင်ခွင့်သည်၊ ထိုသူ၏မယားနှင့်သားသမီးများသို့ သက်ရောက်ရမည်။

၂၄။ ။(၁) ၌အက်ဥပဒေအရ ထိမ်းမြားသူတို့၏၊ သို့တည်းမဟုတ်ထိမ်းမြားခဲ့သည်ဟု မှတ်ယူခြင်းခံရသူတို့၏ ပစ္စည်းပိုင်ဆိုင်ခွင့်နှင့် စပ်လျဉ်းသောကိစ္စအားလုံးကို၊ ထိုသူတို့နှင့်ထိုသူတို့၏မိသားစုအားလုံးသည် ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးချည်းဖြစ်ဘိသကဲ့သို့၊ ဗုဒ္ဓဘာသာဓမ္မသတ်အတိုင်း ဆုံးဖြတ်ရမည်။

(၂) ၌ပုဒ်မနှင့်ပုဒ်မ ၂၆ ပါ ကိစ္စများအလို့ငှါ "မိသားစု" ဆိုသည့်စကားရပ်တွင် တရားဝင်လင်၊ တရားဝင်မယား၊ သို့တည်းမဟုတ် မယားများနှင့်တရားဝင်သားသမီးများ ပါဝင်သည်။

၂၅။ ။(၁) လင်မယားကွာရှင်းမှုကိစ္စ၊ ပစ္စည်းခွဲဝေမှုကိစ္စ၊ သားသမီးထိန်းသိမ်းမှု ကိစ္စတို့ဆိုင်ရာ ဗုဒ္ဓဘာသာဓမ္မသတ်၏ ပြဋ္ဌာန်းချက်များသည်၊ ၌အက်ဥပဒေအရ ထိမ်းမြားကြသူတို့အပေါ်သို့၊ သို့တည်းမဟုတ်ထိမ်းမြားခဲ့ကြသည်ဟု မှတ်ယူခြင်းခံရသူတို့ဒေသပေါ်သို့၊ ထိုသူတို့သည် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးချည်း ဖြစ်ဘိသကဲ့သို့ အာဏာသက်ရောက်ရမည်။

ခြွင်းချက်။ ။သို့ရာတွင်၊ တရားဥပဒေကဲ့သို့ အာဏာရှိသော ဘာသာရေးဓလေ့ထုံးစံတခုခုကဖြစ်စေ၊ ထိုသို့သောဘာသာရေးဓလေ့ထုံးစံကို အကျိုးသက်ရောက်စေသည့် တရားဥပဒေတခုခုကဖြစ်စေ၊ ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားတဦးအား ဗုဒ္ဓဘာသာဝင်မိန်းမတဦးနှင့် လင်မယားအဖြစ် ပေါင်းဖက်နေခြင်းကို ခွင့်ပြုသည့်အကြောင်းကြောင့်၊ ထိုယောကျ်ားက ထိုမိန်းမကို ကွာရှင်းလိုလျှင် ကွာရှင်းနိုင်သည်။ ထိုအကြောင်းကြောင့် ထိုယောကျ်ားက ထိုမိန်းမကို ကွာရှင်းလျှင်၊ သို့တည်းမဟုတ် စွန့်ခွါလျှင်၊ သို့တည်းမဟုတ် ကိုယ်ထိလက်ရောက်ညှဉ်းပန်းနှိပ်စက်ရာရောက်သည်ဖြစ်စေ၊ မရောက်သည်ဖြစ်စေ၊ ရက်စက်သည့်အပြုအမူအားဖြင့် စိတ်ဆင်းရဲအောင်ပြုလျှင်၊ အဆိုပါဓလေ့ထုံးစံက၊ သို့တည်းမဟုတ် တရားဥပဒေက မည်သို့ပင် ဆိုစေကာမူ—

(က) ထိုယောကျ်ားသည်၊ နှစ်ဦးပိုင် ပစ္စည်းများမှ မိမိရထိုက်သောအစုကို စွန့်လွှတ်ရမည့်ပြင်၊ ဗုဒ္ဓဘာသာဝင် မိန်းမအားလျော်ကြေးပေးရမည်။

(ခ) ဗုဒ္ဓဘာသာဝင်မိန်းမသည်၊ သားသမီးအားလုံး ထိန်းသိမ်းခွင့်ကို ရရှိရမည်။ ထို့ပြင်

(ဂ) ထိုသူသည် အရွယ်မရောက်သေးသည့် သားသမီးများအတွက်၊ ဓလေးစရိတ်ပေးရမည်။

"(ခ) ဤပုဒ်မ ၁၇(၁) အရ ပြုလုပ်သော ဆုံးဖြတ်ချက်ကို ဆန့်ကျင်၍ ဤပုဒ်မ ၁၇(၂) အရ ပြုလုပ်သော အယူခံကို ဆုံးဖြတ်ရာတွင် ဤပုဒ်မ ၁၇(၁) အရ ပြုလုပ်သော ဆုံးဖြတ်ချက်ကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် အတည်ပြုခြင်း ပြုနိုင်သည်။

(ဂ) ဤပုဒ်မ ၁၇(၂) အရ ပြုလုပ်သော အယူခံကို ဆုံးဖြတ်ရာတွင် ဤပုဒ်မ ၁၇(၁) အရ ပြုလုပ်သော ဆုံးဖြတ်ချက်ကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် အတည်ပြုခြင်း ပြုနိုင်သည်။

(ဃ) ဤပုဒ်မ ၁၇(၂) အရ ပြုလုပ်သော အယူခံကို ဆုံးဖြတ်ရာတွင် ဤပုဒ်မ ၁၇(၁) အရ ပြုလုပ်သော ဆုံးဖြတ်ချက်ကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် အတည်ပြုခြင်း ပြုနိုင်သည်။

(ဃ) ဤပုဒ်မ ၁၇(၂) အရ ပြုလုပ်သော အယူခံကို ဆုံးဖြတ်ရာတွင် ဤပုဒ်မ ၁၇(၁) အရ ပြုလုပ်သော ဆုံးဖြတ်ချက်ကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် အတည်ပြုခြင်း ပြုနိုင်သည်။

(ဃ) ဤပုဒ်မ ၁၇(၂) အရ ပြုလုပ်သော အယူခံကို ဆုံးဖြတ်ရာတွင် ဤပုဒ်မ ၁၇(၁) အရ ပြုလုပ်သော ဆုံးဖြတ်ချက်ကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် အတည်ပြုခြင်း ပြုနိုင်သည်။

ရှင်းလင်းချက်။ ။ဤပုဒ်မပါ ဘာသာရေးဓလေ့ထုံးစံဆိုသည့် စကားရပ်၌ ''ဘာသာ''ဆိုသည်မှာ ဗုဒ္ဓဘာသာဝင်ဖြစ်သည့် မိန်းမနှင့် ပေါင်းဖက်သည်မှ စ၍ ထိုမိန်းမ၏လင်ယောကျ်ားး အစဉ်တစိုက်ကိုးကွယ်သည့်ဘာသာကို ဆိုလိုသည်။

(၃) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် ဤအက်ဥပဒေ စတင် အာဏာမတည်မီ ခြောက်လအတွင်း၊ ဗုဒ္ဓဘာသာဝင်မိန်းမနှင့် ထိုမိန်းမ၏ ဗုဒ္ဓဘာသာဝင်မဟုတ်သည့် လင်ယောကျ်ားတို့ဖြစ်ပွါးသော (အာဏာရတရားရုံးက ဒီကရီချမှတ်ပြီးသည့် လင်မယားကွာရှင်းမှုကိစ္စမပါ) လင်မယားကွာရှင်းမှုကိစ္စ၊ သို့တည်းမဟုတ် ဗုဒ္ဓဘာသာဝင်မဟုတ်သည့် လင်ယောကျ်ားက ဗုဒ္ဓဘာသာဝင်မိန်းမကို စွန့်ခွါသည့်ကိစ္စ၊ သို့တည်းမဟုတ် ကိုယ်ထိလက်ရောက်ညှဉ်းပန်းနှိပ်စက်ရာ ရောက်သည် ဖြစ်စေ၊ မရောက်သည်ဖြစ်စေ၊ ရက်စက်သည့်အပြုအမူအားဖြင့် စိတ်ဆင်းရဲအောင်ပြုသည့်ကိစ္စ အားလုံးနှင့် သက်ဆိုင်ရမည်။

၂၆။ ။ဤအက်ဥပဒေအရ ထိမ်းမြားကြသူတို့၏၊သို့တည်းမဟုတ် ထိမ်းမြားခဲ့ကြသည်ဟု မှတ်ယူခြင်းခံရသူတို့၏ အမွေဆက်ခံမှုနှင့် စပ်လျဉ်းသည့်ကိစ္စအားလုံးကို ထိုသူတို့နှင့် ထိုသူတို့၏မိသားစုအားလုံးသည် ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးချည်းဖြစ်ဘိသကဲ့သို့၊ ဗုဒ္ဓဘာသာဓမ္မသတ်အတိုင်း ဆုံးဖြတ်ရမည်။

၂၇။ ။ဤအက်ဥပဒေအရ ထိမ်းမြားလျှင်၊ သို့တည်းမဟုတ်ထိမ်းမြားသည်ဟု မှတ်ယူခြင်းခံရလျှင်၊ ထိုသူနှစ်ဦးမှ ဖွါးမြင်သောသားသမီးများသည် တရားဝင်သားသမီးများဖြစ်သည်ဟုမှတ်ယူရမည်။

၂၈။ ။မည်သူမဆို၊ မဟုတ်မမှန်သည်လည်းဖြစ်၍၊ မဟုတ်မမှန်ဟု မိမိသိသည်လည်းဖြစ်သော၊ သို့တည်းမဟုတ် ယုံကြည်သည်လည်းဖြစ်သော ဇော်ပြချက်ပါရှိသည့် (ဤအက်ဥပဒေအရ ပြဋ္ဌာန်းထားသော) ထုတ်ဖော်ချက်ကိုသော်၎င်း၊ ထိုသို့သောသက်သေခံလက်မှတ်ကိုသော်၎င်း ပြုလုပ်လျှင်၊ သို့တည်းမဟုတ် လက်မှတ်ထိုးလျှင်၊ သို့တည်းမဟုတ် မှန်ကန်ကြောင်း သက်မသခံလျှင်၊ ထိုသူသည် ရာဇသတ်ကြီးပုဒ်မ ၁၉၉ အရ ပြစ်မှုကျူးလွန်သည်ဟူ၍ မှတ်ယူရမည်။

၂၉။ ။မည်သည့်မှတ်ပုံတင်အရာရှိမဆို—

(၁) ဆိုင်ရာအကြောင်းကြားစာ ရရှိလျှင်၊ ထိုအကြောင်းကြားစာကို ပုဒ်မ ၈ အရ ကျူညာခြင်းမပြုဘဲ၊ သို့တည်းမဟုတ်

(၂) ဆိုင်ရာအကြောင်းကြားစာကို မိမိရရှိပြီးနောက် ၁၄ ရက်အတွင်း၊ သို့တည်းမဟုတ်

(၃) ထိမ်းမြားမည့်မိန်းမသည် အသက် ၂၀ မပြည့်သေးလျှင်၊ ထိုမိန်းမ၏ မိဘထံမှဖြစ်စေ၊ မိဘသေဆုံးလျှင် အုပ်ထိန်းသူထံမှ ဖြစ်စေ၊ လိုအပ်သည့် သဘောတူချက်ကို ရရှိပြီးမဟုတ်ဘဲ၊ သို့တည်းမဟုတ်

(၄) ပုဒ်မ ၁၁ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၁၂ ပုဒ်မခွဲ (၃) အပိုဒ် (က)၊ ပုဒ်မ ၁၂ ပုဒ်မခွဲ (၆) အပိုဒ် (ခ) တခုခုပါ ပြဋ္ဌာန်းချက်များနှင့်ဆန့်ကျင်၍

သိလျက်နှင့်တမင် ဤအက်ဥပဒေအရ ထိမ်းမြားပေးလျှင်၊ ထိုအရာရှိသည် တနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ၅၀၀ ထက်မပိုသောငွေဒဏ်ဖြစ်စေ ချမှတ်ခြင်းခံထိုက်စေရမည်။

၃၀။ ။နိုင်ငံတော်သမတသည်၊ ဤအက်ဥပဒေပါကိစ္စများ၊ကို ဆောင်ရွက်ရန်အလို့ငှါ နည်းဥပဒေများပြုနိုင်သည်။

၃၁။ ။ဗုဒ္ဓဘာသာဝင်မိန်းမများအထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှု အက်ဥပဒေ (၁၉၃၉ ခုနှစ်၊ မြန်မာနိုင်ငံ အက်ဥပဒေအမှတ် ၂၄) ကို ဤအက်ဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ဇယား။

ပုံစံ က (ယောကျ်ားအတွက်)။

(ပုဒ်မ ၆ ကိုကြည့်။)

## ထိမ်းမြားလိုကြောင်းအကြောင်းကြားစာပုံစံ။

_____ခရိုင်။

_____မြို့နယ်။

_____ကျေးရွာ။

ထိမ်းမြားမှုမှတ်ပုံတင်အရာရှိထံ။

ကျွန်ုပ်သည်၊ဤအကြောင်းကြားစာတွင် အမည်မှစ၍ အကြောင်းအရာများဖေါ်ပြပါရှိသော တဘက်သူနှင့် ၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင်မိန်းမများအထူး ထိမ်းမြားမှုနှင့် အမွေဆက်ခံမှုအက်ဥပဒေအရ ထိမ်းမြားရန်ကြံရွယ်ကြောင်း အကြောင်းကြားပါသည်။

အကြောင်းကြားစာပေးပို့သူ၏ ဖေါ်ပြချက်များ။

အပိုင်း (၁)။

(က) အမည်။
(ခ) အလုပ်အကိုင်။
(ဂ) မည်သည့်နိုင်ငံသား။
(ဃ) ကိုးကွယ်သည့်ဘာသာ။
(င) အသက်။
(စ) အကြောင်းကြားစာပေးပို့သည့်နေ့ရက်မတိုင်မီ နောက်ဆုံး ၁၄ ရက် ထက်မနည်း နေထိုင်လျက်ရှိသည့်အရပ်။
(ဆ) မိဘများ၏အမည်—
(၁)
(၂)
(ဇ) မိဘများ၏ အလုပ်အကိုင်။
(ဈ) မိဘများ၏ နေရပ်။
(ည) (မိဘများ အသေကိရှင်လျက် မရှိလျှင်) အုပ်ထိန်းသူ၏ အမည်။

(ခ) အုပ်ထိန်းသူ၏ အလုပ်အကိုင်နှင့် နေရပ်။
(ဂ) မိမိမှာ အလျင်ကထိမ်းမြားဘူးသူ ဟုတ် မဟုတ်၊ ထိမ်းမြားဘူးသူ ဖြစ်လျှင် ထိုထိမ်းမြားမှုမှာ ယခုနေ့ရက်တွင် အတည်ဖြစ်လျက် ရှိ မရှိ။
(ဃ) အလျင်မယား အသက်ရှင်လျက် ရှိသေးလျှင် ထိုမယား၏ အမည် နှင့်နေရပ်။

အပိုင်း (၂)။

(က) (တဘက်သူ၏) အမည်။
(ခ) အလုပ်အကိုင်။
(ဂ) မည်သည့်နိုင်ငံသား။
(ဃ) ကိုးကွယ်သည့်ဘာသာ။
(င) အသက်။
(စ) အကြောင်းကြားစာပေးပို့သည့်နေ့ရက်မတိုင်မီ နောက်ဆုံး ၁၄ ရက် ထက်မနည်း နေထိုင်လျက်ရှိသည့်အရပ်။
(ဆ) မိဘများ၏အမည်—
(၁)
(၂)
(ဇ) မိဘများ၏အလုပ်အကိုင်။
(ဈ) မိဘများ၏နေရပ်။
(ည) (မိဘများအသက်ရှင်လျက်မရှိလျှင်) အုပ်ထိန်းသူ၏အမည်။
(ဋ) အုပ်ထိန်းသူ၏အလုပ်အကိုင်နှင့်နေရပ်။
(ဌ) အသက် ၂၀ မပြည့်သေးလျှင်၊ မိဘများ၏၊ သို့တည်းမဟုတ် အုပ်ထိန်းသူ၏ သဘောတူချက်ရရှိပြီး ဟုတ် မဟုတ်။
(ဍ) သဘောတူချက်ပေးသည့်မိဘများ၏၊ သို့တည်းမဟုတ် အုပ်ထိန်းသူ အမည်၊ အလုပ်အကိုင်နှင့် နေရပ်။
(ဎ) ထိုသူမှာ အလျင်က ထိမ်းမြားဘူးသူ ဟုတ် မဟုတ်၊ ထိမ်းမြားဘူးသူ ဖြစ်လျှင်၊ ကိုထိမ်းမြားမှုမှာ ယခုနေ့ရက်တွင် အတည်ဖြစ်လျက် ရှိ မရှိ။

(လက်မှတ်။)

မှတ်ပုံတင်အရာရှိရွေးတွင်ထွက်ဆိုချက်။

အထက်ပါ အကြောင်းကြားစာအပိုင်း (၁) တွင် ဖော်ပြပါရှိသော အကြောင်းအရာမှာ၊ ကျွန်ုပ်ကိုယ်တိုင် သိရှိရသမျှဟုတ်မှန်ကြောင်းဖြင့်ဝင်း၊ အပိုင်း (၂) တွင်ဖော်ပြပါရှိသော်အကြောင်းအရာမှာ၊ ကျွန်ုပ်ကြားသိယုံကြည်ရသမျှ ဟုတ်မှန်ကြောင်းဖြင့်ဝင်း၊ ကျွန်ုပ် ကတွက်ဆိုပါသည်။ အထက်ပါအကြောင်းကြားစာတွင် ပါရှိသည့်ဖော်ပြချက်တခုခုမှာ၊ ကျွန်ုပ်သိရှိသမျှ မဟုတ်မမှန်လျှင်၊ ထို့ပြင် ယင်းသို့သော်ဖော်ပြချက်ကို ပြုလုပ်ရာတွင်၊ ကျွန်ုပ်က ထိုဖော်ပြချက်သည် မဟုတ်မမှန်

ကြောင်းသိရှိလျှင်သော်၎င်း၊ သို့တည်းမဟုတ် ယုံကြည်လျှင်သော်၎င်း၊ ထိုဖေါ်ပြချက်သည် ဟုတ်မှန်သည်ဟု မယုံကြည်လျှင်လော်၎င်း၊ ကျွန်ုပ်မှာ ရာဇသတ်ကြီး ပုဒ်မ ၁၉၉ အရ တရားစွဲဆိုခံထိုက်သည်ဖြစ်ကြောင်း ကျွန်ုပ်သိရှိပါသည်။

(လက်မှတ်။)

အောက်ပါသက်သေတို့ရှေ့တွင်—

(၁) (လက်မှတ်)

(အမည်၊ အလုပ်အကိုင်နှင့် နေရပ်။)

(၂) (လက်မှတ်)

(အမည်၊ အလုပ်အကိုင်နှင့် နေရပ်။)

အထက်ပါ ဖေါ်ပြချက်များကို ထွက်ဆိုသူအား ဘတ်ကြား ရှင်းလင်းပြရာ၊ ထိုဖေါ်ပြချက်များပါ အကြောင်းအရာများမှန်ကန်ကြောင်း ထိုသူကဝန်ခံသည့်ပြင်၊ ယင်းသို့မှန်ကန်ကြောင်းဖြင့် ဤထွက်ဆိုချက်ကို၊ ကျွန်ုပ်ရှေ့၌ရင်း၊ အထက်တွင် လက်မှတ်ရေးထိုးသည့်သက်သေ ၂ ဦးရှေ့၌ရင်း လက်မှတ်ရေးထိုးသည်။

(လက်မှတ်။)

ထိမ်းမြားမှုမှတ်ပုံတင်အရာရှိ။

အထက်ပါ အကြောင်းကြားစာမိတ္တူကို————————————ရက်နေ့တွင် ကျွန်ုပ်၏ရုံးရှိ အများမြင်သောနေရာ၌ ကပ်လျက် ကြော်ငြာပြီးဖြစ်သည့်ပြင်၊ ထို အကြောင်းကြားစာမိတ္တူများကို အောက်ပါနေရက်များတွင်————————ထံ၊ ချအပ်ရွိ ပြီးလည်းဖြစ်ကြောင်း။

(လက်မှတ်။)

ထိမ်းမြားမှုမှတ်ပုံတင်အရာရှိ။

ပုံစံ ခ (မိန်းမအတွက်)။

(ပုဒ်မ ၆ ကိုကြည့်။)

## ထိမ်းမြားလိုကြောင်းအကြောင်းကြား စာပုံစံ။

————————————ခရိုင်။

————————————မြို့နယ်။

————————————ကျေးရွာ။

ထိမ်းမြားမှုမှတ်ပုံတင်အရာရှိထံ။

ကျွန်မသည်၊ ဤအကြောင်းကြားစာတွင် အမည်မှစ၍၊ အကြောင်းအရာများ ဖေါ်ပြပါရှိသော တဘက်သူနှင့် ၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင် မိန်းမများ အထူး

ထိမ်းမြားမှုနှင့်အမွေဆက်ခံမှုအက်ဥပဒေအရ ထိမ်းမြားရန်ကြိုးပမ်းကြောင်း အကြောင်းကြားပါသည်။

အကြောင်းကြားစာပေးပို့သူ၏ဖေါ်ပြချက်များ။

အပိုင်း (၁)။

(က) အမည်။
(ခ) အလပ်အကိုင်။
(ဂ) မည်သည့်နိုင်ငံသား။
(ဃ) ကိုးကွယ်သည့်ဘာသာ။
(င) အသက်။
(စ) အကြောင်းကြားစာပေးပို့သည့်နေ့ရက်မတိုင်မီ နောက်ဆုံး ၁၄ ရက် ထက်မနည်း နေထိုင်လျက်ရှိသည့်အရပ်။
(ဆ) မိဘများ၏အမည်—
(၁)
(၂)
(ဇ) မိဘများ၏အလုပ်အကိုင်။
(ဈ) မိဘများ၏နေရပ်။
(ည) (မိဘများအသက်ရှင်လျက်မရှိလျှင်) အုပ်ထိန်းသူ၏အမည်။
(ဋ) အုပ်ထိန်းသူ၏အလုပ်အကိုင်နှင့်နေရပ်။
(ဌ) အသက် ၂ ဝ မပြည့်သေးလျှင်၊ မိဘများ၏၊ သို့တည်းမဟုတ်အုပ်ထိန်းသူ၏သဘောတူချက်ရရှိပြီးဟုတ် မဟုတ်။
(ဍ) သဘောတူချက်ပေးသည့် မိဘများ၏၊ သို့တည်းမဟုတ် အုပ်ထိန်းသူ၏အမည်၊ အလုပ်အကိုင်နှင့်နေရပ်။
(ဎ) မိမိမှာ အလျင်က ထိမ်းမြားဘူးသူဟုတ်မဟုတ်၊ ထိမ်းမြားဘူးသူဖြစ်လျှင် ထိုထိမ်းမြားမှုမှာ ယခုင့နေ့ရက်တွင် အတည်ဖြစ်လျက်ရှိမရှိ။
(ဏ) ဖခလျင်လင် အသက်ရှင်လျက်ရှိသေးလျှင်၊ ထိုလင်၏အမည်နှင့်နေရပ်။

အပိုင်း (၂)။

(က) (တဘက်သူ၏) အမည်။
(ခ) အလုပ်အကိုင်။
(ဂ) မည်သည့်နိုင်ငံသား။
(ဃ) ကိုးကွယ်သည့်ဘာသာ။
(င) အသက်။
(စ) အကြောင်းကြားစာပေးပို့သည့်နေ့ရက်မတိုင်မီ နောက်ဆုံး ၁၄ ရက် ထက်မနည်း နေထိုင်လျက်ရှိသည့်အရပ်။
(ဆ) မိဘများ၏အမည်—
(၁)
(၂)

(ဇ) မိဘများ၏အလုပ်အကိုင်။
(ဈ) မိဘများ၏နေရပ်။
(ည) (မိဘများအသက်ရှင်လျက်မရှိလျှင်) အုပ်ထိန်းသူ၏အမည်။
(ဋ) အုပ်ထိန်းသူ၏အလုပ်အကိုင်နှင့်နေရပ်။
(ဌ) ထိုသူမှာ အလျင်က ထိမ်းမြားဘူးသူဟုတ် မဟုတ်၊ ထိမ်းမြားဘူးသူ ဖြစ်လျှင် ထိုထိမ်းမြားမှုမှာ ယခုဒန္ဒရက်တွင် ဇာတည်ဖြစ်လျက်ရှိ မရှိ။

(လက်မှတ်။)

မှတ်ပုံတင်အရာရှိ၏တွင်ထွက်ဆိုချက်။

အထက်ပါ အကြောင်းကြားစာအပိုင်း (၁) တွင် ဖေါ်ပြပါရှိသော အကြောင်းအရာမှာ ကျွန်မကိုယ်တိုင်သိရှိရသမျှ ဟုတ်မှန်ကြောင်းဖြင့်၎င်း၊ အပိုင်း (၂) တွင် ဖေါ်ပြပါရှိသောအကြောင်းအရာမှာ ကျွန်မကြားသိယုံကြည်ရသမျှ၊ ဟုတ်မှန်ကြောင်းဖြင့်၎င်း၊ ကျွန်မ ကထွက်ဆိုပါသည်။ အထက်ပါ အကြောင်းကြားစာတွင် ပါရှိသည့်ဖေါ်ပြချက်တခုခုမှာ ကျွန်မသိရှိသမျှ မဟုတ်မမှန်လျှင်၊ ထို့ပြင်ယင်းသို့သောဖေါ်ပြချက်ကို ပြုလုပ်ရာတွင် ကျွန်မက ထိုဖေါ်ပြချက်သည်၊ မဟုတ်မမှန်ကြောင်းသိရှိလျှင်သော်၎င်း၊ သို့တည်းမဟုတ် ယုံကြည်လျှင်သော်၎င်း၊ ထိုဖေါ်ပြချက်သည်၊ ဟုတ်မှန်သည်ဟု မယုံကြည်လျှင်သော်၎င်း၊ ကျွန်မမှာ ရာဇသတ်ကြီး ပုဒ်မ ၁၉၉ အရ၊ တရားစွဲဆိုခံထိုက်သည်ဖြစ်ကြောင်း ကျွန်မသိရှိပါသည်။

(လက်မှတ်။)

အောက်ပါသက်သေတို့ရှေ့တွင်—

(၁) (လက်မှတ်)
(အမည်၊ အလုပ်အကိုင်နှင့် နေရပ်။)

(၂) (လက်မှတ်)
(အမည်၊ အလုပ်အကိုင်နှင့် နေရပ်။)

အထက်ပါ ဖေါ်ပြချက်များကို၊ ထွက်ဆိုသူအား၊ ဘတ်ကြား ရှင်းလင်းပြရာ၊ ထိုဖေါ်ပြချက်များပါ အကြောင်းအရာများမှန်ကန်ကြောင်း ထိုသူက ဝန်ခံသည့်ပြင်၊ ယင်းသို့မှန်ကန်ကြောင်းဖြင့် ဤထွက်ဆိုချက်ကို၊ ကျွန်ုပ်ရှေ့၌ရင်း၊ အထက်တွင်လက်မှတ်ရေးထိုးသည့်သက်သေ ၂ ဦးရှေ့၌ရင်း လက်မှတ်ရေးထိုးသည်။

(လက်မှတ်။)
ထိမ်းမြားမှုမှတ်ပုံတင်အရာရှိ။

အထက်ပါ အကြောင်းကြားစာမိတ္တူကို ——————————ရက်နေ့တွင်၊ ကျွန်ုပ်၏ရုံးရှိ အများမြင်သော နေရာ၌ ကပ်လျက် ကြော်ငြာပြီး ဖြစ်သည့်ပြင်၊ ထိုအကြောင်းကြားစာမိတ္တူများကို အောက်ပါနေရက်တွင် —————— ထံ ချအပ်ပြီးလည်းဖြစ်ကြောင်း။

(လက်မှတ်။)
ထိမ်းမြားမှုမှတ်ပုံတင်အရာရှိ။

ပုံစံ ၈။

(မူရင်းထပ်တူပေါင်း ၄ စောင် ရှိစေရမည်။)

(ပုဒ်မ ၁၆ ကိုကြည့်။)

## ထိမ်းမြားကြောင်း သက်သေခံ မှတ်ပုံစာအုပ်ပုံစံ။

အမှတ်.....။

ထိမ်းမြားသည့် နေ့ရက်။
ထိမ်းမြားရာ အရပ်။
(က) လင်၏အမည်။
(ခ) အသက်။
(ဂ) မည်သည့်နိုင်ငံသား။
(ဃ) ကိုးကွယ်သည့်ဘာသာ။
(င) အလုပ်အကိုင်။
(စ) နေရပ်။
(ဆ) မိဘများ၏အမည်၊ အလုပ်အကိုင်နှင့် နေရပ်။
(ဇ) (မိဘများအသက်ရှင်လျက်မရှိလျှင်) အုပ်ထိန်းသူ၏အမည်၊ အလုပ်အကိုင်နှင့် နေရပ်။
(က) မယား၏အမည်။
(ခ) အသက်။
(ဂ) မည်သည့်နိုင်ငံသား။
(ဃ) ကိုးကွယ်သည့်ဘာသာ။
(င) အလုပ်အကိုင်။
(စ) နေရပ်။
(ဆ) မိဘများ၏အမည်၊ အလုပ်အကိုင်နှင့်နေရပ်။
(ဇ) (မိဘများအသက်ရှင်လျက်မရှိလျှင်) အုပ်ထိန်းသူ၏အမည်၊ အလုပ်အကိုင်နှင့် နေရပ်။

(စျ) အသက် ၂၀ မပြည့်သေးလျှင် ထိမ်းမြားရန် သဘောတူချက်ပေးပြီးသည့် မိဘ၊ သို့မဟုတ် အုပ်ထိန်းသူ၏အမည်၊ အလုပ်အကိုင်နှင့် နေရပ်။

* [ကျွန်တော် နှင့် ကျွန်မ တို့၏၊ ယခုထိမ်းမြားမှုကို၊ အောက်ပါ သက်သေများရှေ့တွင် ပြုလုပ်ပါသည်။

လင်၏လက်မှတ်။

မယား၏လက်မှတ်။

ကျွန်ုပ်တို့ရှေ့တွင်ပြုလုပ်ပါသည်။

အမည် .....။

မောင်/မ အလုပ်အကိုင်.....။

နေရပ် .....။

အမည်.....။

မောင်/မ အလုပ် အ ကိုင်.....။

နေရပ် .....။

ထိမ်းမြားရန်သဘောတူချက်ပေးသူ၏လက်မှတ်။

အထက်တွင်အမည်ဖေါ်ပြပါရှိသူတို့၏ ထိမ်းမြားမှုကို ၁၉ ခုနှစ်၊ လ ရက်နေ့တွင် ကျွန်ုပ်ရှေ့၌ပြုလုပ်သည်။]

ထိမ်းမြားမှုမှတ်ပုံတင်အရာရှိ။

---

* မှတ်ချက်။ ။အက်ဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ (၂) အရ၊ ထိမ်းမြားခြင်းကို မှတ်ပုံတင်ရန် ငြင်းဆိုသူများဖြစ်လျှင် ဤအပိုဒ်ကိုပယ်ဖျက်ရမည်။

ပခုမာစာ—အမှတ် ၁၄၇၊ တရားရေးဝန်ကြီးဌာန၊ ၁၀-၆-၅၄—၂,၀၀၀—၂။

# ၁၉၅၄ ခုနှစ်၊ နောက်ထပ် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေး အက်ဥပဒေ။

[၁၉၅၄ ခုနှစ်၊ အက်ဥပဒေ အမှတ် ၃၃။]

အောက်ဖေါ်ပြအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဘဏ္ဍာရေးဝန်ကြီးသည်၊ပြည်ထောင်စုမြန်မာနိုင်ငံ၏အခွန်တော်များမှ စုစုပေါင်းကျပ်ငွေ ၁၆,၅၅,၀၁,၄၀၀ (၎င်းအက်ဥပဒေ ဇယားတွင် ဖေါ်ပြထားသည်) ကို ထုတ်၍၊ ၁၉၅၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့်နှစ်ဆိုင်ရာ အသုံးစရိတ်များနှင့် ကိစ္စများအတွက် ခွဲဝေသုံးစွဲနိုင်သည်။

၁၉၅၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် နှစ်အတွက် နောက်ထပ်ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲခြင်း။

(၂) ပုဒ်မခွဲ (၁) တွင်ခွင့်ပြုထားသည့် ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲခြင်းသည်၊ ၁၉၅၄ ခုနှစ်၊ နောက်ထပ် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေး အက်ဥပဒေ (၁၉၅၄ ခုနှစ်၊ အက်ဥပဒေ အမှတ် ၉) အရ၊ ခွင့်ပြုထားသည့်ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟူ၍မှတ်ယူရမည်။

၂။ ။(၁) ၁၉၅၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ကုန်ဆုံးသည့်နှစ် အတွင်း၊ စုစုပေါင်းကျပ်ငွေ ၉၆,၀၀,၅၆,၀၀၀ ထက် မပိုသောငွေများကို၊ ဘဏ္ဍာရေးဝန်ကြီးသည်၊အစိုးရ ငွေချေးစာချုပ်များ ထုတ်ပေးခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့် ဖြစ်စေ မည်သူ့ထံမှမဆို ငွေချေးယူနိုင်သည်။ ထို့ပြင် ပြည်ထောင်စု မြန်မာနိုင်ငံတော် ဘဏ်ကလည်း၊ ထိုနှစ်အတွင်း ထိုငွေများကို ဘဏ္ဍာရေး ဝန်ကြီးအား၊ ထုတ်ချေးရမည်။ ထိုကဲ့သို့ ငွေချေးသောကိစ္စအတွက် ဘဏ္ဍာရေးဝန်ကြီးသည်၊ မိမိသင့်သည်ထင်မြင်သည့် အတိုးနှုန်းများသတ်မှတ်၍၎င်း၊ ပြန်ဆပ်ရန်၊ပြန်ရွေးရန်၊ သို့တည်းမဟုတ် အခြားနည်းစီမံရန် စည်းကမ်းချက်များ ထား၍၎င်း အာဏာချုပ်များပြုလုပ်၍ထုတ်ပေးနိုင်ခွာည်။

၁၉၅၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ကုန်ဆုံးသည့်နှစ် အတွက် ငွေချေးယူခြင်း။

(၂) ၎င်အက်ဥပဒေအရချေးယူရရှိသောငွေအားလုံးကိုပြည်ထောင်စုနိုင်ငံ၏ အခွန်တော်များတွင်ထည့်သွင်းရမည်။

(၃) ၎င်အက်ဥပဒေအရ ထုတ်ပေးသည့် အာမခံ စာချုပ်များ နှင့် သက်ဆိုင်ခသာငွေရင်းနှင့် အတိုးကိုငှင်း၊ ၎င်အာမခံစာချုပ်များထုတ်ပေးသည့်ကိစ္စနှင့် စပ်လျဉ်း၍ ကုန်ကျသည့်စရိတ်ငွေများကိုငှင်း ပြည်ထောင်စုနိုင်ငံ၏ အခွန်တော်များမှ ထုတ်ပေးရမည်။

(၄) ပုဒ်မခွဲ (၁) တွင် ခွင့်ပြုထားသည့် ငွေချေးယူခြင်းသည်၊ ၁၉၅၃ ခုနှစ်၊ ဘဏ္ဍာဟော်ငွေခွဲဝေသုံးစွဲရေးအက်ဥပဒေ (၁၉၅၃ ခုနှစ်၊ အက်ဥပဒေ အမှတ် ၃၃) အရခွင့်ပြုထားသည့် ငွေချေးယူခြင်းအပြင်၊ နောက်ထပ် ငွေချေးယူခြင်းဖြစ်သည်ဟူ၍ မှတ်ယူရမည်။

# ဇယား

| အစိုးရဌာန။ | ခွဲဝေသုံးစွဲသည့်ငွေ။ ကျပ်။ |
|---|---|
| အင်ဂျင်တော်နှင့်နိုင်ငံတွင်းအင်ဂျင်တော် ... ... | ၄,၂၂,၀၃၀ |
| အမြဲတော်ခွန် ... ... ... | ၄,၅၃,၀၀၀ |
| မြန်မာနိုင်ငံတော်အောင်ဘာလေသိန်းဆု ... ... | ၈၃,၇၉၀ |
| ယစ်မျိုး ... ... ... ... | ၅,၉၉,၇၀၀ |
| ဆည်မြောင်းအစရှိသည့်လုပ်ငန်းများ ... ... | ၀၀ |
| စာပို့တိုက်နှင့်ကြေးနန်း ... ... ... | ၄,၀၃,၉၀၀ |
| အတိုးနှင့်ကြွေးမြီ ... ... ... | ၁၃,၁၅,၉၅၀ |
| အရပ်ရပ်စီရင်အုပ်ချုပ်မှု ... ... ... | ၂၃,၂၀,၅၀၀ |
| စာရင်းစစ် ... ... ... ... | ၆၆,၇၂၀ |
| ရဲအဖွဲ့ ... ... ... ... | ၁,၁၄,၆၃,၂၇၀ |
| ရေကြောင်းဆိုင်ရာနှင့်မီးပြတိုက်များ ... ... | ၁၂,၀၀,၉၀၀ |
| သာသနာရေးကိစ္စများ ... ... ... | ၆၁,၉၉,၀၁၀ |
| လောကဓါတ်ပညာဆိုင်ရာဌာနများ ... ... | ၃,၅၇,၀၄၀ |
| ပညာရေး ... ... ... ... | ၁,၃၀,၃၃,၄၁၀ |
| ဆေးဘက်ဆိုင်ရာနှင့်ပြည်သူ့ကျန်းမာရေး ... ... | ၄၆,၉၂,၁၀၀ |
| လယ်ယာစိုက်ပျိုးရေး၊ တိရစ္ဆာန်ဆေးကုသရေး၊ သမဝါယမ ငွေစုငွေချေး လုပ်ငန်းနှင့်ငတ်မွတ်ခေါင်းပါးခြင်း ကယ်ဆယ်ရေး ... | ၄,၁၃,၀၁၀ |
| စက်မှု လက်မှုအလုပ်အကိုင်များ... ... ... | ၂,၀၄,၉၀၀ |
| လေကြောင်းပျံသန်းသွားလာမှု ... ... ... | ၉၁,၉၀၀ |
| အထွေထွေဌာနများ ... ... ... | ၅၇,၃၁,၁၁၀ |
| ငွေစက္ကူ၊ ဒင်္ဂါးစသည်များနှင့် ဒင်္ဂါးသွန်းစက်ရုံ ... ... | ၂,၀၀,၀၀၀ |
| မြို့ပြဆိုင်ရာလုပ်ငန်းများ ... ... ... | ၂၃,၀၀,၀၀၀ |
| စာရေးက်ရိယာနှင့်စာပုံနှိပ်ခြင်း ... ... ... | ၂၆,၀၂,၇၂၀ |
| အထွေထွေ ... ... ... ... | ၂၆,၆၄,၉၂၀ |
| ဆည်မြောင်းအတွက် မ,တည်ငွေရင်း ... ... | ၁,၀၉,၇၀,၇၉၀ |
| စာပို့တိုက်နှင့်ကြေးနန်းအတွက် မ,တည်ငွေရင်း ... ... | ၃၀ |
| ရေကြောင်းဆိုင်ရာနှင့်မီးပြတိုက်များအတွက် မ,တည်ငွေရင်း ... | ၁၀ |
| လောကဓါတ်ပညာဆိုင်ရာဌာနများအတွက် မ,တည်ငွေရင်း ... | ၁၀,၄၀၀ |
| ပညာရေးအတွက် မ,တည်ငွေရင်း ... ... | ၁၀,၇၄,၀၀၀ |
| စက်မှု လက်မှုအတွက် မ,တည်ငွေရင်း ... ... | ၄၆,၉၄၀ |
| လေကြောင်းပျံသန်းသွားလာမှုအတွက် မ,တည်ငွေရင်း ... | ၁၀ |
| အထွေထွေဌာနများအတွက် မ,တည်ငွေရင်း ... ... | ၇၇,၂၂,၃၁၀ |
| မြို့ပြဆိုင်ရာလုပ်ငန်းများအတွက် မ,တည်ငွေရင်း ... ... | ၁၅,၀၃,၀၀၀ |
| ကာကွယ်ရေးအမှုထမ်းအဖွဲ့များအတွက် မ,တည်ငွေရင်း ... | ၃၀ |
| မြန်မာ-အိန္ဒိယခွဲခွါရေးကြွေးမြီကို အိန္ဒိယအစိုးရသို့ပြန်လည်ပေးဆပ်ခြင်း | ၈,၇၀,၀၀,၀၀၀ |
| ပေါင်း ... | ၁၆,၅၅,၀၁,၄၀၀ |

ပါမောက္ခစာ—အမှတ် ၄၊ တရားရေးဝန်ကြီးဌာန၊ ၁၅-၁၁-၅၄—၂,၀၀၀—၂။

# ၁၉၅၄ ခုနှစ်၊ ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေး အက်ဥပဒေ။

[၁၉၅၄ ခုနှစ်၊ အက်ဥပဒေ အမှတ် ၃၄။]

အောက်ပါအကိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဘဏ္ဍာရေးဝန်ကြီးသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏အခွန်တော်များမှ စုစုပေါင်း ကျပ်ငွေ ၁,၅၃,၆၀,၂၇,၀၀၀ (၅)အက်ဥပဒေနောက်ဆက်တွဲဇယားတွင် ဖေါ်ပြထားသည်) ကိုထုတ်၍၊ ၁၉၅၅ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ကုန်ဆုံးသည့် နှစ်ဆိုင်ရာအသုံးစရိတ်များနှင့် ကိစ္စများအတွက် ခွဲဝေသုံးစွဲနိုင်သည်။

၁၉၅၅ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ကုန်ဆုံးသည့် နှစ်အတွက် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲခြင်း။

၂။ ။(၁) ၁၉၅၅ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ကုန်ဆုံးသည့် နှစ်အတွင်းတွင်စုစုပေါင်းကျပ်ငွေ ၁,၁၁,၁၉,၆၆,၀၀၀ ထက်မပိုသောငွေများကို၊ ဘဏ္ဍာရေးဝန်ကြီးသည် အစိုးရငွေချေးစာချုပ်များ ထုတ်ပေးခြင်းဖြင့်ဖြစ်စေ၊ ဒေခြားနည်းဖြင့်ဖြစ်စေ မည်သူ့ထံမှမဆို ငွေချေးယူနိုင်သည်။ ထိုကဲ့သို့ငွေချေးသောကိစ္စအတွက်၊ ဘဏ္ဍာရေးဝန်ကြီးသည်၊ မိမိသင့်သည်ထင်မြင်သည့် အတိုးနှုန်းများသတ်မှတ်၍ငင်း၊ ပြန်ဆပ်ရန်၊ ပြန်ရွှေးရန်၊ သို့တည်းမဟုတ် အခြားနည်းစီမံရန် စည်းကမ်းချက်များထား၍ငင်း အာမခံစာချုပ်များပြုလုပ်၍ ထုတ်ပေးနိုင်သည်။

၁၉၅၅ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ကုန်ဆုံးသည့် နှစ်အတွက် ငွေချေးယူခြင်း။

(၂) ပါလီမန်၏အကဲဥပဒေများအရသော်ငင်း၊ နိုင်ငံတော်သမတက တရားဥပဒေနှင့်အညီ ထုတ်ပြန်သောအမိန့်များအရသော်ငင်း ဖွဲ့စည်းထားသောအဖွဲ့များက၊ သို့တည်းမဟုတ် ဒေသန္တရအာဏာပိုင်များက ဘဏ္ဍာရေးဝန်ကြီး၏ သဘောတူညီချက်ဖြင့်ချေးယူသည့်ငွေများကိုကျသင့်သောအတိုးနှင့်တကွ ပေးဆပ်ရန်အတွက် ဘဏ္ဍာရေးဝန်ကြီးကတာဝန်ခံနိုင်သည်။ သို့သော် ၁၉၅၅ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့်နှစ်အတွင်း၊ ဤကဲ့သို့ကာဝန်ခံသည့်ချေးငွေစုစုပေါင်းသည် ကျပ်ငွေ ၅၀ ကုဋေထက်မပိုစေရ။

(၃) ဤအက်ဥပဒေအရ ချေးယူရရှိသောငွေအား လုံးကို ပြည်ထောင်စုနိုင်ငံ၏ အခွန်တော်များတွင် ထည့်သွင်းရမည်။

(၄) ဤအက်ဥပဒေအရထုတ်ပေးသည့်အာမခံစာချုပ်များနှင့် သက်ဆိုင်သော ငွေရင်းနှင့်အတိုးကိုငင်း၊ ဤအာမခံစာချုပ်များ ထုတ်ပေးသည့်ကိစ္စနှင့် ပတ်သက်၍ ကုန်ကျသည့်စရိတ်ငွေများကိုငင်း ပြည်ထောင်စုနိုင်ငံ၏ အခွန်တော်များမှ ထုတ်ပေးရမည်။

## နောက်ဆက်တွဲဇယား။

| အစိုးရဌာန။ | ခွဲဝေသုံးစွဲသည့်ငွေ။ ကျပ်။ |
|---|---|
| အကောက်တော်နှင့် နိုင်ငံတွင်းအကောက်တော် ... ... | ၃၀,၃၀,၀၀၀ |
| အမြတ်တော်ခွန် ... ... ... | ၁၉,၁၇,၀၀၀ |
| မြန်မာနိုင်ငံတော် အောင်ဘာလေသိန်းဆု ... ... | ၆,၅၀,၀၀၀ |

နောက်ဆက်တွဲဇယား။ ။အဆက်။

| အစိုးရဌာန။ | ခွဲဝေသုံးစွဲသည့်ငွေ။ ကျပ်။ |
|---|---|
| မြေခွန်တော် ... ... ... ... | ၉၅,၀၀,၀၀၀ |
| ယစ်မျိုး ... ... ... ... | ၂၉,၉၂,၀၀၀ |
| တံဆိပ်တော်ခေါင်းများနှင့် မှတ်ပုံတင်မှ ... ... | ၃,၀၄,၀၀၀ |
| သစ်တော ... ... ... ... | ၇၀,၀၀,၀၀၀ |
| အခြားအခွန်တော်များနှင့် အကောက်တော်များ ... ... | ၁၀,၆၄,၀၀၀ |
| ဆည်မြောင်း အစရှိသည့်လုပ်ငန်းများ ... ... | ၁,၂၂,၀၀,၀၀၀ |
| စာပို့တိုက်နှင့်ကြေးနန်း ... ... ... | ၁,၇၉,၁၀,၀၀၀ |
| အတိုးနှင့်ကြေးမြို ... ... ... | ၅၀,၅၉,၄၀၀ |
| ပါလီမန် ... ... ... ... | ၂၄,၆၃,၀၀၀ |
| အရပ်ရပ်စီရင်အုပ်ချုပ်မှ ... ... ... | ၃,၂၉,၆၄,၀၀၀ |
| စာရင်းစစ် ... ... ... ... | ၃၇,၄၅,၀၀၀ |
| တရားရေး ... ... ... ... | ၇၅,၁၀,၀၀၀ |
| အကျဉ်းထောင်များ ... ... ... | ၇၃,၄၅,၀၀၀ |
| ရဲအဖွဲ့ ... ... ... ... | ၈,၁၀,၀၀,၀၀၀ |
| ရေကြောင်းဆိုင်ရာနှင့် မီးပြတိုက်များ ... ... | ၁,၂၁,၃၀,၀၀၀ |
| သာသနာရေးကိစ္စများ ... ... ... | ၈၅,၀၁,၀၀၀ |
| နိုင်ငံခြားရေး ... ... ... | ၄၇,၄၃,၀၀၀ |
| လောကဓါတ်ပညာဆိုင်ရာဌာနများ ... ... | ၂၇,၈၆,၀၀၀ |
| ပညာရေး ... ... ... ... | ၉,၇၀,၀၀,၀၀၀ |
| ဆေးဘက်ဆိုင်ရာနှင့် ပြည်သူ့ကျန်းမာရေး ... ... | ၃,၄၉,၈၆,၀၀၀ |
| လယ်ယာစိုက်ပျိုးရေး၊ ကိရစ္ဆာန်ဆေးကုသရေး၊ သမဝါယမ ငွေစုငွေချေး လုပ်ငန်းနှင့်ဝတ်မှုတ်ခေါင်းပါးခြင်းကယ်ဆယ်ရေး ... | ၁,၁၂,၂၄,၀၀၀ |
| စက်မှု လက်မှုအလုပ်အကိုင်များ ... ... ... | ၁၅,၅၇,၀၀၀ |
| လေကြောင်းပုံသန်းသွားလာမှု ... ... ... | ၂၃,၀၃,၀၀၀ |
| အထွေထွေဌာနများ ... ... ... | ၃,၄၄,၅၄,၀၀၀ |
| ငွေစက္ကူ၊ဒင်္ဂါး စသည်များနှင့်ဒင်္ဂါးသွန်းစက်ရုံ ... ... | ၃,၅၀,၀၀၀ |
| မြို့ပြဆိုင်ရာလုပ်ငန်းများ ... ... ... | ၂,၅၀,၀၀,၀၀၀ |
| ပင်ရှင်လစာငွေများ ... ... ... | ၁,၉၇,၁၇,၀၀၀ |
| စာရေးကိရိယာနှင့် ဒေပုံခွဲပ်ခြင်း ... ... ... | ၅၀,၇၅,၀၀၀ |
| အထွေထွေ ... ... ... ... | ၁,၄၀,၄၀,၀၀၀ |
| ကာကွယ်ရေး ... ... ... ... | ၂၇,၀၀,၀၀,၀၀၀ |
| ပြည်နယ်အစိုးရများသို့ထောက်ပံ့ငွေ ... ... | ၃,၁၅,၀၀,၀၀၀ |
| စစ်ကြောင်ထွက်ခွါမသွားမီ တင်ရှိသည့်ကြွေးမြီတာဝန်များ ... | ၁၉,၉၅,၀၀၀ |
| အကောက်တော်အတွက် မ,တည်ငွေရင်း ... ... | ၇၀,၀၀၀ |
| သစ်တောအတွက် မ,တည်ငွေရင်း ... ... | ၁၄,၃၉,၀၀၀ |
| ဆည်မြောင်းအတွက် မ,တည်ငွေရင်း ... ... | ၁,၀၄,၀၀,၀၀၀ |
| စာပို့တိုက်နှင့်ကြေးနန်းအတွက် မ,တည်ငွေရင်း ... ... | ၁,၇၄,၄၂,၀၀၀ |
| စာရင်းစစ်အတွက် မ,တည်ငွေရင်း ... ... | ၁၃,၀၀၀ |
| ရဲအဖွဲ့အတွက် မ,တည်ငွေရင်း ... ... | ၁၆,၀၀,၀၀၀ |
| ရေကြောင်းဆိုင်ရာနှင့်မီးပြတိုက်များအတွက် မ,တည်ငွေရင်း ... | ၂,၁၅,၀၀,၀၀၀ |
| နိုင်ငံခြားရေးအတွက် မ,တည်ငွေရင်း ... ... | ၁၀,၀၀,၀၀၀ |

နောက်ဆက်တွဲဇယား။ ။အဆုံး။

| အစိုးရဌာန။ | ခွဲဝေသုံးစွဲသည့်ငွေ။ ကျပ်။ |
|---|---|
| လောကဓါတ်ပညာဆိုင်ရာဌာနများအတွက် မ,တည်ငွေရင်း ... | ၅,၀၂,၀၀၀ |
| ပညာရေးအတွက် မ,တည်ငွေရင်း ... ... | ၂,၀၇,၀၀,၀၀၀ |
| ဆေးဘက်ဆိုင်ရာအတွက် မ,တည်ငွေရင်း ... ... | ၆၄,၇၀,၀၀၀ |
| လယ်ယာစိုက်ပျိုးရေးအတွက် မ,တည်ငွေရင်း ... ... | ၅,၀၀,၀၀၀ |
| လေကြောင်းပုံသန်းသွားလာမှုအတွက် မ,တည်ငွေရင်း ... | ၁,၅၀,၀၀,၀၀၀ |
| အထွေထွေဌာနများအတွက် မ,တည်ငွေရင်း ... ... | ၂၀,၀၀,၀၀၀ |
| မြို့ပြဆိုင်ရာလုပ်ငန်းများအတွက် မ,တည်ငွေရင်း ... ... | ၇,၀၁,၀၀,၀၀၀ |
| ကာကွယ်ရေးအမှုထမ်းအဖွဲ့များအတွက် မ,တည်ငွေရင်း ... | ၁၃,၀၀,၀၀,၀၀၀ |
| စက်မှု လက်မှုတိုးတက်ရေးအတွက် မ,တည်ငွေရင်း ... ... | ၁,၅၀,၀၀,၀၀၀ |
| ငွေလုံးငွေရင်းအသုံးစရိတ်များအတွက် တိုင်းကော်မီတီများအသုံးပြုရန်အထူး ထောက်ပံ့ငွေများ ... ... ... | ၁,၁၀,၀၀,၀၀၀ |
| စီးပွါးရေးပူးပေါင်းဆောင်ရွက်မှုစာချုပ် အပိုင်း ၁၊ အပိုဒ် ၂(ခ)အရပေး ရန်ငွေ ... ... ... | ၅၀,၀၀,၀၀၀ |
| နိုင်ငံတော်ကူးသန်းရောင်းဝယ်ရေးဘဏ်အတွက် မ,တည်ငွေရင်း ... | ၉၀,၀၀၀ |
| မြန်မာ-အိန္ဒိယခွဲခွါရေးကြေးမြိုကို အိန္ဒိယအစိုးရသို့ ပြန်လည်ပေးဆပ်ခြင်း | ၆,၉၄,၀၀,၀၀၀ |
| အစိုးရလုပ်ငန်းများနှင့် ဒေသန္တရအာဏာပိုင်များသို့ချေးငွေများ ... | ၂၄,၉၀,၀၀,၀၀၀ |
| အခြားအတိုးရသည့် ကြိုတင် ထုတ်ပေးငွေများနှင့် အတိုးမရသည့်ကြိုတင် ထုတ်ပေးငွေများ ... ... ... | ၁၁,၁၇,၄၇,၀၀၀ |
| ပေါင်း ... | ၁,၅၃,၆၀,၂၇,၀၀၀ |

ပါမောက္ခချုပ်—အမှတ် ၅၊ ဂရေးရေးဝန်ကြီးဌာန၊ ၁၅-၁၁-၅၄—၂,၀၀၀—၂။

# ၁၉၅၄ ခုနှစ်၊ ဘဏ္ဍာတော်အက်ဥပဒေ။

[၁၉၅၄ ခုနှစ်၊ အက်ဥပဒေ အမှတ် ၃၅။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။<u>အမည်တိုနှင့် စတင်အာဏာတည်သည့်နေ့ရက်</u>။ ။(၁) ဤအက်ဥပဒေကို ၁၉၅၄ ခုနှစ်၊ ဘဏ္ဍာတော်အက်ဥပဒေဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ ၁၉၅၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင်စတင်အာဏာတည်ရမည်။

၂။ ။<u>အမြတ်တော်ခွန်နှင့် နောက်ထပ်အခွန်တော် စည်းကြပ်သည့် နှုန်းများ</u>။ ။(၁) ပုဒ်မခွဲ (၄) ပါပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်စေဘဲ၊ ၁၉၅၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှအစပြုမည့်နှစ်အတွက် အောက်ပါအတိုင်း အခွန်တော် စည်းကြပ်ရမည်—

(က) ဤအက်ဥပဒေ၏ ပဌမဇယားအပိုင်း ၁ တွင် သီးခြားဖော်ပြထားသည့်နှုန်းများအတိုင်းအမြတ်တော်ခွန် နှင့်

(ခ) မြန်မာနိုင်ငံအမြတ်တော်ခွန် အက်ဥပဒေ ပုဒ်မ ၅၅ ပါ ကိစ္စများအလို့ငှါ ဤအက်ဥပဒေ၏ ပဌမဇယားအပိုင်း ၂ တွင် သီးခြားဖော်ပြထားသည့်နှုန်းများအတိုင်းနောက်ထပ်အခွန်တော်။

(၂) ၁၉၅၅ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင်ကုန်ဆုံးသည့်နှစ်အတွက် အခွန်တော်စည်းကြပ်ခြင်း၊ သို့ဘည်းမဟုတ် ပြန်ပေးခြင်းပြုလုပ်ရာ၌ စည်းကြပ်ခံရသူ၏ စုစုပေါင်းဝင်ငွေတွင်၊ အလုပ်လုပ်၍ရသည့်ဝင်ငွေ ပါဝင်လျှင်၊ ထိုဝင်ငွေ၏ ငါးပုံ တပုံနှင့် ညီမျှသောငွေကို၊ ထိုသူ၏စုစုပေါင်းဝင်ငွေမှ မြန်မာနိုင်ငံ အမြတ်တော်ခွန် အက်ဥပဒေ ပုဒ်မ ၁၅-က (၁) ပါ ပြဋ္ဌာန်းချက်များနှင့်အညီနုတ်ရမည်။ သို့ရာတွင် ထိုသို့နုတ်ဝေါဟာရပြုငွေမှာ မည်သည့်အချက်တွင်မျှ လေးထောင်ထက် မပိုစေရ။ ထို့ပြင် စည်းကြပ်ခံရသူမှာ ကုန်သည်အစုစပ်လုပ်ငန်းတွင် ပါဝင်သူဖြစ်လျှင်၊ ထိုကုန်သည်အစုစပ်လုပ်ငန်း အပေါ်တွင် အခွန်တော်စည်းကြပ်ရာ၌ အလုပ်လုပ်၍ရသည့် ဝင်ငွေအတွက်ခွင့်ပြုသမျှငွေကို အဆိုပါနုတ်ရမည့်ငွေသဲမှ လျှော့ရမည်။ ထိုခွင့်ပြုသည့်ငွေမှာလည်း ကုန်သည်အစုစပ်လုပ်ငန်း၏အမြတ်ငွေများတွင် ထိုသူ၏အမြတ်ဝေစုနှင့်လက်ဆိုင်သမျှသောငွေသာဖြစ်ရမည်။

(*d*) related personnel problems, including any individual grievance which the Works Committee may decide to consider ;

(*e*) improvements in methods of production, such as efficient use of the maximum number of production hours and economy in the use of materials ;

(*f*) provision of the best means for utilising the ideas and suggestions of the employees and encouragement of them to put forward ideas and suggestions ; and

(*g*) any matter affecting the industry concerned which it shall decide to take into its consideration.

**Price,—10 pyas]**

(3) The President of the Union may, by order, direct that his power under sub-section (1) shall, in such circumstances and under such conditions, if any, as may be specified in the order, be exercised by any officer or authority subordinate to him."

3. In section 3 of the said Act, the words "between an employer and any of his workmen" *shall be deleted.*

4. In section 13 of the said Act, (i) *for* clause (*d*) the following *shall be substituted* as clause (*d*), namely :—

"(*d*) where a party referred to in clause (*a*) or clause (*b*) is, composed of workmen, all workmen who were employed in the undertaking or part of the undertaking, as the case may be, to which the dispute relates on the date of the dispute and all workmen who subsequently become employees in that undertaking or part of the undertaking."

(ii) clause (*e*) *shall be deleted*.

5. In section 14A of the said Act, the words "the declaration or" *shall be deleted.*

6. *After* section 14A of the said Act, the following *shall be inserted* as section 14B, namely :—

"14B. No workman who is employed in any industry shall go on strike or continue a strike and no employer of any such workmen shall declare a lock-out in breach of contract :—

(i) during the pendency of conciliation proceedings before a Board or Conciliation Officer and seven days after the conclusion of such proceedings ; or

(ii) during the pendency of proceedings before an Industrial Court and two months after the conclusion of such proceedings ; or

(iii) during any period in which a settlement or award is in operation, in respect of any of the matters covered by the settlement or award, in respect of any matter, which has been the subject of consideration in such conciliation proceedings or before the Industrial Court as proceedings are referred to in clauses (i) and (ii)."

7. *For* the existing section 14B and its proviso, the following *shall be substituted* as section 14C and section 14D, namely :—

"14C. When the matter in dispute relating to the discharge, retrenchment or reduction of workmen has been referred to the Industrial Court, the employer shall not, pending the award by the Industrial Court, discharge, retrench or reduce any workman in his employment, except for reasons unconnected with the dispute under reference and anything done or any action taken by the employer contrary to the provisions of this section shall be illegal, and he shall be punishable with simple imprisonment which may extend to three months, or with fine which may extend to two hundred kyats or with both :

Provided that where the employer committing an offence under this section is a corporation, company or other association of persons, any secretary, director, or other officer or person concerned with the management thereof shall be deemed to have committed the offence unless he proves that the offence was committed without his knowledge or his consent.

14D. During the pendency of any proceedings before an Industrial Court, the employer shall not alter, to the prejudice of the workmen concerned in such a dispute, the conditions of service applicable to them immediately before the commencement of such proceedings."

8. *For* sub-section *(3B)* of section 27 of the said Act, the following *shall be substituted*, namely :—

" *(3B)* Every Conciliation Officer shall have the power to serve notice on any party to a trade dispute requiring such party either to attend in person or to send an accredited representative or representatives to attend and participate in the conciliation proceedings before him, if he is satisfied that there is no likelihood of such dispute being settled between the parties concerned without his intervention.

If any party to a trade dispute who is duly served with such notice fails without good causes shown to attend in person or to send an accredited representative or representatives to attend and participate in the conciliation proceedings before the Conciliation Officer within such time as may be specified by him such defaulting party shall be punishable with simple imprisonment which may extend to one month or with fine which may extend to one hundred kyats or with both."

9. *After* section 27 of the said Act, the following *shall be inserted* as section 27A, namely :—

" DUTIES OF CONCILIATION OFFICERS.

27A. (*1*) Where any industrial dispute exists or is apprehended the Conciliation Officer, may, or where the dispute relates to a public utility service shall hold conciliation proceedings in the prescribed manner.

(*2*) The Conciliation Officer shall, for the purpose of bringing about a settlement of the dispute, without delay investigate the dispute and all matters affecting the merits and the right settlement thereof and may do all such things as he thinks fit for the purpose of inducing the parties to come to a fair and amicable settlement of the dispute.

(*3*) If a settlement of the dispute or of any of the matters in dispute is arrived at in the course of the conciliation proceedings the Conciliation Officer shall send a report thereof to the President of the Union or to the authority appointed by him in that behalf together with a memorandum of the settlement signed by the parties to the dispute.

(*4*) If no such settlement is arrived at, the Conciliation Officer shall, as soon as practicable after the close of the investigation, send to the President of the Union or to the authority appointed by him in that behalf, a full report setting forth the steps taken by him for ascertaining the facts and circumstances relating to the dispute and for bringing about a settlement thereof, together with a full statement of such facts and circumstances, and the reasons on account of which, in his opinion, a settlement could not be arrived at.

(*5*) A report under this section shall be submitted within a week of the termination of the conciliation proceedings or within such shorter period as may be fixed by the President of the Union."

10 In section 28 (*2*) of the said Act, the following *shall be inserted* as clause (*a 3*), namely :—

"(*a 3*) the powers of Conciliation Officers and the procedure to be followed by them ;"

B.U.B.C.P.O.—No. 65, M. of J.A., 1-12-54—2,000—II.

# ၁၉၅၄ ခုနှစ်၊ အလုပ်ရုံများ (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၄ ခုနှစ်၊ အက်ဥပဒေ အမှတ် ၇၄။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤ အက်ဥပဒေကို၊ ၁၉၅၄ ခုနှစ်၊ အလုပ်ရုံများ (ပြင်ဆင်ချက်) အက်ဥပဒေဟု ခေါ်ရမည်။

၂။ ။၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေပုဒ်မ ၈၅ ၏ ခြင်းချက်အစား အောက်ပါခြင်းချက်ကိုထည့်သွင်းရမည်။

"သို့ရာတွင်—

(၁) ပုဒ်မ ၅၉ ၏၊ သို့တည်းမဟုတ် ပုဒ်မ ၆၂ ၏ ပြဋ္ဌာန်းချက်ကို ဆန့်ကျင်သော အလုပ်ရုံ မန်နေဂျာအား၊ သို့တည်းမဟုတ် လုပ်ငန်းပိုင်ရှင်အား ငွေဒဏ်စီရင်ချက်၌ တရားရုံးသည်၊ ကျပ် ငါးရာတိုင် ငွေဒဏ်ကိုဖြစ်စေ၊ပုဒ်မ ၇၃ (၁)တွင် ပြဋ္ဌာန်း ထားသည့် အချိန်ပို လုပ်ခကြေးငွေ၏ နှစ်ဆနှင့် ညီမျှသော ငွေဒဏ်ကိုဖြစ်စေ၊ထိုငွေဒဏ်နှစ်ရပ်အနက် များရာငွေဒဏ်ကို စီရင်ရမည်။

(၂) အလုပ်ရုံမန်နေဂျာနှင့် လုပ်ငန်းပိုင်ရှင်နှစ်ဦးလုံးသည် ပြစ်ဒဏ် စီရင်ခြင်းခံရလျှင်၊ ဆန့်ကျင်မှုတခုတည်းနှင့်စပ်လျဉ်း၍ စီရင် ခြင်းခံရသည့်ငွေဒဏ်စုစုပေါင်းသည်၊ဆိုခဲ့သည့် ငွေဒဏ်များ ထက် မပိုစေရ။"

ပုံနှိပ်စာ—အမှတ် ၆၆၊ တရားရေးဝန်ကြီးဌာန၊ ၁၀-၁၂-၅၄—၂,၀၀၀ —၂။
အတိုး—၁၀ ပြား]

# ၁၉၅၄ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၄ ခုနှစ်၊ အက်ဥပဒေ အမှတ် ၇၅။]

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို၊ ၁၉၅၄ ခုနှစ်၊ ခွင့် ရက် နှင့် အ လုပ် ပိတ် ရက် (ပြင်ဆင်ချက်) အက်ဥပဒေ ဟုခေါ်ရမည်။

၂။ ။နောက်တွင် အဆိုပါအက်ဥပဒေဟု ရည်ညွှန်းသည့်၊ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေ ပုဒ်မ ၂ တွင်—

(က) အပိုဒ် (၄) ၌ ‘‘ တလလျှင်လေးရာ ’’ ဆိုသည့်စကားရပ်အစား၊ ‘‘ တလလျှင်ကျပ်လေးရာ ’’ ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။ ထို့ပြင် အပိုဒ်ခွဲ (၄) အစား၊ အောက်ပါအပိုဒ်ခွဲကို ထည့်သွင်းရမည်။

‘‘ (၄) အခြားတည်ဆဲတရားဥပဒေတခုခု အရ၊ အကြောင်းအား လျော်စွာ အခကြေးငွေနှင့် သော်ငှင်း၊ လစာငွေနှင့်သော်ငှင်း ပေးရန်ပြဋ္ဌာန်းထားသည့် အားလပ်ခွင့်နှင့် အလုပ်ပိတ်ရက် များရသော ပြည်ထောင်စုအစိုးရ၏ ရာထမ်း မှုထမ်းများ၊ သို့တည်းမဟုတ် အစိုးရက ဖွဲ့စည်းထားသည့်အဖွဲ့၏ ရာထမ်း မှုထမ်းများ၊သို့တည်းမဟုတ် အခြားဒေသန္တရအာဏာပိုင်၏ ရာတမ်း မှုထမ်းများ။ ’’

(ခ) အပိုဒ် (၇) ၌ ‘‘ တည်ဆဲဥပဒေတရပ်ရပ်အရ ’’ ဆိုသည့် စကားရပ်အစား၊ ‘‘ တည်ဆဲတရားဥပဒေတရပ်ရပ်အရ ’’ ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၃။ ။အဆိုပါအက်ဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (၅) တွင် ‘‘ ထိုသို့ပေးရာတွင် အလုပ်မှနုတ်ထွက်သည့်၊ သို့တည်းမဟုတ် အလုပ်မှထုတ်ပစ်ခြင်းခံရသည့် အလုပ်သမား ဖြစ်လျှင်၊ ပေးရမည့်ငွေကို နှစ်ရက်အတွင်းထုတ်ပေးရမည်။ သေဆုံးသည့်အလုပ်သမား ဖြစ်လျှင် ’’ ဆိုသည့်စကားရပ်အစား၊ ‘‘ အလုပ်မှနုတ်ထွက်သည့်၊ သို့တည်းမဟုတ် အလုပ်မှထုတ်ပစ်ခြင်းခံရသည့် အလုပ်သမားဖြစ်လျှင်၊ ထိုသို့ပေးရမည့်ငွေကို နုတ်ထွက် သည့်၊ သို့တည်းမဟုတ် အလုပ်မှထုတ်ပစ်ခြင်းခံရသည့်နေ့မှ အလုပ်ဖွင့်သည့် ဒုတိယနေ့ မကုန်ခင်းမီ ထုတ်ပေးရမည်။ သေဆုံးသည့်အလုပ်သမားဖြစ်လျှင် ထိုသို့ ’’ ဆိုသည့် စကားပုဒ်ကိုထည့်သွင်းရမည်။

၄။ ။အဆိုပါအက်ဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (၂) တွင် ‘‘ အခြားခွင့်ရက် တမျိုးမျိုးနှင့်မျှ ’’ ဆိုသည့်စကားရပ်အစား၊ ‘‘ အခြားမည်သည့်ခွင့်ရက် တမျိုးမျိုး နှင့်မျှ ’’ ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

၅။ ။အဆိုပါအက်ဥပဒေ ပုဒ်မ ၁၁၏ အပိုဒ် (၇) နှင့် (၈) အစား၊ အောက်ပါ အပိုဒ်တို့ကို ထည့်သွင်းရမည်—

"(၇) နိုင်ငံတော်အစိုးရ၏၊ သို့တည်းမဟုတ် နိုင်ငံတော် အစိုးရလက်အောက်ရှိ၊ သို့တည်းမဟုတ် အစိုးရက ဖွဲ့စည်းတည်ထောင်ထားသည့်အဖွဲ့၏၊ သို့တည်းမဟုတ် ထိုအဖွဲ့လက်အောက်ရှိ အလုပ်ဌာနများ၊ ထို့ပြင်

(၈) ဒေသန္တရအာဏာပိုင်များ ငွေချေးငှါးခြင်းအက် ဥပဒေတွင် အဓိပ္ပါယ်ဖော်ပြထားသည့် အခြားဒေသန္တရအာဏာပိုင်၏၊ သို့တည်းမဟုတ် ထိုအာဏာပိုင်လက်အောက်ရှိ အလုပ်ဌာနများ။"

။ငါ—၀၀၀,၂—၅၄-၁၁-၂၉—အမှတ် ၆၇၊ တရားရေးဝန်ကြီးဌာန၊ ၂၉-၁၁-၂၄—၂,၀၀၀—၂။

# ၁၉၅၄ ခုနှစ်၊ လူမှုဖူလုံရေးအက်ဥပဒေ။

[၁၉၅၄ ခုနှစ်၊ အက်ဥပဒေအမှတ် ၇၆။]

အလုပ်သမားများအဘွဲ့၊ မမာမကျန်းမှု၊ မီးဖွါးမှု၊ အလုပ်တွင်ဒဏ်ရာရမှုနှင့် သေဆုံးမှုကိစ္စများ ပေါ်ပေါက်လျှင် အချို့သော အကျိုးခံစားခွင့်များကိုစီမံထားရှိရန် လိုအပ်သည်လည်းတကြောင်း၊ ထိုကိစ္စများနှင့် စပ်လျဉ်းသည့် အခြားကိစ္စများအတွက် စီမံချက်များပြုလုပ်ရန်လိုအပ်သည်လည်းတကြောင်း၊ ထိုဒကြောင်းများကြောင့်၊

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို ၁၉၅၄ ခုနှစ်၊ လူမှုဖူလုံရေး အက်ဥပဒေ ဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊နိုင်ငံတော်သမတ က အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်များ၌ အာဏာတည်ရမည့်အပြင်၊အရပ်ဒေသများကိုသော်၎င်း၊အလုပ်ဌာနအမျိုးအစား ကိုသော်၎င်း၊အလုပ်သမား အမျိုးအစားများကိုသော်၎င်း ပိုင်းခြား၍ နေ့ရက်များကို ခွဲခြားသတ်မှတ်နိုင်သည်။

၂။ ။ဤအက်ဥပဒေတွင် ရှေနောက်စကားတို့၏ အဓိပ္ပါယ်နှင့် မဆန့်ကျင်လျှင်—

(၁) ''အဖွဲ့'' ဆိုသည်မှာ၊ ဤအက်ဥပဒေအရ ဖွဲ့စည်းထားသည့်လူမှုဖူလုံရေးအဖွဲ့ကိုဆိုလိုသည်။

(၂) ''စက်မှု လက်မှု အလုပ်ဌာန'' ဆိုသည်မှာ၊ အဆောက်အအုံဆောက်လုပ်မှုကိုချုန်လှပ်၍၊ ဓါတ်အား၊စက်အား စသည်များကို အသုံးပြု၍ဖြစ်စေ၊ အသုံးမပြုဘဲဖြစ်စေ၊ ပစ္စည်းထုတ်ယူမှု၊ ပြုပြင်ပြောင်းလဲမှု၊ သို့တည်းမဟုတ် ထုတ်လုပ်မှု လုပ်ငန်း တခုခုကိုလုပ်ကိုင်ဆောင်ရွက်သည့်အလုပ်ဌာနကိုဆိုလိုသည်။

(၃) ''အလုပ်ရှင်'' ဆိုသည်မှာ၊ ဤအက်ဥပဒေအရအာမခံထားသည့် အလုပ်သမားနှင့် အလုပ်ပဋိညာဉ်စာချုပ်ကိုဖြစ်စေ၊ အလုပ်သင်ပဋိညာဉ်စာချုပ်ကိုဖြစ်စေ ချုပ်ဆိုသည့်သူကိုသော်၎င်း၊ တရားဝင်လူစားထိုးသော်၎င်း၊ တရားဝင်မဟုတ်သည့် လူအစုကိုသော်၎င်း၊အလုပ်ရှင်၏ စီမံအုပ်ချုပ်မှု ကိုယ်စားလှယ် ကိုသော်၎င်း၊ သေဆုံးသည့်အလုပ်ရှင်၏ တရားဝင်ကိုယ်စားလှယ်ကိုသော်၎င်း ဆိုလိုသည်။

(၄) ''အလုပ်သမား'' ဆိုသည်မှာ၊ဤအက်ဥပဒေတွင်အကျုံးဝင်သော သီးခြားဇေါ်ပြထားသည့် စက်မှု လက်မှု အလုပ် ဌာနတွင်၊ သို့တည်းမဟုတ် အခြား အလုပ်ဌာနတွင် အမြဲတန်း ဖြစ်စေ၊ ယာယီဖြစ်စေ လုပ်သူကိုဆိုလိုသည်။

(၅) ''အလုပ်တွင် ဒဏ်ရာရရှိမှု'' ဆိုသည်မှာ—

(က) အလုပ်လုပ်ရာမှ ဖြစ်စေ၊ အလုပ်ရှိလုပ်နေစဉ်အတွင်း ဖြစ်စေ၊ ဖြစ်ပေါ် လာသည့်၊ သို့တည်းမဟုတ် ဆယ်တင်မှုလုပ်ငန်းသော်၎င်း၊ အလုပ်ရှင်၏ အကျိုးငှါ ဆောင်ရွက်သည့်

အဆိုး—၂၅ ပြား။]

အခြား လုပ်ငန်းများသော်၎င်း ပါဝင်သည့် အလုပ်နှင့် ဆက်စပ်လျက်ရှိသော လုပ်ငန်းမှ ဖြစ်ပေါ်လာသည့် စက်မှုလက်မှုဆိုင်ရာ မတော်တဆ ဖြစ်ပွါးမှုများကို ဆိုလိုသည်။

ထို့ပြင်

(ခ) အာမခံ ထားသူများလုပ်သည့် လုပ်ငန်းမျိုးတွင်ဖြစ်ပွါးလေ့ရှိသည့်၊ ထို့ပြင် ထိုအလုပ်သမား လုပ်သည့် စက်မှုလက်မှုလုပ်ငန်းစဉ်တွင် အသုံးပြုသည့် သီးခြားဖေါ်ပြချေပါဝတ္ထုပစ္စည်းများကြောင့် ဖြစ်ပွါးသည့်ရောဂါသစ်၊သို့တည်းမဟုတ် ရောဂါဟောင်း၊ သို့တည်းမဟုတ် အဆိပ်သင့်သည့် ရောဂါများ ( အလုပ်နှင့် ဆိုင်သည့် ရောဂါများ ) ကို ဆိုလိုသည်။

(ဖ) " အခကြေးငွေ " နှင့် " လစာငွေ " ဆိုသည်တွင်၊ ခရီးစရိတ်၊ သို့တည်းမဟုတ် ခရီးသွားလာခွင့်၏ငွေတန်ဘိုး၊ သို့တည်းမဟုတ် ဆိုင်ရာ အလုပ်ရှင်က ပင်ရှင်ရံပုံငွေသို့ဖြစ်စေ၊ အိုနာစာရံပုံငွေသို့ဖြစ်စေ ပေးသွင်းသည့် ထောက်ပံ့ကြေး၊သို့တည်းမဟုတ် အလုပ်သမားအား၊ အလုပ်သဘော အလျောက် ၎င်းက ကုန်ကျရသည့် အထူးစရိတ်များကိုကာမိစေရန်၊ ပေးသည့်ငွေမှတပါး၊ ငွေဖြင့်တွက်ချက်နိုင်သော မည်သည့်အခွင့်အရေးမဆို၊ သို့ဟုတ်း မဟုတ် မည်သည့်အကျိုးခံစားခွင့်မဆိုပါဝင်သည်။

(ဂ) " ထည့်ဝင်ကြေး " ဆိုသည်မှာ၊ ဤအက်ဥပဒေပါကိစ္စများအလို့ငှါ၊ဤအက်ဥပဒေပါ၊သို့တည်းမဟုတ် စည်းမျဉ်း ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ၊အလုပ်ရှင်ကသော်၎င်း၊အလုပ်သမားကသော်၎င်း၊ နိုင်ငံတော်ကသော်၎င်း အဖွဲ့အား ကာလအပိုင်းအခြားအား ဖြင့်ပေးရသည့်ငွေကိုဆိုလိုသည်။

(ဃ) " အာမခံထားသူ " ဆိုသည်မှာ၊ သီးခြား ရက်သတ္တပတ်တခုခုနှင့် စပ်လျဉ်း၍၊ ဤအက်ဥပဒေအရ အာမခံထားရမည့်တာဝန်ရှိသည့်ပြင်၊ မိမိအတွက် ထည့်ဝင်ကြေးကို မိမိကိုယ်တိုင်ကျင်း၊ မိမိအလုပ်ရှင်ကဝင်း ပေးရပါသည့်အလုပ်သမားကိုဆိုလိုသည်။

(ဇ) " နည်းဥပဒေ " နှင့် " စည်းမျဉ်းဥပဒေ " ဆိုသည်မှာ၊နိုင်ငံတော်သမတ က ဤအက်ဥပဒေပါကိစ္စများကို ဆောင်ရွက်ရန် ပြဋ္ဌာန်းသည့် နည်းဥပဒေနှင့်စည်းမျဉ်းဥပဒေကိုဆိုလိုသည်။

## အခန်း ၁။

အကျုံးဝင်ခြင်း။

၃။ ။ဤအက်ဥပဒေသည်၊ အောက်ပါအလုပ်ဌာနများနှင့် သက်ဆိုင်ရမည်။

(က) ဤအက်ဥပဒေ စတင် အာဏာတည်သည့် နေ့ရက်မှစ၍ အလုပ်သမား အနည်းဆုံး ဆယ်ယောက် လုပ်သည့်၊ သို့တည်းမဟုတ် လုပ်လျက်ရှိသည့် စက်မှု လက်မှု အလုပ်ဌာနများ။ သို့ရာတွင် အလုပ်ဌာနတခုခုမှာ၊ယခင် ဘဏ္ဍာတော်နှစ်အတွင်း

မည်သည့်နေရာက်တွင်မျှ အလုပ်သမား လေးယောက်ထက် ပို၍ လုပ်လျက် မရှိလျင်၊ ထိုအလုပ်ဌာနသည် ဤအက်ဥပဒေတွင် အကျုံးဝင်ခြင်းမရှိစဲရမည်။

(ခ) ပြည်ထောင်စု မြန်မာနိုင်ငံ မီးရထား, အုပ်ချုပ်ရေးအဖွဲ့ လက် အောက်ခံမိုးရထားဘက်ဆိုင်ရာ။

(ဂ) ပြည်ထောင်စုအစိုးရ၏၊ သို့တည်းမဟုတ် ဒေသန္တရ အာဏာ ပိုင်၏စက်မှု လက်မှုနှင့် သယ်ယူပို့ဆောင်ရေး အလုပ်ဌာနများ၊ ပြည်ထောင်စု အစိုးရ လက်အောက်ခံဖြစ်သည့်၊ သို့တည်းမဟုတ် ဒေသန္တရအာဏာပိုင်လက်အောက်ခံဖြစ်သည့် စက်မှု လက်မှုနှင့် သယ်ယူပို့ဆောင်ရေးအလုပ်ဌာနများ၊ ပါလီမန်ကပြဋ္ဌာန်းသည့် အက်ဥပဒေဖြင့်သော်၎င်း၊ ပြည်ထောင်စု အစိုးရ၏၊ သို့တည်း မဟုတ် ဒေသန္တရ အာဏာပိုင်၏ အမိန့်ဖြင့်သော်၎င်း ဖွဲ့စည်း ထားသည့်အဖွဲ့တခုခု၏၊သို့တည်းမဟုတ် ထိုအဖွဲ့လက်အောက်ခံ ဖြစ်သည့် စက်မှု လက်မှုနှင့်သယ်ယူပို့ဆောင်ရေးအလုပ်ဌာနများ။

(ဃ) ရန်ကုန်ဆိပ်ကမ်းအက်ဥပဒေနှင့် ဆိုင်ကမ်းများ အက်ဥပဒေတွင် အဓိပ္ပါယ်ဖေါ်ပြထားသည့်ဆိပ်ကမ်းများ။

(င) သတ္တုတွင်းအက်ဥပဒေတွင် အဓိပ္ပါယ်ဖေါ်ပြထားသည့် သတ္တု တွင်းများ။

(စ) ရေနံမြေအက်ဥပဒေတွင် အဓိပ္ပါယ်ဖေါ်ပြထားသည့်ရေနံမြေများ။

(ဆ) ဆိပ်ကမ်းအလုပ်သမားများ (စံနစ်တကျအမြဲတန်းအလုပ်ရှိရေး) အက်ဥပဒေတွင် အကျုံးဝင်သည့် ကုန်တင် ကုန်ချ အလုပ် ဌာနများ။

(ဇ) အဖွဲ့ (မိမိ၏အမှုထမ်းများနှင့် ပတ်သက်သမျှ)။

(ဈ) နိုင်ငံတော်သမတ က၊အခါအားလျော်စွာ ကျေညာသည့် အခြား အလုပ်ဌာနတခု။

၄။ ။ပုဒ်မ ၃၊ အပိုဒ် (ဂ) တွင်ရည်ညွှန်းထားသည့်အလုပ်ဌာနများသည်၊ မိမိတို့၏အလုပ်သမားများ အတွက်၊ မမာမကျန်းမှု၊ မီးဖွါးမှုနှင့် သေဆုံးမှု ကိစ္စများပေါ် ပေါက်လျှင်၊ ဤအက်ဥပဒေအရပြဋ္ဌာန်းထားသည်ထက် ပိုမို ကောင်းမွန်သော ကာကွယ် စောင့်ရှောက်မှုကို နိုင်ငံတော်သမတ က ကျေနပ်တွယ်ဖြစ်သည်ဟု အသိအမှတ်ပြုထား သည့်အထူးစည်းကမ်း နည်းလမ်းများအရ စီမံထားရှိသမျှကာလ ပတ်လုံး၊ထိုအလုပ်ဌာန များအား ဤအက်ဥပဒေ၎င်းနောက်တွင် အရပ်ရပ်အာမခံစံနစ်ဟုခေါ်သည့်မမာမကျန်း မှု၊ မီးဖွါးမှုနှင့် သေဆုံးမှုအာမခံဝံနစ်ဆိုင်ရာပြဋ္ဌာန်းချက်များမှ တကြိမ်လျှင် တနှစ်ထက် မပိုစေဘဲ၊ နိုင်ငံတော်သမတ က ကင်းလွတ်ခွင့်ပြုနိုင်သည်။

၅။ ။ပုဒ်မ ၃ နှင့်အညီ၊၎င်းအက်ဥပဒေနှင့် သက်ဆိုင်သည့် အလုပ်ဌာနတွင် လုပ်သူအားလုံးတို့သည်၊ အခကြေးငွေဖြင့်ဖြစ်စေ၊ လစာငွေဖြင့်ဖြစ်စေ လုပ်သူ များဖြစ်စေကာမူ မိမိတို့၏ အလုပ် (အမြဲတန်း၊ သို့တည်းမဟုတ် ယာယီ) မျိုးမည် မရွေး မိမိတို့ဆောင်ရွက်သည့် လုပ်ငန်း (အလုပ်ကြမ်းဟုဝံသည်ဖြစ်စေ၊ မဟုတ်သည် ဖြစ်စေ) အမျိုးအစားမရွေး၊ မိမိတို့ရရှိသောအခကြေးငွေ နည်းများမရွေး၊ အခကြေးငွေ ရပုံရနည်းမရွေး ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီအာမခံထားရမည်။

## အခန်း ၂။

အာမခံထားမှုကိစ္စများ။

၆။ ။ဤအက်ဥပဒေသည်၊ အောက်ပါအာမခံထားမှုကိစ္စများနှင့်စပ်လျဉ်း၍ အကျိုးခံစားခွင့်များ စီမံထားရှိရန်ပြဋ္ဌာန်းသည်။

(က) အရပ်ရပ်အာမခံစံနစ်—

(၁) မမာမကျန်းမှု။
(၂) မီးဖွါးမှု။
(၃) သေဆုံးမှု။

(ခ) အလုပ်တွင်ဒဏ်ရာရမှု အာမခံစံနစ်—

(၁) အလုပ်တွင်မတော်တဆဖြစ်ပွါးမှုများ။
(၂) အလုပ်နှင့်ဆိုင်သည့်ရောဂါများ။

## အခန်း ၃။

အကျိုးခံစားခွင့်များ။

၇။ ။အာမခံထားသူတို့မှာ ဤအက်ဥပဒေပါပြဋ္ဌာန်းချက်များအရ အောက်ပါအကျိုးခံစားခွင့်များရတိုက်ခွင့်ရှိရမည်။

(၁) ဆေးကုမှု။ ။အောက်ပါကိစ္စများမေပါ်ပေါက်လျှင် အခမဲ့ဆေးကုမှုကို စီမံထားရှိရမည်—

(က) မည်သည့်အကြောင်းကြောင့်မဆို မမာမကျန်းဖြစ်ခြင်း။
(ခ) ကိုယ်ဝန်ဆောင်ခြင်းနှင့်မီးဖွါးခြင်း။
(ဂ) အလုပ်တွင်ဒဏ်ရာရခြင်း။

(၂) ငွေလက်ငင်းအကျိုးခံစားခွင့်များ—

(က) အလုပ်မလုပ်နိုင်သည့် အတောအတွင်း မမာမကျန်းမှုနှင့်ဆိုင်သည့်အကျိုးခံစားခွင့်။
(ခ) အာမခံထားသည့် မိန်းမများ မီးမွှါးမိနှင့် မီဖွါးပြီးနောက် အလုပ်ခွင်သို့ မလာရောက်ဘဲ နေရသည့်အတောအတွင်း မီးဖွါးမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်။
(ဂ) ဆေးရုံများ၊သားဖွါးရုံများ၊သို့တည်းမဟုတ် အခြားဆေးကုဌာနများတွင် အစားအသောက် အနေအထိုင်အတွက် အခလွတ်နေထိုင်ရသည့်အတောအတွင်း၊ ဆေးရုံတက်မှုနှင့်ဆိုင်သည့်အကျိုးခံစားခွင့်။
(ဃ) မည်သည့်အကြောင်းကြောင့်မဆို သေဆုံးသည့်ကိစ္စအတွက် အငှေတာခံရိတ်။

( ဂ ) အလုပ်တွင် ဒဏ်ရာရမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်များ—

(က) ခေတ္တအဲလုပ် မလုပ်နိုင်သည့်အခါ၊ ခေတ္တမသန်စွမ်းမှုနှင့် ဆိုင်သည့်အကျိုးခံစားခွင့်။

(ခ) အလုပ်ကို တစိတ်တဒေသဖြစ်စေ၊လုံးဝဖြစ်စေ အမြဲတန်း မလုပ်နိုင်သည့်အခါ၊အမြဲတန်း မသန်စွမ်းမှုနှင့်ဆိုင်သည့် ပင်ရှင်။

( ဃ ) အလုပ်တွင် မတော်တဆ ဖြစ်ပွါးမှုကြောင့်သော်၎င်း၊ အလုပ်နှင့် ဆိုင်သည့် ရောဂါကြောင့် သော်၎င်း သေဆုံးသည့်အတွက် ကျန်ရစ်သူများအား ပေးသည့် ပင်ရှင်။

(ဃ) (ခ) နှင့် (ဂ) တွင် ရည်ညွှန်းသည့်ပင်ရှင်အစား ပေးသည့်ငွေများ။

## အခန်း ၄။

### ဆေးကုမှု။

၈။ ။(၁) အာမခံထားသူအား၊မမာမကျန်းဖြစ်နေသည့်အတောအတွင်း ဆေးကုပေးရမည်။ သို့ရာတွင် ဆေးစတင်ကုသည့်နေ့ရက်မှ ရက်သတ္တပတ် ၁၃ ပတ် ထက်ပို၍ ဆေးကုပေးခြင်းမပြုရ။

(၂) သို့သော် မမာမကျန်းမှုနှင့်သော်၎င်း၊ မိးဖွါးမှုနှင့်သော်၎င်း ဆိုင်သည့် အကျိုးခံစားခွင့်ကိုဆက်လက်ပေးနေစဉ်အတွင်း ဆေးကုမှုကို ရပ်ဆိုင်းမထားရ။

(၃) ထပ်တလဲလဲဖြစ်သည့် မမာမကျန်းမှုအတွက်၊ သို့တည်းမဟုတ် အချိန်ကာလအပိုင်းအခြားတခုတည်းအတွင်း တသီးတခြားဖြစ်ပွါးသည့် ရောဂါများအတွက် ဆေးကုရန် အများဆုံးကာလအပိုင်းအခြားကို စည်းမျဉ်းဥပဒေများဖြင့် သတ်မှတ်နိုင်သည်။

(၄) အထွေထွေကျန်းမာရေးအကျိုးကို ဒဏာက်ရှရ၍ အထူးအရေးကြီးသည်ဟုယူဆသည့် မမာမကျန်းမှုအတွက်ဆေးကုရန် အများဆုံးကာလအပိုင်းအခြားကို စည်းမျဉ်းဥပဒေများဖြင့်တိုးပေးနိုင်သည်။

၉။ ။(၁) အာမခံထားသူအား အလုပ်တွင်ဒဏ်ရာရလျှင် အချိန်ကာလ အကန့်အသတ်မရှိဘဲဆေးကုပေးရမည်။

(၂) အဆိုပါဆေးကုမှုတွင် စည်းမျဉ်းဥပဒေများဖြင့် သတ်မှတ်ထားသည့် စည်းကမ်းချက်များမရှ၊ ဆိုင်ရာရောဂါဘက်ခြအထူးကျွမ်းကျင်သည့် ဆရာဝန်များဖြင့် ဆေးကုမှုလည်းပါဝင်သည်။

၁၀။ ။အာမခံထားသည့်မိန်းမအတွက် ကိုယ်ဝန်ဆောင်မှုနှင့် မိးဖွါးမှုကိစ္စ ပေါ်ပေါက်လျှင် ဆေးကုမှုကိုစည်းမျဉ်းဥပဒေများဖြင့်ဘာတ်မှတ်ရမည်။

၁၁။ ။(၁) အမျိုးသမီးများသည့် ကိုယ်ခန္ဓာလွယ် ဌာနများနှင့်ငင်း၊ အကြောင်းထူးကိစ္စများပေါ်ပေါက်လာသည့်အခါ ကိုယ်ပိုင် ကိုယ်စားလွယ်ဌာနများ

နှင့်၎င်း အာမခံထားသူများအတွက် အဆိုပါကိုယ်စားလှယ်ဌာနများ၏ ဆေးကုဌာနများမှတဆင့် ဆေးကုမ္ပဏီမထားရှိပေးရန်၊ သို့တည်းမဟုတ် ငြင်းဆန်းထားသည့် စံမှီဆေးများပေးသွင်းရန် သဘောတူစာချုပ်များချုပ်ဆိုနိုင်သည့် အာဏာရှိရမည်။

(၂) အဆိုပါဒေသဘောတူစာချုပ်များအရ၊ အာမခံထားသူတို့အတွက် အဆိုပါဌာနများတွင် သတ်မှတ်ထားသည့် ခုတင်၊ အိပ်ရာအရေအတွက်ကို သီးသန့်ထားရန် လိုအပ်လျှင် သီးသန့်ထားရမည်။ ထိုသို့သီးသန့်ထားသည့်ကုန်ကျစရိတ်အတွက်သော်၎င်း၊ အာမခံထားသူတို့သက်သက်အသုံးပြုရန် ရှိရင်းလွယ်ကူမှုများဆက်လက်ပေးရသည့် ကုန်ကျစရိတ်အတွက်သော်၎င်း အဖွဲ့က ထောက်ပံ့ကြေးပေးရမည်။

၁၂။ ။ဤအက်ဥပဒေအရ၊ ခွင့်ပြုသည့်ဆေးကုမှုမှတပါး၊ အခြားဆေးကုမှုများအတွက် အာမခံထားသူများကုန်ကျသည့်စရိတ်များကိုထုတ်မပေးရ။

## အခန်း ၅။

### မမာမကျန်းမှုနှင့်ဆိုင်သည့်အကျိုးခံစားခွင့်။

၁၃။ ။အာမခံထားသူများသည် ကိုယ်ဝန်ဆောင်ခြင်းနှင့် မီးဖွါးခြင်းကြောင့်မှတပါး၊ သို့တည်းမဟုတ် အလုပ်တွင်မတော်တဆဖြစ်ပွါးခြင်းနှင့် အလုပ်နှင့်ဆိုင်သည့် ရောဂါစွဲကပ်ခြင်းကြောင့်မှတပါး အခြားအကြောင်းများကြောင့် မမာမကျန်းဖြစ်သဖြင့် အလုပ်မလုပ်နိုင်၍ဝင်ငွေရပ်စဲသွားလျှင်၊ ထိုသူတို့အား၊ မမာမကျန်းမှုနှင့်ဆိုင်သည့်အကျိုးခံစားခွင့်ကိုပေးရမည်။

၁၄။ ။အာမခံထားသူမှာ မသန်စွမ်း စာရင်းဖြစ်သည့်ရက်နှင့် တဆက်တည်း အလျင်ကျသည့် ရက်သတ္တ ၂၆ ပတ်တွင် အနည်းဆုံး ၁၇ ပတ် (အကျိုးခံစားခွင့်ရနိုင်သည့် ကာလအပိုင်းအခြား) လည့်ဝင်ကြေးရှိမှသာလျှင် မမာမကျန်းမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်ကို ထိုသူအား ပေးရမည်။

၁၅။ ။အာမခံထားသူသည်၊ အလုပ်မလုပ်နိုင်ကြောင်းဖြင့် အဖွဲ့ကခွင့်ထားသည့်၊ သို့တည်းမဟုတ် သဘောတူသည့်ဆရာဝန်က နည်းလမ်းတကျ သက်သေခံလက်မှတ်ရေးထိုးမှသာ၊ ထိုသူမှာ မမာမကျန်းမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်ကို ရထိုက်ခွင့်ရှိရမည်။

၁၆။ ။(၁) ဤအက်ဥပဒေအရ၊ မမာမကျန်းမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်ရထိုက်သောအာမခံထားသူများသည်၊ အဆိုပါအကျိုးခံစားခွင့်ကို အလုပ်မလုပ်သည့်နေ့မှ လေးရက်မြောက်သောနေ့ (စောင့်ဆိုင်းရမည့်ကာလအပိုင်းအခြား) ကစ၍ ရထိုက်ခွင့်ရှိရမည်။

(၂) ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက် အက်ဥပဒေတွင် အကျုံးဝင်သည့်အလုပ်ရှင်သည်၊ ထိုအက်ဥပဒေ၏ ပုဒ်မ ၆ နှင့်အညီ၊ ဆေးလက်မှတ်ဖြင့် ခွင့်ရနိုင်သည့်အလုပ်သမားများအား ပဌမသုံးရက်အတွင်း မမာမကျန်းမှုနှင့် ဆိုင်သည့်ခွင့်ကို ထိုအလုပ်သမားများ၏မြဲလစာငွေ၏ လို့တည်းမဟုတ် အခကြေးငွေ၏ဃက်ဝက်ဖြင့် ပေးရမည်။

(၃) ပုဒ်မခွဲ (၂) တွင် ရည်ညွှန်းသည့်တာဝန်မှတပါး၊ ဤအက်ဥပဒေတွင် အကျုံးဝင်သည့်အလုပ်ရှင်သည်၊ ၁၉၅၁ ခုနှစ်၊ခွင့်ရက်နှင့်အလုပ်ပိတ်ရက် အက်ဥပဒေ ပုဒ်မ ၆ ကြောင့်၊ အာမခံထားသည့် မိမိအလုပ်သမားများအား မမာမကျန်းမှုနှင့် ဆိုင်သည့်ခွင့်ပေးရန် အခြားတာဝန်မှကင်းလွတ်ခွင့်ရှိရမည်။

(၄) မမာမကျန်းဖြစ်သည့်အတွက် မမာမကျန်းမှုနှင့် ဆိုင်သည့် အကျိုးခံစားခွင့်ပေးပြီးနောက်၊ ရုတ်အနည်းငယ်ခြား၍ သပ်မံမမာမကျန်းဖြစ်သည့်အခါ၊ ထိုသို့အသစ်တဖန်မမာမကျန်းဖြစ်သည့် ပဌမနေ့ရက်မှစ၍ စောင့်ဆိုင်းရမည့် ကာလအပိုင်းအခြားမရှိဘဲ၊ မမာမကျန်းမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်ပေးရမည့် အကြောင်းချင်းရာများကို၊ စည်းမျဉ်းဥပဒေများဖြင့်သတ်မှတ်ရမည်။

၁၇။ ။မမာမကျန်းမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်၏ ငွေအရေအတွက်ကို စည်းမျဉ်းဥပဒေများဖြင့်သတ်မှတ်ရမည်။

၁၈။ ။(၁) တနင်္ဂနွေနေ့များနှင့်အလုပ်ပိတ်ရက်များကိုချန်လှပ်၍၊အလုပ်မလုပ်နိုင်သည့်ရက်အသီးသီးအတွက် မမာမကျန်းမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်ကို ရက်သတ္တအပတ်စဉ်အရစ်ကျဖြင့် ရက်သတ္တပတ်ကုန်ဆုံးသည့်အခါဖြစ်စေ၊ မမာမကျန်းဖြစ်သည်မှာ ရက်သတ္တတပတ်လုံးမဟုတ်လျှင်၊နေ့စဉ်အရစ်ကျဖြင့်ဖြစ်စေ ပေးရမည်။

(၂) မမာမကျန်းမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်ကို အလုပ်မလုပ်နိုင်ဘဲရှိနေသရွေ့ကာလပတ်လုံးပေးရမည်။ သို့ရာတွင် ရက်သတ္တ ၀၃ ပတ်ထက်ပို၍မပေးရ။

၁၉။ ။အာမခံထားသူသည်၊ မိမိမလုပ်နိုင်ကြောင်းဖြင့် သက်သေခံလက်မှတ်ပေးထားသည့်လုပ်ငန်းတွင်ဖြစ်စေ၊ အခကြေးငွေရသည့် အလားတူ အခြားအလုပ်တခုခုတွင်ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်လျှင် မမာမကျန်းမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်ကိုမပေးဘဲရပ်ဆိုင်းထားရမည်။

၂၀။ ။အာမခံထားသူသည်၊ တမင်မိမိကိုယ်ကို မိမိမမာမကျန်းဖြစ်အောင်ပြုလျှင်၊ သို့တည်းမဟုတ် ရာဇဝတ်ပြစ်ဒဏ်ထိုက်သည့်ပြုမူကြောင့် မမာမကျန်းဖြစ်လျှင်၊ သို့တည်းမဟုတ် ဆေးကုခံရန်သော်၎င်း၊ဆရာဝန်များ၏ညွှန်ကြားချက်များကိုလိုက်နာရန်သော်၎င်း လုံလောက်သောအကြောင်းမရှိဘဲပျက်ကွက်လျှင်၊ မမာမကျန်းမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်ကို၊ လုံးဝဖြစ်စေ၊ တစိတ်တဒေသဖြစ်စေ မပေးဘဲရပ်ဆိုင်းထားနိုင်သည်။

## အခန်း ၆။

### ငိုးဖွဲးမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်။

၂၁။ ။မိုးဖွဲးမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်ကို အာမခံထားသော မိန်းမအလုပ်သမားများအား၊ ကိုယ်ဝန်ဆောင်မှုနှင့်မိုးဖွဲးမှုကိစ္စပေါ်ပေါက်၍၊ဝင်ငွေရပ်စဲသွားလျှင် ပေးရမည်။

၂၂။ ။အာမခံထားသည့် မိန်းမအလုပ်သမားများအား၊ မိုးဖွဲးမိရက်သတ္တ ၆ ပတ်နှင့်မိုးဖွဲးပြီးနောက် ရက်သတ္တ ၆ ပတ်မျှအလုပ်ခွင်သို့ မလာရောက်ဘဲနေသည့်အတောအတွင်း၊ မိုးဖွဲးမှုနှင့်ဆိုင်သည့်အကျိုးခံစားခွင့်ကိုပေးရမည်။ သို့ရာကွင် အကျိုးခံစားခွင့်ပေးသည့်ကာလအပိုင်းအခြားသည်၊ မည်သည့်အခါမျှ စုစုပေါင်း ရက်သတ္တ ၁၂ ပတ်ထက်မပိုစေရ။

၂၃။ ။(၁) မိန်းပအလုပ်သမားသည်၊ မီးမွှေးမီ နောက်ဆုံး ရက်သတ္တ ၅၂ ပတ်အတွင်း အနည်းဆုံး ၂၆ ပတ်အတွက်ဟည့်ပင်ကြေးနှင့်ညီမျှသည့်ထည့်ဝင်ကြေး ကိုပေးပြီးဖြစ်မှသာလျှင်၊မီးဖွေးမှုနှင့်ဆိုင်သည့်အကျိုးခံစားခွင့်ကို၊ ထိုမိန်းမအလုပ်သမား အားပေးရမည်။ သို့ရာတွင် ထိုအကျိုးခံစားခွင့်နှင့်စပ်လျဉ်းသည့်အခြားစည်းကမ်းချက် များကို၊ စည်းမျဉ်းဥပဒေများဖြင့်ပြဋ္ဌာန်းနိုင်သည်။

(၂) အကျိုးခံစားခွင့်ရသူသည်၊ အခကြေးငွေရယူသည့်အလုပ်တွင် လုပ်ကိုင် ဆောင်ရွက်လျှင်၊ ထိုသို့လုပ်ကိုင်ဆောင်ရွက်နေသည့် ကာလအပိုင်းအခြားအတွင်း၊ မီးဖွေးမှုနှင့်ဆိုင်သည့်အကျိုးခံစားခွင့်ကိုမပေးဘဲ ရပ်ဆိုင်းထားရမည်။

၂၄။ ။(၁) မီးဖွေးမှုနှင့်ဆိုင်သည့်အကျိုးခံစားခွင့်၏ငွေအရေအတွက်မှာ စည်းမျဉ်းဥပဒေဖြင့်သတ်မှတ်ထားသည့်အတိုင်းဖြစ်ရမည်။

(၂) မီးဖွေးမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်ကို တနဂ်္ဂနွေနေ့များနှင့် အလုပ် ပိတ်ရက်များကိုချန်လှပ်၍၊ အလုပ်ခွင်သို့ မလာရောက်သည့် ရက်အသီးသီးအတွက် ရက်သတ္တအပတ်စဉ် အရစ်ကျဖြင့်ဖြစ်စေ၊ အလုပ်ခွင်သို့မလာရောက်သည်မှာ ရက်သတ္တ တပတ်လုံးမဟုတ်လျှင် နေ့စဉ်အရစ်ကျဖြင့်ဖြစ်စေ ပေးရမည်။

၂၅။ ။ကိုယ်ဝန်ပျက်သည့်ကိစ္စတွင် (ရာဇဝတ်ပြစ်မှုဆိုက်သည့်ကိုယ်ဝန် ပျက်စေခြင်းမပါဝင်ချေ)၊ ထိုသို့ကိုယ်ဝန် ပျက်ပြီးနောက် မီးဖွေးမှုနှင့်ဆိုင်သည့်အကျိုး ခံစားခွင့်ပေးရမည့် ကာလအပိုင်းအခြားကို အာမခံထားသည့် မိန်းမအလုပ်သမား အသီးသီးအတွက် အဖွဲ့က ခန့်ထားသည့်၊ သို့တည်းမဟုတ် သဘောတူသည့် ဆရာဝန် က၊ ထိုမိန်းမ အလုပ်သမား၏ အခြေအနေအရအလုပ်ခွင်သို့ မတက်ရောက်ရန် လိုအပ် ကြောင်းဖြင့် အချိန်ကာလသတ်မှတ်၍ ထုတ်ပေးသော သက်သေခံ လက်မှတ်ပေါ်တွင် အခြေပြုလျက် အများဆုံးရက်သတ္တ ၆ ပတ်ထက်မိုစေဘဲသက်မှတ်ရမည်။

## အခန်း ၇။

### ဆေးရုံတက်မှုနှင့် ဆိုင်သည့်အကျိုးခံစားခွင့်။

၂၆။ ။(၁) အာမခံထားသူမှာ၊ အနေအထိုင် အစား အသောက် အခလွတ်ရရှိသည့်ဆေးကုဌာနများသို့ တက်ခွင့်ရလျှင် ဆေးရုံတက်မှုနှင့်ဆိုင်သည့်အကျိုး ခံစားခွင့်ကို စည်းမျဉ်းဥပဒေများဖြင့် သတ်မှတ်သည့် နှုန်းအတိုင်း ရထိုက်ခွင့်ရှိရမည်။

သို့ရာတွင် အာမခံထားသူမှာ၊ ပုဒ်မ ၄၃ အရ၊ ပြဋ္ဌာန်းထွားသည့် မိမိ၏အိမ် ထောင်သားစုတွင်ပါဝင်သူများကို မွေးကျွေးရမည့် တာဝန်ရှိလျှင် ဆေးရုံတက်မှုနှင့် ဆိုင်သည့် အကျိုးခံစားခွင့်ကို၊ စည်းမျဉ်းဥပဒေများဖြင့် တိုးမြှင့်သတ်မှတ်သည့် နှုန်းများ အတိုင်း ရထိုက်ခွင့်ရှိရမည်။

(၂) အာမခံထားသူမှာ၊ ဆေးရုံတက်မှုနှင့် ဆိုင်သည့် အကျိုးခံစားခွင့်ကို ရရှိနေစဉ်၊ အခြားငွေလက်ငင်း အကျိုးခံစားခွင့် တခုခုကို ရထိုက်ခွင့် မရှိစေရ။

(၃) ထိုအကျိုးခံစားခွင့်ပေးရမည့် စည်းကမ်းချက်များကိုလည်း၊ ဥည်းမျဉ်း ဥပဒေများဖြင့် အသေးစိတ် သတ်မှတ်ရမည်။

## အခန်း ၈။

### အသုဘစရိတ်ပေးခြင်း။

၂၇။ ။(၁) အကြောင်းတခုခုကြောင့် အာမခံထားသူ သေဆုံးလျှင်၊ အသုဘစရိတ်ကို၊ ကျန်ရစ်သည့် အိမ်ထောင်သားစုတွင် ပါဝင်သူများအား သော်၎င်း၊ ထိုသူ၏အသုဘစရိတ်ကို ကျခံရသော အခြားသူများအား သော်၎င်း ပေးရမည်။

(၂) အသုဘစရိတ်ကို၊ ဇနီးမုဆိုးမအား သော်၎င်း၊ သေဆုံးသူ၏ သားသမီးများအားသော်၎င်း ပေးလျှင်၊ ထိုဧရိတ်မှာ၊ ငွေ ၂၀၀ ကျပ်ဖြစ်ရမည်။

(၃) အသုဘစရိတ်ကို၊ အကုန်အကျခံသည့် ကျန်ရစ်သော အခြားဆွေမျိုးများအားသော်၎င်း၊ အခြားသူများအားသော်၎င်း ပေးလျှင်၊ ထိုသို့ပေးသည့် ငွေအရေအတွက်မှာ၊ အသုဘကိစ္စအတွက် အမှန်ကုန်ကျသည်ဟုနည်းလမ်းတကျ သက်သေခံလက်မှတ်ရေးထိုးသည့် ငွေနှင့် ညီမျှရမည်။ သို့ရာတွင် ထိုဧငွေတ်မှာ မည်သည့်အခါမျှ ငွေ ၂၀၀ ကျပ်ထက် မပိုစေရ။

(၄) ထိုစရိတ်ကိုပေးရန်အတွက် စည်းကမ်းချက်များကို စည်းမျဉ်းဥပဒေများဖြင့် ပြဋ္ဌာန်းနိုင်သည်။

## အခန်း ၉။

### အလုပ်တွင် ဒဏ်ရာရမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်များ။

၂၈။ ။(၁) အလုပ်တွင် ဒဏ်ရာရမှု၊ အလုပ်တွင် မတော်တဆ ဖြစ်ပွါးမှုနှင့် အလုပ်နှင့်ဆိုင်သည့် ရောဂါဖွဲ့ကပ်မှုများဖြစ်ပေါ်လျှင်၊ အကျိုးခံစားခွင့်များကို ပေးရမည်။

သို့ရာတွင် အဆိုပါရောဂါများသည် အလုပ်သမားလျော်ကြေးအက်ဥပဒေ၏ ဇယား ၃ (စာရင်း က နှင့် ခ) တွင် သီးခြားဖော်ပြထားသည့်ရောဂါများဖြစ်ရမည်။

(၂) နိုင်ငံတော်သမ္မတ သည်၊ ပုဒ်မခွဲ (၁) တွင် ဖော်ပြထားသည့်ဇယား၌ သီးခြားဖော်ပြပါ ရောဂါများကို အလုပ်နှင့်ဆိုင်သည့် ရောဂါများအဖြစ် ဖြည့်သွင်း၍၊ သို့တည်းမဟုတ် ထုတ်ပယ်၍ ထိုဇယားကိုပြင်ခြင်း၊ အလုပ်နှင့်ဆိုင်သည့် ရောဂါဖြစ်နိုင်သောအန္တရာယ်နှင့် စပ်လျဉ်းသည့် အနည်းဆုံး ကာလ အပိုင်းအခြားကို သတ်မှတ်ခြင်း၊ သို့တည်းမဟုတ် အဆိုပါ ဇယားရှိစာရင်း (က) တွင် သီးခြားဖော်ပြထားသည့်အလုပ်စာရင်းကို ပြင်ခြင်းပြုနိုင်သည်။

၂၉။ ။စည်းမျဉ်းဥပဒေများဖြင့် ပြဋ္ဌာန်းသည့်စည်းကမ်းချက်များအရ၊ ထိုသို့ပြဋ္ဌာန်းသည့်အကန့်အသတ်များအတွင်း အာမခံထားသူများအား ပြန်လည်ထူထောင်ပေးရန် သို့တည်းမဟုတ် ထိုသူတို့ အလုပ်လုပ်ရန် မစွမ်းဆောင်နိုင်သည်ကို စွမ်းဆောင်နိုင်အောင် ပြုလုပ်ပေးရန်လိုအပ်သည့်အတိုင်း ချုတ်ယွင်းသည့် ကိုယ်အင်္ဂါများ ခွဲစိတ်ကုရန် ကိရိယာတန်ဆာများနှင့် ဖြည့်စွက်ကုရန် ကိရိယာတန်ဆာများကို အဖွဲ့က ဧမံထားရှိရမည့်အပြင်၊ ထိုကိရိယာကန်ဆာများကို ပြုပြင်ခြင်း၊ သို့တည်းမဟုတ် အသစ်လဲလှယ်ခြင်းလည်းပြုရမည်။

အပိုင်း ၁။

ယာယီမသန်စွမ်းမှုနှင့်ဆိုင်သည့်အကျိုးခံစားခွင့်။

၃၀။ ။အာမခံလာဘ်သူတို့သည်၊ အလုပ်တွင် ဒဏ်ရာရမှုကြောင့်အလုပ်မလုပ်နိုင်၍ ဝင်ငွေလက်လွှတ်ပြစ်ရလျှင်၊ ယာယီမသန်စွမ်းမှုနှင့် ဆိုင်သည့်အကျိုးခံစားခွင့်ကို ထိုသူတို့အား ပေးရမည်။

၃၁။ ။ပုဒ်မ ၃၀ နှင့်အညီ ယာယီမသန်စွမ်းမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်ရထိုက်သည့် အာမခံထားသူများမှာ၊ အဆိုပါအကျိုးခံစားခွင့်ကို၊ အလုပ် မလုပ်နိုင်သည့်နေ့မှ လေးရက်မြောက်သောနေ့ (စောင့်ဆိုင်းရမည့်ကာလအပိုင်းအခြား) က စ၍ ရထိုက်ခွင့်ရှိရမည်။

၃၂။ ။ယာယီမသန်စွမ်းမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်၏ ငွေ အရေအတွက်ကို၊ စည်းမျဉ်းဥပဒေများဖြင့် သတ်မှတ်ရမည်။

၃၃။ ။တနင်္ဂနွေနေ့များနှင့် အလုပ်ပိတ်ရက်များကို ချန်လှပ်၍၊ အလုပ်မလုပ်နိုင်သည့်ရက်အသီးသီးအတွက်၊ ယာယီမသန်စွမ်းမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်များကို ရက်သတ္တအပတ်စဉ်အရစ်ကျဖြင့် ထိုရက်သတ္တပတ်ကုန်ဆုံးသည့်အခါဖြစ်စေ၊ ထိုသို့အလုပ်မလုပ်နိုင်သည်မှာ၊ ရက်သတ္တပတ်လုံးမဟုတ်လျှင်၊ နေ့စဉ်အရစ်ကျဖြင့် ဖြစ်စေ ပေးရမည်။

၃၄။ ။(၁) ဆေးကုမှုပြီးဆုံးသောအခါ၊ ယာယီမသန်စွမ်းမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့် ပေးခြင်းကို ရပ်စဲရမည်။ သို့ရာတွင် ရက်သတ္တ ၅၂ ပတ် ကုန်ဆုံးပြီးနောက် ဆေးကုလျက်ပင်ရှိသော်လည်း ရပ်စဲရမည်။

(၂) ရက်သတ္တ ၅၂ ပတ်ကုန်ဆုံး ပြီးနောက် ဆက်လက်၍အလုပ်မလုပ်နိုင်လျှင်၊ ယာယီမသန်စွမ်းမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်ကို ဤအခန်း၏အပိုင်း ၂ နှင့်အညီ အမြဲတန်းမသန်စွမ်းမှုနှင့်ဆိုင်သည့် ပင်ရှင်အဖြစ်သို့ပြောင်းလဲရမည်။

၃၅။ ။ပုဒ်မ ၁၅၊ ၁၉၊ ၂၀ နှင့် ၂၆ ပါပြဋ္ဌာန်းချက်များသည်၊ ယာယီမသန်စွမ်းမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်နှင့် သက်ဆိုင်နိုင်သမျှသက်ဆိုင်စေရမည်။

အပိုင်း ၂။

အမြဲတန်းမသန်စွမ်းမှုနှင့်ဆိုင်သည့်ပင်ရှင်။

၃၆။ ။(၁) အာမခံ ထားသူများသည်၊ အလုပ်တွင် ဒဏ်ရာရမှုကြောင့် အလုပ်လုပ်နိုင်သည့်အင်အား တစိတ်တဒေသ ဆုံးရှုံးခြင်း ခံရလျှင်၎င်း၊ ထိုသို့ဆုံးရှုံးခြင်းမှာ အမြဲတန်းဖြစ်နိုင်ဘွယ်ရာ အကြောင်းရှိလျှင်၎င်း၊ ထိုသူတို့အား အမြဲတန်း မသန်စွမ်းမှုနှင့်ဆိုင်သည့် ပင်ရှင် (အမြဲတန်းတစိတ်တဒေသ မသန်စွမ်းမှုနှင့်ဆိုင်သည့်ပင်ရှင်) ကိုပေးရမည်၊ သို့တည်းမဟုတ် အခကြေးငွေရသည့် အလုပ်တခုခုကို မလုပ်နိုင်လျှင် အမြဲတန်း မသန်စွမ်းမှုနှင့်ဆိုင်သည့် ပင်ရှင် (အမြဲတန်းလုံး၀ မသန်စွမ်းမှုနှင့်ဆိုင်သည့်ပင်ရှင်) ကိုပေးရမည်။

(၂) ဤမည်သော အလုပ်တွင် ဒဏ်ရာရမှုကြောင့်၊ အမြဲတန်းတစိတ် တဒေသ မသန်စွမ်းမှုဖြစ်သည်ဟု ယူဆရမည်။ ဤမည်သော်အလုပ်တွင် ဒဏ်ရာ ရမှုကြောင့်၊ အမြဲတန်းလုံး၀ မသန်စွမ်းမှုဖြစ်သည်ဟု ယူဆရမည်ဟူ၍ အလုပ်တွင် ရသည့်ဒဏ်ရာ အမျိုးအစားများကို မူသေ ခွဲခြားထားခြင်းမရှိစေရ။

(၃) ပင်ရှင်များကို သတ်မှတ်ရာ၌ လွယ်ကူစေရန်နှင့်အလားတူကိစ္စများကို နည်းတမျိုးတည်းဖြင့် ဆောင်ရွက်နိုင်စေရန်အလို့၄၊ အဖွဲ့သည်၊ ဆိုင်သင့်ရာရာ၌ ပင်ရှင်များကို စည်းမျဉ်းဥပဒေများဖြင့်ပြဋ္ဌာန်းထားသည့်တန်ဘိုးဖြတ် ရာခိုင်နှုန်းပေါ်တွင် အခြေပြု၍သတ်မှတ်ရမည်။

၃၇။ ။အမြဲတန်း မသန်စွမ်းမှုနှင့် ဆိုင်သည့် ပင်ရှင်များကို လစဉ်တလ ကြိုတင်၍ထုတ်ပေးရမည်။

၃၈။ ။(၁) အောက်ပါ အချက်များတွင် အမြဲတန်း မသန်စွမ်းမှုနှင့် ဆိုင်သည့်ပင်ရှင်များအစား၊ ငွေလုံးငွေရင်းကို၊ အကျိုးခံစားခွင့်ရှိသူအား တကြိမ်တည်း ထုတ်ပေးနိုင်သည်—

(က) ပင်ရှင်သည်၊စည်းမျဉ်းဥပဒေများဖြင့် ပြဋ္ဌာန်းထားသည့်ငွေအရေ အတွက် အောက်လျော့သည့်အချက်၊ သို့တည်းမဟုတ်

(ခ) အကျိုးခံစားခွင့်ရှိသူက ငွေလုံးငွေရင်းဟုတ်ပေးရန် တောင်းဆို၍၊ ငွေလုံးငွေရင်းကို အသုံးပြုခြင်းအားဖြင့် အကျိုးခံစားခွင့်ရှိသူ၌ အကျိုးကျေးဇူးရှိမည်ဟု အဖွဲ့က ကျေနပ်သည့်အချက်။

(၂) ပုဒ်မခွဲ (၁)၏အပိုဒ် (က) နှင့်သက်ဆိုင်သည့် ကိစ္စတွင်မစွမ်းဆောင်နိုင်မှု၏အခြေအနေမှာ၊ တန်ဘိုးဖြတ် ရာခိုင်နှုန်း ၂၀ အောက်လျော့လျှင်၊ ငွေလုံးငွေရင်းသည်၊ အမြဲတန်းမသန်စွမ်းမှုနှင့်ဆိုင်သည့် ပင်ရှင်၏သုံးနှစ်အတွက် အမြစ်ကျပေးရမည့် ငွေနှင့်ညီမျှရမည်။

(၃) အခြားကိစ္စအားလုံးတွင်၊ ငွေလုံးငွေရင်းသည်၊ တန်ဘိုးဖြတ်ရာခိုင်နှုန်း ပေါ်တွင်အခြေပြု၍တွက်ချက်ရမဟုရှင်၏၊ ငွေလုံးငွေရင်းတန်ဘိုးနှင့်ညီမျှရမည်။

၃၉။ ။(၁) အမြဲတန်းလုံး၀ မသန်စွမ်းမှုနှင့်ဆိုင်သည့် ပင်ရှင်၏ငွေအရေ အတွက်ကို၊ စည်းမျဉ်းဥပဒေများဖြင့် သတ်မှတ်ရမည်။

(၂) မသန်စွမ်းသူသည်၊ အခြားသူတဦးတယောက်က အမြဲမပြတ်ပြုစုရန်လို အပ်သည့်အခြေအနေတွင်ရှိလျှင်၊ ပင်ရှင်၏ ၂၅ ရာခိုင်နှုန်းနှင့်ညီမျှသည့်ငွေကို ပင်ရှင် တွင်ထပ်ဖြည့်ရမည်။

၄၀။ ။(၁) အမြဲတန်းတစိတ်တဒေသမသန်စွမ်းမှုနှင့်ဆိုင်သည့် ပင်ရှင်နှင့် ပုဒ်မ ၃၉ အရ၊ အမြဲတန်းလုံး၀ မစွမ်းဆောင်နိုင်သည့်အခါ၌ ပေးရမည့် ပင်ရှင်၏ အချိုးအစားသည်၊ အလုပ်တွင်ဒဏ်ရာရမှုကြောင့် အလုပ်လုပ်နိုင်သည့်အင်အားဆုံးရှုံး မှု၏အချိုးအစားနှင့်ညီမျှရမည်။

(၂) အမြဲတန်းတစိတ်တဒေသ မသန်စွမ်းမှုနှင့်ဆိုင်သည့် ပင်ရှင်ရရှိသော အာမခံထားသူသည်၊ အလုပ်တွင်အခြားဒဏ်ရာရမှုဟုခုပ်ဖြစ်ပွါးလျှင်၊ စည်းမျဉ်းဥပဒေ များဖြင့် သတ်မှတ်ထားသည့်စည်းကမ်းချက်များအရ အလုပ်လုပ်နိုင်သည့်အင်အားဆုံးရှုံး မှုတရပ်လုံးကို ထည့်သွင်းစဉ်းစား၍ ၎င်း၏ပင်ရှင်ကို အသစ်ထပ်မံသတ်မှတ်ရမည်။

၄၁။ ။ပုဒ်မ ၁၅ နှင့် ၂၀ ပါပြဋ္ဌာန်းချက်များသည် အမြဲတန်းမသန်စွမ်းမှုနှင့်ဘိုင်သည့်ပင်ရှင်နှင့်သက်ဆိုင်နိုင်သမျှသက်ဆိုင်ရမည်။

အပိုင်း ၃။

ကျန်ရစ်သူ၏ပင်ရှင်။

၄၂။ ။အလုပ်တွင် ဒဏ်ရာရမှုကြောင့် အာမခံထား်သူ သေဆုံးလျှင်၊ ထိုသူ၀င်ငွေပေါ်တွင်မှီခိုနေထိုင်သည့်အိမ်ထောင်သားစုဥပါ၀င်သူများအား၊ ကျန်ရစ်သူ၏ပင်ရှင်ကို စည်းမျဉ်းဥပဒေများဖြင့်ပြဋ္ဌာန်းသည့်စည်းကမ်းချက်များအရပေးရမည်။

၄၃။ ။(၁) ကျန်ရစ်သူ၏ပင်ရှင်ရနိုင်ခွင့်ရှိသော အိမ်ထောင်သားစုတွင် ပါ၀င်သူများကိုဂုဏ်၊ ထိုအိမ်ထောင်သားစုတွင်ပါ၀င်သူအသီးသီးအားပေးရမည့်ပင်ရှင်၏ငွေအရေအတွက်ကိုဂုဏ်း နိုင်ငံတော်သမတ က၊ စည်းမျဉ်းဥပဒေများဖြင့် သတ်မှတ်နိုင်သည်။

(၂) ပုဒ်မ ၃၇ နှင့် ၃၈ ပါပြဋ္ဌာန်းချက်များသည် ကျန်ရစ်သူ၏ ပင်ရှင်နှင့်သက်ဆိုင်နိုင်သမျှသက်ဆိုင်ရမည်။

အပိုင်း ၄။

အလုပ်တွင်အခြားဒဏ်ရာရမှုအတွက်အာမခံစံနစ်ဆိုင်ရာပြဋ္ဌာန်းချက်များ။

၄၄။ ။အဖွဲ့သည်စည်းမျဉ်းဥပဒေများဖြင့် ပြဋ္ဌာန်းသည့် စည်းကမ်းချက်များအရ၊ အောက်ပါကိစ္စများကိုစီမံနိုင်သည်။

(က) အလုပ်တွင် မတော်တဆထိခိုက် ဒဏ်ရာသူများအား ပြန်လည်ထူထောင်ပေးမှုနှင့် အလုပ်ပြန်ရှုလုပ်နိုင်စေမှုတွင် လွယ်ကူစေရန်၊ ထိုသူတို့အတွက် အလုပ်နှင့်ဆိုင်သော အတတ်ပညာပြန်လည်သင်ကြားပေးရေးနှင့်ပြန်လည်လေ့ကျင့်ရေးလုပ်ငန်းစဉ်များ (ငွေလက်ငင်းအကျိုးခံစားခွင့်ရရှိသည့်အာမခံထားသူများသည်လုံလောက်သောအကြောင်းမရှိဘဲ၊အဆိုပါလုပ်ငန်းစဉ်များတွင်မပါဝင်ဘဲမနေရ)။ ထို့ပြင်

(ခ) အလုပ်ရှင်နှင့်အလုပ်သမားများအတွက် စက်မှု လက်မှုနှင့်ဆိုင်သည့် ဘေးအန္တရာယ်ကင်းရှင်းရန် ပညာသင်ကြားရေး လုပ်ငန်းများ (ထိုလုပ်ငန်းများနှင့် စပ်လျဉ်း၍ အဖွဲ့သည့် အလုပ်ရုံကြည့်ရှုစစ်ဆေးသည့် ရာထူး မှူထမ်းအဖွဲ့နှင့်ဌင်း၊ အခြားအကျိုးသက်ဆိုင်သည့် အများပြည်သူ ကိုယ်စားလှယ်ဌာန၊ ကိုယ်ပိုင်ကိုယ်စားလှယ်ဌာန များနှင့်ဌင်း၊ အလုပ်တွင် မတော်တဆဖြစ်ပွါးခြင်းမှ ထိုင်ပြင် အလုပ်နှင့်ဆိုင်သည့်ရောဂါများ ဖြစ်ပွါးခြင်းမှကာကွယ်ရန် စက်မှု လက်မှုနှင့်ဆိုင်သည့် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးစီမံချက်များ ထားရှိစေခြင်းငှါ၊ ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ရမည်)။

၄၅။ ။(၁) အလုပ်တွင်မတော်တဆဖြစ်ပွါးခြင်းကြောင့်၎င်း၊ အလုပ်နှင့်ဆိုင်သည့် ရောဂါများဖြစ်ပွါးခြင်းကြောင့်၎င်း တရားမဥပဒေနှင့်အလုပ်သမားလျော်ကြေးအက်ဥပဒေမှ ၁၀၅ပေါက်လာသည့် အခြားတာဝန်များကို တရားဥပဒေနှင့်အညီ ခံယူရခြင်းမှ ဤအက်ဥပဒေတွင်အကျုံးဝင်သည့် အလုပ်ရှင်များအား ကင်းလွတ်စေရမည်။

(၂) သို့သော်လည်း ပုဒ်မခွဲ(၁)ပါ ပြဋ္ဌာန်းချက်များသည်၊ အလုပ်ရှင်က ရာဇဝတ်ပြစ်ဒဏ် ထိုက်လောက်အောင် ပြုသောကြောင့် သော်၎င်း၊ တမင်ပြုသောကြောင့်သော်၎င်း၊ ပြစ်မှုတခုခုကျူးလွန်သောကြောင့်သော်၎င်း ဖြစ်ရသောအလုပ်တွင် ဒဏ်ရာရမှုနှင့် သက်ဆိုင်ခြင်းမရှိစေရ။

(၃) ပုဒ်မခွဲ(၂)တွင် ရည်ညွှန်းသည့် အလုပ်တွင်ဒဏ်ရာရမှုနှင့်စပ်လျဉ်း၍ အဖွဲ့က ကုန်ကျသည့်စရိတ်အားလုံးကို ဆိုင်ရာအလုပ်ရှင်က ကျခံရမည်။

(၄) ပုဒ်မခွဲ(၂)၌ ရည်ညွှန်းသည့် အလုပ်တွင် ဒဏ်ရာရမှုဖြစ်ပွါးသော အာမခံထားသူသည်၊ သို့တည်းမဟုတ် ထိုသူကိုမှီခိုနေထိုင်သော ကျန်ရစ်သူများသည် ဤအက်ဥပဒေအရ ၎င်းတို့၏ အခွင့်အရေးများကို မထိခိုက်စေဘဲ သာမန်တရားဥပဒေအရ၊ ရထိုက်သည့် လျော်ကြေးအားလုံးကို အလုပ်ရှင်ထံမှ တောင်းဆိုနိုင်သည်။

၄၆။ ။(၁) အလုပ်ရှင်သည် စည်းမျဉ်းဥပဒေများဖြင့် ပြဋ္ဌာန်းထားသည့် နည်းလမ်းအရ အဆိုပါစည်းမျဉ်းဥပဒေများတွင် ပြင်းထန်သည်ဟု အဓိပ္ပါယ်ဖော်ပြထားသော မခတ်တဆ ဖြစ်ပွါးမှုအားလုံးကို အဖွဲ့အား အစီရင်ခံရမည်။

(၂) အလုပ်ရုံ ကြည့်ရှုစစ်ဆေးသည့် ရာထမ်း မှထမ်းအဖွဲ့က အလုပ်ဝတ်တရားများကို ဆောင်ရွက်ရာ၌ တွေ့ရှိသည့် အလုပ်တွင် မတော်တဆ ဖြစ်ပွါးမှုများနှင့် ဘေးလွန်ဆိုင်သည့် နောက်အားလုံးကို အဖွဲ့အား အစီရင်ခံရမည်။

၄၇။ ။ပျမ်းမျှရအလုပ်သမားအရေအတွက်အလိုက် သတ်မှတ်သည့်အရွယ်အစားထက်ကြီးသော ဤအက်ဥပဒေတွင် ဘေးကျုံးဝင်သည့် အလုပ်ဌာနများအား အလုပ်တွင် ဒဏ်ရာရမှုခကြောင့် ကိုယ်အင်္ဂါပျက်ယွင်း၍ အလုပ် လုပ်နိုင်သည့် အင်အားယုတ်လျော့သွားသူများဘတွက် ငွေလစာသောဘလုပ်များကို အနည်းဆုံး မည်ရွေ့မည်မျှ အချိုးအစားဖြင့် သီးသန့်ထားရမည်ဟု နိုင်ငံတော်သမတ က အမိန့်ကြော်ငြာစာဖြင့် ဆင့်ဆိုနိုင်သည်။

၄၈။ ။ဘလုပ်ဌာန် မတော်တဆဖြစ်ပွါးပြီးနောက်သော်၎င်း၊ အလုပ်နှင့်ဆိုင်သည့် ရောဂါဖြစ်ပွါးပြီးနောက်သော်၎င်း ရက်သတ္တ ၅၂ ပတ်အတွင်း၊ ထိုသို့ဖြစ်ပွါးကြောင်းကို အဖွဲ့အား အစီရင်မခံလျှင်၊ သို့တည်းမဟုတ် ပင်ရှင်ကိုမတောင်းဆိုလျှင်၊ အမြဲတန်း မသန်စွမ်းမှုနှင့်ဆိုင်သည့်ပင်ရှင်နှင့် ကျန်ရစ်သူ၏ ပင်ရှင်ရထိုက်သည့် အခွင့်အရေးများသည် ပျက်ပြယ်ရမည်။

## အခန်း ၁၀။

### အကျိုးခံစားခွင့်အားလုံးနှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များ။

၄၉။ ။အကျိုးခံစားခွင့်များ၏ ငွေအရေအတွက်သတ်မှတ်ရန် ပျမ်းမျှရအမျိုးအစားကို၊ ထည့်ဝင်ကြေး ပေးပြီးဖြစ်သည့် ယခင်ရက်သတ္တ ၁၃ ပတ်အတွင်း မူလအခကြေးငွေ၏ပျမ်းမျှရနှုန်းအတိုင်း သတ်မှတ်ရမည်။ သို့သော်လည်း အလုပ်တွင် ဒဏ်ရာရမှုအာမခံစံနှုန်းအရ အကျိုးခံစားခွင့် များနှင့် သက်ဆိုင်သမျှ၊ ထည့်ဝင်ကြေး အမှန်

ပေးသွင်းပြီးသည့် ရက်သတ္တာအပတ်ပေါင်းမှာ ၁၇ ပတ်အောက်လျော့လျှင် ထိုသို့ပေးဆောင်းပြီးသည့် ရက်သတ္တာပတ်များအတွင်း မူလအခကြေးငွေ၏ ပျမ်းမျှရန်ုန်းအတိုင်း သတ်မှတ်ရမည်။

၅၀။ ။(၁) အောက်ပါ အကျိုးခံစားခွင့်များကို၊ အာမခံထားသူအား တပြိုင်တည်းမပေးရ—

(က) မမာမကျန်းမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်နှင့် မီးဖွါးမှုနှင့် ဆိုင်သည့် အကျိုးခံစားခွင့်။

(ခ) မမာမကျန်းမှုနှင့် ဆိုင်သည့် အကျိုးခံစားခွင့်နှင့် ယာယီမသန်စွမ်းမှုနှင့်ဆိုင်သည့်အကျိုးခံစားခွင့်၊ သို့တည်းမဟုတ်

(ဂ) မီးဖွါးမှုနှင့် ဆိုင်သည့် အကျိုးခံစားခွင့်၊ ယာယီမသန်စွမ်းမှုနှင့် ဆိုင်သည့်အကျိုးခံစားခွင့်။

(၂) အထက်ပါအကျိုးခံစားခွင့်များအနက် အကျိုးခံစားခွင့်နှစ်မျိုးကို ပေးရမည့်ကိစ္စများတွင်၊ ထိုနှစ်မျိုးမှာ၊ ငွေအရေအတွက်မတူလျှင်၊ အကျိုးခံစားခွင့်ရသူအား၊ ထိုအကျိုးခံစားခွင့်များ၏ ငွေအရေအတွက် နှစ်ရပ်အနက် များရာငွေအရေအတွက်ကို ပေးရမည်။

၅၁။ ။(၁) အလုပ်ရှင်က အလုပ်မှ ထုတ်ပယ်ခြင်းကြောင့် အာမခံထားသူအဖြစ်မှရပ်စဲသွားသူတို့မှာ၊ အလုပ်သစ်ကို ရှာဖွေမရနိုင်ကြောင်းဖြင့် ထုတ်ပေးသည့် သက်သေခံ လက်မှတ် ရရှိသူများ ဖြစ်လျှင်၊ ထိုသူတို့အား အလုပ်မှထုတ်ပယ်သည့် အချိန်၌အာမခံထားမှုကိစ္စဖြစ်ပေါ်ခဲ့သော်၊ရထိုက်ခွင့်ရှိမည့်အကျိုးခံစားခွင့်များကို၊အလုပ်အလျောက်မဟုတ်ဘဲ အလုပ်လက်မဲ့ ဖြစ်နေသမျှကာလအတွင်း ရက်သတ္တာ ၂၆ ပတ်ထက်မပိုစေဘဲ၊ စည်းမျဉ်းဥပဒေများဖြင့်ပြဋ္ဌာန်းသည့်စည်းကမ်းချက်များ အရ၊ရထိုက်ခွင့်ရှိရမည်။

(၂) အလုပ်အလျောက်မဟုတ်ဘဲ အလုပ်ဆုံးရှုံးကြောင်းဖြင့်ငင်း၊ ဆက်လက်၍အလုပ်လက်မဲ့ဖြစ်နေကြောင်းဖြင့်ငင်း၊ သက်သေခံသည့်လက်မှတ်များကိုအလုပ်သမားဆက်သွယ်ရေးရုံးက ထုတ်ပေးရမည်။

၅၂။ ။သီးခြားဖေါ်ပြထားသည့်အခြေခံအချိန်ကာလ (လ၊ ရက် သတ္တာပတ်၊ သို့တည်းမဟုတ်ရက်) အတွက် ပုဒ်မ ၇ (၂) က၊ ခ၊ ဂ၊ ဃ နှင့် ၈ (က)၊ (ခ) နှင့် (ဂ) တွင်ဖေါ်ပြထားသည့်အကျိုးခံစားခွင့်များကို၊ တောင်းဆိုသင်သည့်အချိန်စေ့ရောက်ပြီးနောက် ရက်သတ္တာရှစ်ပတ်အတွင်း ခိုင်လုံသော အကြောင်းမရှိဘဲ မတောင်းဆိုလျှင်၊ ထိုအကျိုးခံစားခွင့်များရထိုက်သည့်အခွင့်အရေးသည် ပျက်ပြယ်ရမည်။

၅၃။ ။(၁) မမာမကျန်းမှုနှင့် ဆိုင်သည့် အကျိုးခံစားခွင့်ကို သော်၎င်း၊ မီးဖွါးမှုနှင့် ဆိုင်သည့်အကျိုးခံစားခွင့်ကိုသော်၎င်း၊ ဆေးရုံတက်မှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်ကိုသော်၎င်း၊ ယာယီမသန်စွမ်းမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်ကိုသော်၎င်း၊ ဤအက်ဥပဒေအရခွင့်ပြုသည့် ဆေးကုမှုကိုသော်၎င်း၊ အာမခံထားသူခံယူရရှိနေသည့် ကာလအပိုင်းအခြားအတွင်း၊ ထိုသူ၏အလုပ်ရှင်သည်၊ ထိုသူကိုအလုပ်မှထုတ်ဖယ်ခြင်း၊ သို့တည်းမဟုတ် ထိုသူ၏ အာကြေးငွေကို ဖြန်ဝေ၊ လစာငွေကိုဖြစ်စေ၊ လျှော့ခြင်းမပြုရ။

(၂) ပုဒ်မခွဲ (၁) တွင်သီးခြားဖေါ်ပြထားသောကာလအပိုင်းအခြားအတွင်း၊ အလုပ်သမားအားအလုပ်မှထုတ်ပယ်ကြောင်းဖြင့်၊သို့တည်းမဟုတ်အလုပ်မှရပ်စဲကြောင်းဖြင့်ပေးသည့်အကြောင်းကြားစာသည် ခိုင်လုံခြင်းမရှိစေရ။

၅၄။ ။အလုပ်ရှင်က၊အလုပ်သမားအား၊မမာမကျန်းမှုကြောင့် ဖြစ်စေ၊မီးဖွါးမှုကြောင့် ဖြစ်စေ၊ အလုပ်တွင် ဒဏ်ရာရမှုကြောင့် ဖြစ်စေ၊ အလုပ် မလုပ်နိုင်သည့် အတွက် လောလောဆယ်ကုန်ကျသည့်စရိတ်များကိုထုတ်ပေးသည့်အချက်တွင်၊ အဲဒီက ထိုအလုပ်ရှင်အား ထိုစရိတ်ကို ဆိုင်ရာ အလုပ်သမားရထိုက်ခွင့်ရှိသည့် အကျိုးခံစားခွင့်များထက်မပိုစေဘဲ၊ ပြန်ပေးရမည့် စည်းကမ်းချက်များကို စည်းမျဉ်းဥပဒေများဖြင့် သတ်မှတ်ရမည်။

၅၅။ ။(၁) အလုပ်ရှင်သည် မိမိ၏အလုပ်သမားများအား၊ မမာမကျန်းမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်ကိုဖြစ်စေ၊ မီးဖွါးမှုနှင့်ဆိုင်သည့်အကျိုးခံစားခွင့်ကိုဖြစ်စေ၊ ဆေးကုမှုနှင့် ဆိုင်သည့် အကျိုးခံစားခွင့်ကို ဖြစ်စေ၊ ယာယီ မသန်စွမ်းမှုနှင့် ဆိုင်သည့် အကျိုးခံစားခွင့်ကိုဖြစ်စေ၊ ရရှိနေသည့်ကာလအပိုင်းအခြားအတွက် အခကြေးငွေများကို သော်၎င်း၊ လစာငွေများကိုသော်၎င်း ထုတ်ပေးသည့်အခါ၊ ထိုသို့ထုတ်ပေးသည့် အခကြေးငွေများကို၊သို့တည်းမဟုတ် လစာငွေများကိုပေးရမည့်ငွေလက်ငင်းအကျိုးခံစားခွင့်နှင့်ပေါင်းသော်၊ငွေစုစုပေါင်းမှာ ထိုအလုပ်သမားများအား သာမန်အားဖြင့်ပေးသည့် အခကြေးငွေများထက်ဖြစ်စေ၊ လစာငွေများထက်ဖြစ်စေပိုလျှင်၊ ထိုသို့ထုတ်ပေးသည်ကို အဲဒီအားအကြောင်းကြားရမည်။

(၂) ပုဒ်မခွဲ (၁) တွင်ရည်ညွှန်းသည့်အတိုင်း ထိုငွေစုစုပေါင်းသည် သာမန်အခကြေးငွေများထက်၊သို့တည်းမဟုတ်သာမန်လစာငွေများထက်ပိုလျှင်၊အဲဒီက ထိုသို့ပိုသည့်ငွေကို ပေးရမည့်ငွေလက်ငင်းအကျိုးခံစားခွင့်ထဲမှ နုတ်ယူနိုင်သည်။

၅၆။ ။အလုပ်ရှင်သည်၊ ဤအက်ဥပဒေအရ ထည့်ဝင်ကြေးများပေးရမည့် တာဝန်ကြောင့် မိမိအလုပ်သမားများ၏အခကြေးငွေများကိုသော်၎င်း၊ လစာငွေများကို ဧသော်၎င်း လျှော့ခြင်းမပြုရ။

၅၇။ ။(၁) ဤအက်ဥပဒေတွင်အကျုံးဝင်သည့်အလုပ်ရှင်သည်၊ ဤအက်ဥပဒေစတင်အာဏာတည်သည့် နေ့ရက်တွင် မိမိ၏ အလုပ်သမားများအထွက်ဖြစ်စေ၊ မိမိ၏အလုပ်သမားများကို ဒိုခိုနေထိုင်သူများအတွက်ဖြစ်စေ၊ ဆေးရုံများ၊ ဆေးပေးရုံများ၊ မိမိ၏ဆန္ဒဝန်များဖြင့် ဆေးကုပေးမှုစသည်ကဲ့သို့သော လွယ်ကူမှုအခွင့်အလမ်းများကို မိမိ၏ သီးခြားဥစ္စာကမ်းနဉ်းလမ်းများအရသော်၎င်း၊ မိမိအလိုအလျောက်သော်၎င်း၊ စီမံထားရှိလျှင် ထိုသို့စီမံထားရှိသောဆေးကုရေးအစီအစဉ်များကို အဲဒီအားအနည်းဆုံး ၆ လကြိုတင်အကြောင်းမကြားဘဲ ရပ်စဲခြင်းမပြုရ။

(၂) အဆိုပါဆေးကုရေးအစီအစဉ်များကို ဤအက်ဥပဒေ၏ အခန်း ၄ တွင် ရည်ညွှန်းသည့် ဆေးကုမှုနှင့် ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်ရန် စည်းကမ်းချက်များကိုဂင်း၊ အဲဒီနှင့် အဆိုပါ ဆေးကုရေးအစီအစဉ်များ စီမံထားရှိသည့် အလုပ်ရှင်တို့သဘောတူစာချုပ်များချုပ်ဆိုရန် မူများကိုဂင်း၊ စည်းမျဉ်းဥပဒေများဖြင့်သတ်မှတ်ပြဋ္ဌာန်းရမည်။

(၃) ပုဒ်မခွဲ (၂) ကွင် ရည်ညွှန်းသည့်သဘောတူစာချုပ်များအရ အဲဒီသည်၊ ပုဒ်မခွဲ (၁) တွင် ရည်ညွှန်းသည့် ဆေးကုရန်လွယ်ကူမှုအခွင့်အလမ်းများနှင့် ဆေးကုရေး

အခြားအစဉ်များ တိုးချဲ့သည့်ကုန်ကျစရိတ်နှင့် တိုးတက်ကောင်းမွန်အောင် ပြုလုပ်သည့် ကုန်ကျစရိတ်အတွက် ထောက်ပံ့ကြေးပေးနိုင်သည်။

၅၈။ ၊အာမခံထားသူမှာ၊သို့တည်းမဟုတ် အာမခံထားသူသေဆုံးပြီးနောက် ကျန်ရစ်သူများမှာ၊ မိမိ၏ အလုပ်ရှင်က ထည့်ဝင်ကြေးများမပေးသွင်းဘဲ ရှိစေကာမူ၊ သို့တည်းမဟုတ် မိမိ၏ အခကြေးငွေများမဖြစ်စေ၊ လစာငွေများမဖြစ်စေ၊ အလုပ်သမားထံသို့ ဝင်ကြေးမနုတ်ယူဘဲ ရှိစေကာမူ၊ ဤအက်ဥပဒေနှင့် သက်ဆိုင်သည့် အလုပ်နှင့် စပ်လျဉ်း၍၊ ဤအက်ဥပဒေတွင် ပြဋ္ဌာန်းထားသည့် အကျိုးခံစားခွင့်များကို ရထိုက်ခွင့် ရှိရမည်။ အလုပ်ရှင်သည် ပုဒ်မ ၆၄ တွင် ရည်ညွှန်းသည့် စည်းကမ်းချက်များအရ ပေးသွင်းရန်ပျက်ကွက်သည့် ထည့်ဝင်ကြေးများကို ကျသင့်သည့်အတိုင်းပေးရမည်ဖြင့်၊ အဆိုပါကိစ္စတွင် ပေးရသော အကျိုးခံစားခွင့်များအတွက် ကုန်ကျသည့်စရိတ်ကိုလည်း ကျခံရမည်။

၅၉။ ။(၁) ဤအက်ဥပဒေနှင့်အညီ ပေးသည့် အကျိုးခံစားခွင့်များသည် ဝါရမ်းကပ်ခံရခြင်း၊ သို့တည်းမဟုတ် လွှဲပြောင်းခံရခြင်းမရှိစေရ။

(၂) အဆိုပါ အကျိုးခံစားခွင့်များကို လွှဲပြောင်းနိုင်ခွင့် မရှိစေရ။

(၃) အကျိုးခံစားခွင့် များပေါ်တွင် မည် သည့် အခွန် အကောက် ကိုမျှ မကောက်ခံရ။

၆၀။ ။အကျိုးခံစားခွင့် ရရှိသူသည်၊ ငွေလက်ငင်းအကျိုးခံစားခွင့်ရထိုက်သည့်ကာလအပိုင်းအခြားအတွင်း သေဆုံးလျှင်၊ ထိုသူသေဆုံးသည့်နေ့ရက်ထိ မပေးရသေးသော အဆိုပါ အကျိုးခံစားခွင့်အတွက်၊ ကျသင့်သည့်ငွေကို၊ ထိုသူမသေဆုံးမီက အမည်တင်သွင်းထားသူအား ထုတ်ပေးရမည်။ (အမည်တင်သွင်းခံရသူသည် ကျန်ရစ်သူ၏ ပင်ရှင်ရနိုင်ခွင့်ရှိသူဖြစ်ရမည်။) ထိုသို့အမည်တင်သွင်းထားသူမရှိလျှင် ထိုသူ၏ အမွေစားများအား ထုတ်ပေးရမည်။

## အခန်း ၁၁။

### ထည့်ဝင်ကြေးများနှင့် နိုင်ငံတော်ထောက်ပံ့ငွေ။

၆၁။ ။အဖွဲ့သည်အာမခံထားသူများနှင့် ထိုသူတို့ သေဆုံးပြီးနောက် ကျန်ရစ်သူများအား၊ ငွေဖြင့်ဖြစ်စေ၊ပစ္စည်းဖြင့်ဖြစ်စေ ပေးသည့်အကျိုးခံစားခွင့်များအတွက်၎င်း၊ ဤအက်ဥပဒေအရ ဆောင်ရွက်ရသည့် အခြားလုပ်ငန်းများအတွက်၎င်း၊ စီရင်အုပ်ချုပ်မှုအတွက်၎င်း၊ ကုန်ကျသည့်စရိတ်များကိုကုန်ကျခံရန်အလို့ငှါ၊ထည့်ဝင်ကြေးများကို ဤအခန်း ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကောက်ခံရမည်။

၆၂။ ။ဤအက်ဥပဒေတွင် အကျုံးဝင်သည့် အလုပ်ဌာနဌ လုပ်သော အလုပ်သမားအသီးသီးနှင့် ပတ်သက်၍ ထည့်ဝင်ကြေးများကို အဖွဲ့သို့ပေးသွင်းရမည်။ အလုပ်ရှင်နှင့် အလုပ်သမားများက ပေးချမည့် ထည့်ဝင်ကြေးနှုန်းများကို စည်းမျဉ်းဥပဒေများဖြင့် သတ်မှတ်ရမည်။

၆၃။ ။အနည်းဆုံးအခကြေးငွေများကို ၁၉၄၉ ခုနှစ်၊ အနည်းဆုံး အခ ကြေးငွေ အက်ဥပဒေအရဖြစ်စေ၊ အခြား ကရားဥပဒေ ပြဋ္ဌာန်းချက်များအရ ဖြစ်မစေ၊ သတ်မှတ်ထားဂျင်၊ ထည့်ဝင်ကြေးသတ်မှတ်ရာတွင် ထည့်သွင်းစဉ်းစားသည့်အခကြေး ငွေများသည် တည်ဆဲအနည်းဆုံး အခကြေးငွေနှုန်းများအောက် မလျော့စေရ။

၆၄။ ။(၁) အလုပ်ရှင်သည် ထည့်ဝင်ကြေးများကို အချိန်စေ့ရောက် သည်အခါ ဂေးရန် ပျက် ကွက် လျှင် ထိုထည့်ဝင်ကြေးအပြင်၊ ထည့်ဝင်ကြေး၏ ၁၀ ရာခိုင်နှုန်းကိုလည်း နောက်ထပ်ပေးရမည်။

(၂) ထည့်ဝင်ကြေးမပေးဘဲနေသည့်အတွက် ပုဒ်မ ၉၀ တွင်ပြဋ္ဌာန်းထား သည့် ပြစ်ဒဏ်များစီရင်ခြင်းခံရမည့်ပြင်၊ ထိုသို့မပေးဘဲနေသည့် နေ့အသီးသီးအတွက် လည်း စည်းမျဉ်းဥပဒေများဖြင့် ပြဋ္ဌာန်းထားသည့်နှုန်းအတိုင်းအတိုးပေးရမည်။

၆၅။ ။အလုပ်ရှင်မှာ၊ မိမိ၏အလုပ်သမားများအတွက် တည်ထောင်ထား သည့်၊ သို့တည်းမဟုတ် နောင်အခါတည်ထောင်မည့် ငွေစုငွေချေးရုံပုံငွေ၊ ပင်ရှင်ရုံပုံ ငွေ၊ အိုနာစာရုံပုံငွေ၊ သို့တည်းမဟုတ် အခြားရုံပုံငွေတရပ်ရပ်သို့ ထောက်ပံ့ကြေး ပေးလျှင်၊ သို့တည်းမဟုတ် မိမိ၏အလုပ်သမားများအတွက် ဆေးကုရေး အစီအစဉ် များကို စီမံထားရှိလျှင်၊ အဆိုပါထောက်ပံ့ကြေးများကို၊ သို့တည်းမဟုတ် စရိတ်များ ကို၊ ဤအက်ဥပဒေအရ ပေးရမည့်ထည့်ဝင်ကြေးများထဲမှနုတ်ယူနိုင်ခွင့်မရှိစေရ။

၆၆။ ။ရက်သတ္တတပတ်သည်၊ သာမန်အားဖြင့်ထည့်ဝင်ကြေးကောက်ခံရန် အတွက် အခြေခံကာလအဝိုင်းအခြားဖြစ်ရမည်။

၆၇။ ။(၁) ထည့်ဝင်ကြေးများကို လစဉ်အရစ်ကျဖြင့်ဆိုင်ရာလကုန်ဆုံး ပြီးနောက် ၁၀ ရက်ထက်နောက်မကျစေဘဲ ပေးရမည်။

(၂) လစဉ်အရစ်ကျဖြင့် ထည့်ဝင်ကြေးပေးရမည့်ရက်သတ္တ အပတ်စဉ်အရေ အတွက်သည်၊ ဆိုင်ရာလ အသီးသီးတွင်ပါဝင်သည့် စနေနေ့ အရေအတွက်နှင့် ညီမျှ ရမည်။

၆၈။ ။တည့်ဝင်ကြေးများမှာ မအောက်ပါအတိုင်း နှစ်မျိုးနှစ်စားရှိရမည်—

(က) နောက်တွင် ''အထွေထွေအာမခံစံနစ်ထည့်ဝင်ကြေး''ဟု ခေါ် သည့် ဓမာမကျန်းမှုအာမခံစံနစ်၊မီးဖွါးမှုအာမခံစံနစ်နှင့်သေဆုံးမှု အာမခံစံနစ် (အသုတစရိတ်) အတွက်ထည့်ဝင်ကြေး။

(ခ) အဂုပ်တွင် ဒဏ်ရာရမှု အာမခံစံနစ်အရ ငွေလက်ငင်းအကျိုး ခံစားခွင့်များအတွက်ထည့်ဝင်ကြေး။

၆၉။ ။ဤအက်ဥပဒေအရ ပေးရမည့်ထည့်ဝင်ကြေးများကို မြေခွန်တော် မပြေကျန်ငွေများဖြစ်တိသကဲ့သို့ အရတောင်းခံနိုင်ရမည်။

၇၀။ ။(၁) ထည့်ဝင်ကြေးများကို ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီပေးလျက်ရှိမရှိဆုံးဖြတ်ရန်အလို့ငှါငင်း၊ ထိုထည့်ဝင်ကြေး အရေအတွက်ကို သတ် မှတ်ရန်အလို့ငှါငင်း၊ အကျိုးခံစားခွင့်ရနိုင်သည် မရနိုင်သည်ကို ဆုံးဖြတ်ရန်နှင့် အကျိုး ခံစားခွင့်များ၏ငွေအရေအတွက်ကိုသတ်မှတ်ရန်အလို့ငှါငင်း၊ အခြားကိစ္စများ အလို့ ငှါငင်း အဖွဲ့က အလုပ်ရှင်များအားဖြစ်စေ၊ အခြားသူများအားဖြစ်စေ၊အခြားအာဏာ

ပိုင်များအားဖြစ်စေ မှတ်တမ်းများ၊ ငွေစာရင်းများနှင့် အစီရင်ခံစာများကို၊ စည်းမျဉ်း ဥပဒေများအရ ပြဋ္ဌာန်းထားသည့်ပုံစံဖြင့်၊ ပြဋ္ဌာန်းထားသည့် အချိန်အကန့်အသတ်များအတွင်း စိမံထားရှိ၍ အဖွဲ့ထံတင်သွင်းရန်ဆင့်ဆိုနိုင်သည်။

(၂) အလုပ်ရှင်သည် ပုဒ်မခွဲ (၁) ပါ ပြဋ္ဌာန်းချက်များ အတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင်၊ ပုဒ်မ ၉၀ အရ ပြစ်ဒဏ်များကို မတိုင်ကြားဘဲ၊ အဖွဲ့က မှီမိသင့်သည်ထင်မြင်သည့်အတိုင်း၊လိုက်နာဆောင်ရွက်ရန်ပျက်ကွက်သည့်အလုပ်ရှင်ထံမှ တောင်းခံသင့်သည့်ထည့်ဝင်ကြေး၏ ငွေအရေအတွက်ကို သတ်မှတ်နိုင်သည်။ သို့တည်းမဟုတ် အလုပ်ရှင်က ပြုလုပ်ထားသည့်အစီရင်ခံစာရင်းများနှင့်ထုတ်ဖေါ်ဝန်ခံချက်များကို ပြင်နိုင်သည်။

၇၁။ ။ဤအက်ဥပဒေနှင့်သက်ဆိုင်သည့်အလုပ်ရှင်များ လူမှုအဖြစ်ခံယူသည့် အခါ၊ အဖွဲ့အားပေးရန်ရှိသည့်ထည့်ဝင်ကြေးများကို၊ အခြားအာမခံမရှိသည့် ကြွေးမြီများထက် ရှေးဦးရထိုက်ခွင့်ရှိစေရမည်။

**အပိုင်း ၁၁**

အထွေထွေအာမခံစံနှုန်းထည့်ဝင်ကြေးများနှင့်နိုင်ငံတော်ထောက်ပံ့ငွေ။

၇၂။ ။အထွေထွေအာမခံစံနှုန်း ထည့်ဝင်ကြေးတွင် အောက်ပါ ထည့်ဝင်ကြေးများပါဝင်ရမည်—

(က) အလုပ်ရှင်ကပေးရမည့်ထည့်ဝင်ကြေး (နောက်တွင် ''အလုပ်ရှင်ထည့်ဝင်ကြေး'' ဟု ရည်ညွှန်းထားသည်)။

(ခ) အာမခံထားသူကပေးရမည့်ထည့်ဝင်ကြေး (နောက်တွင် ''အလုပ်သမားထည့်ဝင်ကြေး'' ဟု ရည်ညွှန်းထားသည်)။

(ဂ) နိုင်ငံတော်ထည့်ဝင်ကြေး။

၇၃။ ။အထွေထွေအာမခံစံနှုန်းအတွက် ပုဒ်မ ၇၂ တွင် ရည်ညွှန်းထားသည့် အလုပ်ရှင်ထည့်ဝင်ကြေးကိုလည်း၊အလုပ်သမားထည့်ဝင်ကြေးကိုလည်း၊ နိုင်ငံတော်ထည့်ဝင်ကြေးကိုလည်း ပေးရမည့်အချိုးအစားသည် စည်းမျဉ်းဥပဒေများဖြင့် သတ်မှတ်ထားသည့် အတိုင်းဖြစ်ရမည်။

၇၄။ ။(၁) အလုပ်ရှင်သည်၊ အလုပ်သမားတည့်ဝင်ကြေးကို မိမိအလုပ်သမားများ၏အခကြေးငွေနှင့်လစာငွေများထဲမှနုတ်ယူပြီးလျှင်၊ မိမိ၏ ထည့်ဝင်ကြေးနှင့် ပေါင်း၍ အဖွဲ့သို့ပေးရမည်။

(၂) အထက်တွင်ဖော်ပြသည့်ထည့်ဝင်ကြေး နှစ်မျိုးလုံးကောက်ခံပေးပို့ရသည့်အတွက် စရိတ်အားလုံးကို အလုပ်ရှင်က ကျခံရမည်။

(၃) ဤပုဒ်မအရ အလုပ်ရှင်က နုတ်ယူသည့်ငွေအားလုံးကို မိမိ၏အလုပ်သမားများက မိမိအား အဖွဲ့သို့ ထည့်ဝင်ကြေးပေးရန်အတွက် သက်သက် အပ်နှံထားသည့်ငွေများဟု မှတ်ယူရမည်။

၇၅။ ။ပြည်ထောင်စုအစိုးရသည်၊ နိုင်ငံတော်ထည့်ဝင်ကြေးများကို ဤကိစ္စအလို့ငှါပြဋ္ဌာန်းသည့်စည်းမျဉ်းဥပဒေများနှင့်အညီ အဖွဲ့အား နှစ်စဉ်ပေးရမည်။

အပိုင်း ၂။

အလုပ်တွင်ဒဏ်ရာရမှုနှင့်ဆိုင်သည့်ထည့်ဝင်ကြေး။

၇၆။ ။အလုပ်တွင်ဒဏ်ရာရမှုအာမခံစီနစ်အရ၊ငွေလက်ငင်းအကျိုးခံစားခွင့် ပေးရန်ထည့်ဝင်ကြေးများကိုအလုပ်ရှင်ကသာပေးရမည်။

၇၇။ ။အလုပ်တွင် ဒဏ်ရာရမှုနှင့်ဆိုင်သည့် ထည့်ဝင်ကြေးနှုန်းသည်၊ စည်းမျဉ်းဥပဒေများဖြင့်သတ်မှတ်ထားသည့်အတိုင်းဖြစ်ရမည်။

## အခန်း ၁၂။

အခြားဘဏ္ဍာရေးပြဋ္ဌာန်းချက်များ။

၇၈။ ။အဖွဲ့အား၊ မိမိ၏အာဏာများနှင့် အလုပ်ဝတ်တရားများကို သုံးစွဲ ဆောင်ရွက်နိုင်စေရန်၊ ပြည်ထောင်စုအစိုးရက သင့်လျော်သည်ထင်မြင်သည့် စည်းကမ်း ချက်များဖြင့် ငွေထုတ်ချေးနိုင်သည်။

၇၉။ ။အဖွဲ့သည်၊ ''ထောက်ပံ့မှုအာမခံရံပုံငွေ''ဟု ခေါ်ရမည့်ရံပုံငွေကို စီမံ ထားရှိရမည့်ပြင်၊ ထိုရံပုံငွေသို့၊ ဤအက်ဥပဒေအရ အဖွဲ့ကရရှိသည့်ငွေအားလုံးကိုလည်း ထည့်ရမည်။

၈၀။ ။(၁) ထောက်ပံ့မှုအာမခံရံပုံငွေကို၊ နည်းဥပဒေများဖြင့်ပြဋ္ဌာန်းထား သည့် နည်းလမ်းအတိုင်း၊ အဖွဲ့က စီမံအုပ်ချုပ်ရမည်။

(၂) အဖွဲ့သည်၊ လောလောဆယ် အသုံးမလိုသည့် ထောက်ပံ့မှု အာမခံ ရံပုံငွေအားလုံးကို ပြည်ထောင်စုမြန်မာနိုင်ငံတော်ဘဏ်ဟွင် အပ်နှံထားရမည်။

၈၁။ ။ထောက်ပံ့မှုအာမခံရံပုံငွေ၏ဝင်ငွေတွင်၊ထည့်ဝင်ကြေးများနှင့် နိုင်ငံ ကော်ဂထောက်ပံ့ငွေအပြင်၊ အောက်ပါငွေများလည်း ပါဝင်ရမည်—

(၁) ရံပုံငွေထဲမှ အပ်နှံငွေများနှင့် ရင်းနှီးငွေများအတွက်အတိုးငွေ။

(၂) ပုဒ်မ ၉၇၊ ၉၈၊ သို့တည်းမဟုတ် ၉၉ အရ ဒဏ်ကြေးပေးဆောင် သည့် ငွေများ။

(၃) ဤအက်ဥပဒေပါ ကိစ္စအားလုံးအတွက်ဖြစ်စေ၊ ကိစ္စ တရပ်ရပ် အတွက်ဖြစ်စေ၊ ပြည်ထောင်စုအစိုးရကသော်၎င်း၊ ပြည်နယ် အစိုးရကသော်၎င်း၊ ဒေသန္တရ အာဏာပိုင်များက သော်၎င်း၊ ပြည်သူ့ကောပိုရေးရှင်းအဖွဲ့များကသော်၎င်း၊ သီးခြားပုဂ္ဂိုလ် တဦး တယောက်ကသော်၎င်း၊ လူအစုကသော်၎င်း ပေးသည့် ထောက်ပံ့ငွေများ၊ အလှူငွေများနှင့်ကူငွေများ။

၈၂။ ။အဖွဲ့သည်၊နည်းဥပဒေများဖြင့်သတ်မှတ်သည့်စည်းကမ်းချက်များအရ ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများကိုသော်၎င်း၊ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းများကိုသော် ၎င်း ရယူရောင်းချနိုင်သည်။

၈၃။ ။(၁) ဒေသခွဲသည်၊ သောက်ပုံမှုအာမခံရုံပုံငွေတွင် ငွေစာရင်းသုံးမျိုး ကို သီးခြားထားရှိရမည်—

(က) အထွေထွေအာမခံစီမံခန့်ခွဲ ငွေစာရင်း (မိမာမကျွန်းမှု၊ မိုးဖွဲးမှုနှင့် သေဆုံးမှုအာမခံစီမံခန့်ခွဲ)။

(ခ) အလုပ်တွင် ဒဏ်ရာရမှုအာမခံပိုမိုနှစ်ငွေစာရင်း။

(ဂ) စီရင်အုပ်ချုပ်မှုစရိတ်ငွေစာရင်း။

(၂) အများဆုံးကုန်ကျရမည့် စီရင်အုပ်ချုပ်မှုစရိတ်ကိုငင်း၊ထိုစရိတ်ကို ပုဒ်မခွဲ (၁) တွင်ဖေါ်ပြထားသည့် ငွေစာရင်း (က) နှင့် (ခ) မှငွေစာရင်း (ဂ) သို့ တဆင့် လွှဲပြောင်းချပေးရမည့်အချိုးအစားကိုငင်း နည်းဥပဒေများဖြင့်သတ်မှတ်ရမည်။

၈၄။ ။(၁) အဖွဲ့သည်၊ နောက်လာမည့်နှစ်အတွင်း ခန့်မှန်းသည့်ဝင်ငွေနှင့် မိမိကုန်ကျရန်ရည်ရွယ်သည့်စရိတ်ကိုဖေါ်ပြလျက်၊ ရ-သုံးမှန်းခြေငွေစာရင်းပြုလုပ်ရမည်။

(၂) အဆိုပါ ရ-သုံးမှန်းခြေငွေစာရင်းအတွက် နိုင်ငံတော်သမတဒေသတော်ညီလာခံကိုရယူရမည်။

၈၅။ ။(၁) ဘဏ္ဍာတော်နှစ်ကုန်ဆုံးသည့်အခါတိုင်း၊ အဖွဲ့သည်၊ဒေသေးစိတ်နှစ်စဉ်အစီရင်ခံစာကို နိုင်ငံတော်လမတထံ သဘောတူညီချက်ရရန်တင်သွင်းရမည်။ ထိုအစီရင်ခံစာတွင် စံနှစ်တကျအကျဉ်းချုပ်ရေးသားထားသည့် အဖွဲ့၏လုပ်ကိုင်ဆောင်ရွက်မှုများ၊ အဖွဲ့၏ဝါဒစည်းမျဉ်းအကြောင်းအရာများနှင့် အက်ဥပဒေ၏ အကျိုးသက်ရောက်ပုံသည်ငင်း၊ နိုင်ငံတော်စာရင်းစစ်ချုပ်၏ စာရင်းစစ်ဒေစီရင်ခံစာနှင့်ပူးတွဲထားသောအဖွဲ့၏ဝင်ငွေနှင့်အသုံးစရိတ်စာရင်းများသည်ငင်း ပါရှိစေရမည်။

(၂) အဖွဲ့မှာ မည်သည့်အခွန်မျိုးကိုမျ မည်သို့ပင် စည်းကြပ်စေကာမူ၊ ပေးဆောင်ရန်တာဝန်မရှိစေရ။

၈၆။ ။(၁) အဖွဲ့သည်၊ နည်းဥပဒေများဖြင့် သတ်မှတ်သည့် စည်းကမ်းချက်များအရ၊ ထိုသို့သတ်မှတ်သည့်ကိစ္စများအတွက် အထွေထွေအာမခံစီမံခန့်ခွဲငွေစာရင်းတွင် ဒေထူးသီးသန့်ရုံပုံငွေကို တည်ထောင်ထားရှိရမည်။

(၂) အဖွဲ့သည်၊ နည်းဥပဒေများဖြင့် သတ်မှတ်သည့် စည်းကမ်းချက်များအရ၊ ထိုသို့သတ်မှတ်သည့်ကိစ္စများအတွက်ဒေလုပ်တွင်ဒဏ်ရာရမှုအာမခံစီမံခန့်ခွဲငွေစာရင်းတွင် အထူးသီးသန့်ရုံပုံငွေကိုလည်းတည်ထောင်ထားရှိရမည်။ ထိုရုံပုံငွေသည်၊ ဘဏ္ဍာတော်နှစ်အသီးသီးမကုန်ဆုံးမီဖြစ်ပွါးသည့် အလုပ်တွင် ဒဏ်ရာရမှုကြောင့် ပေးရသည့် အကျိုးခံစားခွင့်အားလုံး၏မှန်းခြေတန်ဘိုးနှင့်ညီမျှရမည်။

၈၇။ ။(၁) အဖွဲ့၏ငွေစာရင်းအားလုံးကို နည်းဥပဒေများဖြင့် ပြဋ္ဌာန်းသည့်စည်းကမ်းချက်များအရ၊ နိုင်ငံတော်စာရင်းစစ်ချုပ်က စစ်ဆေးရမည်။

(၂) နိုင်ငံတော် စာရင်းစစ်ချုပ်မှာ၊ အဖွဲ့၏စာရင်းစာအုပ်နှင့် စာတမ်းအမှတ်အသားအားလုံးကို ကြည့်ရှုစစ်ဆေးနိုင်ခွင့် ရှိရမည့်ပြင်၊ မိမိ၏တာဝန်ဝတ်တရားများဆောင်ရွက်ရန် လိုအပ်သည့်ထင်မြင်သည့် အကြောင်းအရာများကိုလည်း အဖွဲ့ထံမှတောင်းယူနိုင်ခွင့်ရှိရမည်။

## အခန်း ၁၃။

### စီရင်အုပ်ချုပ်မှု။

၁၈။ ။(၁) ဤအက်ဥပဒေအရ စီမံဆောင်ရွက်ရန် အလို့ငှါ၊ တရားဝင် အဖွဲ့တစ်ခုကို ''လူမှုဖူလုံရေးအဖွဲ့'' ဟူသောအမည်ဖြင့် ဖွဲ့စည်းရမည်။

(၂) အဖွဲ့သည်၊ လူမှုဖူလုံရေးအဖွဲ့အဖြစ်ဖြင့် တရားစွဲဆိုနိုင်၍၊ တရားစွဲဆို ခြင်းကိုလည်းခံနိုင်ရမည်။

၁၉။ ။(၁) အဖွဲ့တွင်အောက်ပါ အဖွဲဝင်လူကြီးများ ပါဝင်ရမည်—

(က) အလုပ်သမားဆိုင်ရာဝန်ကြီး၊ ရာထူးအလျောက် ဥက္ကဋ္ဌ။

(ခ) အလုပ်သမားညွှန်ကြားရေးဝန်၊ သို့တည်းမဟုတ် ၎င်းကရွေးချယ် ခန့်ထားသည့် ဒုတိယ ညွှန်ကြားရေးဝန်၊ ရာထူးအလျောက် အဖွဲဝင်လူကြီး။

(ဂ) အလုပ်ရုံအင်စပက်တော်ချုပ်၊ သို့တည်းမဟုတ် ၎င်းက ရွေးချယ် ခန့်ထားသည့် ဒုတိယအလုပ်ရုံ အင်စပက်တော်ချုပ်၊ ရာထူး အလျောက်အဖွဲဝင်လူကြီး။

(ဃ) ဆေးဘက်ဆိုင်ရာနှင့် ကျန်းမာရေးဌာန ညွှန်ကြားရေးဝန်၊ သို့ တည်းမဟုတ် ၎င်းကရွေးချယ် ခန့်ထားသည့် ဒုတိယ ညွှန်ကြား ရေးဝန်၊ ရာထူးအလျောက် အဖွဲဝင်လူကြီး။

(င) ပြည်ထောင်စု အာဏာခံစနစ်အဖွဲ့ အုပ်ချုပ်ရေးမှူး၊ သို့တည်းမဟုတ် ၎င်းကရွေးချယ်ခန့်ထားသည့် ဒုတိယ အုပ်ချုပ်ရေးမှူး၊ ရာထူး အလျောက်အဖွဲဝင်လူကြီး။

(စ) အလုပ်သမား အစည်းအရုံးများအဖွဲ့ချုပ် (ဗမာနိုင်ငံ)က တင် သွင်းသည့်စာရင်းမှ နိုင်ငံတော် သမတက ရွေးချယ် ခန့်ထား သည့် အလုပ်သမားကိုယ်စားလှယ်ခြောက်ဦး၊ ထိုစာရင်းသည် သင့်လျော်သော ပုဂ္ဂိုလ်ခြောက်ဦး ရွေးချယ်နိုင်အောင်ကျယ်ဝန်း ရမည်။

(ဆ) နိုင်ငံတော် သမတက ခန့်ထားသည့် အလုပ်ရှင် ကိုယ်စားလှယ် ခြောက်ဦး၊ ထိုခြောက်ဦး အနက် သုံးဦးမှာ အစိုးရ လုပ်ငန်း ကိုယ်စားလှယ်များဖြစ်ရမည်။ ကျန်သုံးဦးမှာ ကိုယ်ပိုင်လုပ်ငန်း ကိုယ်စားလှယ်များဖြစ်ရမည်။

(ဇ) မြန်မာနိုင်ငံ ဆေးဘက်ဆိုင်ရာ ကောင်စီကိုယ်စားလှယ်တဦး၊ ထို ကိုယ်စားလှယ်သည်၊ ကိုယ်ပိုင်အလုပ်လုပ်သည့် ဆရာဝန်ဖြစ် ရမည်။

(၂) အုပ်ချုပ်ရေးမှူးသည်၊ အဖွဲ့၏အတွင်းရေးမှူးဖြစ်ရမည်။ ထိုအုပ်ချုပ်ရေး မှူးကို အဖွဲ့က နိုင်ငံတော်သမတ၏ ကြိုတင်သဘောတူညီချက်ဖြင့် ခန့်ထားရမည်။

၂၀။ ။(၁) အဖွဲ့ကလုပ်ငန်းဆောင်ရွက်ရာတွင် လိုက်နာရမည့်နည်းလမ်း များကို နည်းဥပဒေများဖြင့်သတ်မှတ်ရမည်။

(၂) ရာထူးအလျောက်၊ အဖွဲဝင်လူကြီးများမှတပါး၊ အခြားအဖွဲဝင်လူကြီး များ၏ရာထူးသက်တမ်းသည် သုံးနှစ်ဖြစ်ရမည်။

(၃) အဖွဲ့၏အဓိန်များနှင့်ဆုံးဖြတ်ချက်များ အမှန်ဖြစ်ကြောင်းကို မည်သည့် ကိစ္စမျိုးတွင် ဥက္ကဋ္ဌက လက်မှတ်ရေးထိုးရမည်ဟု နည်းဥပဒေများဖြင့်ပြဋ္ဌာန်းရမည်။

၉၁။ ။အဖွဲ့၏ အမြဲတန်းကော်မိတီကို နည်းဥပဒေများဖြင့် သတ်မှတ်သည့် စည်းကမ်းချက်များအရဖွဲ့စည်းရမည်။ ထိုကော်မိတီတွင် အဖွဲ့က ရွေးချယ်ခန့်ထားရမည့် အဖွဲ့ဝင်လူကြီးခုနစ်ဦးပါဝင်ရမည်။

၉၂။ ။(၁) အမြဲတန်းကော်မိတီသည်၊အဖွဲ့၏ယေဘုယျကြီးကြပ်အုပ်ချုပ် မှုကိုနာခံ၍ အဖွဲ့၏လက်ရှိအလုပ်ကိစ္စများကို စီမံဆောင်ရွက်ရမည်။

(၂) ထိုကော်မိတီသည်၊ အစည်းအဝေးကို တလလျှင် အနည်းဆုံးတကြိမ် ကျ ကျင်းပရမည်။

၉၃။ ။အထူးကောင်စီများကို ဖွဲ့စည်းနိုင်၍၊ ကောင်စီဖွဲ့စည်းပုံနှင့်ကောင်စီ ၏အလုပ်ဝတ်တရားများကို နည်းဥပဒေများဖြင့်ပြဋ္ဌာန်းနိုင်သည်။

၉၄။ ။(၁) အဖွဲ့သည်၊ နိုင်ငံတော်သမတ၏ ယေဘုယျကြီးကြပ်အုပ်ချုပ် မှုကိုနာခံ၍၊ မိမိ၏တာဝန်ဝတ်တရားများနှင့် အာဏာများကို ကျေပွန်စွာ ဆောင်ရွက် နိုင်ရန်လိုအပ်သည့် ရာထမံး မှထမံးများကို ခန့်ထားနိုင်သည်။

သို့ရာတွင်၎င်းအက်ဥပဒေအရအဖွဲ့ကိုနည်းလမ်းတကျဖွဲ့စည်းခြင်းမပြုမီနိုင်ငံတော် သမတ သည်၊ မိမိသင့်သည်ထင်မြင်သည့် ရာထမံး မှထမံးများကို ခန့်ထားနိုင်သည်။

(၂) အဖွဲ့ ရာထမံး မှထမံးများ၏လစာငွေ၊ စရိတ်ကြေးငွေနှင့် အခြားအမှ ထမံးစည်းကမ်းများသည်၊အဖွဲ့က နိုင်ငံတော်သမတ ၏ သဘောတူညီချက်ဖြင့်သတ်မှတ် ထားသည့်အတိုင်းဖြစ်ရမည်။

## ဒေခန်း ၁၄။

### အငြင်းပွါးမှုများကို စီရင်ဆုံးဖြတ်ခြင်း။

၉၅။ ။၎င်းအက်ဥပဒေအရ၊ လုပ်ကိုင် ဆောင်ရွက်ရာမှ ဖြစ်ပေါ်လာသည့် အငြင်းပွါးမှုအားလုံးကို၊ တရားမရုံးများက စီရင်ပိုင်ခွင့်မရှိစေရ။

၉၆။ ။(၁) ၎င်းအက်ဥပဒေအရ၊ လုပ်ကိုင် ဆောင်ရွက်ရာတွင်၊ အဖွဲ့နှင့် အာမခံထားသူများ၊ သို့တည်းမဟုတ် ၎င်းတို့ကို မှီခိုနေထိုင်သူများ အငြင်း ပွါးမှု ဖြစ်ပေါ်လာသော်၊ ထိုအငြင်းပွါးမှုအားလုံးကို စီရင်ဆုံးဖြတ်စေရန်အလို့ငှါ၊ နိုင်ငံတော် သမတ က နည်းဥပဒေများနှင့်အညီ အယူခံခုံရုံးများကို ဖွဲ့စည်းရမည်။

(၂) အဖွဲ့ကချမှတ်သည့်ဆုံးဖြတ်ချက်ကို၊ အာမခံထားသူတို့က၊ သို့တည်း မဟုတ် ၎င်းတို့ကို မှီခိုနေထိုင်သူတို့က အယူခံလိုလျှင်၊ မိမိတို့၏ အယူခံလွှာ များကို၊ အယူခံသော ဆုံးဖြတ်ချက်နှင့်ဝပ်လျဉ်းသည့် အကြောင်းကြဲားစာ ရရှိပြီးနောက်၊ ရက် ပေါင်းခြောက်ဆယ်အတွင်း အယူခံခုံရုံးသို့ တင်သွင်းရမည်။

(၃) အယူခံခုံရုံး၏စရိတ်အားလုံးကို၊ အဖွဲ့က ကျခံရမည်။

## အခန်း ၁၅။

ပြစ်ဒဏ်များ။

၉၇။ ။မည်သူမဆို၊ ဤအက်ဥပဒေအရ၊ ခွင့်ပြုသည့် အချက်များတွင် ဖြစ်စေ၊ မိမိမရထိုက်သောငွေအမြေအတွက်ဖြင့်ဖြစ်စေ မိမိအတွက်သော်၎င်း၊ အခြားသူတဦးတယောက်အတွက်သော်၎င်း အကျိုးခံစားခွင့် ရရှိရန် အလို့ငှါ၊ တမင် မဟုတ်မမှန်ထွက်ဆိုလျှင်၊ သို့ဟုတ်မဟုတ် တမင် မဟုတ်မမှန်ပြောဆိုလျှင်၊ ခြောက်လထက်မပို သော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တထောင်ထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

၉၈။ ။မည်သည့်အလုပ်ရှင်မဆို၊ ဤအက်ဥပဒေအရဖြစ်စေ၊ စည်းမျဉ်းဥပဒေအရဖြစ်စေ ပေးရန်တာဝန်ရှိသည့် ထည့်ဝင်ကြေးကိုမပေးလျှင်၊ သို့တည်းမဟုတ် မိမိပေးရမည့် ထည့်ဝင်ကြေးကိုသော်၎င်း၊ မိမိပေးရမည့် ထည့်ဝင်ကြေး အချို့ အဝက် ကိုသော်၎င်း မိမိအလုပ်သမားများ၏ အခကြေးငွေထဲမှဖြစ်စေ၊ လစာငွေထဲမှ ဖြစ်စေ နုတ်ယူလျှင်၊ သို့တည်းမဟုတ် မိမိနုတ်ယူထားသည့်အလုပ်သမား ထည့်ဝင်ကြေးများကို အဖွဲ့သို့ ပေးသွင်းရန်ပျက်ကွက်လျှင်၊ သို့တည်းမဟုတ် ဤအက်ဥပဒေအရဖြစ်စေ၊ စည်းမျဉ်းဥပဒေအရဖြစ်စေ လိုအပ်သော အစီရင်ခံစာကို သော်၎င်း၊ လိုအပ်သောအကြောင်းအရာကိုသော်၎င်း တင်သွင်းရန် ပျက်ကွက်လျှင်၊ သို့တည်းမဟုတ် ဤအက်ဥပဒေပါ အခြားပြဋ္ဌာန်းချက်တခုခုကို သော်၎င်း လိုက်နာရန် ပျက်ကွက်လျှင် ခြောက်လထက် မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်တထောင်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

၉၉။ ။(၁) ပုဒ်မ ၉၇ အရ၊ သို့တည်းမဟုတ် ပုဒ်မ ၉၈ အရ၊ အမှုများကို အဖွဲ့အုပ်ချုပ်ရေးမှူးက တရားစွဲဆိုရန်တောင်းဆိုမှသာ တရားစွဲဆိုရမည်။

(၂) ပုဒ်မ ၉၇ နှင့် ၉၈ အရ၊ တပ်ရိုက်သည့်ဒဏ်ငွေများကို၊ ထောက်ပံ့မှုအာမခံရံပုံငွေသို့ပေးသွင်းရမည်။

## အခန်း ၁၆။

အခထူထွေပြဋ္ဌာန်းချက်များ။

၁၀၀။ ။ဤအက်ဥပဒေနှင့် စပ်လျဉ်း၍ အကျိုးခံစားခွင့် ရရှိရန်အတွက် သော်၎င်း၊ အခြားကိစ္စတရပ်ရပ်အတွက်သော်၎င်း အာမခံထားသူတို့က၊ သို့တည်းမဟုတ် ၎င်းတို့ကို ဖွဲ့စည်းထိုင်သူတို့ကတင်သွင်းသည့် သက်သေခံလက်မှတ်များကို၊ သို့တည်းမဟုတ်၊ အခြားစာကဲ့သို့သောအမှတ်အသားများကို အခွန်အခနှင့် တံဆိပ်တော်ခွန်အားလုံးမှကင်းလွတ်စေရမည်။

၁၀၁။ ။ဤအက်ဥပဒေ စတင်အာဏာမတည်မီက ပေါ်ပေါက်ခဲ့သော အလုပ်တွင် မတော်တဆဖြစ်ပွါးမှုများသည်၎င်း၊ အလုပ်နှင့် ဆိုင်သည့် ရောဂါများသည်၎င်း၊ (ထိုဖြစ်ပွါးမှုကြောင့်၊ သို့တည်းမဟုတ် ထိုရောဂါကြောင့် ခံရသူတို့၏ ကိုယ်ခန္ဓာ အခြေအနေ ဆိုဝါးသွားသဖြင့် ထိုသူတို့၏ အကျိုးခံစားခွင့်များကို ပြန်လည်စစ်ဆေးရန်ကိစ္စများပါဝင်သည်။) အလုပ်သမားလျော်ကြေး အက်ဥပဒေနှင့် ဆက်လက်သက်ဆိုင်ရမည်။

၁၀၂။ ။နိုင်ငံတော်သမတ သည်၊ မည်သည့်အလုပ်ဌာနကိုမဆို၊ သို့တည်းမဟုတ် မည်သူကိုမဆို၊ သို့တည်းမဟုတ် မည်သည့်လူအမျိုးအစားကိုမဆို ဤအက်ဥပဒေပါပြဋ္ဌာန်းချက်အားလုံးမှသော်၎င်း၊ ပြဋ္ဌာန်းချက်တရပ်ရပ်မှသော်၎င်း ကင်းလွတ်စေနိုင်သည်။

၁၀၃။ ။ဤအက်ဥပဒေအရ၊ အဲကျိုးခံစားခွင့်ရရှိရန် လိုအပ်သည့်ကာလအပိုင်းအခြားနှင့် ပြည့်စုံစေရန်အလို့ငှါ၊ ဤအက်ဥပဒေအရ အာမခံထားသူတို့အပေါ် အက်ဥပဒေစတင်အာဏာမတည်မီက လုပ်ခဲ့သည့် အလုပ်သက် ကာလအပိုင်းအခြားများကို ဤအက်ဥပဒေတွင်အကျုံးဝင်သည့် အလုပ်သက်များဖြစ်ဘို့သကဲ့သို့ထည့်သွင်းစဉ်းစားရမည်။

၁၀၄။ ။(၁) နိုင်ငံတော်သမတ သည် ဤအက်ဥပဒေ၊ ကိစ္စများကိုဆောင်ရွက်ရန်အလို့ငှါ၊ နည်းဥပဒေများနှင့်စည်းမျဉ်းဥပဒေများကို ပြဋ္ဌာန်းနိုင်သည်။

(၂) အဆိုပါနည်းဥပဒေများနှင့် စည်းမျဉ်းဥပဒေများကို ပြဋ္ဌာန်းခြင်းမပြုမီ ကြိုတင်ထုတ်ပြန်ကြေညာရမည်။

၁၀၅။ ။ဤအက်ဥပဒေတွင်အကျုံးဝင်သည့် အလုပ်ရှင်သည်၊ အဖွဲ့ကထုတ်ပြန်သည့် ညွှန်ကြားချက်များနှင့်အညီ၊ မိမိအလုပ်သမားများ၏ အခကြေးငွေ မှတ်ပုံစာရင်းကို စီမံထားရှိရမည်။

၁၀၆။ ။အခြားတည်ဆဲတရားဥပဒေပါ ပြဋ္ဌာန်းချက်များသည် ဤအက်ဥပဒေပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်သမျှ ပျက်ပြယ်ရမည်။

ပထမအစုံ—အမှတ် ၆၈၊ တရားရေးဝန်ကြီးဌာန၊ ၄-၁၂-၅၄—၂,၀၀၀—၂။

# ၁၉၅၄ ခုနှစ်၊ လွယ်ကော်မြို့သစ်အက်ဥပဒေ။

[၁၉၅၄ ခုနှစ်၊ ကယားပြည်နယ် အက်ဥပဒေအမှတ် ၁။]

ကယားပြည်နယ်တွင် လွယ်ကော်မြို့သစ်ဟု ခေါ်တွင်မည့်မြို့သစ်တခုကို စုပေါင်း၍ ဖန်ဆာသစ်တည်ရန် လိုအပ်သည်ဖြစ်၍၊ အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်း လိုက်သည်။

၁။ ။(က) ဤအက်ဥပဒေကို၊ ၁၉၅၄ ခုနှစ်၊ လွယ်ကော်မြို့သစ် အက်ဥပဒေဟုခေါ်ဝှေ်ရမည်။

(ခ) ဤအက်ဥပဒေသည်၊ ကယားပြည်နယ် ဥက္ကဋ္ဌကကြေညာသတ်မှတ်သည့်နေ့တွင် စတင်အာဏာတည်ရမည်။

၂။ ။ဤအက်ဥပဒေသည်၊ လွယ်ကော်မြို့သစ်အတွက်ရာထားသတ်မှတ်သည့် မြေဒေသနှင့် ကယားပြည်နယ်အစိုးရက ကျေညာချက်တွင် သတ်မှတ်ရမည့်ပတ်ဝန်းကျင်ဒေသများတွင် အာဏာသက်ရောက်ရမည်။

၃။ ။(က) ဤအက်ဥပဒေအရ ဌားရမ်းချထားခြင်းမပြုရသေးသည့် မြေယာကွက်တို့ကို၊ ဂရမ်ဖြင့်ဖြစ်စေ၊ အဌားစာချုပ်များဖြင့်ဖြစ်စေ ဌားရမ်းချထားရန်ကိစ္စအတွက် ကယားပြည်နယ်ဥက္ကဋ္ဌသည် နည်းဥပဒေများပြုလုပ်နိုင်သည်။

(ခ) ပုဒ်မခွဲ (၁) အရပြုလုပ်သည့် နည်းဥပဒေများတွင် အောက်ပါကိစ္စတို့ကိုလည်း ထည့်သွင်းနိုင်သည်။

(၁) ဌားရမ်းချထားသည့်မြေကွက်တွင် ရရှိနိုင်သည့်ခံစားခွင့်အကျိုးများနှင့် ၎င်းအကျိုးများကို ဆက်လက်ခံစားရာတွင် လိုက်နာရန် စည်းကမ်းချက်များ။

(၂) ဂရမ်နှင့်အဌားစာချုပ်များထုတ်ပေးရာ လိုက်နာရန်နည်းလမ်းများ။

(၃) ပြည်သူလူပုဂ္ဂိုလ်သက်သည့်အဖွဲ့အစည်း၊ သို့မဟုတ် အသင်းအပင်းများ ထူထောင်တည်ရှိသမျှ ကာလအပိုင်းအခြားအတွင်း၊ သို့မဟုတ် ၎င်းအသင်းအပင်းများအတွက်၊ နှစ်ပိုင်းနှင့်ပိုင်းခြား၍ မြေခွန်တော်ကိုလျှော့ဖြစ်စေ၊ တစိတ်ကဒေသဖြစ်စေ လွှတ်ငြိမ်းခွင့်ပေးခြင်း။

(၄) ဂရမ်၊ သို့မဟုတ် အဌားစာချုပ်ထုတ်ပေးရာ အစိုးရသို့ပေးသွင်းရန် ကျသင့်ကျထိုက်သည့်ကြေးငွေသတ်မှတ်ခြင်း၊ သို့မဟုတ် မြေဌားချထားရာ သတ်မှတ်သည့် စည်းကမ်းချက်များကို ပျက်ကွက်သည့်အတွက် အပြစ်ဒဏ်အဖြစ်ကျသင့်ကျထိုက်သည့် ကြေးငွေကိုသတ်မှတ်ခြင်း၊ ၎င်းပြင် မြေနှင့်ပတ်သက်၍ အစိုးရအားပေးရန်ရှိသောကြေးငွေကိုမြေဌားထိမှဖြစ်စေ၊ သို့မဟုတ် ၎င်းတို့၏ လက်အောက်ဆက်ခံသည့်သူထံမှဖြစ်စေ ရယူရေး။

(ဂ) ဤပုဒ်မအရပြုလုပ်သောစည်းမျဉ်းတွင်၊ ချထားသောမြေကို စည်းကမ်းချက်များနှင့်အညီ၊ အသုံးမပြုသည့်အတွက် မြေမှန်ထုတ်ရန် အခွန်တော်အရာရှိအား၊ အာဏာအပ်နှင်းသည့် စည်းမျဉ်းလည်းထည့်သွင်းနိုင်သည်။

(ဃ) ဤအက်ဥပဒေအရ ၄၂ ဒေါ်လာခန့်ချထားသောမြေပေါ်တွင် ဤအက်ဥပဒေ အရပေးအပ်ထားသော ခံစားခွင့်အကျိုးများမှအပ အခြားခံစားခွင့်အကျိုးများမရှိစေရ။

<u>အဓိပ္ပါယ်ဖော်ပြချက်</u>။ ။ဤအက်ဥပဒေတွင် "အခွန်တော်အရာရှိ" ဆိုသည်မှာ၊ Resident ခေါ် အရေးပိုင်ကိုဆိုလိုသည့်ပြင်၊ ကယားပြည်နယ်ဥက္ကဋ္ဌက ခန့်အပ်ခြင်းခံရလျှင် Assistant Resident သို့မဟုတ် ဝန်ထောက်လည်းပါဝင်သည်။

၄။ ။ဤအက်ဥပဒေအရ၄၂ဒေါ်လာခန့်ချထားသော မြေအတွက်၊ ကယားပြည်နယ် အစိုးရအား၊ သတ်မှတ်ထားသည့်နှုန်းထားနှင့် သတ်မှတ်ထားသည့် နည်းလမ်းအရ မြေခွန်တော်ပေးဆောင်ရမည်။

၅။ ။(က) ဤအက်ဥပဒေအရ ကိစ္စများကိုဆောင်ရွက်ရာ မြေခွန်တော် အရာရှိများလိုက်နာရန် နည်းဥပဒေများပြုလုပ်နိုင်သည့်ပြင်၊ ၎င်းအရာရှိအား၊တရားမရုံး တော်၏အာဏာများကိုလည်းအပ်နှင်းနိုင်သည်။

(ခ) မြေပေါ်မှနှင်ထုတ်နိုင်ရန်ဖြစ်စေ၊ မြေကိုလက်ရောက် အပ်နှင်းရန်ဖြစ်စေ ထိရောက်စွာဆောင်ရွက်နိုင်ခြင်းအကျိုးငှါ အခွန်တော်အရာရှိအား၊ လိုအပ်သည့် အာဏာများကို အပ်နှင်းနိုင်သည်။

၆။ ။(က) အခွန်တော်အရာရှိ တဦးသည်၊ ဤအက်ဥပဒေကိစ္စများကို ဆောင်ရွက်ရာတွင် မည်သူကိုမဆို မိမိရှိရာသို့လာရောက်ရန်ဆင့်ခေါ်နိုင်သည်။

(ခ) ဤကဲ့သို့ ဆင့်ခေါ်ခြင်းခံရသူသည်၊ မိမိကိုယ်တိုင် လာရောက်ရမည်၊ သို့မဟုတ် မိမိ၏ကိုယ်စားလှယ်ကိုဖြစ်စေ၊ မိမိ၏ကိုယ်စားရှေ့နေတဦးဦးကိုဖြစ်စေ ဆင့်ဆိုသည့်အချိန်တွင်စေလွှတ်ရမည်။

(ဂ) ဤကဲ့သို့ဆင့်ဆိုခြင်းခံရ၍ လာရောက်သောသူသည်၊အခွန်တော်အရာရှိ ရှေ့မှောက်တွင်၊ မှန်မှန်ကန်ကန်ပြောကြားဖြေဆိုရမည်။ မိမိလက်တွင်းရှိစာရွက် စာတမ်း များကိုလည်း အခွန်တော်အရာရှိကတောင်းဆိုလျှင် ပျက်မကွက်ပေးအပ်ရမည်။

၇။ ။(က) အခွန်တော်အရာရှိတဦးက ထုတ်ဆင့်သောသမ္မာန်စာကို ၎င်း သမ္မာန်စာတွင် ရည်ညွှန်းသူထံပေးအပ်ရမည်။ ဤကဲ့သို့ပေးအပ်ခြင်းမပြုလုပ်နိုင်လျှင်၊ ရည်ညွှန်းသူ၏အသိအမှတ်ပြုထားသော ကိုယ်စားလှယ်ထံပေးအပ်ရမည်။ ဤကဲ့သို့မပြု လုပ်နိုင်လျှင်၊ ရည်ညွှန်းသူနှင့်အတူတူနေထိုင်သောယောကျ်ားလူကြီးဖဦးဦးထံပေးအပ်ရ မည်။ ဤကဲ့သို့မပြုလုပ်နိုင်လျှင် ရည်ညွှန်းသူ နေထိုင်သည့်ရပ်ကွက်မှ အရပ်လူကြီးထံပေး အပ်ရမည်။

(ခ) အထက်ပါနည်းတနည်းနည်းဖြင့် ပေးအပ်ခြင်းမပြုနိုင်လျှင် ထုတ်ဆင့် သောသမ္မာန်စာနှင့် ပတ်သက်သည့်မြေ၊ သို့မဟုတ် အဆောက်အဦတွင် ထင်ပေါ်သည့် နေရာ၌ သမ္မာန်စာကိုကပ်ထားခြင်းဖြင့်ပေးအပ်ရမည်။

(ဂ) သမ္မာန်စာထုတ်ဆင့်ရသော ကိစ္စနှင့်သက်ဆိုင်သောလူတို့သည်၊ များ ပြားလှသဖြင့် တဦးစီသမ္မာန်စာထုတ်သင့်ငှါမလိုဟု အခွန်တော်အရာရှိက ယူဆလျှင်၊

ၵင်းအရာရှိက သက်ဆိုင်ရာလူအချုးထည်းမှအချို့ကို သမ္မာန်စာထုတ်ဆင့်၍ ကျန်လူများအတွက် သက်ဆိုင်ရာဒေသတိုက်တွင် ခမောင်းခတ်ကျေညာခြင်းသည်၊ သမ္မာန်စာကို ပေးအပ်ခြင်းနှင့် တူညီသည်ဟုယူဆရမည်။

၈။ ။အခွန်တော်အရာရှိတဦးဦးက၊ ထုတ်ပြန်သော နို့တစ်စာ၊ သို့မဟုတ် အမိန့်ကို၊ သက်ဆိုင်သူသိရှိစေရန် သမ္မာန်စာပေးအပ်သည့် နည်းအတိုင်း ပေးအပ်ရမည်။

၉။ ။အခွန်တော်အရာရှိတဦးဦးက မူလပဌမချမှတ်သောအမိန့်၊ သို့မဟုတ် အယူခံမှုတွင် ချမှတ်သောအမိန့်ကို မကျေနပ်လျှင်၊ အောက်ပါအတိုင်း အယူခံဝင်ခွင့်ရှိသည်။

(၁) အရေးပိုင်ကချမှတ်သောအမိန့်နှင့်သက်ဆိုင်လျှင် ပြည်နယ်ဥက္ကဋ္ဌထံ အယူခံဝင်နိုင်သည်။

(၂) ဝန်ထောက်က ချမှတ်သောအမိန့်နှင့်သက်ဆိုင်လျှင် အရေးပိုင်ထံ အယူခံဝင်နိုင်သည်။

၁၀။ ။အရေးပိုင်ထံဝင်ရန် အယူခံလျှောက်လွှာသည်၊ ဝန်ထောက်၏အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ခြောက်ဆယ်အတွင်းသာလျှင် တင်သွင်းခွင့်ရှိသည်။ ပြည်နယ်ဥက္ကဋ္ဌထံဝင်ရန်အယူခံလျှောက်လွှာသည်၊ အရေးပိုင်၏ အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်းကိုးဆယ်အတွင်းသာလျှင် တင်သွင်းခွင့်ရှိသည်။

ပထမအစု—အမှတ် ၂၈၊ တရားရေးဝန်ကြီးဌာန၊ ၁၄-၁၁-၅၄—၂,၀၀၀—၂။

# ၁၉၅၄ ခုနှစ်၊ ကရင်ပြည်နယ်ကောင်စီ (သဘာဝပတိန့်ဉ့် ဒုတိယ သဘာဝပတိလစာနှင့်စရိတ်ကြေးငွေများ) (ဒုတိယပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၄ ခုနှစ်၊ ကရင်ပြည်နယ်အက်ဥပဒေအမှတ် ၁။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို ၁၉၅၄ ခုနှစ်၊ ကရင်ပြည်နယ်ကောင်စီ (သဘာဝပတိနှင့် ဒုတိယသဘာဝပတိ လစာနှင့်စရိတ်ကြေးငွေများ) (ဒုတိယ ပြင်ဆင်ချက်) အက်ဥပဒေဟု ခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ ၁၉၅၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့မှစ၍၊ အာဏာတည်သည်ဟု မှတ်ယူရမည်။

၂။ ။၁၉၅၂ ခုနှစ်၊ ကရင်ပြည်နယ်ကောင်စီ (သဘာဝတိ နှင့် ဒုတိယ သဘာဝပတိလစာနှင့်စရိတ်ကြေးငွေများ) အက်ဥပဒေ (၁၉၅၂ ခုနှစ်၊ ကရင်ပြည်နယ် အက်ဥပဒေအမှတ် ၃) ပုဒ်မ ၂၊ ပုဒ်မခွဲ (ခ) အစား၊ အောက်ပါပြဋ္ဌာန်းချက်ကို ထည့်သွင်းရမည်။

"(ခ) ကရင်ပြည်နယ် ကောင်စီ သဘာဝတိ အား၊ နေအိမ် အစား၊ တလလျှင်စရိတ်ငွေ ၁၅၀ (တရာငါးဆယ်ကျပ်) ကို ထုတ်ပေးရမည်။ ယာဉ်ရထားတစီးကိုလည်း လိုအပ်သော စရိတ်နှင့်ဓာတ္တ အခမဲ့ သုံးပိုင်ခွင့်ပေးရမည်။"

ပါမောက္ခစာ—အမှတ် ၁၊ တရားရေးဝန်ကြီးဌာန၊ ၄-၁၁-၅၄—၂,၀၀၀—၂။
အဲအိတိုး—၁၀ ပြား]

# ၁၉၅၄ ခုနှစ်၊ ကရင်ပြည်နယ် (အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၏ လစာနှင့်စရိတ်ကြေးငွေ) (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၄ ခုနှစ်၊ ကရင်ပြည်နယ်အက်ဥပဒေ အမှတ် ၂။]

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၄ ခုနှစ်၊ကရင်ပြည်နယ် (အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၏ လစာနှင့်စရိတ်ကြေးငွေ) (ပြင်ဆင်ချက်) အက်ဥပဒေ ဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ ၁၉၅၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့မှစ၍ အာဏာကျင့်သည်ဟု မှတ်ယူရမည်။

၂။ ။၁၉၅၂ ခုနှစ်၊ ကရင်ပြည်နယ် (အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၏ လစာနှင့် စရိတ်ကြေးငွေ) အက်ဥပဒေ (၁၉၅၂ ခုနှစ်၊ ကရင်ပြည်နယ်အက်ဥပဒေအမှတ် ၂) ပုဒ်မ ၂၊ ပုဒ်မခွဲ (ခ) အစား၊ အောက်ပါပြဋ္ဌာန်းချက်ကိုထည့်သွင်းရမည်။

" (ခ) ကရင်ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးအသီးသီးတို့အား၊ နေအိမ်အစား တလလျှင် စရိတ်ငွေ ၁၅၀ (တရာ့ငါးဆယ်ကျပ်) စီပေးရမည်။ ယာဉ်ရထား တစီးစီကိုလည်း လိုအပ်သောစရိတ်နှင့် တကွ အခမဲ့သုံးပိုင်ခွင့်ပေးရမည်။ "

ပြ၊၈၊၈၈၀—အမှတ် ၂၊ တရားရေးဝန်ကြီးဌာန၊ ၄-၁၀ ၅၄—၂,၀၀၀—၂။
အတိုး—၁၀ ပြား]

# ၁၉၅၄ ခုနှစ်၊ ကရင်ပြည်နယ်နောက်ထပ်ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေးအက်ဥပဒေ။

[၁၉၅၄ ခုနှစ်၊ ကရင်ပြည်နယ်အက်ဥပဒေ အမှတ် ၃။]

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ကရင်ပြည်နယ်အစိုးရ၊ ဘဏ္ဍာရေးဝန်ကြီးသည်၊ ကရင်ပြည်နယ်၏ အခွန်တော်များမှ၊ စုစုပေါင်းကျပ်ငွေ ၄၀ (၎င်းအက်ဥပဒေတွင်ဖော်ပြထားသည်) ကို ထုတ်၍၊ ၁၉၅၄ ခု၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့်နှစ် ဆိုင်ရာ အသုံးစရိတ်များနှင့်ကိစ္စများအတွက် ခွဲဝေသုံးစွဲနိုင်သည်။

၁၉၅၄ ခု၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် နှစ်အတွက် နောက်ထပ် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲခြင်း။

(၂) ပုဒ်မ (၁) တွင် ခွင့်ပြုထားသည့် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲခြင်းသည်၊ ၁၉၅၃ ခု နှစ်၊ ကရင်ပြည်နယ် ဘဏ္ဍာတော်ငွေ ခွဲဝေသုံး စွဲ ရေး အက် ဥ ပ ဒေ (၁၉၅၃ ခုနှစ်၊ ကရင်ပြည်နယ် အက်ဥပဒေ အမှတ် ၄) အရ၊ ခွင့်ပြုထားသည့် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲခြင်းအပြင်၊ နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟူ၍မှတ်ယူရမည်။

## ဇယား

| အစိုးရဌာန။ | | | ခွဲဝေသုံးစွဲသည့်ငွေ။ ကျပ်။ |
|---|---|---|---|
| ဥပဒေပြုအဖွဲ့ | ... | ... | ၁၀ |
| အရပ်ရပ်စီရင်အုပ်ချုပ်မှု | ... | ... | ၁၀ |
| ပြည်သူ့ကျန်းမာရေး | ... | ... | ၁၀ |
| အင်ထွေထွေ | ... | ... | ၁၀ |
| | ပေါင်း | ... | ၄၀ |

ပမာဗစ—အမှတ် ၆၉၊ တရားရေးဝန်ကြီးဌာန၊ ၁၅-၁၂-၅၄—၂,၀၀၀— ၂။

# ၁၉၅၄ ခုနှစ်၊ ကရင်ပြည်နယ်နောက်ထပ်ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေး အက်ဥပဒေ။

[၁၉၅၄ ခုနှစ်၊ ကရင်ပြည်နယ်အက်ဥပဒေ အမှတ် ၄။]

နောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ကရင်ပြည်နယ်အစိုးရ၊ဘဏ္ဍာရေးဝန်ကြီးသည်၊ကရင်ပြည်နယ်၏ အခွန်တော်ငွေများမှ စုစုပေါင်းကျပ်ငွေ ၅,၄၂,၀၆၀ (၅) အက်ဥပဒေတွင် ဖေါ်ပြထားသည်) ကို ထုတ်၍ ၁၉၅၄ ခု၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့်နှစ်ဆိုင်ရာ အသုံးစရိတ်များနှင့် ကိစ္စများအတွက် ခွဲဝေသုံးစွဲနိုင်သည်။

၁၉၅၄ ခု၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် နှစ်အတွက် နောက်ထပ် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲခြင်း။

(၂) ပုဒ်မခွဲ (၁) တွင် ခွင့်ပြုထားသည့် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲခြင်းသည်၊ ၁၉၅၃ ခုနှစ်၊ ကရင်ပြည်နယ်ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေး အက်ဥပဒေ (၁၉၅၃ ခုနှစ်၊ ကရင်ပြည်နယ်အက်ဥပဒေအမှတ် ၄) အရ၊ ခွင့်ပြုထားသည့် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲခြင်းအပြင်၊ နောက်ထပ် သုံးစွဲခြင်းဖြစ်သည်ဟူ၍ မှတ်ယူရမည်။

## ဇယား

| အစိုးရဌာန။ | | | ခွဲဝေသုံးစွဲသည့်ငွေ။ ကျပ်။ |
|---|---|---|---|
| မြေဌနှင့်တော် | .... | .... | ၂၀ |
| ပြည်နယ်ကောင်စီ | .... | .... | ၁၀ |
| အကျဉ်းထောင်များ | .... | .... | ၄၀ |
| ရေကြောင်းဆိုင်ရာ | .... | .... | ၁,၃၀၀ |
| သာသနာရေးကိစ္စများ | .... | .... | ၂,၆၀၀ |
| ပြည်သူ့ကျန်းမာရေး | .... | .... | ၅,၅၀၀ |
| မြို့ပြဆိုင်ရာလုပ်ငန်းများ | .... | .... | ၁၀ |
| အထွေထွေ | .... | .... | ၁၀,၅၀၀ |
| အထွေထွေဌာနများအတွက် မ,တည့်ငွေရင်း | | .... | ၅,၁၄,၀၀၀ |
| | | ပေါင်း .... | ၅,၄၂,၀၆၀ |

ပ၊မ၊ဗ၊စ၊—အမှတ် ၇၀၊ တရားရေးဝန်ကြီးဌာန၊ ၁၅-၁၂-၅၄—၂,၀၀၀—၂။

# ၁၉၅၄ ခုနှစ်၊ ကရင်ပြည်နယ်ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေး အက်ဥပဒေ။

[၁၉၅၄ ခုနှစ်၊ ကရင်ပြည်နယ်အက်ဥပဒေ အမှတ် ၅။]

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ကရင်ပြည်နယ် အစိုးရ၊ ဘဏ္ဍာရေးဝန်ကြီးသည်၊ ကရင်ပြည်နယ်၏ အခွန်တော် များမှ စုစုပေါင်း ကျပ်ငွေ ၂,၂၇,၆၃,၃၄၀ (ဤအက်ဥပဒေ ဇယားတွင် ဖေါ်ပြထားသည်) ကို ထုတ်၍၊ ၁၉၅၅ ခုနှစ်၊စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် နှစ်ဆိုင်ရာအသုံးစရိတ်များနှင့် ကိစ္စများအတွက် ခွဲဝေသုံးစွဲနိုင်သည်။

၁၉၅၅ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက် နေ့၌ ကုန်ဆုံးသည့် နှစ် အတွက် ဘဏ္ဍာ ငွေတော် ငွေ ခွဲ ဝေ သုံးစွဲခြင်း။

## ဇယား

[ပုဒ်မ ၁ ကိုကြည့်]

| အစိုးရဌာန။ | ခွဲဝေသုံးစွဲသည့်ငွေ။ ကျပ်။ |
|---|---|
| မြေခွန်တော် .... .... .... .... | ၂,၆၁,၄၇၀ |
| ယစ်မျိုး .... .... .... .... | ၁,၁၉,၀၀၀ |
| တံဆိပ်တော်ခေါင်း .... .... .... | ၂၄၀ |
| သစ်တော .... .... .... .... | ၅,၂၀,၁၉၀ |
| ပြည်နယ်ကောင်စီ .... .... .... | ၁,၀၀,၃၀၀ |
| အရပ်ရပ်စီရင်အုပ်ချုပ်မှု .... .... .... | ၁၁,၃၀,၅၀၁ |
| တရားရေး .... .... .... .... | ၂,၂၉,၀၄၀ |
| အကျဉ်းထောင်များ .... .... .... | ၂၅,၅၀၀ |
| ရဲအဖွဲ့ .... .... .... .... | ၂၄,၂၂,၂၂၀ |
| သာသနာရေးကိစ္စများ .... .... .... | ၃၀,၀၇၀ |
| လောကဓါတ်ပညာဆိုင်ရာဌာနများ .... .... | ၂,၀၀၀ |
| ပညာရေး .... .... .... .... | ၃၄,၇၉,၅၆၀ |
| ဆေးဘက်ဆိုင်ရာ .... .... .... | ၆,၉၀,၉၅၀ |
| ပြည်သူ့ကျန်းမာရေး .... .... .... | ၁၀,၃၇,၃၃၀ |
| လယ်ယာစိုက်ပျိုးရေး .... .... .... | ၁,၇၉,၆၇၀ |
| တိရစ္ဆာန်ဆေးကုသရေး .... .... .... | ၅၇,၅၂၀ |
| စက်မှု လက်မှုအလုပ်အကိုင်များ .... .... | ၇၆,၁၀၀ |

အတိုး—၁၀ ပြား]

ဇယား။ ။အဆုံး

| အစိုးရဌာန။ | | | | ခွဲပေးသုံးစွဲသည့်ငွေ။ ကျပ်။ |
|---|---|---|---|---|
| အထွေထွေဌာနများ | .... | .... | .... | ၁၀,၁၉,၈၁၀ |
| မြို့ပြဆိုင်ရာလုပ်ငန်းများ | .... | .... | .... | ၁၇,၂၅,၅၉၀ |
| ဝတ်မှုတ်ခေါင်းပါးခြင်း၊ကယ်ဆယ်ရေး | .... | .... | | ၁၀,၀၀၀ |
| ပင်ရှင်လစာငွေများ | .... | .... | .... | ၁၂,၀၀၀ |
| စာရေးကိရိယာနှင့် စာပုံနှိပ်ခြင်း | .... | .... | | ၄၀,၀၀၀ |
| အထွေထွေ .... | .... | .... | .... | ၆၁,၀၀၀ |
| သစ်မတာအတွက် မ,တည်ငွေရင်း | .... | .... | | ၂,၈၀၀ |
| ပညာရေးအတွက် မ,တည်ငွေရင်း | .... | .... | | ၈,၁၀,၀၀၀ |
| ဆေးဘက်ဆိုင်ရာအတွက် မ,တည်ငွေရင်း | .... | .... | | ၅,၃၃,၀၀၀ |
| အထွေထွေဌာနများအတွက် မ,တည်ငွေရင်း | | .... | | ၆,၉၃,၀၀၀ |
| မြို့ပြဆိုင်ရာလုပ်ငန်းများအတွက် မ,တည် ငွေရင်း | | .... | | ၆၈,၂၆,၀၀၀ |
| ငွေလုံး ငွေရင်း အသုံးစရိတ် အဘွဲက်၊ ပြည်နယ် ကော်မီတီများ အသုံးပြုရန် အထူးထောက်ပံ့ငွေများ | .... | .... | | ၃,၅၀,၀၀၀ |
| အစိုးရကထုတ်ပေးငွေရင်းများနှင့် ကြိုတင်ထုတ်ပေးငွေများ | .... | .... | | ၃,၀၀,၀၀၀ |
| | | ပေါင်း | .... | ၂,၂၇,၆၃,၃၄၀ |

ပမ၊၈၈၈၊—အမှတ် ၇၁၊ တရားရေးဝန်ကြီးဌာန၊ ၁၄-၁၂-၅၄—၂,၀၀၀—၂။

# ၁၉၅၄ ခုနှစ် အခြေခံဆည်ပြင်ခြံဧကရေလယ်ယာ (ပြန်ခွဲဝေခြင်း) အက်ဥပဒေ

ရေလယ်ယာစီမံခန့်ခွဲမှုအတွက် ပြဋ္ဌာန်းသည့် ဥပဒေ။

[၁၉၅၄ ခုနှစ် အောက်တိုဘာလ ၁၈ ရက်]

ဤဥပဒေကို ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းလိုက်သည်။

၁။ (ခ) ဤဥပဒေကို ၁၉၅၄ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှ စတင်၍ (ပြည်ထောင်စု) ပြဋ္ဌာန်းလိုက်ကြောင်း ကြေညာသည့်နေ့ရက်မှ စ၍ ဆယ်နှစ်ကာလ ကြာမြင့်စွာ ဤဥပဒေကို ဖြန့်ကျက်ကျင့်သုံးရမည်။

(၂) ဤဥပဒေတွင် အခြားသဘောရိုးဖြင့် ဆိုလိုရာမပါလျှင် ဤဥပဒေ၏ ရည်ရွယ်ချက်အတွက် အောက်ပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုရမည်ဖြစ်သည်။

၂။ ။၁၉၄၇ ခုနှစ်၊ ပြည်ထောင်စု (ယာယီ) ဖွဲ့စည်းပုံအခြေခံဥပဒေ (၆၆) ယာယီပြဋ္ဌာန်းချက်အရ ဖွဲ့စည်းတည်ထောင်ခဲ့သော ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုလိုသည်။

ရန်ကုန်—၁၀ ဖြူး]

ပြဋ္ဌာန်းခြင်း—ရေလယ်ယာစီမံခန့်ခွဲမှုဦးစီးဌာန၊ ၂၀-၅-၅၄ —၂,၀၀၀—၂ ။

# ၁၉၅၄ ခုနှစ်၊ ကချင်ပြည်နယ်လူထုပညာသင်ကြားရေးကောင်စီ (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၄ ခုနှစ်၊ ကချင်ပြည်နယ်အက်ဥပဒေ အမှတ် ၂။]

အောက်ပါအတိုင်းအက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ "ဤအက်ဥပဒေကို ၁၉၅၄ ခုနှစ်၊ ကချင်ပြည်နယ်လူထုပညာသင်ကြားရေး ကောင်စီ (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

၂။ ။နောက်တွင်အဆိုပါအက်ဥပဒေဟုရည်ညွှန်းသည့် ၁၉၅၂ ခုနှစ်၊ လူထုပညာသင်ကြားရေးကောင်စီ အက်ဥပဒေပုဒ်မ ၃ တွင်—

(က) ပုဒ်မခွဲ (၁) အစား၊ အောက်ပါကိုထည့်သွင်းရမည်။

(၁) ဤအက်ဥပဒေပါကိစ္စများကိုဆောင်ရွက်ရန်အလို့ငှါ၊ ကော်င်စီတခု ဖွဲ့စည်းတည်ထောင်ရမည်။ ထိုကောင်စီကို ကချင်ပြည်နယ် လူထုပညာသင်ကြားရေးကောင်စီဟု ခေါ်ရမည်။ ထိုကောင်စီတွင်၊အောက်ပါပုဂ္ဂိုလ်များပါဝင်ရမည်—

(က) ကချင်ပြည်နယ်ပညာရေးဌာနဝန်ကြီး။
(ခ) ကချင်ပြည်နယ်ပညာဝန်။
(ဂ) ခရိုင်ဝန်၊မြစ်ကြီးနား။
(ဃ) ကချင်ပြည်နယ် ဆေးနှင့်ကျန်းမာရေးဌာနမှူး။
(င) ကချင်ပြည်နယ် လယ်ယာစိုက်ပျိုးရေးဝန်။
(စ) ကချင်ပြည်နယ် လက်ထောက်ပညာဝန်။
(ဆ) လူမှုဝန်ထမ်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ် ၃ ဦး။
(ဇ) ပြည်နယ်ဥက္ကဋ္ဌက ခန့်ထားသည့်အခြားပုဂ္ဂိုလ် ၇ ဦး။

(ခ) ပုဒ်မခွဲ (၂) အစား၊ အောက်ပါကိုထည့်သွင်းရမည်။

(၂) (က) ပြည်နယ်ပညာရေး ဝန်ကြီးသည် ကောင်စီ၏ ဥက္ကဋ္ဌ အဖြစ်ဆောင်ရွက်ရမည်။ ကောင်စီသည်၊ ကောင်စီလုပ်ကြီးများအထဲမှ ဒုတိယ ဥက္ကဋ္ဌတဦးကို ရွေးကောက်တင်မြှောက်ရမည်။

(ခ) ကချင်ပြည်နယ်ပညာဝန်၊ သို့မဟုတ် လက်ထောက်ပညာဝန်သည် ကောင်စီ၏အတွင်းရေးမှူးဖြစ်ရမည်။

၃။ ။အဆိုပါအက်ဥပဒေပုဒ်မ ၈ တွင်အပိုဒ် (၁) (၂) (၃) နှင့် (၄) အစား၊ အောက်ပါကိုထည့်သွင်းရမည်။

(၁) လူထုအား ယေဘုယျအားဖြင့် ပုဂ္ဂိုလ်ရေးတိုးတက်မှုဆိုင်ရာ ပညာဗဟုသုတများကိုဖြန့်ဖြူးပေးရန်အစီအစဉ်ပြုလုပ်ခြင်းကိစ္စ၊

(၂) လူမှုရေးတိုးတက်မှုဆိုင်ရာ ပညာဗဟုသုတ ဖြန့်ဖြူးရေးအတွက် လူထုပညာရေးမူးများကို လေ့ကျင့်ပေးရန်၊ လေ့ကျင့်ရေးဌာနများနှင့်လေ့ကျင့်ရေးစခန်းများ တည်ထောင်ခြင်းကိစ္စ၊ သို့တည်းမဟုတ် ပြည်ထောင်စုမြန်မာနိုင်ငံတော်လူထုပညာရေးကောင်စီမှကြီးမူးဖွင့်လှစ်သည့်လူထုပညာရေးမူးသင်တန်းများသို့ စရိတ်ပေးစေလွှတ်ခြင်းကိစ္စ။

(၃) လူမှုရေးတိုးတက်မှုဆိုင်ရာပညာဗဟုသုတဖြန့်ဖြူးရေးဒေတွက် လူထုပညာရေးမူးများနှင့်အခြားရာထမံး မှုထမံးများခန့်ထားရန် ကိစ္စ၊ ထို့ပြင်

(၄) လူထုအား လူမှုရေးတိုးတက်မှုဆိုင်ရာ ပညာဗဟုသုတဖြန့်ဖြူးပေးရန် ပြုလုပ်ထားသောစီမံကိန်းများကို သာမန်အားဖြင့်ခဆောင်ရွက်ခြင်းကိစ္စ။

ပါမောက္ခ၊—အမှတ် ၁၄၄၊ တရားရေးဝန်ကြီးဌာန၊ ၁၅-၅-၅၄—၂,၀၀၀—၂။

# ၁၉၅၄ ခုနှစ်၊ ကချင်ပြည်နယ် ကိုယ်ပိုင်ကျောင်းများမှတ်ပုံတင် အက်ဥပဒေ။

[၁၉၅၄ ခုနှစ်၊ ကချင်ပြည်နယ်အက်ဥပဒေအမှတ် ၃။]

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၄ ခုနှစ်၊ကချင်ပြည်နယ်ကိုယ်ပိုင်ကျောင်းများမှတ်ပုံတင် အက်ဥပဒေဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ ကချင်ပြည်နယ်ဥက္ကဋ္ဌက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သည့်နေ့များတွင် သတ်မှတ်သည့်အရပ်ဒေသများ၌ စတင်အာဏာတည်ရမည်။

၂။ ။ဤအက်ဥပဒေတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ မဆန့်ကျင်လျှင်—

(က) ''ကျောင်း'' ဆိုသည်မှာ၊ ပညာသင်ကြားရာဌာနကိုဆိုလိုသည်။

(ခ) ''ကိုယ်ပိုင်ကျောင်း'' ဆိုသည်မှာ၊အစိုးရက၊သို့တည်းမဟုတ် ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များက တည်ထောင်သောကျောင်း မဟုတ်သည့် ကျောင်းကို ဆိုလိုသည်။ သို့ရာတွင် ထိုစကားရပ်တွင် ကိုးကွယ်သည့် ဘာသာရေး စာပေသက်သက်သင်ကြားသည့် ဘုန်းကြီးကျောင်းများနှင့် အခြားအလားတူ ကျောင်းများမပါဝင်ချေ။

(ဂ) ''ဝန်ကြီး'' ဆိုသည်မှာ၊ ကချင်ပြည်နယ်အစိုးရ ပညာရေးအတွက် တာဝန်ခံဆောင်ရွက်ဆဲဖြစ်သည့်ဝန်ကြီးကိုဆိုလိုသည်။

(ဃ) ''မှတ်ပုံတင်အရာရှိ'' ဆိုသည်မှာ၊ ပုဒ်မ ၃ အရခန့်ထားသည့်ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်အရာရှိကိုဆိုလိုသည်။

(င) ''တည်ထောင်အုပ်ချုပ်သူ'' ဆိုသည်မှာ၊ ကျောင်းနှင့် ကျောင်း၏ လုပ်ငန်းဆိုင်ရာ ကိစ္စများကို ပင်ရင်းကြီးကြပ် အုပ်ချုပ်သူကိုဆိုလိုသည်။

သို့ရာတွင် အဆိုပါကိစ္စများကို ကြီးကြပ်သူကိုယ်စားလှယ်အား သွေအပ်ထားလျှင် အဆိုပါကိုယ်စားလှယ်သည် ''တည်ထောင်အုပ်ချုပ်သူ''ဖြစ်သည်ဟူ၍မှတ်ယူရမည်။

၃။ ။ကချင်ပြည်နယ် ဥက္ကဋ္ဌသည်၊ အရာရှိတဦးဦးကိုကိုယ်ပိုင်ကျောင်းမှတ်ပုံတင် အရာရှိအဖြစ်ဖြင့်ခန့်ထားရမည်။

၄။ ။(၁) ကျောင်းသားဦးရေနှစ်ဆယ်၊ သို့တည်းမဟုတ် နှစ်ဆယ်ထက်ပို၍ တက်ရောက်လျက်ရှိသောကိုယ်ပိုင်ကျောင်းတည်ထောင်အုပ်ချုပ်သူသည်၊ဤအက်ဥပဒေ စတင်အာဏာတည်သည့်နေ့မှ ခြောက်လအတွင်း ထိုကိုယ်ပိုင်ကျောင်းကို ဤအက်ဥပဒေအရမှတ်ပုံတင်ရန်ကိစ္စအလို့ငှါ မှတ်ပုံတင်အရာရှိထံ လျှောက်ထားရမည်။

ခြွင်းချက်။ ။သို့ရာတွင်ကိုယ်ပိုင်ကျောင်းတည်ထောင်အုပ်ချုပ်သူသည် အကြောင်းတခုခုကြောင့်၊ ဤပုဒ်မခွဲ၌သတ်မှတ်ထားသော ကာလအပိုင်းအခြားအတွင်း လျှောက်လွှာမတင်သွင်းနိုင်လျှင်၊ ထိုကာလအပိုင်းအခြားကုန်ဆုံးသည့်နေ့နောက် ၂ လအတွင်း ထိုအကြောင်းကိုဖော်ပြ၍ မှတ်ပုံတင်အရာရှိထံ လျှောက်လွှာတင်သွင်းနိုင်သည်။ ဝန်ကြီးက အဆိုပါအကြောင်းသည် လုံလောက်သည်ဟုကျေနပ်လျှင် ထိုလျှောက်လွှာကို လက်ခံရန်အမိန့်ချနိုင်သည်။

(၂) ဤအက်ဥပဒေ အာဏာတည်ခဲ့ဖြစ်နေသည့် အရပ်ဒေသအတွင်း မည်သည့်ကိုယ်ပိုင်ကျောင်းမဆို ကျောင်းသားဦးရေ၊ နှစ်ဆယ်ပြည့်သည့်နှစ်၌ သုံးလ

အဆိုး—၁၀ ပြား]

အတွင်း ထိုကိုယ်ပိုင်ကျောင်းကို ဤအက်ဥပဒေအရမှတ်ပုံတင်ရန်အလို့ငှါ မှတ်ပုံတင်အရာရှိထံသို့မလျှောက်ထားရမည်။

(၃) ထိုလျှောက်လွှာအသီးသီးတွင်၊ ဤအက်ဥပဒေအရပြုသည့် နည်းဥပဒေများဖြင့်ပြဋ္ဌာန်းထားသည့်အကြောင်းအရာများပါရှိရမည်။

(၄) ပုဒ်မခွဲ (၁) နှင့် (၂) အရမှတ်ပုံတင်ရမည့် ကိုယ်ပိုင်ကျောင်းကို မှတ်ပုံမတင်ဘဲသော်၎င်း၊ ပုဒ်မ ၅ အရမှတ်ပုံတင်အရာရှိက မှတ်ပုံမတင်နိုင်ဟု ငြင်းပယ်ပြီးနောက်သော်၎င်း၊ ပုဒ်မ ၇ အရမှတ်ပုံတင်အရာရှိက ကိုယ်ပိုင်ကျောင်းများမှတ်ပုံစာအုပ်မှပယ်ဖျက်ပြီးနောက်သော်၎င်း မည်သူမျှ ထိုကိုယ်ပိုင်ကျောင်းကို တည်ထောင်အုပ်ချုပ်ခြင်းမပြုရ။

၅။ ။မှတ်ပုံတင်အရာရှိသည်၊မှတ်ပုံတင်ရန်လျှောက်ထားသည့်ကိုယ်ပိုင်ကျောင်းကို အောက်ပါအကြောင်း အားလုံးကြောင့်ဖြစ်စေ၊ အကြောင်းတခုခုကြောင့်ဖြစ်စေ မှတ်ပုံတင်ရန်မသင့်ဟုယူဆလျှင်၊ ဤအက်ဥပဒေအရမှတ်ပုံမတင်နိုင်ဟုငြင်းပယ်နိုင်သည်။

(က) ကျောင်းအဆောက် အအုံသည်၊ သို့တည်းမဟုတ် ဥပစာသည်၊ သို့တည်းမဟုတ် ထိုဥပစာ၏အစိတ်အပိုင်းတခုခုသည်ကျောင်းအတွက်မသင့်လျော်ခြင်း။

(ခ) ကျောင်းတက်နေသူတို့၏ ဦးရေကိုငင်း၊ အသက်အရွယ်ကိုငင်း၊ ယောကျ်ား၊သို့တည်းမဟုတ် မိန်းမဖြစ်သည်ကိုငင်း ထောက်ထား၍၊ကျောင်းအဆောက် အအုံ၊ သို့တည်းမဟုတ် ဥပစာတွင် စီမံထားရှိသည့်နေရာထိုင်ခင်း မလုံလောက်ခြင်း၊ သို့တည်းမဟုတ် မသင့်လျော်ခြင်း။

(ဂ) ကျောင်းတက်နေသူတို့၏အသက်အရွယ်ကိုငင်း၊ ယောကျ်ား၊ သို့တည်းမဟုတ် မိန်းမဖြစ်သည်ကိုငင်း ထောက်ထား၍၊ ကျောင်းဌာနသင်ကြားပေးသည့် ပညာရပ်များ မသင့်လျော်ခြင်း၊ သို့တည်းမဟုတ် သင်ကြားပြသမှု ညံ့ဖျင်းခြင်း။

(ဃ) ကျောင်းတည်ထောင်အုပ်ချုပ်သူသည်၊ ကိုယ်ပိုင်ကျောင်းတည်ထောင်အုပ်ချုပ်ရန်မသင့်လျော်သူဖြစ်ခြင်း၊ သို့တည်းမဟုတ် ထိုကျောင်းနှင့် စပ်လျဉ်းသည့်ကိစ္စများကို ဆောင်ရွက်နေသူ တဦးဦးသည်၊ ကျောင်းဆရာအဖြစ် သင်ကြားပြသရန်၊ သို့တည်းမဟုတ် တာဝန်ခံအဖြစ် ဆောင်ရွက်ရန်မသင့်သူဖြစ်ခြင်း။

(င) မှတ်ပုံတင်အရာရှိအား၊ သို့တည်းမဟုတ် ထိုအရာရှိက စေလွှတ်မသော သူတဦးဦးအား၊ ပုဒ်မ ၉ တွင်ဖော်ပြထားသော တာဝန်ဝတ်တရား ဆောင်ရွက်ရာ၌ တမင်ဟန့်တားခြင်း။

၆။ ။မှတ်ပုံတင်အရာရှိသည်၊ ဤအက်ဥပဒေအရ၊ သို့တည်းမဟုတ် ဤအက်ဥပဒေအရပြုထားသည့် နည်းဥပဒေများအရ၊ လိုအပ်သည့်အချက်များနှင့် ပြည့်စုံသောကိုယ်ပိုင်ကျောင်းကို မှတ်ပုံတင်ရမည့်ပြင်၊ ထိုကိစ္စအလို့ငှါ၊ မှတ်ပုံတင်ထားသော ကိုယ်ပိုင်ကျောင်းအားလုံးအတွက် မှတ်ပုံစာအုပ်တခုကို ထားရှိရမည်။ ထိုမှတ်ပုံတင်စာရင်းကိုသင့်လျော်သည့်အချိန်အခါတွင် အများပြည်သူတို့ကြည့်ရှုစစ်ဆေးလိုပါက၊ ကြည့်ရှုစစ်ဆေးနိုင်ခွင့်ရှိရမည်။

၇။ ။မှတ်ပုံတင်အရာရှိသည်၊ အောက်ပါအကြောင်း အားလုံးကြောင့်ဖြစ်စေ၊ အကြောင်းတခုခုကြောင့်ဖြစ်စေ မည်သည့်ကိုယ်ပိုင်ကျောင်းကိုမဆို မှတ်ပုံစာအုပ်မှပယ်ဖျက်နိုင်သည်။

(က) ပုဒ်မ ၅ တွင်ဖော်ပြထားသည့် အကြောင်းတခုခုအရ ကိုယ်ပိုင်ကျောင်းတည်ထောင်အုပ်ချုပ်သူသည်၊ အရည်အချင်း ပျက်ယွင်းလာခြင်း၊ သို့တည်းမဟုတ် ကိုယ်ပိုင်ကျောင်း၏ ဥပစာသည် မလုံလောက် မသင့်လျော်ဖြစ်လာခြင်း။

(ခ) ကိုယ်ပိုင်ကျောင်း တည်ထောင်အုပ်ချုပ်သူသည်၊ ကျောင်းသူ ကျောင်းသားများ၏ အကျိုးဆုတ်ယုတ်အောင် ပြုခြင်း။

(ဂ) ပတ်ဝန်းကျင်အခြေအနေနှင့် သင်ကြားရေးအခြေအနေများသည်၊ ကျောင်းသူ ကျောင်းသားများ၏ စာရိတ္တဗလ၊ ဉာဏ်ဗလ၊ ကာယဗလ တခုခုကိုထိခိုက်နေခြင်း။

(ဃ) မှတ်ပုံတင်အရာရှိအား၊ သို့တည်းမဟုတ် ထိုအရာရှိက စေလွှတ်သော သူတဦးဦးအား၊ ပုဒ်မ ၉ တွင်ဖေါ်ပြထားသော တာဝန်ဝတ်တရား ဆောင်ရွက်ရာ၌ တားဆီး ဟန့်တားခြင်း။

သို့ရာတွင် ထိုသို့မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်းမပြုမီ၊ ကိုယ်ပိုင်ကျောင်းတည် ထောင်အုပ်ချုပ်သူအား၊ မည်သည့်အကြောင်းကြောင့် ထိုကျောင်း မှတ်ပုံတင်ခြင်းကို ပယ်ဖျက်သင့်ကြောင်း ထုချေရန် အခွင့်အရေး မပေးဘဲ၊ ထိုကိုယ်ပိုင်ကျောင်းကို မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်းမပြု၍။

၈။ ။ပုဒ်မ ၅ အရ၊ သို့တည်းမဟုတ် ပုဒ်မ ၇ အရ၊ မှတ်ပုံတင်အရာရှိက ချမှတ်သည့် အမိန့်ကို ဝန်ကြီးဌာနအယူခံနိုင်သည်။ သို့ရာတွင် အယူခံလွှာကို ထိုသို့အမိန့် ချမှတ်သည့်နေ့မှ ခြောက်လအတွင်း တင်သွင်းရမည်။

၉။ ။မှတ်ပုံတင်အရာရှိသည်၊ သို့တည်းမဟုတ် ထိုအရာရှိက အမည်တပ်၍ဖြစ်စေ၊ ရာဇကုန်အလျောက်ဖြစ်စေ အာဏာလွှဲအပ်ခြင်းခံရသော အရာရှိသည်၊ မည်သည့်ကိုယ်ပိုင် ကျောင်းကိုမဆို စစ်ဆေးခြင်း၊ သွားရောက်ကြည့်ရှုခြင်း၊ ထိုကျောင်းနှင့် သက်ဆိုင်သည့် အကြောင်းအရာကို၊ သို့တည်းမဟုတ် စာရွက် စာတမ်းများကို တောင်းယူကြည့်ရှုခြင်းပြု နိုင်သည်ဖြင့်၊ ထိုသို့ပြုရန် မည်သည့်ကိုယ်ပိုင်ကျောင်းကိုမဆို ဝင်နိုင်ခွင့်ရှိသည်။

၁၀။ ။ကချင်ပြည်နယ် ဥက္ကဋ္ဌသည်၊ မည်သည့်ကိုယ်ပိုင်ကျောင်း၌မဆို၊ သို့တည်း မဟုတ် မည်သည့်ကိုယ်ပိုင်ကျောင်း အမျိုးအစား၌မဆို၊ အများဆုံးတောင်းဆိုနိုင်သော ကျောင်းလခနှင့် အခြားအခများကို အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်နိုင်သည်။

၁၁။ ။ကချင်ပြည်နယ် ဥက္ကဋ္ဌသည်၊ အမိန့်ကြော်ငြာစာဖြင့် မည်သည့် ကိုယ်ပိုင် ကျောင်းကိုမဆို၊ သို့တည်းမဟုတ် မည်သည့်ကိုယ်ပိုင်ကျောင်း အမျိုးအစားကိုမဆို၊ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်အားလုံးနှင့်သော်၎င်း၊ ပြဋ္ဌာန်းချက်တခုခုနှင့် သော်၎င်း သက် ဆိုင်ခြင်းမှ ကင်းလွတ်ခွင့်ပေးနိုင်သည်။

၁၂။ ။မည်သူမဆို၊ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များကိုသော်၎င်း၊ ဤအက်ဥပ ဒေအရပြုသည့် နည်းဥပဒေပါ ပြဋ္ဌာန်းချက်များကိုသော်၎င်း၊ ဤအက်ဥပဒေအရ၊ သို့တည်း မဟုတ် ထိုနည်းဥပဒေများအရချမှတ်သည့် အမိန့်ကိုသော်၎င်း ဆန့်ကျင် ကျူးလွန်လျှင်၊ ထိုသူသည်—

(က) ပဋ္ဌမပြစ်မှုအတွက်၊ ငါးရာထက် မပိုသော ငွေဒဏ်စီရင်ခြင်းခံရမည်။

(ခ) ဒုတိယအကြိမ်၊ သို့တည်းမဟုတ် နောက်ထပ်ကျူးလွန်သည့်ပြစ်မှု အတွက်၊ ခြောက်လထက်မပိုသော အလုပ်ကြမ်းနှင့် ထောင်ဒဏ်၊ ၎င်းပြင် တကောင်ထက်မပိုသော ငွေဒဏ်နှစ်ရပ်စလုံး စီရင်ခြင်း ခံရမည်။

၁၃။ ။မည်သူမဆို မှတ်ပုံတင်အရာရှိအား၊ သို့တည်းမဟုတ် ထိုအရာရှိက စေလွှတ်သောသူတဦးဦးအား၊ ပုဒ်မ ၉ တွင် ဖေါ်ပြထားသော တာဝန်ဝတ်တရားဆောင် ရွက်ရာ၌ တမင်ဟန့်တားလျှင်၊ ထိုသူသည် တထောင်ထက်မပိုသော ငွေဒဏ်စီရင်ခြင်း

ခံရမည်။ ဒုတိယအကြိမ်၊ သို့တည်းမဟုတ် နောက်ထပ်ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင်၊ ခြောက်လထက်မပိုသော အလုပ်ကြမ်းထောင်ဒဏ်နှင့် တထောင်ထက်မပိုသော ငွေဒဏ် နှစ်ရပ်လုံးကိုစီရင်ခြင်းခံရမည်။

၁၄။ ။ဤအက်ဥပဒေအရ၊ပြစ်မှုအတွက်ဝန်ကြီး၏တိုင်ကြားချက်မရှိဘဲ၊သို့တည်းဟုတ် ဝန်ကြီး၏အခွင့်အမိန့်ကိုမရဘဲ တရားမစွဲဆိုရ။

၁၅။ ။(၁) တည်ထောင်အုပ်ချုပ်သူသည်၊ ဘက်စပ်လုပ်ငန်း၊ သို့ဟုတ်မဟုတ် သီးခြားပုဂ္ဂိုလ်များပါဝင်သည့် အဖွဲ့ဖြစ်လျှင်၊ ထိုဘက်စပ်လုပ်ငန်းတွင် ဘက်စပ်ပါဝင်သူများ၊သို့တည်းမဟုတ် ထိုအဖွဲ့တွင်ပါဝင်သူများအနက်၊ မည်သူ့ကိုမဆို တည်ထောင်အုပ်ချုပ်သူအား ပြစ်ဒဏ်ပေးနိုင်သည့်ပြစ်မှုတခုခုအတွက်၊ဤအက်ဥပဒေအရ၊ဟရားစွဲဆိုခြင်းပြစ်ဒဏ်စီရင်နိုင်သည်။

သို့ရာတွင် ထိုဘက်စပ်လုပ်ငန်း၊ သို့တည်းမဟုတ် အဖွဲ့တွင် ပါဝင်သူတို့အနက် ပြည်ထောင်စုမြန်မာနိုင်ငံ၌ နေထိုင်သူတဦးတယောက်ကို ဤအက်ဥပဒေပါကိစ္စများအလို့ငှါ၊ တည်ထောင်အုပ်ချုပ်သူအဖြစ် အမည်တင်သွင်းထားပြီးဖြစ်ကြောင်းဖြင့် ထိုဘက်စပ်လုပ်ငန်း၊ သို့တည်းမဟုတ် အဖွဲ့ကမှတ်ပုံတင် အရာရှိအားလျှောက်ထားရမည်။ ထို့ပြင် ထိုပုဂ္ဂိုလ်သည် ယင်းသို့နေထိုင်သမျှကာလပတ်လုံး မိမိအားအမည်တင်သွင်းထားခြင်းကို ပယ်ဖျက်သည့်နောက်ထပ် လျှောက်လွှာကိုမှတ်ပုံတင်အရာရှိက မရမီသော်၎င်း၊မိမိသည် ထိုဘက်စပ်လုပ်ငန်း၊ သို့တည်းမဟုတ် အဖွဲ့တွင်အစုပါဝင်သူအဖြစ်မှ၊ သို့တည်းမဟုတ် အဖွဲ့ဝင်အဖြစ်မှရပ်စဲခြင်းမပြုမီသော်၎င်း ဤအက်ဥပဒေပါကိစ္စများအလို့ငှါ၊တည်ထောင်အုပ်ချုပ်သူဖြစ်သည်ဟူ၍ မှတ်ယူရမည်။

(၂) တည်ထောင်အုပ်ချုပ်သူသည်၊အများပိုင်ကုမ္ပဏီဖြစ်လျှင်ထိုကုမ္ပဏီ၏ ဒါရိုက်တာလူကြီးများအနက်၊ မည်သည့် ဒါရိုက်တာလူကြီးကိုမဆို၊ သို့တည်းမဟုတ် အနည်းပိုင်ကုမ္ပဏီဖြစ်လျှင် ထိုကုမ္ပဏီတွင်အစုပါဝင်သူများအနက်၊ မည်သည့်အစုပါဝင်သူကိုမဆို တည်ထောင်အုပ်ချုပ်သူအားပြစ်ဒဏ်ပေးနိုင်သည့်ပြစ်မှုတခုခုအတွက်ဤအက်ဥပဒေအရ၊ တရားစွဲဆိုခြင်းပြစ်ဒဏ်စီရင်နိုင်သည်။

သို့ရာကွင် ထိုကုမ္ပဏီသည်အများပိုင်ကုမ္ပဏီဖြစ်လျှင် ပြည်ထောင်စုမြန်မာနိုင်ငံကွင် နေထိုင်သည့်ဒါရိုက်တာလူကြီးတဦးကိုသော်၎င်း၊အနည်းပိုင်ကုမ္ပဏီဖြစ်လျှင် ပြည်ထောင်စုမြန်မာနိုင်ငံတွင် နေထိုင်သည့်အစုပါဝင်သူတဦးကိုသော်၎င်း ဤအက်ဥပဒေပါကိစ္စများအလို့ငှါ၊ တည်ထောင်အုပ်ချုပ်သူအဖြင့် အမည်တင်သွင်းထားပြီးဖြစ်ကြောင်းဖြင့်မှတ်ပုံတင်အရာရှိအားလျှောက်ထားရမည်။ထို့ပြင် ထိုဒါရိုက်တာလူကြီးသည်၊သို့တည်းမဟုတ် အစုပါဝင်သူသည်၊ ယင်းသို့နေထိုင်သမျှကာလပတ်လုံး မိမိအား၊ အမည်တင်သွင်းထားခြင်းကိုပယ်ဖျက်သည့် နောက်ထပ်လျှောက်လွှာကိုမှတ်ပုံတင်အရာရှိက မရမီသော်၎င်း၊ မိမိသည်၊ ဒါရိုက်တာလူကြီးအဖြစ်မှ၊သို့တည်းမဟုတ် အစုပါဝင်သူအဖြစ်မှရပ်စဲခြင်းမပြုမီသော်၎င်း ဤအက်ဥပဒေပါကိစ္စများအလို့ငှါ၊ တည်ထောင်အုပ်ချုပ်သူဖြစ်သည်ဟူ၍မှတ်ယူရမည်။

၁၆။ ။သဘောရိုးဖြင့် ဤအက်ဥပဒေအရသော်၎င်း၊ နည်းဥပဒေများအရသော်၎င်း ပြုသည့်၊သို့တည်းမဟုတ် ပြုရန်ကြံရွယ်သည့်ကိစ္စအတွက် ဧည့်သူကိုမျှတရားမမှုဖြစ်စေ၊ ရာဇဝတ်မှုဖြစ်စေ၊ အခြားတရားမှုခင်းဖြစ်စေ မစွဲရ။

၁၇။ ။ကချင်ပြည်နယ်ဥက္ကဋ္ဌသည်၊ ဤအက်ဥပဒေပါကိစ္စများကို ဆောင်ရွက်ရန် အလို့ငှါ၊ နည်းဥပဒေများကို ကြိုတင်ထုတ်ပြန်ပြီးနောက်ပြုနိုင်သည်။

ပါမစ၊—အမှတ် ၀၄၊ ၀ ရာခေးဝန်ကြီးဌာန၊ ၁၁-၁-၅၅—၂,၀၀၀—၂။

# ၁၉၅၄ ခုနှစ်၊ ရှမ်းပြည်နယ် ကိုယ်ပိုင်ကျောင်းများ မှတ်ပုံတင် အက်ဥပဒေ။

[၁၉၅၄ ခုနှစ်၊ ရှမ်းပြည်နယ် အက်ဥပဒေ အမှတ် ၃။]

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၄ ခုနှစ်၊ရှမ်းပြည်နယ်ကိုယ်ပိုင်ကျောင်းများ မှတ်ပုံတင်အက်ဥပဒေဟု ခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ ရှမ်းပြည်နယ် ဥက္ကဋ္ဌက၊ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍၊ သတ်မှတ်သည့်နေ့များတွင်၊ သတ်မှတ်သည့်အရပ်ဒေသများ၌ စတင်အာဏာတည်ရမည်။

၂။ ။ဤအက်ဥပဒေတွင် အကြောင်း အရာနှင့် ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ မဆန့်ကျင်လျှင်—

(က) ''ကျောင်း'' ဆိုသည်မှာ၊ ပညာသင်ကြားရာဌာနကို ဆိုလိုသည်။

(ခ) ''ကိုယ်ပိုင်ကျောင်း'' ဆိုသည်မှာ၊ အစိုးရက၊ သို့တည်းမဟုတ် ဒေသန္တရ အုပ်ချုပ်ရေး အဖွဲ့များက၊ တည်ထောင်သော၊ကျောင်း မဟုတ်သည့်ကျောင်းကို ဆိုလိုသည်။ သို့ရာတွင် ထိုစကားရပ်တွင် ကိုးကွယ်သည့် ဘာသာရေး စာပေသက်သက် သင်ကြားသည့် ဘုန်းကြီးကျောင်းများနှင့် အခြားအလားတူ ကျောင်းများ မပါဝင်ချေ။

(ဂ) ''ဝန်ကြီး'' ဆိုသည်မှာ၊ ရှမ်းပြည်နယ်အစိုးရ၊ ပညာရေးအတွက်၊ တာဝန်ခံဆောင်ရွက်ခဲ့ဖြစ်သည့် ပြည်နယ်ဝန်ကြီးကို ဆိုလိုသည်။

(ဃ) ''မှတ်ပုံတင်အရာရှိ'' ဆိုသည်မှာ၊ ပုဒ်မ ၃ အရ ခန့်ထားသည့် ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်အရာရှိကို ဆိုလိုသည်။

(င) ''တည်ထောင်အုပ်ချုပ်သူ'' ဆိုသည်မှာ၊ ကျောင်းနှင့် ကျောင်း၏ လုပ်ငန်းဆိုင်ရာ ကိစ္စများကို ပင်ရင်းကြီးကြပ်အုပ်ချုပ်သူကို ဆိုလိုသည်။ သို့ရာတွင် အဆိုပါကိစ္စများကို ကြီးကြပ်သူကိုယ်စားလှယ်အား လွှဲအပ်ထားလျှင်၊ အဆိုပါ ကိုယ်စားလှယ်သည် ''တည်ထောင်အုပ်ချုပ်သူ'' ဖြစ်သည်ဟူ၍ မှတ်ယူရမည်။

၃။ ။ရှမ်းပြည်နယ်ဥက္ကဋ္ဌသည်၊ ရှမ်းပြည်နယ် ပညာရေးဌာန ပြန်တမ်းဝင်အရာရှိ တဦးဦးကို၊ ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်အရာရှိအဖြစ်ဖြင့် ခန့်ထားရမည်။

၄။ ။(၁) ကျောင်းသားဦးရေ နှစ်ဆယ်၊ သို့တည်းမဟုတ် နှစ်ဆယ်ထက်ပို၍ တက်ရောက်လျက်ရှိလော ကိုယ်ပိုင်ကျောင်း တည်ထောင်အုပ်ချုပ်သူသည်၊ ဤအက်ဥပဒေ စတင်အာဏာတည်သည့်နေ့မှ ခြောက်လအတွင်း ထိုကိုယ်ပိုင်ကျောင်းကို၊ ဤအက်ဥပဒေအရ မှတ်ပုံတင်ရန် ကိစ္စအလို့ငှါ မှတ်ပုံတင်အရာရှိထံသို့ လျှောက်ထားရမည်။

(၂) ဤအက်ဥပဒေအာဏာ တည်ဆဲဖြစ်နေသည့် အရပ်ဒေသအတွင်း မည်

အတိုး—၁၅ ပြား]

သည့်ကိုယ်ပိုင်ကျောင်းမဆို၊ ကျောင်းသားဦးရေ နှစ်ဆယ်ပြည့်သည့်နှစ် သို့လအတွင်း ထိုကိုယ်ပိုင်ကျောင်းကို၊ ဤအက်ဥပဒေအရ၊မှတ်ပုံတင်ရန်အလို့ငှါမှတ်ပုံတင်အာဏာရှိထံသို့ လျှောက်ထားရမည်။

(၃) ထိုလျှောက်လွှာဖောင်းသီးသန့်တွင်၊ ဤအက်ဥပဒေအရပြုသည့် နည်းဥပဒေများဖြင့် ပြဋ္ဌာန်းထားသည့် အကြောင်းအရာများ ပါရှိရမည်။

(၄) ပုဒ်မခွဲ (၁) နှင့် (၂) အရ မှတ်ပုံတင်ရမည့် ကိုယ်ပိုင်ကျောင်းကို၊ မှတ်ပုံတင်ဘဲသော်၎င်း၊ ပုဒ်မ ၅ အရ မှတ်ပုံတင်အာဏာရှိက မှတ်ပုံမတင်နိုင်ဟု ငြင်းပယ်ပြီးနောက်သော်၎င်း၊ ပုဒ်မ ၇ အရ မှတ်ပုံတင်အာဏာရှိက ကိုယ်ပိုင်ကျောင်းများ မှတ်ပုံစာအုပ်မှ ဖယ်ဖျက်ပြီးနောက်သော်၎င်း မည်သူမျှ ထိုကိုယ်ပိုင်ကျောင်းကို တည်ထောင်အုပ်ချုပ်ခြင်းမပြုရ။

၅။ ။မှတ်ပုံတင်အာဏာရှိသည်၊ မှတ်ပုံတင်ရန် လျှောက်ထားသည့် ကိုယ်ပိုင်ကျောင်းကို၊ အောက်ပါအကြောင်းအားလုံးကြောင့်ဖြစ်စေ၊ အကြောင်း တခုခုကြောင့်ဖြစ်စေ မှတ်ပုံတင်ရန် မသင့်ဟုယူဆလျှင်၊ ဤအက်ဥပဒေအရ မှတ်ပုံမတင်နိုင်ဟု ငြင်းပယ်နိုင်သည်။

(က) ကျောင်းအဆောက်အအုံသည်၊သို့တည်းမဟုတ် ဥပစာသည်၊သို့တည်းမဟုတ် ထိုဥပစာ၏ အစိတ်အပိုင်းတခုခုသည်၊ကျောင်းအတွက်မသင့်လျော်ခြင်း။

(ခ) ကျောင်းတက် နေသူတို့၏ ဦးရေကိုငင်း၊ အသက် အရွယ်ကိုငင်း၊ ယောကျ်ား၊ သို့တည်းမဟုတ် မိန်းမဖြစ်သည်ကိုငင်း ထောက်ထား၍၊ ကျောင်းအဆောက်အအုံ၊ သို့တည်းမဟုတ် ဥပစာတွင် စီမံထားရှိသည့် နေရာထိုင်ခင်းမလုံလောက်ခြင်း၊ သို့တည်းမဟုတ် မသင့်လျော်ခြင်း။

(ဂ) ကျောင်းတက်နေသူတို့၏ အသက်အရွယ်ကိုငင်း၊ယောကျ်ား၊သို့တည်းမဟုတ် မိန်းမဖြစ်သည်ကိုငင်း ထောက်ထား၍၊ ကျောင်းသင်ကြားပေးသည့်ပညာရပ်များ မသင့်လျော်ခြင်း၊ သို့တည်းမဟုတ်သင်ကြားပြဿနာညံ့ဖျင်းခြင်း။

(ဃ) ကျောင်းတည်ထောင်အုပ်ချုပ်သူသည်၊ ကိုယ်ပိုင်ကျောင်းတည်ထောင်အုပ်ချုပ်ရန် မသင့်လျော်သူဖြစ်ခြင်း၊ သို့တည်းမဟုတ် ထိုကျောင်းနှင့် စပ်လျဉ်းသည့်ကိစ္စများကို ဆောင်ရွက်နေသူ တဦးဦးသည် ကျောင်းဆရာအဖြစ် သင်ကြားပြဿနာ၊ သို့တည်းမဟုတ် တာဝန်ခံအဖြစ် ဆောင်ရွက်ရန်မသင့်သူဖြစ်ခြင်း။

(င) မှတ်ပုံတင် အာရာရှိအား၊ သို့တည်းမဟုတ် ထိုအာရာရှိ၏ ဇနီးသော်သော်သူတဦးဦးအား၊ ပုဒ်မ ၉ ဟွင် ဖော်ပြထားသော တာဝန်ဝတ္တရား ဆောင်ရွက်ရာ၌ တမင်ဟန့်တားခြင်း။

၆။ ။မှတ်ပုံတင်အာရာရှိသည်၊ ဤအက်ဥပဒေအရ၊သို့တည်းမဟုတ် ဤအက်ဥပဒေအရ ပြုထားသည့် နည်းဥပဒေများအရ၊ လိုအပ်သည့် အချက်များနှင့် ပြည့်စုံသော ကိုယ်ပိုင်ကျောင်းကိုမှတ်ပုံတင်ရမည့်ပြင်၊ ထိုကိစ္စအလို့ငှါ၊ မှတ်ပုံတင်ထားသော ကိုယ်ပိုင်ကျောင်းအားလုံးအတွက်၊ မှတ်ပုံစာအုပ်တခုကိုထားရှိရမည်။ ထိုမှတ်ပုံတင်စာရင်းကို

သင့်လျော်သည့်ဒဏ်ချိန်အခါတွင် အများပြည်သူတို့ ကြည့်ရှုစစ်ဆေးလိုပါက ကြည့်ရှုစစ်ဆေးနိုင်ခွင့်ရှိရမည်။

၇။ ။မှတ်ပုံတင်အရာရှိသည်၊ အောက်ပါအကြောင်းအားလုံးကြောင့်ဖြစ်စေ၊အကြောင်း တခုခုကြောင့်ဖြစ်စေ မည်သည့် ကိုယ်ပိုင်ကျောင်းကိုမဆို မှတ်ပုံစာအုပ်မှ ပယ်ဖျက်နိုင်သည်။

(က) ပုဒ်မ ၅ တွင် ဖော်ပြထားသည့် အကြောင်းတခုခုအရ၊ ကိုယ်ပိုင်ကျောင်းတည်ထောင် အုပ်ချုပ်သူသည်၊ အရည်အချင်း ပျက်ယွင်းလာခြင်း၊ သို့တည်းမဟုတ် ကိုယ်ပိုင်ကျောင်း၏ ဥပစာသည် မလုံခြုံလာက် မသင့်လျော်ဖြစ်လာခြင်း။

(ခ) ကိုယ်ပိုင်ကျောင်းတည်ထောင်အုပ်ချုပ်သူသည်၊ ကျောင်းသူကျောင်းသားများ၏အကျိုးကိုဆုတ်ယုတ်အောင်ပြုခြင်း။

(ဂ) ပတ်ဝန်းကျင် အခြေအနေနှင့် သင်ကြားရေး အခြေအနေများသည်၊ ကျောင်းသူကျောင်းသားများ၏စာရိတ္တဗလ၊ ဉာဏဗလ၊ကာယဗလ တခုခုကိုထိခိုက်နေခြင်း။

(ဃ) မှတ်ပုံတင်အရာရှိအား၊ သို့တည်းမဟုတ် ထိုအရာရှိက စေလွှတ်သော သူတဦးဦးအား၊ ပုဒ်မ ၉ တွင်ဖော်ပြထားသော တာဝန်ဝတ္တရားဆောင်ရွက်ရာ၌၊ တမင်ဟန့်တားခြင်း။

သို့ရာတွင် ထိုသို့ မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်း မပြုမီ၊ကိုယ်ပိုင်ကျောင်းတည်ထောင် အုပ်ချုပ်သူအား၊ မည်သည့် အကြောင်းကြောင့် ထိုကျောင်း မှတ်ပုံတင်ခြင်းကိုမပယ်ဖျက်သင့်ကြောင်း ထုချေရန် အခွင့်အရေးမပေးဘဲ၊ ထိုကိုယ်ပိုင်ကျောင်းကို မှတ်ပုံတင်စာရင်းမှပယ်ဖျက်ခြင်းမပြုရ။

၈။ ။ဒဏ်မ ၅ အရ၊သို့တည်းမဟုတ် ပုဒ်မ ၇ အရ၊မှတ်ပုံတင်အရာရှိကချမှတ်သည့် အမိန့်ကို ဝန်ကြီးဌံအယူခံနိုင်သည်။ သို့ရာတွင် အယူခံသွားကို ထိုသို့အမိန့်ချမှတ်သည့် နေ့မှ ခြောက်လအတွင်း တင်သွင်းရမည်။

၉။ ။မှတ်ပုံတင်အရာရှိသည်၊ သို့တည်းမဟုတ် ထိုအရာရှိကအမည်တစ်ခုဖြစ်စေ၊ ရာထူးအလျောက်ဖြစ်စေ အာဏာလွှဲအပ်ခြင်းခံရသောအရာရှိသည်၊ မည်သည့် ကိုယ်ပိုင်ကျောင်းကိုမဆို၊စစ်ဆေးခြင်း၊ သွားရောက်ကြည့်ရှုခြင်း၊ ထိုကျောင်းနှင့် သက်ဆိုင်သည့် အကြောင်းအရာကို၊ သို့တည်းမဟုတ် စာရွက်စာတမ်းများကို တောင်းယူကြည့်ရှုခြင်း ပြုနိုင်သည့်ပြင်၊ ထိုသို့ပြုရန်မည်သည့်ကိုယ်ပိုင်ကျောင်းကိုမဆိုဝင်နိုင်ခွင့်ရှိသည်။

၁၀။ ။ရှမ်းပြည်နယ်ဥက္ကဋ္ဌသည်၊ မည်သည့်ကိုယ်ပိုင်ကျောင်း၌မဆို၊ သို့တည်းမဟုတ် မည်သည့်ကိုယ်ပိုင်ကျောင်းအမျိုးအစား၌မဆို၊ အများဆုံးတောင်းဆိုနိုင်သော ကျောင်းဝန်ခွင့်အခြားအခများကိုအမိန့်ကြော်ငြာစာဖြင့်သတ်မှတ်နိုင်သည်။

၁၁။ ။ရှမ်းပြည်နယ် ဥက္ကဋ္ဌသည်၊ အမိန့်ကြော်ငြာစာဖြင့် မည်သည့်ကိုယ်ပိုင်ကျောင်းကိုမဆို၊ သို့တည်းဟုတ် မည်သည့်ကိုယ်ပိုင်ကျောင်းအမျိုးအစားကိုမဆို၊ ၎င်းအက်ဥပဒေပါပြဋ္ဌာန်းချက်အားလုံးနှင့်သော်၎င်း၊ ပြဋ္ဌာန်းချက်တခုခုနှင့်သော်၎င်း သက်ဆိုင်ခြင်းမှကင်းလွတ်ခွင့်ပေးနိုင်သည်။

၁၂။ ။မည်သူမဆို၊ ဤအက်ဥပဒေပါပြဋ္ဌာန်းချက်များကိုသော်၎င်း၊ ဤအက်ဥပဒေအရပြုသည့်နည်းဥပဒေပါပြဋ္ဌာန်းချက်များကိုသော်၎င်း၊ ဤအက်ဥပဒေအရ၊ သို့တည်းမဟုတ် ထိုနည်းဥပဒေများအရ၊ ချမှတ်သည့်အမိန့်ကိုသော်၎င်း ဆန့်ကျင်ကျူးလွန်လျှင်၊ ထိုသူသည်—

(က) ပဌမပြစ်မှုအတွက်၊ ငါးရာထက်မပိုသောငွေဒဏ် စီရင်ခြင်းခံရမည်။

(ခ) ဒုတိယအကြိမ်၊ သို့တည်းမဟုတ် နောက်ထပ်ကျူးလွန်သည့် ပြစ်မှုအတွက်၊ ခြောက်လထက်မပိုသောအလုပ်ကြမ်းနှင့်ထောင်ဒဏ်၊ ၎င်းပြင် တထောင်ထက်မပိုသောငွေဒဏ်နှစ်ရပ်စလုံးစီရင်ခြင်းခံရမည်။

၁၃။ ။မည်သူမဆိုမှတ်ပုံတင်အရာရှိအား၊ သို့တည်းမဟုတ် ထိုအရာရှိကစေလွှတ်သောသူတဦးဦးအား၊ ပုဒ်မ ၉ တွင်ဖေါ်ပြထားသော တာဝန်ဝတ္တရားဆောင်ရွက်ရာ၌ တမင်ဟန့်တားလျှင်၊ ထိုသူသည်တထောင်ထက်မပိုသောငွေဒဏ်စီရင်ခြင်းခံရမည်။ဒုတိယအကြိမ်၊ သို့တည်းမဟုတ် နောက်ထပ်ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ခြောက်ဖထက်မပိုသောအလုပ်ကြမ်းထောင်ဒဏ်နှင့်တထောင်ထက်မပိုသော ငွေဒဏ်နှစ်ရပ်လုံးကို စီရင်ခြင်းခံရမည်။

၁၄။ ။ဤအက်ဥပဒေအရ၊ ပြစ်မှုအတွက်ဝန်ကြီး၏ တိုင်ကြားချက်မရှိဘဲ၊ သို့တည်းမဟုတ် ဝန်ကြီး၏အခွင့်အမိန့်ကိုမရဘဲတရားမစွဲရ။

၁၅။ ။(၁) တည်ထောင်အုပ်ချုပ်သူသည်၊ ဘက်စပ်လုပ်ငန်း၊ သို့တည်းမဟုတ် သီးခြားပုဂ္ဂိုလ်များပါဝင်သည့်အဖွဲ့ဖြစ်လျှင်၊ ထိုဘက်စပ်လုပ်ငန်းတွင် ဘက်စပ်ပါဝင်သူများ၊ သို့တည်းမဟုတ် ထိုအဖွဲ့တွင်ပါဝင်သူများအနက် မည်သူ့ကိုမဆို တည်ထောင်အုပ်ချုပ်သူအားပြစ်ဒဏ်ပေးနိုင်သည့်ပြစ်မှုတခုခုအတွက်၊ ဤအက်ဥပဒေအရ၊ တရားစွဲဆို၍ ပြစ်ဒဏ်စီရင်နိုင်သည်။

သို့ရာတွင် ထိုဘက်စပ်လုပ်ငန်း၊ သို့တည်းမဟုတ် အဖွဲ့တွင် ပါဝင်သူတို့အနက်၊ ပြည်ထောင်စု မြန်မာနိုင်ငံ၌၊ နေထိုင်သူတဦးတယောက်ကို၊ ဤအက်ဥပဒေပါကိစ္စများအလို့ငှါ၊ တည်ထောင်အုပ်ချုပ်သူအဖြစ် အမည်တင်သွင်းထားပြီး ဖြစ်ကြောင်းဖြင့် ထိုဘက်စပ်လုပ်ငန်း၊ သို့တည်းမဟုတ် အဖွဲ့က မှတ်ပုံတင်အရာရှိအား လျှောက်ထားရမည်။ ထို့ပြင် ထိုပုဂ္ဂိုလ်သည် ယင်းသို့နေထိုင်သမျှကာလပတ်လုံး၊ မိမိအား အမည်တင်သွင်းထားခြင်းကို ပယ်ဖျက်သည့်နောက်ထပ်လျှောက်လွှာကို မှတ်ပုံတင်အရာရှိက မရမီသော်၎င်း၊ မိမိသည် ထိုဘက်စပ်လုပ်ငန်း၊ သို့တည်းမဟုတ် အဖွဲ့တွင် အစုပါဝင်သူအဖြစ်မှ၊ သို့တည်းမဟုတ် အဖွဲ့ဝင်အဖြစ်မှ ရပ်စဲခြင်းမပြုမီသော်၎င်း၊ ဤအက်ဥပဒေပါကိစ္စများအလို့ငှါ တည်ထောင်အုပ်ချုပ်သူဖြစ်သည်ဟူ၍ မှတ်ယူရမည်။

(၂) တည်ထောင်အုပ်ချုပ်သူသည်၊ အများပိုင်ကုမ္ပဏီဖြစ်လျှင်၊ ထိုကုမ္ပဏီ၏ ဒါရိုက်တာ လူကြီးများအနက်၊ မည်သည့်ဒါရိုက်တာ လူကြီးကိုမဆို၊ သို့တည်းမဟုတ် အနည်းပိုင်ကုမ္ပဏီဖြစ်လျှင် ထိုကုမ္ပဏီတွင် အစုပါဝင်သူများအနက်၊ မည်သည့်အစုပါဝင်သူကိုမဆို တည်ထောင်အုပ်ချုပ်သူအား ပြစ်ဒဏ်ပေးနိုင်သည်။ ပြစ်မှုတခုခုအတွက် ဤဥပဒေအရ၊ တရားစွဲ၍ ပြစ်ဒဏ်စီရင်နိုင်သည်။

သို့ရာတွင် ထိုကုမ္ပဏီသည်၊ အများပိုင်ကုမ္ပဏီဖြစ်လျှင်၊ ပြည်ထောင်စု မြန်မာနိုင်ငံတွင် နေထိုင်သည့် ဒါရိုက်တာတဦးကိုသော်၎င်း၊ အနည်းပိုင်ကုမ္ပဏီဖြစ်လျှင်၊ ပြည်ထောင်စုမြန်မာနိုင်ငံတွင် နေထိုင်သည့် အစုပါဝင်သူတဦးကိုသော်၎င်း၊ ဤအက်ဥပ

ဧပါ ကိစ္စများအားလျှင်၎ တည်ထောင်အုပ်ချုပ်သူအဖြစ် အမည်တင်သွင်းထားပြီးဖြစ်ကြောင်းဖြင့် မှတ်ပုံတင်အရာရှိအား ပြောကြားထားရမည်။ ထို့ပြင် ထိုဒါရိုက်တာလူကြီးသည်၊ သို့တည်းမဟုတ် အစုပါဝင်သူသည်၊ ယင်းသို့နေထိုင်သမျှ ကာလပတ်လုံး မိမိအား အမည်ဘင်းယွင်းထားခြင်းကို ပယ်ဖျက်သည့် နောက်ထပ်လျှောက်လွှာကို မှတ်ပုံတင်အရာရှိက မရရှိသော်၎င်း၊ မိမိသည် ဒါရိုက်တာလူကြီးအဖြစ်မှ၊ သို့တည်းမဟုတ် အစုပါဝင်သူအဖြစ်မှ ရပ်နားခြင်းမပြုမီသော်၎င်း၊ ဤအက်ဥပဒေပါ ကိစ္စများအလို့ငှါ တည်ထောင်အုပ်ချုပ်သူဖြစ်သည်ဟူ၍ မှတ်ယူရမည်။

၁၆။ ။သက်ဘရိုးဖြင့်၊ ဤအက်ဥပဒေအရသော်၎င်း၊ နည်းဥပဒေများအရ၎င်းပြုသည့်၊ ပို့တည်းမဟုတ် ပြုရန်ကြံရွယ်သည့် ကိစ္စအတွက် မည်သူကိုမျှ တရားမမှုဖြစ်စေ၊ ရာဇဝတ်မှုဖြစ်စေ၊ အခြားတရားမှုခင်းဖြစ်စေ မစွဲရ။

၁၇။ ။ရှိမ်းပြည်နယ် ဥက္ကဋ္ဌသည်၊ ဤအက်ဥပဒေပါ ကိစ္စများကို ဆောင်ရွက်ရန် အလို့ငှါ၊ နည်းဥပဒေများကို ကြိုတင်ထုတ်ပြန်ပြီးနောက် ပြုနိုင်သည်။

ပြဿနာစာ—အမှတ် ၁၄၀၊ဟာရားရေးဝန်ကြီးဌာန၊ ၀-၆-၅၄—၂,၀၀၀—၂။

# ၁၉၅၄ ခုနှစ်၊ ရှမ်းပြည်နယ် လူထုပညာသင်ကြားရေး (ပြင်ဆင်ချက်) ဥပဒေ။

[၁၉၅၄ ခုနှစ်၊ ရှမ်းပြည်နယ် အက်ဥပဒေ အမှတ် ၂၈။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို ၁၉၅၄ ခုနှစ်၊ရှမ်းပြည်နယ်လူထုပညာသင်ကြားရေး (ပြင်ဆင်ချက်) အက်ဥပဒေဟု ခေါ်ရမည်။

၂။ ။၁၉၅၁ ခုနှစ်၊ ရှမ်းပြည်နယ် လူထုပညာသင်ကြားရေး အက်ဥပဒေ (၁၉၅၁ ခုနှစ်၊ရှမ်းပြည်နယ်အက်ဥပဒေ အမှတ် ၅) ပုဒ်မ ၃ (၁)၊ ပုဒ်မခွဲ (က) အစား၊ အောက်ပါပုဒ်မခွဲကိုထည့်သွင်းရမည်။

" (က) ရှမ်းပြည်နယ်လူမှုဝန်ထမ်းဝန်ကြီး။ "

၃။ ။အဆိုပါအက်ဥပဒေ ပုဒ်မ ၃ (၁)၊ ပုဒ်မခွဲ (ဂ) အစား၊ အောက်ပါပုဒ်မခွဲကို ထည့်သွင်းရမည်။

" ပြည်နယ်ဥက္ကဋ္ဌကခန့်ထားမည့် အခြားလူကြီး ၉ ဦး။ "

ပြဋ္ဌာန်းစာ—အမှတ် ၃၊ တရားရေးဝန်ကြီးဌာန၊ ၁၅-၁၀-၅၄—၂,၀၀၀—၂။
[အဘိုး—၁၀ ပြား]